http://www.dhammadownload.com

အဆင့်အမြင့်ဆုံးကိုယ်ကျင့်တရား
သင်လိုလားတောင့်တသမျှ ပြည့်ဝစေနိုင်သည်။

ဘဝမြင့်မြတ်လုပတင့်တယ်ရေး

# မြတ်သီလ

## ဒေါက်တာမင်းတင်မွန်

သီလအကြောင်းကောင်းကောင်းသိထားမှ အကျိုးများလိမ့်မည်။

ဒုတိယအကြိမ်

မြတ်သီလ ဒေါက်တာမင်းတင်မွန်

http://www.dhammadownload.com

# မြတ်သီလဟူသည်

ဣစ္ဆာသယ လိုတိုင်းရစေသော မြတ်ရွှေအိုး၊
ကုသိုလ်တရားအားလုံးတို့၏ အမွန်အစ၊
သာသနာတော်၏ အုတ်မြစ်၊
အမျိုးကောင်းသားသမီးတို့၏ထောက်တည်ရာ၊
အမျိုးသားယဉ်ကျေးမှု၏အဓိကမဏ္ဍိုင်၊
လောက၏အလှဆုံးတန်ဆာ၊
လေအောက်လေညာသင်းပျံ့ကြိုင်လှိုင်သောရေမွှေးနံ့သာ၊
ငယ်စဉ်အခါမှ အိုမင်းသည်အထိ မွန်မြတ်ချမ်းသာစေသောတရား၊
ဘဝချမ်းသာရေးနှင့်ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို လက်ငင်းပေးနိုင်သောတရားဖြစ်သည်။
ကြီးပွားချမ်းသာလိုလျှင် သီလစောင့်ပါ၊
ကျော်ကြားထင်ရှားလိုလျှင် သီလစောင့်ပါ၊
လူချစ်လူခင်ပေါများလိုလျှင် သီလစောင့်ပါ၊
လူတော်လူကောင်းစစ်စစ်ဖြစ်လိုလျှင် သီလစောင့်ပါ။
သီလအကြောင်းကို ကောင်းကောင်းသိမှ
သီလကို အသက်တမျှ မြတ်နိုးယုယနိုင်မည်။

ဒေါက်တာမင်းတင်မွန်

design:mehmthitsa,296057

http://www.dhammadownload.com

–လောက၏ အလှဆုံးအဆင်တန်ဆာ
–အမြင့်မြတ်ဆုံး ကိုယ်ကျင့်သိက္ခာ
–ကမ္ဘာ့ငြိမ်းချမ်းရေးကို လက်ငင်းပေးစွမ်းနိုင်ကာ

ဣန္ဒြာသယ လိုတရစေသော

# မြတ်သီလ

## ဒေါက်တာမင်းတင်မွန်

သီလကို မြတ်နိုးယုယမှ သင့်ဘဝ မြင့်မြတ်လိမ့်မည်။

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် (၆၅၅/၂၀၀၂)(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၇၄/၂၀၀၃)(၂)

●

၂၀၀၃ ခုနှစ်၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ – ၅၀၀

●

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) မိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ဖြန့်ချိရေး**

**မြမွန်ရတနာစာပေ**

တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁–၂၈၆၆၁၀၊ ၀၉၈၀–၂၂၅၁၆

●

တန်ဖိုး – ၈၀၀ ကျပ်

http://www.dhammadownload.com

# ပဏာမ

* သီလဟူသည် ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်တရားသည် သင်၏ အရေးကြီးဆုံး အမွန်မြတ်ဆုံး အရည်အသွေးဖြစ်သည်။
* သင့်ဘဝ၏ ချမ်းသာအေးမြမှု ကြီးပွားတိုးတက်မှု ကျော်စောထင်ရှားမှုတို့ကို သီလက လက်ငင်းဖြည့်တင်းပေးနိုင်သည်။
* မွေးဖွားသည်မှ သေဆုံးသည့်တိုင်အောင် ကောင်းမြတ် ချမ်းသာသောတရားသည် သီလဖြစ်၏။ သီလကို အသက်နှင့် ထပ်တူ ထပ်မျှ မြတ်နိုးယုယကြ။
* လေအောက်လေညာ နတ်ရွာဗြဟ္မာပြည်တိုင်အောင် သင်းကြိုင်မွှေးပျံ့သော အမွှေးကြိုင်ဆုံးနံ့သာသည် သီလဖြစ်၏။ သီလဖြင့် ကိုယ်ကို ထုံမွှမ်းကြ။
* ပျိုပျိုအိုအို အရွယ်မရွေး လူမျိုးမရွေး ဘာသာမရွေး ဆင်တိုင်းတင့်တယ်လှပစေသော အလှဆုံး အဆင်တန်ဆာသည် သီလဖြစ်၏။ သီလအဆင်တန်ဆာကို ဝတ်ရုံကြ။
* ငယ်ငယ်က မသေ၊ အသက်ရှည်ကြာ အနာကင်းမဲ့ကာ ချမ်းသာပျော်ရွှင်စွာ သွားလာနေထိုင်နိုင်စေသော အသက်ရှည်ဆေးသည် သီလဖြစ်၏။ သီလကို ငယ်စဉ်အခါမှစ၍ စောင့်ထိန်းကြ။
* တရားစောင့်သူကို တရားက ပြန်လည်စောင့်ရှောက်၏။ သီလလုံခြုံမှ သင့်ဘဝ လုံခြုံပြည့်စုံလိမ့်မည်။

http://www.dhammadownload.com



* သင့်နှလုံးသားမှာ သီလကိန်းဝပ်မှ သံသရာမှာ သင်ထောက်တည်ရာကို ရသည်။ သီလမြေပေါ်တွင် ရပ်၍ သမာဓိ–ပညာဖြည့်ဆည်းကာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ တက်လှမ်းပါလော့။
* သုဂတိဘုံ နတ်ဘုံသို့ တက်လှမ်းရန် သီလနှင့်တူသော စောင်းတန်းလှေကားသည် မရှိ။ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်ရောက်ရန်အတွက်လည်း သီလနှင့်တူသော တံခါးပေါက်မည်သည် မရှိ။

## မြတ်တန်ဆာ

သီလရတနာ၊ မြတ်တန်ဆာလည်း၊ သတ္တဝါခပင်း၊
မင်းဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်၊
ကြီးငယ်မဆို၊ ရွယ်ပျိုရွယ်ရင့်၊ ဆင်တိုင်းတင့်၏။

**(မဃဒေဝလင်္ကာ)**

## မြတ်နိုးအားကိုးစရာ

သီလရနံ့၊ မွှေးပျံ့ကြိုင်စွာ၊ သီလဆင်သိုင်း၊ ရှုတိုင်းလှပါ၊
သီလစောင်ကြား၊ မလားပါယ်ရွာ၊ မြတ်သီလ နိစ္စကိုးကွယ်ရာ။

**(မဟာစည် ဆရာတော်)**

http://www.dhammadownload.com

# မာတိကာ


| | |
|---|---|
| ပဏာမ | (က) |
| နိဒါန်း | ၁ |
| ချမ်းသာသုခကို အလိုရှိကြ | ၁ |
| ချမ်းသာရေးတရားများ | ၃ |
| အမွန်မြတ်ဆုံးတရား | ၇ |
| သီလခေါ်ဆို ကိုယ်ကျင့်တရား | ၁၁ |
| ဘုရားရှင်တို့၏ ဩဝါဒ | ၁၃ |
| အကုသိုလ်အလုပ်(၁၀)မျိုး | ၁၄ |
| ကုသိုလ်အလုပ် (၁၀)မျိုး | ၁၅ |
| ပုညကြိယဝတ္ထု(၁၀)ပါး | ၁၇ |
| သံသရာမြင်ကွင်းကျယ် | ၁၈ |
| သဘာဝတရားများ | ၂၁ |
| မစ္ဆိမပဋိပဒါခေါ် အလယ်လမ်းစဉ် | ၂၄ |
| ကုသိုလ်တရားတို့၏ အမွန်အစ | ၂၉ |
| အသက်ပင်သေစေ ကိုယ်ကျင့်သီလမပျက်စေနှင့် | ၃၄ |
| တရားမှု မတရားမှု သတိကြပ်ကြပ်ပြု | ၄၂ |
| သီလ၏အဓိပ္ပာယ် | ၄၈ |
| သီလ၏ပရမတ်သဘော | ၄၉ |
| သီလ၏လက္ခဏာ | ၅၄ |
| သီလ၏ ရသနှင့် ပစ္စုပဋ္ဌာန် | ၅၅ |
| သီလ၏ပဒဋ္ဌာန် | ၅၆ |
| သီလ၏အကျိုးကျေးဇူးများ | ၅၇ |

http://www.dhammadownload.com




| | |
|---|---|
| အလှဆုံးအဆင်တန်ဆာ | ၆၁ |
| သီလ၏ဂုဏ်အာနိသင်များ | ၆၂ |
| မြတ်နိုးဖွယ်ရာ သူတော်ကောင်းဥစ္စာ | ၆၅ |
| ငါးပါးသီလကို ခံယူဆောက်တည်ခြင်း | ၆၆ |
| ပါဏာတိပါတအဖွင့် | ၇၇ |
| အဒိန္နာဒါနအဖွင့် | ၇၉ |
| ကာမေသုမိစ္ဆာစာရအဖွင့် | ၈၁ |
| မုသာဝါဒအဖွင့် | ၈၄ |
| သစ္စာဖောက်တို့၏ သွားရာလမ်း | ၈၇ |
| သံသရာတစ်ကွေ့ဝယ် | ၉၁ |
| ကုန်းချောသူ၏ဘဝဇာတ်ကြမ်း | ၉၅ |
| ဝစီဘေဒ ထိတိုင်းရှ | ၉၇ |
| သုရာမေရယအဖွင့် | ၁၀၁ |
| ရင်သွေးသော်မှ သတ်ရဲစွတည်း | ၁၀၅ |
| ခါးဝတ်ပုဆိုးကဲ့သို့မြဲစေလို | ၁၀၉ |
| ကမ္မာစောင့်တရားများ | ၁၁၃ |
| ကမ္မာကသီပါစေ ဝင့်ကြွားကြလေ | ၁၁၆ |
| နတ်ပြည်ရောက် ကုသိုလ်အယဉ်(၈)မျိုး၊ | ၁၁၆ |
| မဃသိကြားမင်းနှင့် သုဇာဖိုင်းမ | ၁၁၈ |
| အသက်ရှည်ကြောင်း အကျင့်တရား | ၁၃၃ |
| သီလ၏ အံ့ဖွယ်ရာစွမ်းရည်ထူးများ | ၁၄၀ |
| သီလတစ်ပါးလုံလျှင် သစ္စာဆိုနိုင် | ၁၄၄ |
| မျက်မမြင်မာလိန်မှူး၏ သီလတန်ခိုး | ၁၄၆ |
| စာရိတ္တခေါ် လူကျင့်ဝတ်များ | ၁၅၄ |

http://www.dhammadownload.com




| | |
|---|---|
| သိင်္ဂါလသုတ်လာ လူမှုကျင့်ဝတ်များ | ၁၅၆ |
| ညစ်ညူးသောကံ(၄)ပါး | ၁၅၇ |
| မကောင်းမှုကို ပြုစေတတ်သော အကြောင်း(၄)ပါး | ၁၅၈ |
| စည်းစိမ်ပျက်စီးကြောင်း (၆)ပါး | ၁၅၉ |
| အရပ်မျက်နှာများကို လုံခြုံစေခြင်း | ၁၆၁ |
| အရပ်မျက်နှာလုံခြုံက ကျော်စောရ | ၁၇၀ |
| သင်္ဂဟတရား (၄)ပါး | ၁၇၁ |
| မင်းကျင့်ဝတ် လူ့ကျင့်ဝတ် တိမ်းချွတ်သော် | ၁၇၃ |
| ပြောင်းဖူးသူခိုး ဖိုးသူတော် | ၁၈၂ |
| ဂရုဓမ္မသီလကြောင့် စည်ပင်ဝပြော | ၁၈၄ |
| ဗြဟ္မစရိယ ပဥ္စမကသီလ | ၁၉၄ |
| အဗြဟ္မစရိယအဖွင့် | ၁၉၆ |
| ခြောက်ပါးသီလ | ၁၉၇ |
| အာဇီဝဋ္ဌမကသီလ | ၁၉၉ |
| အာဇီဝဋ္ဌမကသီလကို ခံယူဆောက်တည်ပုံ | ၂၀၀ |
| အာဇီဝဋ္ဌမကသီလကို စောင့်ထိန်းသင့်မသင့် | ၂၀၂ |
| ရှစ်ပါးသီလ | ၂၀၇ |
| နစ္စ ဂီတ သိက္ခာပုဒ်အဖွင့် | ၂၀၉ |
| မာလာဂန္ဓ ဝိလေပန သိက္ခာပုဒ်အဖွင့် | ၂၁၁ |
| ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အဖွင့် | ၂၁၃ |
| ဥပုသ်စောင့်ခြင်း | ၂၁၄ |
| ဥပုသ်သုံးမျိုး | ၂၁၆ |
| ရဟန္တာများကို အတုယူ၍ စောင့်ထိန်းပုံ | ၂၂၄ |
| ဥပုသ်စောင့်ခြင်း၏ အကျိုးအာနိသင် | ၂၂၇ |

http://www.dhammadownload.com




| | |
|---|---|
| နတ်ပြည်ရောက်ချင် ဥပုသ်ဝင် | ၂၃၁ |
| ဝမ်းမြောက်စဖွယ် ဥဒါန်းဂါထာ | ၂၃၅ |
| ဥပုသ်နေ့ဝက် ထီးနန်းတက် | ၂၃၇ |
| ဥပုသ်အကျိုး မျှော်ကိုးတိုင်းဖြစ် | ၂၄၀ |
| ကြောင်သူတော်ဥပုသ် | ၂၅၂ |
| တုပ်တလုပ်တုပ် ရှည်တလေလေ | ၂၅၆ |
| သစ်ကျုတ်ဥပုသ် | ၂၅၈ |
| ကိုးပါးသီလ | ၂၆၁ |
| နဝင်္ဂုပေါသထသုတ် | ၂၆၄ |
| ကိုးပါးသီလခံယူဆောက်တည်ပုံ | ၂၆၅ |
| ဆယ်ပါးသီလ | ၂၆၈ |
| နစ္စဂီတနှင့် မာလာဂန္ဓ သိက္ခာပုဒ်တို့ကို တွဲခြင်းခွဲခြင်း | ၂၇၀ |
| ဇာတရူပသိက္ခာပုဒ်အဖွင့် | ၂၇၃ |
| သီလကျိုးပေါက်ပျက်စီးခြင်း | ၂၇၄ |
| သီလညစ်ညူးခြင်း | ၂၇၆ |
| သီလစင်ကြယ်ခြင်း | ၂၇၇ |
| ဒုစရိုက်ရှောင်ကြဉ်မှုအဆင့်ဆင့် | ၂၇၉ |
| မနောဒုစရိုက်များကို ရှောင်ကြဉ်ခြင်း | ၂၈၁ |
| သီလအယုတ်အမြတ်ခွဲခြားခြင်း | ၂၈၄ |
| စတုပါရိသုဒ္ဓိသီလ | ၂၈၆ |
| ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ | ၂၉၇ |
| သီလစခန်းမှ နိဗ္ဗာန်နန်းသို့ တက်လှမ်းခဲ့ကြသူများ | ၃၀၁ |
| ဆန္ဒမွန် | ၃၀၄ |

http://www.dhammadownload.com



# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ချမ်းသာသုခကို အလိုရှိကြ

လောကလူသားတို့သည် ဆင်းရဲရမည်ကို ကြောက်ရွံ့၍ ချမ်းသာကို အလိုရှိကြ၏။ထို့ကြောင့် ချမ်းသာရေးတရားကို ရှာဖွေနေကြ၏။

**ဝေဠုဒွါရရွာ**သို့ မြတ်စွာဘုရား ရောက်ရှိလာသောအခါ ရွာသားတို့က "မိမိတို့ ရှာဖွေရရှိထားသည့် စည်းစိမ်ဥစ္စာ အခြွေအရံ အသင်းအပင်းနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ပြီး သေလွန်သည့်အခါ ကောင်းရာ သုဂတိဘုံသို့ရောက်စေနိုင်သော နည်းလမ်း"ကို ညွှန်ကြား ပေးရန် လျှောက်ထားတောင်းပန်ကြ၏။

အပါယ်ဘုံများသည် ဆင်းရဲ၍ သုဂတိဘုံများက ချမ်းသာ ကြောင်းကို သူတို့ သိထားကြ၏။

အလုံးစုံသော အကောင်းအဆိုးတရားတို့ကို သိမြင်တော်မူသော ဘုရားရှင်သည် ရတနာမြတ်သုံးပါးကို မပြတ်ဆည်းကပ်၍ ကာယ ဒုစရိုက်သုံးပါးနှင့် ဝစီဒုစရိုက်လေးပါးတို့ကို ရှောင်ရှားလျက် ချမ်းသာပျော်ရွှင်စွာနေထိုင်ရန် နည်းလမ်းမှန်ကို ညွှန်ကြားပေးတော်မူ၏။ တစ်နည်းအားဖြင့် သရဏဂုံနှင့်တကွ ငါးပါးသီလကို ဆောက်တည်၍ အပြစ်ကင်းစွာ နေထိုင်ရန်နည်းလမ်းကို ညွှန်ပြ လိုက်ခြင်းဖြစ်ပါသည်။

တစ်ဖန် **သာလာရွာ** သို့ မြတ်စွာဘုရား ရောက်ရှိလာသောအခါ သာလာရွာသားတို့က "အချို့ပုဂ္ဂိုလ်တို့ သေလွန်ကြသည့်အခါ

http://www.dhammadownload.com



နတ်ရွာ သုဂတိဘုံသို့ ရောက်ကြပြီး အချို့သူတို့ သေလွန်ကြသည့်အခါ အပါယ်လေးရွာသို့ လားရောက်ကြရသည့် အကြောင်းရင်း”ကို မေးမြန်းလျှောက်ထားကြ၏။

သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသည် ဒုစရိုက်ဆယ်ပါးတည်းဟူသော မတရားမှုများကို ပြုကျင့်ထားသော သူတို့သည် သေလွန်ကြသည့်အခါ အပါယ်လေးရွာသို့ လားရောက်ကြရပြီး ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်ခြင်းဖြစ်သည့် သုစရိုက်ဆယ်ပါးတည်းဟူသော တရားမျှတမှုများကို ပြုကျင့်ထားသူတို့သည် သေလွန်ကြသောအခါ ကောင်းရာသုဂတိသို့ လားရောက်ကြရ၏ဟု ဖြေကြားတော်မူ၏။ မတရားမှုများကို ရှောင်ရှား၍ တရားမျှတမှုများကို ပြုကျင့်နိုင်ရန်အတွက် ကံ–ကံ၏အကျိုးကို ယုံကြည်ကာ ပဉ္စသီလကို ရိုသေလေးမြတ်စွာ စောင့်ထိန်းရန် ညွှန်ကြားလိုက်ခြင်းပင် ဖြစ်ပေ၏။

**“ဥစ္စာရင်လို ဥစ္စာရင်ခဲ”** ဟူသည့်အတိုင်း ချမ်းသာကို အလိုရှိကြသော သူသည် သတ္တဝါအပေါင်းတို့ ချမ်းသာအောင် ကျင့်ကြံနေထိုင်၍ တရားမျှတမှုကို အလိုရှိသော သူသည် တရားမျှတစွာ ပြုမူနေထိုင်ရမည်ဖြစ်သည်။ ဤကား တိကျစွာ အကျိုးပေးတတ်သော ကမ္မနိယာမ၏ သဘောတရားပေတည်း။

၁၉၉၆–ခုနှစ်အတွင်းက ကျွန်တော် **အမေရိကန်ပြည်ထောင်စု** သို့သွားရောက်ပြီး ဗုဒ္ဓအဘိဓမ္မာနှင့် ဗုဒ္ဓတရားတော်များကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောသောအခါ အမေရိကန်အချို့က “ကျွန်တော်တို့ဟာ အဘိဓမ္မာကို နားမလည်ကြပါဘူး၊ အကောင်အထည်မရှိတဲ့ နက်နဲတဲ့သဘောတရားတွေကိုလည်း စိတ်မဝင်စားဘူး၊ နိဗ္ဗာန်ကိုလည်း မလိုချင်ကြဘူး၊ လက်ငင်းချမ်းသာကြီးပွားတာ

http://www.dhammadownload.com



ကိုပဲ လိုချင်ကြပါတယ်၊ လက်ငင်းချမ်းသာကြီးပွားနိုင်စေတဲ့တရားမျိုး ကို ဟောကြားပေးပါ” ဟု တောင်းဆိုကြ၏။

သူတို့သည် ကံ–ကံ၏အကျိုးကို မသိ၊ မသိသဖြင့် မယုံကြည်။ ထို့ကြောင့်အတိတ်ဘဝများစွာကို ဖြတ်သန်းခဲ့ရပြီး အနာဂတ်တွင်လည်း ဘဝပေါင်းများစွာ ခရီးဆက်ရဦးမည်တို့ကို သူတို့ နားမလည်နိုင်၊ ယခုလက်ရှိဘဝ၌ ချမ်းသာပျော်ရွှင်စွာ နေထိုင်နိုင်ရေး တစ်ခုတည်း ကိုသာ စိတ်ဝင်စားကြ၏။

## ချမ်းသာရေးတရားများ

“ဗုဒ္ဓအဘိဓမ္မာဆိုတာ လူတစ်ယောက်မှာ အမှန်တကယ်ရှိ တဲ့စိတ်၊ စိတ်ကို အမျိုးမျိုးခြယ်လှယ်နေကြတဲ့ စေတသိက်များနဲ့ ရုပ်တို့ကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာထားတဲ့ တရားတော်ပါပဲ။ စိတ်၊ စေတသိက်၊ ရုပ်တို့က အကြောင်းအကျိုးဆက်နွယ်ပြီး ဖြစ်ပေါ်နေတာကို သိနားလည်ပါမှ **“ဘဝအမြင်မှန်”** (The right view of life)ကို ရရှိပါမယ်၊ ဘဝအမြင်မှန်ရှိမှ ချမ်းသာစွာ နေထိုင် တတ်လာလိမ့်မယ်။

“ဗုဒ္ဓအဘိဓမ္မာဟာ သိပ္ပံနည်း အလွန်ကျပါတယ်၊ သိပ္ပံမှာ အနုမြူများရဲ့ ဖွဲ့စည်းပုံနဲ့ စွမ်းအင်အမျိုးမျိုး အကြောင်းကို သိနား လည် လာလို့ သိပ္ပံပညာဟာ တစ်ဟုန်ထိုး တိုးတက်ခဲ့ပါတယ်။ ထို့အတူပဲ လူတစ်ယောက်စီမှာ အမှန်တကယ်ရှိပြီး ကမ္ဘာကြီးကို စိုးမိုးခြယ်လှယ်နေကြတဲ့ စိတ်၊ စေတသိက်၊ ရုပ်တို့ရဲ့ အကြောင်းကို သိနားလည်ပါမှ စိတ်ဆင်းရဲစေတဲ့ အကြောင်းရင်းများကို သိလာ မယ်၊ ဒီဆင်းရဲစေတဲ့ အကြောင်းတရားများကို ဖယ်ရှား ပယ်သတ်နိုင်မှ

http://www.dhammadownload.com



စိတ်ချမ်းသာမှု အစစ်ကို ရနိုင်ပါတယ်။

"ဆင်းရဲစေတဲ့အကြောင်းတရားတွေက စိတ်နဲ့ ယှဉ်ဖြစ်ကြတဲ့ ကိလေသာခေါ် စိတ်အညစ်အကြေး (mental difilements) တွေပဲ။ ဒါတွေက ဘာလဲဆိုရင် လိုချင်တပ်မက်မှု လောဘ၊ စိတ်ဆိုးစိတ်ပျက် အလိုမကျမှု ဒေါသ၊ စိတ်, စေတသိက်, ရုပ်တို့ရဲ့အမှန်သဘောနဲ့ သစ္စာသဘောတို့ကို မသိတွေဝေမှု မောဟ၊ ထောင်လွှား ဝင့်ကြွားမှု မာန၊ ကံ–ကံရဲ့အကျိုးမရှိဘူးလို့ အယူလွဲမှု မိစ္ဆာဒိဋ္ဌိ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါရှိတယ်လို့ စွဲလမ်းမှု အတ္တဒိဋ္ဌိ စတဲ့ တရားဆိုးတွေပဲ။

"ဒီတရားဆိုးတွေက စိတ်ကိုပူလောင်ဆင်းရဲစေတဲ့အပြင် စိတ်ကို ယုတ်ညံ့မိုက်မဲ ဆိုးသွမ်းစေပါတယ်၊ ဒီတရားဆိုးတွေက စိတ်ကို ခြယ်လှယ်ပြီး စိတ်က လူရဲ့ကြံစည်ပြောဆိုပြုလုပ်မှုတို့ကို စိုးမိုး ဦးဆောင်တဲ့အတွက် လူလူချင်း သတ်ဖြတ်ကြတယ်၊ သူများရဲ့ ပစ္စည်းဉစ္စာတွေကို ခိုးယူ လုယူကြတယ်၊ သူတစ်ပါး သားမယားကို ဖျက်ဆီးကြတယ်၊ လိမ်ညာတဲ့စကား ဆဲရေးကြမ်းတမ်းတဲ့စကား ကုန်းချောစကား အကျိုးမရှိတဲ့ စကားတွေကို ပြောဆိုကြတယ်၊ သေရည်အရက် မူးယစ်ဆေးဝါးတို့ကို သောက်သုံးကြတယ်၊ အုပ်စုဖွဲ့ အနိုင်ကျင့်ပြီး စစ်မက်များ ဖြစ်ပွားတဲ့အထိ ဆိုးသွမ်းရမ်းကားကြတယ်။

"ဒါကြောင့် သတ်မှု၊ ခိုးမှု၊ မုဒိမ်းမှု၊ လိမ်ညာမှု၊ မူးယစ်ဆေး စွဲမှု၊ စစ်မက်ဖြစ်ပွားမှုတို့ဟာ မာရ်နတ် (satan) ခေါ် နတ်ဆိုးနဲ့ အပေါင်းပါ နတ်ဆိုးတို့ကြောင့် ဖြစ်လာတာ မဟုတ်ဘူး၊ လူသားတို့ရဲ့ ပြစ်မှုကျူးလွန်တတ်တဲ့ သဘာဝ (sinful nature of man) ကြောင့်လည်း မဟုတ်ဘူး၊ ကိလေသာ တရားဆိုးကြောင့်သာ ဖြစ်တယ်။

http://www.dhammadownload.com



"ဒီတရားဆိုးတွေ သောင်းကျန်းနေသမျှ ကာလပတ်လုံး သင်စိတ်မချမ်းသာနိုင်ဘူး၊ မြို့ရွာရပ်ကွက်များ မအေးချမ်းနိုင်ဘူး၊ ကမ္ဘာကြီး မငြိမ်းချမ်းနိုင်ဘူး၊ သင့်စိတ်ကို လောဘခြယ်လှယ်နေလျှင် လှပတဲ့ မိန်းမတွေ၊ ဆန်းသစ်တဲ့ မော်တော်ကား စတဲ့ပစ္စည်းတွေ အရသာရှိတဲ့ အစားအစာတွေ ဝိုင်အရက်တွေက သင့်ကို ဖြားယောင်း သွေးဆောင်နေကြမှာပဲ၊ သင့်မှာ ပစ္စည်းဥစ္စာတွေ ဘယ်လောက်များများ သင်မရောင့်ရဲ မတင်းတိမ်နိုင်ဘူး၊ သင့်စိတ်ကို ဒေါသခြယ် လှယ် နေလျှင် သင့်စိတ်တိုင်းမကျဖြစ်တာနဲ့ တစ်ပြိုင်နက် သင်စိတ်ဆိုး စိတ်ပျက်ပြီး စိတ်ဆင်းရဲရတော့တယ်၊ စိုးရိမ်ပူပန်ရတာ၊ ပူဆွေး ငိုကြွေးရတာ၊ ကြောက်ရွံ့ထိတ်လန့်ရတာ၊ ပြင်းပြစွာ ပူလောင်ရတာ တွေ အားလုံးဟာလည်း ဒေါသကြောင့် ဖြစ်တာပါပဲ။

"အမေရိကန်တွေဟာ အလွန်ချမ်းသာကြွယ်ဝကြပေမယ့် စိတ် မချမ်းသာကြတာ လောဘ၊ ဒေါသ စတဲ့ ကိလေသာတရားဆိုးတို့ ကြောင့်ပါပဲ၊ ဒီတရားဆိုးတွေကို မပယ်သတ်နိုင်သမျှ ကာလပတ်လုံး ခဏကလေးတောင်မှ စိတ်ချမ်းသာပါတယ်လို့ ဝန်မခံနိုင်ပါဘူး၊ ကာမဂုဏ် ချမ်းသာဟာ ချမ်းသာအစစ် မဟုတ်ပါဘူး၊ ကာမဂုဏ် ဝတ္ထုပစ္စည်းတွေဟာ လောဘ ဒေါသတို့ကို တိုးပွားစေကြတယ်၊ ဒါကြောင့် ကာမဂုဏ်ခံစားမှုနောက်ကို လိုက်လေလေ ခင်ဗျားတို့ပိုပြီး စိတ်ဆင်းရဲလေလေ ဖြစ်မှာပါပဲ။

" ဗုဒ္ဓဘာသာမှာသာ ကိလေသာတရားဆိုးတွေကို အမြစ်ပြတ် ပယ်သတ်နိုင်တဲ့နည်း ရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓမြတ်စွာ ဘုရားတစ်ဆူသာလျှင် ဆင်းရဲခြင်းရဲ့ အကြောင်းတရားတွေကို မှန်မှန်ကန်ကန် သိမြင်ပြီးတော့ ကိလေသာတရားဆိုးတွေကို ပယ်သတ်

http://www.dhammadownload.com



နိုင်တဲ့ နည်းလမ်းကိုလည်း သိမြင်ပြီး လက်တွေ့ပြသခဲ့လို့ပါပဲ။

"မြတ်စွာဘုရား ဟောကြားထားတော်မူတဲ့ တရားအားလုံးဟာ ကိလေသာခေါင်းပါးရေး, ကိလေသာပယ်သတ်ရေး တရားများဖြစ်လို့ ချမ်းသာရေးတရားတွေပါပဲ။ ဒီတရားကို နားထောင်လို့၊ ဖတ်ရှုလေ့လာလို့ သဘောပေါက် နားလည်လာမယ်ဆိုရင် လက်ငင်း စိတ်ချမ်းသာလာပါတယ်၊ လက်တွေ့ကျင့်သုံးရင် ပိုပြီး စိတ်ချမ်းသာ အေးမြလာပါတယ်၊ ကိလေသာအားလုံးကို အမြစ်ပြတ်ပယ်သတ် နိုင်တဲ့အထိ ကျင့်သုံးအားထုတ်နိုင်ရင် အတုမရှိ ချမ်းသာတဲ့ နိဗ္ဗာန် ချမ်းသာကို ဤဘဝမှာပဲ အလိုရှိသမျှ ခံစားနိုင်တော့တယ်။

"တရားတော်ဟာ အလွန်ကျယ်ဝန်းပေမယ့် လိုရင်းသိစရာက **ဒါန– သီလ– ဘာဝနာ**ပါပဲ၊ ဘာဝနာထဲမှာ သမာဓိနဲ့ ပညာပါတယ်။ ဒါကြောင့် တစ်နည်းပြောရင် လိုရင်းသိစရာက **သီလ– သမာဓိ– ပညာ**ပါပဲ၊ ဒီလိုပြောတော့ ဒါနဟာ သီလထဲမှာ အကျုံးဝင်သွား ပါတယ်။ သီလက တရားတော်ရဲ့ အခြေခံအုတ်မြစ်ပါပဲ။

"အခြေခံသီလက ငါးပါးသီလ (ဝါ) ပဉ္စသီလပါပဲ၊ ငါးပါး သီလကို လက်တွေ့ကျင့်သုံးတဲ့အခါ သူ့အသက်ကို မသတ်ရဘူး၊ သူ့ဥစ္စာကို မခိုးယူရဘူး၊ သူတစ်ပါး သားမယားကို မလွန်ကျူးရဘူး၊ လိမ်မပြောရဘူး၊ သေရည်အရက်နဲ့ မူးယစ်ဆေးဝါးကို မသောက် သုံးရဘူး ။

"ဒီကျင့်ဝတ် ငါးပါးဟာ အလွန်အရေးကြီးတဲ့ လူမှုရေးတရား များဖြစ်လို့ ဘာသာတရားအားလုံးမှာပဲ ပြဋ္ဌာန်းထားကြပါတယ်၊ ဒီရိုးရှင်းတဲ့တရားငါးပါးကို လူသားအားလုံးက လေးလေးစားစား

http://www.dhammadownload.com



ပြည့်ပြည့်ဝဝ ကျင့်သုံးကြမယ်ဆိုရင် ယနေ့ချက်ချင်းပဲ မြို့ရွာဒေသ အားလုံး အေးချမ်းသာယာပြီး ကမ္ဘာကြီး ငြိမ်းချမ်းသွားလိမ့်မယ်။

"ငါးပါးသီလရဲ့ အနှစ်သာရကို မြတ်စွာဘုရား ရှင်းပြထားတဲ့ အတိုင်း သဘောပေါက် နားလည်မယ်ဆိုရင် ငါးပါးသီလဟာ အမြင့်မြတ်ဆုံး လူမှုရေးတရား၊ အကောင်းဆုံးကိုယ်ကျင့်တရား၊ အမွန်မြတ်ဆုံး ငြိမ်းချမ်းရေးတရားဖြစ်တာကို သိမြင်လာပြီး ငါးပါး သီလကို နှစ်သက်မြတ်နိုးစွာ မိမိအလိုလို စောင့်ထိန်းလာမှာ ဖြစ် ပါတယ်။

"ငါးပါးသီလကို အနှစ်သာရဆိုက်အောင် စောင့်ထိန်းနိုင်မယ် ဆိုရင် မကောင်းမှုတွေရှောင် ကောင်းမှုဆောင်၊ မတရားမှုကိုရှောင် တရားမျှတမှုကို ဆောင်ပြီး စိတ်အစဉ်မှ ကိလေသာအညစ်အကြေး ဖြူစင်နေသည့်အတွက် စိတ်ချမ်းသာရွှင်လန်းသွားမည့်အပြင် အလိုရှိအပ် ကောင်းမြတ်တဲ့ လောကီချမ်းသာ စည်းစိမ်ဥစ္စာတို့နှင့်လည်း ပြည့်စုံသွားလိမ့်မယ်၊ ဒါဟာ အကောင်းဆုံး လက်ငင်းချမ်းသာရေး တရားပါပဲ။"

ဤသို့ မကျဉ်းမကျယ် ရှင်းပြလိုက်သောအခါ ထိုအမေရိကန် များသည် အသင့်အတင့် သဘောပေါက်လာပြီး ယုံမှားသံသယ မကင်းစင်သေးသော်လည်း ပဏာမအနေဖြင့် ကျေနပ်သွားကြပါ၏။

## အမွန်မြတ်ဆုံးတရား

ဩဝါဒပါတိမောက်ခ်လာသော ဘုရားရှင်တို့၏ လိုရင်းအဆုံး အမကို အောက်ပါဆောင်ပုဒ်ဖြင့် အကျဉ်းရုံးပြနိုင်၏။

http://www.dhammadownload.com



"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား၊
ခုလည်းချမ်းသာ၊ နောင်ချမ်းသာ၊ မြတ်စွာဟောမိန့်ကြား။"

ငါးပါးသီလကို စောင့်ထိန်းခြင်းသည် ဤအဆုံးအမတော်နှင့်အညီ အခြေခံအားဖြင့် ပြည့်စုံအောင် နေထိုင်ခြင်းဖြစ်၏။ ရှစ်ပါးသီလ၊ကိုးပါးသီလ၊ ဝိနည်းသီလတို့ကို အဆင့်ဆင့် စောင့်ထိန်းသွားနိုင်လျှင် ထိုအဆုံးအမ ဩဝါဒကို ပို၍ပို၍ ပြည့်စုံစွာကျင့်သုံးရာ ရောက်၏။ ထို့ကြောင့် သီလသည် အပြစ်ကင်းစင်သည့်အမွန်မြတ်ဆုံးသော ကိုယ်ကျင့်တရားဖြစ်၏။

ပိဋကသုံးပုံမှ လိုရင်းအနှစ်ကို ထုတ်ယူလျှင် မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရား (ဝါ) သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ရသဖြင့် သီလသည် သာသနာတော်၏ အခြေခံအုတ်မြစ်ဖြစ်၏။ ဝိနည်းသီလ တည်မြဲလျှင် သာသနာတော် တည်မြဲမည် ဖြစ်ပြီး သီလအုတ်မြစ် ယိုယွင်းသော် သာသနာတော် အဆောက်အအုံသည်လည်း တိမ်းမှောက်သွားမည်ဖြစ်၏။

သီလသည် ကုသိုလ်တရားတို့၏ အမွန်အစဖြစ်သည့်အပြင် အမြတ်ဆုံးကုသိုလ်လည်း ဖြစ်ပေ၏။ သီလသည် သီလစောင့်သုံးသူကို လက်ငင်း စိတ်ရွှင်လန်း ချမ်းသာစေသည့်အပြင် မွေးဖွားသည်မှ အိုမင်းသည့်တိုင်အောင် ကောင်းမြတ်သောတရားလည်း ဖြစ်ပေ၏။

သီလသည် အလှဆုံး အဆင်တန်ဆာ ဖြစ်သည့်အပြင် လေအောက်လေညာ နတ်ရွာအထိ သင်းပျံ့မွှေးကြိုင်သော ထိပ်တန်းနံ့သာလည်း ဖြစ်ပေသည်။ သီလအဆင်တန်ဆာသည် ပျိုပျိုအိုအို အရွယ်မရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး ကျက်သရေ တင့်မောစွာ

http://www.dhammadownload.com



ဝတ်ဆင်နိုင်သော အဖိုးတန် အဆင်တန်ဆာဖြစ်၏။

သီလသည် စိတ်အစဉ်မှ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်ပေးနိုင်သော သီတာရေစင် ဖြစ်သည့်အပြင် ကိလေသာတို့၏ ဆင်းရဲပူလောင်စေမှုကို ငြိမ်းအေးစေနိုင်သော အတုမဲ့ အအေးဓာတ်လည်းဖြစ်၏။

သီလဖြူစင်သူသည် စိတ်ဖြူစင်မြင့်မြတ်သည့်အတွက် မြင့်မြတ်သူအဖြစ်သို့ ရောက်၏။ သီလဟူသော ကိုယ်ကျင့်တရားကောင်းမြတ်သူဖြစ်မှသာ လူကောင်းလူတော်ဟု ခေါ်ဆိုထိုက်ပေ၏။

သီလဖြူစင်သူသည် စိတ်ဖြူစင်သည့်အတွက် လိုအင်ဆန္ဒအဝဝနှင့် ပြည့်စုံနိုင်၏။ စည်းစိမ်ဥစ္စာပြည့်စုံ၍ ချမ်းသာကြွယ်ဝလိုလျှင် သီလကို ပြည့်စုံစေရာ၏ ။ မိတ်ဆွေအပေါင်းအသင်းတို့၏ ကြည်ညိုလေးမြတ်ခြင်းကို ခံယူလိုလျှင် သီလကို ပြည့်စုံစေရာ၏။ ရာထူးဌာနန္တရနှင့် ကျော်စောထင်ရှားမှုတို့ကို အလိုရှိလျှင် သီလကို ပြည့်စုံစေရာ၏။

နတ်ရွာသို့ တက်လှမ်းရန် သီလနှင့်တူသော စောင်းတန်းလှေကားဟူသည် မရှိ။ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်ရောက်ရန်အတွက်လည်း သီလနှင့်တူသော တံခါးဝသည် မရှိ။

သီလသည် ကောင်းမြတ်သော သုဂတိဘဝနှင့် ပြည့်စုံစေနိုင်သည့်အပြင် ကာမဂုဏ်ချမ်းသာဟူသည့် လောကီချမ်းသာကိုလည်း ပေးစွမ်းနိုင်၏။ လောကီချမ်းသာကို မျှော်မှန်း၍ စောင့်ထိန်းသော သီလသည် သီလသာ မည်၏၊ အဓိသီလ မမည်။ ဤသီလသည် လောကီချမ်းသာလောက်ကိုသာ ပေးစွမ်းနိုင်၏။

http://www.dhammadownload.com



လောကီချမ်းသာထက် သာလွန်သော လောကုတ္တရာချမ်းသာကို ရည်မှန်း၍ စောင့်ထိန်းသော သီလသည် အဓိသီလမည်၏၊ အဓိသီလသည် လောကီချမ်းသာကိုလည်း ပေးစွမ်းနိုင်၏၊ လောကုတ္တရာချမ်းသာကိုလည်း ပေးစွမ်းနိုင်၏။

မြတ်စွာဘုရား၏ သာသနာသည် သီလ– သမာဓိ– ပညာ လမ်းစဉ်အတိုင်း နိဗ္ဗာန်တိုင်အောင် ပို့ဆောင်ပေးနိုင်သော သာသနာတော်ဖြစ်၏။ အဓိသီလကို ဆောက်တည်၍ နိဗ္ဗာန်အရောက် တက်လှမ်းနိုင်အောင် ကြိုးပမ်းကြရာ၏။

သီလအကြောင်းကို ကောင်းကောင်း သိနားလည်လာလျှင် သီလကို အသက်တမျှ မြတ်နိုး၍ ချစ်မြတ်နိုးစွာ ယုယပိုက်ထွေးနိုင်မည်ဖြစ်၏။ ထိုအခါ သင်၏ ဘဝသည် အချမ်းသာဆုံး အမြင့်မြတ်ဆုံးဘဝ ဖြစ်လာမည် ကေန်တည်း။

## ဣန္ဒြာသယ လိုတိုင်းရစေ

သီလခေါ်ဆို၊ ကိုယ်ကျင့်ကောင်းမှ၊ တောင်းတိုင်း တ,တိုင်း ရနိုင်တယ်၊
ပဒေသာပင် အိမ်မှာပေါက်သလို၊ ကောက်ယူသုံးလို့မကုန်နိုင်တယ်၊
ဥစ္စာစုပုံ ကုန်မယွင်း၊ ဂုဏ်သတင်းလဲ သင်းပျံ့မယ်၊
ရောက်လာရာရာ ပွဲလယ်တင့်လို့၊ ရဲရင့်ရွှင်ပျ ခင်ကြမယ်၊
သေရသော်လည်း သတိကောင်းလို့၊ ဂတိပြောင်းတော့ နတ်ပြည်ဝယ်၊
သီလကောင်းကျိုး၊ ချက်ချင်းတိုး၊ အားကိုးလောက်ပေတယ်၊
အဲဒါကြောင့် ကိုယ်ကျင့်သီလ၊ ဒီဘဝ၊ တည်ကြမြဲကြမယ်။

http://www.dhammadownload.com



# မြတ်သီလ

## သီလခေါ်သို့ ကိုယ်ကျင့်တရား

လူတစ်ယောက်၏ ပြုမူပြောဆို ကျင့်ကြံနေထိုင်ပုံကို ထိုသူ၏ ကိုယ်ကျင့်တရားဟုခေါ်၏ ။ အကယ်၍ ထိုသူ၏ အပြုအမူ အပြော အဆို အကျင့်အကြံတို့သည် သူတစ်ပါးတို့အား ထိခိုက်နစ်နာမှု မရှိစေဘဲ အပြစ်ကင်းစင်ပြီး နှစ်သက်စဖွယ် လေးမြတ်စဖွယ် ဖြစ်လျှင် ထိုသူသည် ကိုယ်ကျင့်တရားကောင်းသူဟု မှတ်ယူရပေမည်။

လူကောင်းဟူသည်မှာ ကိုယ်ကျင့်တရားကောင်းသူဖြစ်သည်။ လူကြီးလူကောင်း ဟူသည်မှာ ကိုယ်ကျင့်ကောင်းသော အသက်ကြီး သူဖြစ်သည်။ လူကောင်းလူတော် သို့မဟုတ် လူတော်လူကောင်း ဟူသည်မှာ ကိုယ်ကျင့်ကောင်းပြီး တတ်သိလိမ္မာ ကျွမ်းကျင်သူ ဖြစ်သည်။

လူယုတ်မာဟူသည်မှာ ကိုယ်ကျင့်တရား ယုတ်ညံ့သူ ဖြစ်သည်။ လူဆိုးလူမိုက် သူခိုး ဓါးပြ စသည်တို့သည်လည်း ကိုယ်ကျင့်တရား ပျက်ပြားနေသူများပင် ဖြစ်ကြသည်။

ထို့ကြောင့် လူယုတ်မာနှင့် သူတော်ကောင်းတို့ကို ခွဲခြား ပေးသောအရာမှာ ကိုယ်ကျင့်တရားပင် ဖြစ်သည်။ ကိုယ်ကျင့်တရား သည် လူတစ်ဦးစီ၏ အရေးအကြီးဆုံး အရည်အသွေးဖြစ်ကြောင်းကို အနောက်တိုင်း ပညာရှိအချို့က ဤသို့ မိန့်ဆိုသည်–

"When wealth is lost, nothing is lost.
When health is lost, something is lost.
When character is lost, everything is lost."

http://www.dhammadownload.com



"မနေ့ဥစ္စာဆုံးရှုံးသောအခါ ဘာမျှ မဆုံးရှုံးသေးပါ၊ ကျန်းမာမှု ဆုံးရှုံးသည့်အခါ တစ်စုံတစ်ခု ဆုံးရှုံးပြီ၊ ကိုယ်ကျင့်တရား ဆုံးရှုံးသောအခါ အားလုံးကို ဆုံးရှုံးပြီ။"

ကိုယ်ကျင့်တရားကို ပါဠိလို "သီလ" ဟုခေါ်၏။ သီလသည် အမြတ်ဆုံးကုသိုလ်၊ ကုသိုလ်ကောင်းမှုအားလုံးတို့၏ အမွန်အစ၊ သာသနာတော်၏ အခြေခံအုတ်မြစ်ဟု မြတ်စွာဘုရား သတ်မှတ်တော်မူသည်။

ကိုယ်ကျင့်တရားကို အကဲဖြတ်ရန် စံနှုန်းအမျိုးမျိုး သတ်မှတ်ခဲ့ကြသည်။ သို့သော် သီလအကျင့်တရား (သီလသိက္ခာ) တွင် မြတ်စွာဘုရား ဟောကြားထားသည်လောက် မည်သည့် ကိုယ်ကျင့်တရားစနစ်ကမျှ မပြည့်စုံချေ၊ အကြောင်းအကျိုးလည်း မညီညွတ်ပေ။

မြတ်စွာဘုရားဟောကြားထားသည့် သီလအကြောင်းကို စာရှုသူတို့ ကောင်းကောင်း သိနားလည်လာမည်ဆိုလျှင် သီလကို အသက်တမျှ နှစ်သက်မြတ်နိုးလာမည် ဖြစ်သည်။ ဤသို့ နှစ်သက်မြတ်နိုးခြင်းသည် ရှည်ကြာသော ကာလပတ်လုံး လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိရန် အကြောင်းထူး ဖြစ်လာပေလိမ့်မည်။

"ပညာရှိမည်သည် မိမိအကြောင်းကြောင့် ဖြစ်စေ၊ သူတစ်ပါး အကြောင်းကြောင့်ဖြစ်စေ မကောင်းမှုကို မပြု၊ မကောင်းမှုဖြင့် သားသမီး ဥစ္စာ တိုင်းပြည်ကို အလိုမရှိရာ၊ မတရားမှုဖြင့် မိမိ၏ ပြည့်စုံမှုကို အလိုမရှိရာ၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် သီလရှိသူ ပညာရှိသူ တရားရှိသူဖြစ်၏။"

"သဒ္ဓါတရားလည်း ရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံသူသည် ရောက်လေရာရာအရပ်ရပ်

http://www.dhammadownload.com



တို့၌ အပူဇော်ခံရ၏။ ”

“သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏၊ ပညာကိုရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။”

(ဓမ္မပဒဂါထာ ၈၄၊ ၃၀၃၊ ၃၃၃)

## ဘုရားရှင်တို့၏ဩဝါဒ

ဂင်္ဂါဝါဠုသဲစုမက ပွင့်ထွန်းတော်မူပြီးကြသော ဘုရားရှင်အဆူဆူတို့၏ လိုရင်း အဆုံးအမကို **ဩဝါဒပါတိမောက်**တွင် ဤသို့ ဖော်ပြထား၏။

“သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။”

“မကောင်းမှုဟူသမျှကို မပြုရာ၊
ကုသိုလ်ကောင်းမှုတို့ကို ပြည့်စုံစေရာ၏၊
မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏၊
ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော် ပေတည်း။”

ကိုယ် နှုတ် စိတ်တို့ဖြင့် ပြုလုပ်သော မကောင်းမှုများကို အကုသိုလ်ဟုခေါ်၍ ကောင်းမှုများကို ကုသိုလ်ဟုခေါ်၏။

**အကုသိုလ်**သည် အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးကို ပေးတတ်၏၊ လက်ရှိဘဝ၌ စိုးပွားချမ်းသာကို ယုတ်လျော့စေတတ်၏၊ တမလွန်ဘဝများ၌လည်း အပါယ်လေးဘုံတွင် ဘဝသစ်ဖြစ်စေပြီး မကောင်းကျိုးများကို ဆက်လက်ဖြစ်ပွါးစေ၏။

http://www.dhammadownload.com



**ကုသိုလ်**သည် အပြစ်ကင်း၍ ကောင်းကျိုးကိုပေးတတ်၏၊ လက်ရှိဘဝ၌ စီးပွားချမ်းသာကို တိုးတက်စေတတ်၏၊ တမလွန်ဘဝများ၌လည်း သုဂတိဘုံများတွင် ဘဝသစ်ဖြစ်စေပြီး ကောင်းကျိုးများကို ဆက်လက်ဖြစ်ပွါးစေ၏။

## အကုသိုလ်အလုပ် (၁၀)မျိုး

အပါယ်လားကြောင်း အကုသိုလ်ကံ (၁၀)မျိုးရှိသည်။ ၎င်းတို့သည် မကောင်းသောအမှုအကျင့်များဖြစ်ကြသဖြင့် **ဒုစရိုက် ၁၀-ပါး**ဟုလည်း အမည်ရ၏။ **အကုသလကမ္မပထ ၁၀-ပါး**ဟုလည်း အမည်တွင်သည်။

၁။ ပါဏာတိပါတ =သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်မှု၊
၂။ အဒိန္နာဒါန =သူတစ်ပါးဥစ္စာကို ခိုးဝှက်တိုက်ခိုက်ယူမှု၊
၃။ ကာမေသုမိစ္ဆာစာရ =ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာကျင့်မှု (သူတစ်ပါးသားမယားကို ဖျက်ဆီးမှု)

(အထက်ပါကံ၃-မျိုးကို ကိုယ်ဖြင့်ကျူးလွန်တတ်သဖြင့် ကာယကံများ(ဝါ) **ကာယဒုစရိုက်**များဟုခေါ်၏။)

၄။ မုသာဝါဒ =မဟုတ်မမှန်လိမ်ပြောမှု၊
၅။ ပိသုဏဝါစာ =ချောပစ်ကုန်းတိုက်မှု၊
၆။ ဖရုသဝါစာ =ကြမ်းတမ်းယုတ်မာစွာ ပြောဆိုမှု၊
၇။ သမ္ဖပ္ပလာပ =အကျိုးမရှိ သိမ်ဖျင်းသောစကားကို ပြောဆိုမှု၊

(အထက်ပါကံ ၄-မျိုးကို နှုတ်ဖြင့်ကျူးလွန်တတ်သဖြင့် ဝစီကံများ (ဝါ) **ဝစီဒုစရိုက်များ**ဟုခေါ်၏။)

http://www.dhammadownload.com



၈။ အဘိဇ္ဈာ =သူတစ်ပါး၏ဥစ္စာကို မတရားရယူရန် ကြံစည်မှု၊
၉။ ဗျာပါဒ =သူတစ်ပါးကို သေကြေပျက်စီးရန် ကြံစည်မှု၊
၁၀။ မိစ္ဆာဒိဋ္ဌိ=ကံ–ကံ၏အကျိုးကိုပယ်၍ လွဲမှားစွာ ယုံကြည်မှု။

(အထက်ပါကံ ၃–မျိုးကို စိတ်ဖြင့်ကြံစည်၍ ကျူးလွန်တတ်သဖြင့် မနောကံများ (ဝါ) **မနောဒုစရိုက်များ**ဟုခေါ်၏။)

"မကောင်းမှုဟူသမျှကို မပြုရာ" ဟူသည်မှာ ဒုစရိုက် ၁၀–ပါးကို မပြုလုပ်ခြင်းဖြစ်သည်။

## ကုသိုလ်အလုပ် (၁၀)မျိုး

ကာမသုဂတိဘုံများ(လူ့ပြည်နှင့် နတ်ပြည်၆–ထပ်)၌ ဘဝသစ်ဖြစ်စေပြီး ကောင်းကျိုးချမ်းသာပေးနိုင်သော ကုသိုလ် ၁၀–ပါးရှိသည်။ ၎င်းတို့သည် ကောင်းသောအမူအကျင့်များ ဖြစ်ကြသဖြင့် သုစရိုက် ၁၀–ပါးဟုလည်း အမည်ရ၏။ ဒုစရိုက် ၁၀–ပါးကို ရှောင်ကြဉ်ခြင်းကိုပင် သုစရိုက်များဟုခေါ်၏။

၁။ ပါဏာတိပါတ ဝိရတိ =သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်မှု၊
၂။ အဒိန္နာဒါန ဝိရတိ =သူတစ်ပါးဥစ္စာကို ခိုးဝှက်တိုက်ခိုက်ယူခြင်းမှ ရှောင်ကြဉ်မှု၊
၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ =ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာကျင့်ခြင်းမှ ရှောင်ကြဉ်မှု၊

(အထက်ပါကံ ၃–မျိုးကို **ကာယသုစရိုက်များ**ဟုခေါ်၏။)

၄။ မုသာဝါဒ ဝိရတိ=လိမ်ညာပြောခြင်းမှ ရှောင်ကြဉ်မှု၊
၅။ ပိသုဏဝါစာ ဝိရတိ=ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်မှု၊

http://www.dhammadownload.com



၆။ ဖရုသဝါစာ ဝိရတိ=ကြမ်းတမ်းယုတ်မာစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

၇။ သမ္ဖပ္ပလာပဝိရတိ=အကျိုးမရှိ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(အထက်ပါကံ ၄-ပါးကို **ဝစီသုစရိုက်များ**ဟုခေါ်၏။)

၈။ အနဘိဇ္ဈာ =သူတစ်ပါးပစ္စည်းကို မတရားရယူရန် ကြံစည်ခြင်းမှ ရှောင်ကြဉ်မှု၊

၉။ အဗျာပါဒ =သူတစ်ပါးတို့ သေကြေပျက်စီးရန်ကြံစည်ခြင်းမှ ရှောင်ကြဉ်မှု၊

၁၀။ သမ္မာဒိဋ္ဌိ =ကံ-ကံ၏အကျိုးရှိသည်ဟု မှန်ကန်သောအယူကို ယုံကြည်မှု။

(အထက်ပါကံ ၃-ပါးကို **မနောသုစရိုက်များ**ဟုခေါ်၏။)

"ကုသိုလ်ကောင်းမှုများကို ပြည့်စုံစေရာ၏" ဟူသည်မှာ ရှေးဦးစွာ သုစရိုက် ၁၀-ပါးကို ဖြည့်ကျင့်ရမည်။ ထို့နောက် ပုညကြိယဝတ္ထု ၁၀-ပါးကို ပြည့်စုံသည့်တိုင်အောင် ဖြည့်ကျင့်သွားရမည်။

* ကိုယ်အမူအရာ ပျက်စီးမှု (ကာယဒုစရိုက် သုံးပါး)ကို စောင့်ရှောက်ရာ၏၊ ကာယဒွါရဖြင့် ဒုစရိုက်ဝင်ရောက်လာမှုကို တားမြစ်ပိတ်ပင်ရာ၏၊ ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက်ကို ကျင့်ရာ၏။
* နှုတ်အမူအရာပျက်စီးမှု (ဝစီဒုစရိုက်လေးပါး)ကို စောင့်ရှောက်ရာ၏၊ ဝစီဒွါရဖြင့် ဒုစရိုက် ဝင်ရောက်လာမှုကို တားမြစ်ပိတ်ပင်ရာ၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ကျင့်ရာ၏။

http://www.dhammadownload.com



* စိတ်အမှုအရာ ပျက်စီးမှု (မနောဒုစရိုက်သုံးပါး)ကို စောင့်ရှောက်ရာ၏၊ မနောဒွါရဖြင့် ဒုစရိုက် ဝင်ရောက်လာမှုကို တားမြစ်ပိတ်ပင်ရာ၏၊ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ကျင့်ရာ၏။

* ပညာရှိတို့သည် ကိုယ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်၊ နှုတ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်၊ စိတ်ဖြင့် ဝင်ရောက်လာသော ဒုစရိုက်တို့ကို တားမြစ်ပိတ်ပင်နိုင်ကုန်၏၊ ထိုပညာရှိတို့သည်သာ တားမြစ်ပိတ်ပင်သူတို့ မည်ကုန်၏။

(ဓမ္မပဒ ဂါထာ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄)

## ပုညကြိယဝတ္ထု (၁၀)ပါး

ကောင်းသောအကျိုး၏တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကုသိုလ်ကောင်းမှု ၁၀–မျိုးကို ပုညကြိယဝတ္ထု ၁၀–ပါးဟုခေါ်၏။

၁။ ဒါန =မိမိ၏ပစ္စည်းဥစ္စာကို ပေးကမ်းလှူဒါန်းမှု၊

၂။ သီလ =၅–ပါး၊၈–ပါး၊ ၁၀–ပါး စသော သီလတို့ကို စောင့်ထိန်းမှု၊

၃။ ဘာဝနာ =သမထဘာဝနာနှင့် ဝိပဿနာ ဘာဝနာ စီးဖြန်းမှု၊

၄။ အပစာယန =အသက်၊ သိက္ခာ၊ ဂုဏ်ကြီးမြင့်သော သူတို့ကို ရိုသေမှု၊

၅။ ဝေယျာဝစ္စ =ရတနာသုံးပါး၊ မိဘဆရာတို့၏ အမှု ကိစ္စများနှင့် ကုသိုလ်ရေးကိစ္စများ၌ပါဝင်ဆောင်ရွက်မှု၊

http://www.dhammadownload.com



၆။ ပတ္တိဒါန =မိမိရသော ကုသိုလ်အဖို့ကို အမျှပေးဝေမှု၊
၇။ ပတ္တာနုမောဒန =သူတစ်ပါးပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု၊
၈။ ဓမ္မဿဝန =သူတော်ကောင်းတရားကို နာကြားမှု၊
၉။ ဓမ္မဒေသနာ =သူတော်ကောင်းတရားကို ဟောကြားမှု၊
၁၀။ ဒိဋ္ဌိဇုကမ္မ =အယူကို ဖြောင့်မှန်စွာယူမှု။

(အထက်ပါ ပုညကြိယဝတ္ထု ၁၀–ပါးကို သဘောတူရာ ပေါင်းစု လိုက်လျှင် ဒါန သီလ ဘာဝနာ ဟူ၍ ၃–မျိုးသာရ၏။

ဒါနအုပ်စု = ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒန။
သီလအုပ်စု = သီလ၊ အပစာယန၊ ဝေယျာဝစ္စ။
ဘာဝနာအုပ်စု = ဘာဝနာ၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ဒိဋ္ဌိဇုကမ္မ။

ဒိဋ္ဌိဇုကမ္မ–အယူဖြောင့်မှန်ခြင်းကို ဒါနအုပ်စု၊ သီလအုပ်စု၊ ဘာဝနာအုပ်စု သုံးခုစလုံး၌ ထည့်သွင်းလျှင်လည်း သင့်လျော်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကံ – ကံ၏အကျိုးကို သိမြင်ယုံကြည်ပါမှ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုများကို ပြုလုပ်ကြမည်ဖြစ်သည်။)

## သံသရာမြင်ကွင်းကျယ်

ကံ–ကံ၏အကျိုးသဘောကို မှန်မှန်ကန်ကန် သိရှိနားလည်လျှင် ကောင်းမှု၊ မကောင်းမှုတို့ကို မြတ်စွာဘုရား ညွှန်ကြားသတ်မှတ် ပေးထားသည်မှာ အလွန်မှန်ကန်သင့်လျော်ပါလား၊ အလွန် အကျိုးကျေးဇူး များပါလားဟု နှစ်သက်ဝမ်းမြောက် အားရကျေနပ် လာပါလိမ့်မည်။

မြတ်စွာဘုရားသာ မညွှန်ကြားထားပါလျှင် မည်သည့် လူနတ်

http://www.dhammadownload.com



ဖြဟ္မာတို့ကမျှ ကုသိုလ် ၊အကုသိုလ်တရားတို့ကို ပြတ်ပြတ်သားသား တိတိကျကျ ညွှန်ပြပေးနိုင်မည် မဟုတ်ချေ။ အနောက်တိုင်း တွေးခေါ်ရှင်များ (philosophers) နှင့် ပညာရှင်များသည် "ကောင်းသည်–မကောင်းဘူး" (good and evil)၊ "မှန်သည်–မှားသည်" (right and wrong) တို့ကို သေသေချာချာ သတ်မှတ်နိုင်အောင် နှစ်ပေါင်း ၂၅၀၀ ကျော် ကြိုးစားခဲ့ကြသော်လည်း ယနေ့အထိ မှန်ကန်တိကျသော သတ်မှတ်ချက်များကို မသတ်မှတ် နိုင်ကြချေ။

ဤသို့ မသတ်မှတ်နိုင်ကြသည်မှာ အံ့ဩစရာမဟုတ်။ အဘယ့် ကြောင့်နည်းဟူမူ သာမန်လူတို့သည် ဤမျက်မှောက် တစ်ဘဝစာ လောက်ကိုသာ မြင်သိနိုင်ပြီး ကံ–ကံ၏အကျိုးကို မသိမြင်ကြ၊ သံသရာ မြင်ကွင်းကျယ်ကို မသိနားမလည်ကြသောကြောင့်တည်း။

သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားတို့က ကံ–ကံ၏အကျိုးကို ပြည့်စုံစွာ သိမြင်၍ သံသရာ မြင်ကွင်းကျယ်ကိုလည်း သိမြင်တော်မူ ကြသဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံတစ်ခုကို ကောင်း–မကောင်း မှန်–မမှန် ဆုံးဖြတ်ရာ၌ မျက်မှောက်တစ်ဘဝ– ခဏခေတ္တ အကျိုး အပြစ်လောက်ကိုသာ ကြည့်သည်မဟုတ်၊ သံသရာ အကျိုး– အပြစ်ကိုပါ ကြည့်၍ ဆုံးဖြတ်တော်မူကြသည်။

မိမိ၏ ပျော်ရွှင်မှု (သို့မဟုတ် ) အကျိုးရှိမှုကို ရှေ့ရှု၍ သူတစ်ပါးတို့အား ထိခိုက်နစ်နာစေလိုသော စေတနာဖြင့် ပြုလုပ် လျှင်ဖြစ်စေ၊ ပြောဆိုလျှင်ဖြစ်စေ၊ ကြံတွေးလျှင်ဖြစ်စေ၊ မောဟ နှင့်လောဘ သို့မဟုတ် မောဟနှင့်ဒေါသတို့ အရင်းခံသည့် အကုသိုလ် စိတ်များ ကုဋေသိန်းပေါင်းများစွာ ဖြစ်ပွားကြသည်။ ဤစိတ်တို့

http://www.dhammadownload.com



ဖြစ်ပေါ်ပြီး ချုပ်သွားကြသော်လည်း အကုသိုလ်ကံပေါင်း ကုဋေ သိန်းပေါင်းများစွာတို့သည် မိမိ၏ စိတ်အစဉ်၌ ကျန်ရစ်သွားပြီ ဖြစ်သည်။ ဤအကုသိုလ်ကံတို့သည် ဤမျက်မှောက်ဘဝတွင် သာမက နောင်ဘဝ ကုဋေကုဋာတွင် မကောင်းကျိုးများကို ဖြစ်ပေါ်စေနိုင်သည်၊ အပါယ်ဘဝပေါင်း များစွာကိုလည်း ဖြစ်ပေါ်စေတတ်သည်။

ထို့ကြောင့် လိုချင်တပ်မက်မှုလောဘနှင့် ယှဉ်သော အကုသိုလ် စိတ်ဖြင့် တစ်ခုခု ပြုလုပ် ပြောဆိုလိုက်သည့်အတွက် မိမိအဖို့ လတ်တလော အကျိုးကျေးဇူးရှိသည် ထင်ရသော်လည်း ရေရှည်တွင် အကျိုးမရှိပါ။ ကိုယ့်ဘက်က အသာစံလိုက်ရလျှင် သူများဘက်က အနာခံသွားရပြီဟု မှတ်ပါ။ လူအများစုက အနာခံရသည်ကို မကြိုက် မနှစ်သက်ပါ၊ အသာစံရမည်ကိုသာ လိုချင်ကြသည်။ ထို့ကြောင့် အနာခံသွားရသောသူသည် မိမိနှင့် နောက်ထပ် ဆက်ဆံ လိုတော့မည် မဟုတ်ပါ။

လတ်တလော ရရှိလိုက်သည့် အကျိုးအမြတ်ဆိုသည်မှာလည်း သံသရာအပြစ်နှင့် နှိုင်းစာလျှင် လားလားမျှ မကာမိပါ။ ဥပမာ– လူတစ်ဦး၏ ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်ပြီး ရရှိသွားသည့်အတွက် ငွေ ၁၀၀၀ိ/– ရရှိလိုက်သည် ဆိုပါစို့။ ခါးပိုက်နှိုက်သည်ကို လူသိ၍ အဖမ်းခံရလျှင် ဤဘဝ၌ပင် ထောင်ဒဏ်ကျ၍ မရှုမလှ ပင်ပန်းဆင်းရဲရမည်ဖြစ်သည်။ ထို့နောက် အကုသိုလ်ကံ ကုဋေ သိန်းပေါင်း များစွာတို့က အပါယ်လေးဘုံသို့ အကြိမ်ကြိမ်ပစ်ချကြမည် ဖြစ်သဖြင့် မိမိ၏ မကောင်းမှုကြောင့် သူတစ်ပါး နစ်နာဆုံးရှုံး၍ စိတ်ဆင်းရဲရသည်ထက် အဆအပြန်ပေါင်း ကုဋေသိန်းနှင့်ချီ၍ မိမိ အဆင်းရဲခံရလိမ့်မည်။

http://www.dhammadownload.com



ဒါန သီလ ဘာဝနာ ကောင်းမှုများကို မည်မျှသေးငယ်သည်ပင် ဖြစ်စေ နည်းသည်ဟူ၍ မအောက်မေ့နှင့်။ ခြင်ကိုက်သည်ကို ရိုက်မသတ်ဘဲ အသာတကြည် ဖယ်ရှားလိုက်သည့်အခိုက်၌ လည်းကောင်း၊ မြတ်စွာဘုရားအား ရည်မှန်း၍ သောက်တော်ရေတစ်ခွက် ကပ်လှူနေသည့်အခိုက်၌လည်းကောင်း၊ အရဟံဟူသော ဘုရားဂုဏ်တော်ကို တစ်ကြိမ်မျှ နှလုံးသွင်းသည့်အချိန်၌လည်းကောင်း ကုသိုလ်စိတ်များကုဋေတစ်သိန်းကျော် ဖြစ်ပွားသွားနိုင်သည်။ ထိုကုသိုလ်စိတ်တို့ ချုပ်ငြိမ်းသွားကြသည့်အခါ ကုသိုလ်ကံ ကုဋေ တစ်သိန်းကျော်ပင် မိမိစိတ်အစဉ်၌ ကျန်ရစ်နေပေလိမ့်မည်။

ဤကုသိုလ်ကံ ကုဋေတစ်သိန်းသည် ငွေကုဋေတစ်သိန်းထက်ပို၍ တန်ဖိုးကြီးသည်။ မျက်မှောက်ဘဝ၌လည်း ကောင်းကျိုးချမ်းသာများ ဖြစ်ပေါ်စေနိုင်သည်။ တမလွန်ဘဝများ၌လည်း သုဂတိဘုံများ၌ သုဂတိဘဝများ အကြိမ်ကြိမ်ဖြစ်အောင် အကျိုးပေးနိုင်သည်။

## သဘာဝတရားများ

**စိတ္တနိယာမ**နှင့် **ကမ္မနိယာမ**တို့သည် ဖြစ်မြဲသဘောအတိုင်း တိကျမှန်ကန်စွာ ဖြစ်ပေါ်ကြသည်။ မည်သည့်အခြေအနေ၌ ကုသိုလ်စိတ် များဖြစ်ပေါ်၍ မည်သည့်အခြေအနေ၌ အကုသိုလ်စိတ်များ ဖြစ်ပေါ်သည်ကို တိတိကျကျ သတ်မှတ်ချက်ရှိသည်။

**အကုသလမူလ** = အကုသိုလ်အရင်းအမြစ်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ တို့ အရင်းခံ၍ စိတ်ဖြစ်ရလျှင် အကုသိုလ်စိတ်များသာ ဖြစ်ပေါ်ကြသည်။

လောဘ = အာရုံကို လိုချင်တပ်မက်ခြင်းသဘော၊

http://www.dhammadownload.com



ဒေါသ = ကြမ်းတမ်းခက်ထန်ခြင်း၊ စိတ်ဆိုးစိတ်ပျက်ခြင်း သဘော၊

မောဟ = အာရုံ၏ သဘောမှန်ကို မသိအောင် ဖုံးကွယ်ခြင်း တွေဝေစေခြင်း သဘော၊ ရုပ်နာမ် သစ္စာတရားနှင့် ကံတရားတို့၏ သဘောမှန်ကို မသိအောင် ဖုံးကွယ်သည်။

**ကုသလမူလ** = ကုသိုလ်အရင်းအမြစ်ဖြစ်သော အလောဘ၊ အဒေါသ၊ အမောဟတို့ အရင်းခံ၍ စိတ်ဖြစ်ရလျှင် ကုသိုလ်စိတ်များသာဖြစ်သည်။

အလောဘ = မလိုချင် မတပ်မက်ခြင်း၊ စွန့်လွှတ်နိုင်ခြင်းသဘော၊

အဒေါသ = မကြမ်းတမ်း မခက်ထန်ခြင်း၊ စိတ်မဆိုးခြင်းသဘော၊ သည်းခံခွင့်လွှတ်ခြင်း ခန္တီသဘောနှင့် ချစ်ခြင်းမေတ္တာသဘောတို့ ပါဝင်သည်။

အမောဟ = အာရုံ၏ သဘောမှန်ကို ထိုးထွင်း၍ သိမြင်ခြင်း သဘော၊ ရုပ်နာမ်သဘော၊ သစ္စာသဘော၊ ကံသဘောတို့ကို ထိုးထွင်း၍ သိမြင်တတ်သော ပညာဖြစ်သည်။

**အကုသိုလ်စိတ်များ**သည် အကုသိုလ်ကံများကို ဖြစ်ပေါ်စေပြီး မကောင်းကျိုးများကိုသာ ဖြစ်ပေါ်စေတတ်၏။ လက်ရှိမျက်မှောက် ဘဝ၌ မကောင်းကျိုးများ ဖြစ်ပေါ်အောင်လည်း အကျိုးပေးတတ်၏။ သေလွန်သောအခါ၌ အပါယ်ဘဝများနှင့် အပါယ်ဘုံ၌ မကောင်းကျိုးများကို အကြိမ်ကြိမ် ဖြစ်စေတတ်၏။

**ကုသိုလ်စိတ်များ**သည် ကုသိုလ်ကံများကို ဖြစ်ပေါ်စေပြီး ကောင်းကျိုးချမ်းသာများကိုသာ ဖြစ်ပေါ်စေတတ်၏။ လက်ရှိမျက်မှောက်ဘဝ၌ ကောင်းကျိုးများ ဖြစ်ပေါ်စေသည့်အပြင် တမလွန်

http://www.dhammadownload.com



ဘဝများ၌လည်း သုဂတိဘဝများနှင့်အတူ ကောင်းကျိုးချမ်းသာများကို အကြိမ်ကြိမ်ဖြစ်စေတတ်၏။

**အကုသိုလ်ကံ**တို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်လေးဘုံ၌ ဒုဂ္ဂတိဘဝများနှင့် မကောင်းကျိုးများကို ဖြစ်ပေါ်စေကြ၏။

**ကာမကုသိုလ်ကံ** (သာမန်ကုသိုလ်ကံ) တို့သည် လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်ဟူသော ကာမသုဂတိ ၇–ဘုံ၌ သုဂတိ ဘဝများနှင့် ကောင်းကျိုးချမ်းသာများကို ဖြစ်ပေါ်စေကြ၏။

**ရူပဈာန်ကုသိုလ်ကံ**များသည် ရူပ ၁၆–ဘုံတွင် ရူပဗြဟ္မာ ဘဝများနှင့် ရူပဗြဟ္မာ ချမ်းသာများကို ဖြစ်ပေါ်စေကြ၏။

**အရူပဈာန်ကုသိုလ်ကံ**များသည် အရူပ ၄–ဘုံတွင် အရူပဗြဟ္မာဘဝ များနှင့် အရူပဗြဟ္မာ ချမ်းသာများကို ဖြစ်ပေါ်စေကြ၏။

**လောကုတ္တရာကုသိုလ်**(မဂ်ကုသိုလ်)သည် ဆိုင်ရာ ဖိုလ်ချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်အောင် အကျိုးဆောင်၏။

ဤသို့မှန်ကန်စွာ သိရှိထားသူများသည် အပါယ်ဆင်းရဲကို ရှောင်ကြဉ်၍ လူ– နတ်– ဗြဟ္မာ– နိဗ္ဗာန်ချမ်းသာ အမျိုးမျိုးကို ရရှိ အောင် ကြိုးပမ်းအားထုတ်နိုင်ကြသဖြင့် အလွန်အကျိုးကျေးဇူး များ သည်။

သို့အတွက် **မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ**က အောက်ပါအတိုင်း လင်္ကာသီကုံးထားခြင်းဖြစ်သည်။

http://www.dhammadownload.com



"ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း၊ ဤကားကုသိုလ် ၊အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ။

ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့် ၊ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးတွေ။"

## မစ္ဆိမပဋိပဒါခေါ် အလယ်လမ်းစဉ်

ဘုရားရှင် အဆူဆူတို့၏ အဆုံးအမ ဩဝါဒနှင့်အညီ ကျင့်ကြံနေထိုင်သွားရာတွင် **"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"** ရမည် ဖြစ်သဖြင့် ပထမအဆင့်တွင် မကောင်းမှု ဒုစရိုက် ၁၀–ပါးကို ရှောင်ကြဉ်ရမည် ဖြစ်၏။ ထိုသို့ ရှောင်ကြဉ်သည့်အခါ ကောင်းမှုသုစရိုက် ၁၀–ပါးကိုလည်း ဖြည့်ကျင့်ရာ ရောက်သွား၏။

ကံ–ကံ၏အကျိုးကို ယုံကြည်၍ ငါးပါးသီလကို လုံခြုံလေးမြတ်စွာ စောင့်ထိန်းနိုင်လျှင်ပင် ဒုစရိုက် ၁၀–ပါးကို ရှောင်ကြဉ်၍ သုစရိုက် ၁၀–ပါးကို ဆောင်နှင်းရာ ရောက်သွား၏။ သို့သော် ကုသိုလ်ကောင်းမှုများကို ပြည့်စုံစွာ ဖြည့်ကျင့်သွားရန်အတွက်မူ ပုညကြိယဝတ္ထု ၁၀–ပါးလုံးကိုပင် ဖြည့်ကျင့်သွားရလိမ့်မည်။

ဤသို့ ဖြည့်ကျင့်သွားရာတွင် ဈာန်မဂ်ဖိုလ် မရမချင်း မဟာကုသိုလ်စိတ် (၀) ကာမကုသိုလ်စိတ်များသာ ဖြစ်ပေါ်ကြသဖြင့်

http://www.dhammadownload.com



ကာမကုသိုလ်ကံများကိုသာ ရရှိမည်။ ကာမကုသိုလ်ကံများသည် လူ့ဘုံနှင့် နတ်ပြည် ၆-ထပ်ဟူသော ကာမသုဂတိ ၇-ဘုံတွင် ဘဝသစ်များကို ဖြစ်ပေါ်စေပြီး ကောင်းကျိုးချမ်းသာများကို ပေးဆောင်လိမ့်မည်။

သမထဘာဝနာ စီးဖြန်းသဖြင့် ရူပဈာန်၊ အရူပဈာန်တို့ကို ရရှိသည့်အခါ မဟဂ္ဂုတ်ကုသိုလ်စိတ်များ ဖြစ်ပွါးကြသဖြင့် မဟဂ္ဂုတ် ကုသိုလ်ကံများကို ဆည်းပူးရရှိလိမ့်မည်။ မဟဂ္ဂုတ်ကုသိုလ်ကံများတွင် ရူပါဝစရ ကုသိုလ်ကံ များသည် ရူပဗြဟ္မာဘုံများ၌ ဗြဟ္မာဘဝများနှင့် ရူပဗြဟ္မာ ချမ်းသာများကို ပေးဆောင်လိမ့်မည်။ အရူပါဝစရ ကုသိုလ်ကံများသည် အရူပဗြဟ္မာဘုံများတွင် ဗြဟ္မာဘဝများနှင့် အရူပဗြဟ္မာချမ်းသာများကို ပေးဆောင်လိမ့်မည်။

ဝိပဿနာရှုပွားသဖြင့် သောတာပတ္တိ မဂ်ဉာဏ်သို့ ရောက်သည့် အခါ လောကုတ္တရာ ကုသိုလ်စိတ် ဖြစ်ပွားသဖြင့် ထိုလောကုတ္တရာ ကုသိုလ်၏ အကျိုးဖြစ်သည့် သောတာပတ္တိဖိုလ်စိတ်များ ဖြစ်ပေါ် လိမ့်မည်။ ဤသောတာပတ္တိဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို လက်ရှိ ဘဝ၌ပင် ခံစားနိုင်သည်။ ဤပုဂ္ဂိုလ်၏ စိတ်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ဟူသော ကိလေသာ ၂-ပါးမှ ကင်းလွတ်၍ ကျန်ကိလေသာတို့၏ အပါယ်ကျနိုင်လောက်အောင် ရန့်ကြမ်းသည့် သတ္တိများလည်း ကင်းရှင်း သွားကြမည်ဖြစ်သည်။ ဤပုဂ္ဂိုလ်ကို **သောတာပန်**ဟု ခေါ်၏။

သောတာပန်ပုဂ္ဂိုလ်က ဆက်လက်၍ ဝိပဿနာ ရှုပွားလျှင် သကဒါဂါမိမဂ် ရသည့်အခါ ထိုမဂ်ကုသိုလ်၏ အကျိုးဖြစ်သည့် သကဒါဂါမိဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်၏။ ဤပုဂ္ဂိုလ်၏

http://www.dhammadownload.com



စိတ်သန္တာန်၌ ကိလေသာများ ပို၍ ပါးလျားသွားသည့်အတွက် ဤပုဂ္ဂိုလ်သည် ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေ နေရတော့မည် ဖြစ်၏။ ဤပုဂ္ဂိုလ်ကို **သကဒါဂါမ်**ဟု ခေါ်၏။

သကဒါဂါမ်ပုဂ္ဂိုလ်က ဆက်လက်၍ ဝိပဿနာရှုပွားသဖြင့် အနာဂါမိမဂ် သို့ ဆိုက်ရောက်လျှင် ထိုမဂ်၏ အကျိုးဖြစ်သော အနာဂါမိဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်၏။ ဤပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ ဒေါသကိလေသာနှင့် ကာမရာဂ ကိလေသာတို့လည်း ထပ်မံ၍ ကင်းရှင်းသွားသည့်အတွက် စိတ်ပိုဖြူစင်လာ၏။ ဤ ပုဂ္ဂိုလ်သည် ကာမဘုံသို့ တစ်ဖန် ပြန်မလာတော့ဘဲ ဗြဟ္မာဘုံ၌ ပရိနိဗ္ဗာန်စံမည်ဖြစ်၍ **အနာဂါမ်** ဟု အမည်ရ၏။

အနာဂါမ်ပုဂ္ဂိုလ်က တစ်ဖန် ဆက်လက်၍ ဝိပဿနာရှုပွားသဖြင့် အရဟတ္တမဂ်သို့ ဆိုက်ရောက်လျှင် ထိုမဂ်၏ အကျိုးဖြစ်သော အရဟတ္တဖိုလ်စိတ် ဖြစ်ပေါ်ပြီး **ရဟန္တာ** အဖြစ်သို့ရောက်၏။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို အလိုရှိသလောက် ခံစားနိုင်၏။ ရဟန္တာ၏ စိတ်၌ ကိလေသာများ လုံးဝကင်းစင်သွားသည့်အတွက် ဆင်းရဲစေသည့် အကြောင်းတရားများ လုံးဝ ချုပ်ငြိမ်းသွားကြလေပြီ။ ထို့ကြောင့် ရဟန္တာ၏ စိတ်အစဉ်ဝယ် ဆင်းရဲဒုက္ခ မဖြစ်ပေါ်တော့ဘဲ အေးချမ်းခြင်း သီတိ နှင့် ငြိမ်းချမ်းခြင်း သန္တိ သဘောတို့သာ ဖြစ်ပေါ်နေလိမ့်မည်။ ထို သီတိ–သန္တိ သဘော (ဝါ) ကိလေသာတို့ ချုပ်ငြိမ်းနေသည့် သဘောကိုပင် **နိဗ္ဗာန်**ဟု ခေါ်၏။

ဤကဲ့သို့ မကောင်းမှုများကို ဖယ်ရှား၍ ကောင်းမှုကုသိုလ်များကို အဆင့်ဆင့် တိုးပွားစေကာ စိတ်အစဉ်ကိုလည်း အဆင့်ဆင့်

http://www.dhammadownload.com



ဖြူစင်သွားစေရန်အတွက် မြတ်စွာဘုရားသည် ဗွေဆော်ဦး **ဓမ္မစကြာ တရားတော်**၌ မဇ္ဈိမပဋိပဒါ အမည်ရသော **မဂ္ဂင်ရှစ်ပါး ကျင့်စဉ်**ကို ချမှတ်ပေးတော်မူခဲ့၏။

**မဂ္ဂင်ရှစ်ပါး**ကို သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော အကျင့်သုံးပါးအဖြစ် ပိုင်းခြားနိုင်သည်–

**ပညာမဂ္ဂင် ၂–ပါး = ပညာသိက္ခာ**

၁။သမ္မာဒိဋ္ဌိ = ကောင်းစွာသိမြင်မှု–ပညာ၊
(ရုပ်နာမ်၊ ကြောင်းကျိုး၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိမှု)

၂။သမ္မာသင်္ကပ္ပ = ကောင်းစွာကြံစည်မှု– ဝိတက်၊
(ရုပ်နာမ်၊ ကြောင်းကျိုး၊ သစ္စာလေးပါးအာရုံသို့ စိတ်စေတသိက်တို့ကို တင်ပေးမှု)

**သီလမဂ္ဂင် ၃–ပါး = သီလသိက္ခာ**

၃။သမ္မာဝါစာ = ကောင်းစွာပြောဆိုမှု–သမ္မာဝါစာ၊
(ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်မှု)

၄။သမ္မာကမ္မန္တ = ကောင်းစွာပြုလုပ်မှု–သမ္မာကမ္မန္တ၊
(ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်မှု)

၅။သမ္မာအာဇီဝ = ကောင်းစွာအသက်မွေးမှု–သမ္မာအာဇီဝ၊
(ကာယ–ဝစီဒုစရိုက် ၇–ပါးတို့ကို ရှောင်ကြဉ်၍ အသက်မွေးမှု)

**သမာဓိမဂ္ဂင်၃–ပါး = သမာဓိသိက္ခာ**

၆။သမ္မာဝါယာမ = ကောင်းစွာအားထုတ်မှု–ဝီရိယ၊
(သမ္မပ္ပဓာန် ၄–ပါး)

http://www.dhammadownload.com



၇။သမ္မာသတိ = ကောင်းစွာအောက်မေ့မှု–သတိ၊
(သတိပဋ္ဌာန် ၄–ပါး)
၈။သမ္မာသမာဓိ = ကောင်းစွာတည်ကြည်မှု–ဧကဂ္ဂတာ
(ရူပါဝစရစျာန် ၄–ပါးနှင့်ယှဉ်သော သမာဓိ)

မဇ္ဈိမပဋိပဒါ အမည်ရသည့် အလယ်လမ်းမကြီးအတိုင်း လျှောက်လှမ်းသွားရာတွင် ရှေးဦးစွာ ကံ–ကံ၏ အကျိုးကို သိမြင်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဟူသော အခြေခံပညာနှင့် ယုံကြည်မှု သဒ္ဓါတရားတို့ကို ရှေ့ဆောင်လမ်းပြပြု၍ သီလသိက္ခာကို ကြိုးပမ်း တည်ဆောက်ရမည်။

ထို့နောက် သီလသိက္ခာဟူသော အုတ်မြစ်ပေါ်တွင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဗိုလ် ၅–ပါးကို ရှေ့တန်း ထားလျက် သမာဓိသိက္ခာနှင့်ပညာသိက္ခာတို့ကို အဆင့်ဆင့် ကြိုးပမ်း တည်ဆောက်သွားရမည်။ မဂ်ဉာဏ်လေးပါးဖြင့် အရိယသစ္စာ လေးပါး ကို ပိုင်းခြားသိမြင်ပြီးသောအခါ ပညာသိက္ခာသည်လည်း ပြီးပြည့်စုံ ခြင်းသို့ ရောက်လေ၏။

၁။ ညစ်မဲစိတ်ကို ဖြူစေလို ဘယ်လိုလုပ်ရမလဲ။
ဂင်္ဂါမြစ်ရေနှင့် ဆေးပါ့မယ်၊
မြစ်ရေနှင့်ဆေးလို့ စင်ပါ့မလား၊
စင်လျှင် ငါးပုစွန်တို့ အကုန်နိဗ္ဗာန်သွား။

၂။ ကိလေသာကို ချောက်စေလို ဘယ်လိုလုပ်ရမလဲ။
မီးပူနေပူလှုံလို့ ချောက်စေမယ်၊
မီးနေလှုံလို့ ချောက်ပါ့မလား၊
ဒေါသမောဟ လွန်ကြီးထွား။

http://www.dhammadownload.com



၃။ ခွေးလိုနွားလို ကျင့်ခဲ့လျှင်၊
ကိလေသာစင်ပြီး နိဗ္ဗာန်ဝင်၊
ဒီအမြင် မှန်ပါ့မလား၊
မှန်လျှင် ခွေးနွားတွေ နိဗ္ဗာန်သွား။
၄။ ကိလေသာငြိမ်းအောင်လုပ်နည်းဟာ၊
တစ်မျိုးတည်း ရှိတာပါ၊
မဇ္ဈိမပဋိပဒါ အမည်တွင်တဲ့၊
မဂ်လမ်းစဉ် အကျင့်ပဲကွယ့်။

## ကုသိုလ်တရားတို့၏ အမွန်အစ

မြတ်စွာဘုရား ဟောဖော်ညွှန်ပြတော်မူခဲ့သည့် ကိလေသာပယ်သတ်ရေး လမ်းစဉ်သည် အလွန်အကြောင်းအကျိုးညီညွတ်ပြီး သဘာဝကျလှပေသည်၊ မှန်ကန်ကြောင်း လက်တွေ့ကျင့်သုံးနိုင်သည့်အတွက် သိပ္ပံနည်းကျသည်ဟုလည်း ရဲရဲဝံ့ဝံ့ဆိုနိုင်သည်။

အစမထင်သည့် အနမတဂ္ဂ သံသရာမှ လက်ရှိ ခန္ဓာအစဉ်တိုင်အောင် ကိလေသာမျိုးဓာတ်အဖြစ် အစဉ်တစ်စိုက် ငုံ့လျှိုးလိုက်ပါနေသော **အနုသယကိလေသာ** ၇–ပါး ရှိသည်။ ဤကိလေသာတို့က ဆိုင်ရာအာရုံအမျိုးမျိုးနှင့် ဆုံတွေ့သည့်အခါ စိတ်အစဉ်တွင် ကိလေသာ ၁၀–ပါးတို့ကို နိုးကြားထကြွလာစေသည်။ ထင်ထင်ရှားရှား နိုးကြားထကြွလာကြသည့် ကိလေသာတို့ကို **ပရိယုဋ္ဌာနကိလေသာ** များဟု ခေါ်သည်။ ဤကိလေသာတို့ တိုးတက်ကြီးထွားး၍ **ဝီတိက္ကမကိလေသာ** အဆင့်သို့ ရောက်လာသောအခါ ဒုစရိုက်အမျိုးမျိုးကို ကျူးလွန်စေတော့သည်။

http://www.dhammadownload.com



ရေသောက်မြစ်များစွာနှင့် ပင်စည်လုံးပတ် ကြီးမားလျက် အကိုင်းအခက်အလက်များစွာနှင့် စည်ပင်ရှင်သန်နေသော သစ်ပင်ကြီးတစ်ပင်ကို အမြစ်ပါ ထုတ်ပယ်ကာ ခုတ်ထွင်လိုပါလျှင် ရှေးဦးစွာ အကိုင်းအခက်များကို ခုတ်ထွင်ရမည်။ထို့နောက် ပင်စည်ကို ဖြတ်လှဲရမည်။ ထို့နောက်တစ်ဖန် အမြစ်များကို တူးထုတ်၍ မီးရှို့ပစ်ရမည်။ ဤသို့ အမြစ်များပါ တူးဖြိုရှို့ပစ်ပါမှ ဤသစ်ပင်သည် အသစ်တစ်ဖန် မရှင်သန်လာနိုင်တော့ချေ။

ထိုနည်းအတူ သတ္တဝါတို့၏ခန္ဓာအစဉ်တွင် ကုဋေကုဋာဟူ၍ ရေတွက်ခြင်းငှာ မစွမ်းနိုင်သည့် ဘဝပေါင်းများစွာတွင် ရှင်သန်ကြီးထွားခွင့် ရရှိခဲ့ကြသော ကိလေသာ တောခြုံတို့ကို ခုတ်ထွင်ရှင်းလင်းလိုလျှင်–

(၁) အကိုင်းအခက်များနှင့်တူသော **ဝီတိက္ကမကိလေသာ**–အကြမ်းစားကိလေသာများကို **သီလသိက္ခာ** ဖြင့် ချိုးနှိမ်ဖယ်ရှင်းရမည်။

(၂) ပင်စည်ကြီးနှင့်တူသော **ပရိယုဋ္ဌာနကိလေသာ**–အလတ်စားကိလေသာများကို **သမာဓိသိက္ခာ**ဖြင့် ခုတ်ထွင်ဖယ်ရှင်းရမည်။

(၃) မြေအောက်၌ ငုံ့လျှိုးနေသော ရေသောက်မြစ်များ နှင့်တူသော **အနုသယကိလေသာ**–အနုစားကိလေသာများကို **ပညာသိက္ခာ** ဖြင့် တူးဖြိုပယ်သတ်ရမည်။

ထို့ကြောင့် နိဗ္ဗာန်တိုင်အောင် ပို့ဆောင်တတ်သည့် အလယ်လမ်းစဉ်တွင် သီလသိက္ခာသည် အမွန်အစ ဖြစ်၏၊ သမာဓိသိက္ခာက အလယ်ဖြစ်ပြီး ပညာသိက္ခာ က အဆုံးဖြစ်၏။

သို့အတွက် သီလသည် သာသနာတော်၏အစကောင်းခြင်းကို ပြ၏။ သမာဓိသည် သာသနာတော်၏ အလယ်ကောင်းခြင်းကို ပြ၏။ ပညာသည် သာသနာတော်၏ အဆုံးကောင်းခြင်းကို ပြ၏။

http://www.dhammadownload.com



"ကော စာ ဒိ ကုသလနံ ဓမ္မာနံ သီလဥ္စသု ဝိသုဒ္ဓံ"
"ကုသိုလ်တရားတို့၏ အမွန်အစကား အဘယ်နည်း၊
ကောင်းစွာစင်ကြယ်သော သီလပေတည်း" ဟူ၍လည်းကောင်း၊

"သဗ္ဗပါပဿ အကရဏံ = မကောင်းမှုဟူသမျှကို မပြုရာ" ဟူ၍လည်းကောင်း၊ မြတ်စွာဘုရား ဟောကြားထားတော်မူသဖြင့် သီလသည် သာသနာတော်၏ အစ မည်၏။

ဘုရားအလောင်းတော်များ ပါရမီဖြည့်ရာတွင် ဒါနပါရမီကို စတင်ဖြည့်ကျင့်လေ့ရှိကြသည်။ ဒါနပြုရာတွင် အလှူခံပုဂ္ဂိုလ်အား ဘေးကင်းစေလိုခြင်း၊ ရန်ကင်းစေလိုခြင်း၊ စိတ်ဆင်းရဲကင်းစေလိုခြင်း သဘောများ ပါရှိသဖြင့် သီလသဘောလည်း ပါဝင်၏။ သီလ ဆောက်တည်ရာတွင်လည်း သတ္တဝါအနန္တတို့အား ဘေးကင်းခြင်း၊ ရန်ကင်းခြင်း၊ စိတ်ဆင်းရဲကင်းခြင်းကို ပေးဆောင်သဖြင့် ငါးပါး သီလကို မဟာဒါန ဟု ခေါ်ပါသည်။ ထို့ကြောင့် သီလသိက္ခာတွင် ဒါန ပါဝင်သည်ဟု မှတ်ယူရပေမည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူစဉ် ညဉ့်သန်းခေါင်ယံအချိန်၌ နတ်သားတစ်ပါး လာရောက်ပြီး လျှောက်ထား၏။

"အရှင်ဂေါတမ–အကြင် တဏှာတည်းဟူသော ကွန်ရက်သည် အတွင်း၌လည်း ဖွဲ့ယှက်၏၊ အပြင်၌လည်း ဖွဲ့ယှက်၏၊ ထိုသို့ အတွင်းအပြင် နှစ်ဌာနလုံး၌ ရှုပ်ထွေးစွာ မွေးယှက်နှောင်ဖွဲ့တတ်သော **တဏှာကွန်ရက်** ကို မည်သူ ဖြေရှင်းနိုင်ပါသနည်း"

သိသင့်သိထိုက်သော တရားအလုံးစုံကို ဆရာမကူ သယမ္ဘူ

http://www.dhammadownload.com



ဉာဏ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည် ဤသို့ ဖြေကြားတော်မူ၏။

"သီလေ ပတိဋ္ဌာယ န ရောသပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီနိပကော ဘိက္ခု၊ သောဣမံ ဝိဇဋယေ ဇဋန္တိ"

"ပညာရှိသောသူသည် သီလ၌ တည်၍ ကိလေသာကို ပူပန်ခမ်းခြောက်စေတတ်သော လုံ့လရှိသည်ဖြစ်လျက် ရင့်ကျက်သည့် ဆင်ခြင်ဉာဏ်ပညာ ရှိသည်လည်းဖြစ်၍ စိတ်(သမာဓိ) ကို လည်းကောင်း၊ ပညာကိုလည်းကောင်း၊ ပွားစေသော် ထိုသို့သော ရဟန်းသည် အဆိုပါ တဏှာကွန်ရက်ကို ဖြေရှင်းနိုင်ပေ၏"

ဤဂါထာကို အကျယ်ဖွင့်၍ **အရှင်မဟာဗုဒ္ဓဃောသ မထေရ်**သည် **"ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်းကြီး"**ကို ရေးသားစီရင်တော်မူခဲ့သည်။

၎င်းဂါထာ၌ သီလသိက္ခာကို ရှေးဦးစွာ ဖြည့်ကျင့်ပြီးလျှင် သမာဓိသိက္ခာကိုလည်းကောင်း၊ ပညာသိက္ခာကိုလည်းကောင်း ထူထောင်ရန် ညွှန်ကြားတော်မူသည်။

သီလဖြင့် ကိလေသာကို တဒင်္ဂ -ခဏ္ဍခဏမျှ ပယ်ခွါနိုင်၏။ သမာဓိဖြင့် ကိလေသာကို အတော်ကြာ ဝေးကွာအောင် ဝိက္ခမ္ဘန သတ္တိအစွမ်းဖြင့် ပယ်ခွါနိုင်၏။ ပညာဖြင့် ကိလေသာကို အမြစ်ပြတ်အောင် သမုစ္ဆေဒ သတ္တိအစွမ်းဖြင့် အကြွင်းမဲ့ ပယ်သတ်နိုင်၏။

သီလဖြင့် ဝတ္ထုကာမလျှင် အာရုံရှိသော ကိလေသာကာမနှင့် ယှဉ်သည့် သုခချမ်းသာကို သုံးဆောင်ခံစားခြင်းဟု ဆိုအပ်သော "ကာမသုခလ္လိကာနုယောဂ" အယုတ်တရားကို ပယ်ခြင်းကို ပြ၏။

http://www.dhammadownload.com



သမာဓိဖြင့် ကိုယ်၏ပင်ပန်းခြင်းကို အဖန်တလဲလဲပြုခြင်းဟု ဆိုအပ်သော "အတ္တကိလမထာနုယောဂ" ပယ်ခြင်းကို ပြ၏။

ပညာဖြင့် ထိုအယုတ်တရားနှစ်ပါးသို့ မကပ်မူ၍ အလယ်လမ်းဖြစ်သည့် မဇ္ဈိမပဋိပဒါ အကျင့်ကို မှီဝဲခြင်းကို ပြ၏။

ထို့အပြင် သီလဖြင့် အပါယ်လေးဘုံမှ လွန်နိုင်ခြင်းကို ပြ၏။ သမာဓိဖြင့် ကာမဘုံမှ လွန်နိုင်ခြင်းကို ပြ၏။ ပညာဖြင့် အလုံးစုံသော ဘုံဘဝတို့မှ လွန်မြောက်နိုင်ခြင်းကို ပြ၏။

တဖန် မြတ်စွာဘုရားသည် **မဟာဝဂ္ဂသံယုတ် ဗာဟိယသုတ်**၌ "ဗာဟိယ–သင်သည် ကုသိုလ်တရားတို့၏ အစကို သုတ်သင်လော့။ ကုသိုလ်တရားတို့၏ အစ,ကား အဘယ်နည်း၊ ကောင်းစွာ စင်ကြယ်သော သီလနှင့် ဖြောင့်မှန်သော အယူပင်တည်း။ ဗာဟိယ–အကြင်အခါ၌ သင့်အား သီလသည် စင်ကြယ်၏၊ အယူသည်လည်း ဖြောင့်မှန်၏၊ ထိုအခါ သင်သည် သီလကို မှီ၍ သီလ၌တည်၍ သတိပဋ္ဌာန်လေးပါးကို ပွားများလော့" ဟု မိန့်တော်မူ၏။

သို့ဖြစ်၍ သီလသည် ကုသိုလ်တရား အားလုံးတို့၏ အမွန်အစဖြစ်၏။ သီလမြေပေါ်၌ ရပ်တည်ပြီး သမာဓိသိက္ခာနှင့် ပညာသိက္ခာတို့ကို တည်ဆောက်သွားရပေမည်။

> ကုသိုလ်အစ၊ မြတ်သီလ၊ မှတ်ကြတို့သူငါ။
> ကောင်းဂုဏ်ပြည့်ဝ၊ မြတ်နိုးကြ၊ သုခတိုးပွါးမှာ။
> လိုအင်ဆန္ဒ၊ ပြည့်စုံရ၊ သီလအကျိုးပါ။

http://www.dhammadownload.com



သီလသည် ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်တရားသည် လူ့အသက်။
ထို့ကြောင့် သီလကို အသက်တမျှ ချစ်မြတ်နိုးကြ၊ စောင့်ထိန်းကြ။

## အသက်ပင်သေစေ ကိုယ်ကျင့်သီလ မပျက်စေနှင့်

ရှေးပညာရှိ သူတော်ကောင်းတို့သည် မိမိ၏ အသက်ခန္ဓာထက် သီလကို ပို၍ ချစ်မြတ်နိုးကြသဖြင့် မိမိတို့၏ အသက်နှင့်ခန္ဓာကို မငဲ့ကွက်ဘဲ သီလကို မပျက်စီးအောင် စောင့်ထိန်းခဲ့ကြ၏။ ထင်ရှားသော သာဓက တစ်ရပ်မှာ ဘူရိဒတ်နဂါးမင်း ဖြစ်၏။

**ဘူရိဒတ်နဂါးမင်း**သည် တန်ခိုးကြီး၏၊ ပညာကြီး၏၊ ဆိတ်ငြိမ်ရာအရပ်၌ ဥပုသ်စောင့်သုံးလိုသဖြင့် လူ့ပြည်သို့ တက်ကာ ဗာရာဏသီပြည်အနီး ယမုန်နာမြစ်ကမ်းရှိ ညောင်ပင်ကြီးအောက်၌ ဥပုသ်စောင့်၏။

ဗာရာဏသီပြည် မြို့တံခါး ရွာမှ **မုဆိုးပုဏ္ဏား သားအဖ**သည် သမင်လိုက်ရင်း ဘူရိဒတ်နဂါးမင်း ဥပုသ်စောင့်သုံးရာ ညောင်ပင် အောက်သို့ ရောက်လာ၏။ မုဆိုးပုဏ္ဏားက "သင် အဘယ်သူနည်း" ဟုမေးသော် နဂါးမင်းက "ငါသည် တန်ခိုးထက်မြက်သော ဘူရိဒတ် နဂါးမင်းတည်း" ဟု ဟုတ်မှန်သည့်အတိုင်း ဖြေ၏။

ထို့နောက် နဂါးမင်း စဉ်းစား၏။"ဤပုဏ္ဏားကား ရန့်ရင်းကြမ်းတမ်း၏။ အလမ္ပာယ်ဆရာတစ်ဦးဦးကို ပြောကြားလိုက်လျှင် ငါ၏ ဥပုသ်စောင့်သုံးမှုအတွက် အန္တရာယ် ဖြစ်လာချေမည်။ မုဆိုးသားအဖကို နဂါးပြည်သို့ ခေါ်ဆောင်သွားရသော် ကောင်း၏"

http://www.dhammadownload.com



ထို့ကြောင့် ဘူရိဒတ်နဂါးမင်းသည် မုဆိုးသားအဖကို နဂါးပြည်သို့ ခေါ်ဆောင်သွား၏။ တစ်ဦးစီကို နဂါးမ လေးရာ အပ်နှင်း၍ နတ်စည်းစိမ်တမျှ ခမ်းနားကြီးကျယ်သော နဂါးစည်းစိမ်ကို ခံစားစေ၏။

တစ်နှစ်လွန်မြောက်သော် မုဆိုးပုဏ္ဏားသည် လူ့ပြည်မှ ဇနီးကို သတိရ၍ လူ့ပြည်သို့ ပြန်လို၏။ ထို့ကြောင့် ဘူရိဒတ်နဂါးမင်းထံ ခွင့်တောင်း၏။ နဂါးမင်းက နဂါးလုလင်တို့ကို တာဝန်ပေး၍ မုဆိုးသားအဖကို လူ့ပြည်သို့ ပို့စေ၏။ မထွက်ခွါမီတွင် နဂါးမင်းသည် ပုဏ္ဏားအား အလိုရှိသမျှ ပေးစွမ်းတတ်သည့် **ဣစ္ဆာသယပတ္တမြား** ကို ပေး၏။ ပုဏ္ဏားက မယူချေ။ ပစ္စည်းဥစ္စာ အလိုရှိသောအခါ သူ့ထံလာရန် နဂါးမင်းက မှာကြား၏။

မုဆိုးသားအဖတို့ အိမ်ပြန်ရောက်ကြသည့်အခါ သားဖြစ်သူ **သောမဒတ်**က မိခင်ပုဏ္ဏေးမအား နဂါးပြည်ရောက်ခဲ့သည့် အကြောင်းကို ပြောပြ၏။ ဣစ္ဆာသယပတ္တမြား မယူခဲ့ကြောင်းကို ကြားသိလေလျှင် ပုဏ္ဏေးမ စိတ်ဆိုး၍ ပုဏ္ဏားကို နှင်ထုတ်၏။ ပုဏ္ဏားက မုဆိုးအလုပ်ဖြင့် လုပ်ကျွေးပါမည်ဟု ဂတိပြုပြီး ရှေးကအတိုင်း မုဆိုးပြန်လုပ်၏။

တစ်နေ့တွင် ရသေ့ကြီးတစ်ပါးအား ဝတ်ကြီးဝတ်ငယ်ပြုသဖြင့် ရသေ့ထံမှ နဂါးနိုင်မန္တန်ကို သင်အံတတ်မြောက်လာသူတစ်ဦးသည် ယမုန်နာမြစ်ရိုးအတိုင်း လမ်းလျှောက်လာ၏။ ဘူရိဒတ်နဂါးမင်း၏ မိဖုရားများ ရေကစားနေကြသည်ကို မြင်လေလျှင် နဂါးနိုင်မန္တန်ကို ရွတ်၏။ နဂါးမတို့က ဂဠုန်လာပြီဟု ထင်မှတ်၍ ထွက်ပြေးကြရာ သဲသောင်ပြင်ပေါ်၌ ဣစ္ဆာသယပတ္တမြား ကျန်ရစ်ခဲ့၏။

http://www.dhammadownload.com



ထိုသူသည် ပတ္တမြားကို ကောက်ယူပြီး ဆက်သွားရာ မုဆိုးပုဏ္ဏားသားအဖနှင့် ဆုံတွေ့၏။ ပုဏ္ဏားက ပတ္တမြားကို မြင်လျှင် ယခင် နဂါးမင်းက သူ့အား ပေးသည့် ပတ္တမြားမှန်းသိသဖြင့် ထိုပတ္တမြားကို ရွှေချိန်တစ်ရာဖြင့် ရောင်းပါဟု ဆို၏။ ပတ္တမြားကိုရလျှင် ကြိုက်သလောက်ရွှေချိန်ကို ရနိုင်မှန်းသိ၍ ကမ်းလှမ်းခြင်းဖြစ်၏။

ထိုသူက မရောင်း။ တန်ခိုး ထက်မြက်သည့် နဂါးတစ်ကောင်ကို ပြပေးလျှင် ပတ္တမြားကို ပေးမည်ဟု ဆို၏။ ပုဏ္ဏားသည် ပတ္တမြားကို လိုချင်လှသဖြင့် ဘူရိဒတ်နဂါးမင်း ဥပုသ်စောင့်သည့် နေရာကို လိုက်ပြ၏။

သားဖြစ်သူ သောမဒတ်က အလိုမကျ၊ ဖခင်ကို တားမြစ်၏။ "ကျေးဇူးရှင် နဂါးမင်းကို မပြစ်မှားသင့်၊ ပစ္စည်းဥစ္စာ အလိုရှိလျှင် သူ့ထံလာဖို့ နဂါးမင်းက မှာထားခဲ့သည် မဟုတ်လော၊ ဥစ္စာရွှေငွေ အလိုရှိလျှင် နဂါးမင်းထံ သွားတောင်းပါ" ဟု ဖခင်အား တိုက်တွန်းလေ၏။

ဖခင်က လက်မခံ။ "ငါ့သား–မင်းက ငယ်သေးတယ်၊ လူမှုရေးရာကို နားမလည်သေး၊ မိမိမျက်မှောက် လက်ထဲရောက်လာတဲ့အစာကို စားရမယ်၊ အဝေးမှာရှိတဲ့အစာကို မျှော်လင့်မနေရဘူး" ဟု ဆို၏။

"ဖခင်–ကျေးဇူးရှိတဲ့ အဆွေခင်ပွန်းကို ဖျက်ဆီးတဲ့သူဟာ ငရဲသို့ ကျရတယ်၊ မြေမျိုခြင်းကိုသော်လည်း ခံရတတ်တယ်၊ အသက်မသေလျှင်လည်း လူသွေးလူရောင် မတောက်၊ ခြောက်ကပ်မှေးမှိန်ကာ လူပြိတ္တာ ဖြစ်ရလိမ့်မယ်၊ ဥစ္စာကို အလိုရှိလျှင် ဘူရိဒတ်နဂါးမင်းထံ တောင်းပါ၊ အဆွေခင်ပွန်းကို ပြစ်မှားလျှင် မကြာခင် ဒုက္ခတွေ့ရလိမ့်မယ်"

http://www.dhammadownload.com



သားက အဖန်ဖန် တားပါသော်လည်း ဖခင်က နားမထောင်။ မကောင်းမှုကြီးပြုမည့်သူနှင့် တစ်ဖဝါးမျှ အတူမသွားလိုဟု ဆိုကာ သားက လမ်းခွဲထွက်သွားပြီး ရသေ့ရဟန်းပြု၏၊ နောင်သောအခါ ဈာန်အဘိညာဉ်ရ၏၊ စုတေသည့်အခါ ဗြဟ္မာပြည်သို့ လားရောက်ရ၏။

မုဆိုးလက်သို့ ပတ္တမြားကို ထည့်ပေးလိုက်သောအခါ ပတ္တမြားသည် မုဆိုးလက်ဖဝါးမှ လျှောကျပြီး မြေကြီးထဲသို့ ဝင်သွားကာ နဂါးပြည်သို့ ရောက်၏။ မုဆိုးပုဏ္ဏားသည် သားကိုလည်း ဆုံးရှုံး၊ ပတ္တမြားကိုလည်း ဆုံး၊ နဂါးမင်းနှင့်လည်း မိတ်ပျက်သွားသဖြင့် ရွှေငွေဥစ္စာရဖို့ရာ အလားအလာ မရှိတော့။ အဆွေခင်ပွန်းကို ပြစ်မှားမိသဖြင့် လက်ငင်းပင် အကြီးအကျယ် ဆုံးရှုံးရလေ၏။ "အလွန်မှားလေပြီ" ဟု ငိုကြွေးမြည်တမ်းကာ အိမ်သို့ ပြန်လေ၏။

အလမ္ပာယ်ယောကျ်ားသည် မန္တန်စုတ်ကာ နဂါးမင်းကို ဖမ်း၍ ပါးစပ်ထဲသို့ ဆေးသွင်းပြီး တံတွေးထွေးထည့်၏၊ ထို့နောက် အမြီးကိုကိုင်၍ ဇောက်ထိုးထားကာ အစာကို အန်ထုတ်စေ၏၊ တစ်ဖန် အလျားလိုက်ထားကာ သားရေနွယ်ကို နင်းသကဲ့သို့ တစ်ကိုယ်လုံးကို ခြေဖြင့် နင်း၏၊ အရိုးတို့သည် မှုန့်မှုန့်ညက်ညက် ကြေကွဲလုမတတ် ဖြစ်၏၊ ထို့နောက် အမြီးကို ကိုင်ဆွဲလျက် အဝတ်ဖွပ်သကဲ့သို့ အကြိမ်ကြိမ် ဖွပ်ရိုက်ပြန်၏။

ဘူရိဒတ်နဂါးမင်းသည် အလွန်တန်ခိုးကြီး၏၊ အလမ္ပာယ်ကို မျက်စောင်းတစ်ချက်ထိုးလိုက်လျှင်ပင် ပြာပုံဖြစ်သွားစေနိုင်၏။ သို့သော် ငါ၏ အရေကိုဖြစ်စေ၊ အကြောကိုဖြစ်စေ၊ အရိုးကိုဖြစ်စေ၊ အသွေးကိုဖြစ်စေ အလိုရှိသောသူ ယူပါစေတော့ဟု အင်္ဂါလေးပါး

http://www.dhammadownload.com



ရှိသည့် ဥပုသ်သီလကို ကျင့်သုံးဆောက်တည်နေသဖြင့် လုံးဝ အမျက် မထွက်ဘဲ သည်းခံနေ၏။

အလမ္ဗာယ်ယောက်ျားသည် နဂါးမင်းကို ပင်ပန်းအောင် လုပ်ပြီးမှ ပခြုပ်တွင်ထည့်၍ ရွာစဉ်လျှောက်ကာ အလမ္ဗာယ်ပြလေ၏။ နဂါးမင်းသည် အလမ္ဗာယ်ခိုင်းတိုင်း ပြုလုပ်သဖြင့် နဂါးပြပွဲကို လူများစွာတို့ ကြည့်ရှုကြ၏။ အလမ္ဗာယ်က ငွေများစွာရ၏။ နဂါးမင်းကို ဖမ်းစဉ်က ငွေသားအသပြာတစ်ထောင်ရလျှင် နဂါးကို လွှတ်မည်ဟု ဆိုခဲ့၏။ ပထမဦးဆုံး ပြသည့်ရွာ၌ပင်လျှင် အသပြာ တစ်ထောင်ရ၏။ သို့သော် "ရလေလိုလေ အိုတဏှာ" ဆိုသည့် အတိုင်း ရွာစဉ်လျှောက်၍ ဆက်ပြ၏။ ဤသို့ဖြင့် ဗာရာဏသီပြည်သို့ ရောက်လာ၏။

ဘူရိဒတ်နဂါးမင်း၏ မယ်တော် **သမုဒ္ဒဇာ မိဖုရား**သည် မိမိထံသို့ ဘူရိဒတ်နဂါးမင်း အဖူးအမြော် မရောက်သည်မှာ တစ်လပင် ကြာညောင်းသွားချေပြီ၊ အိပ်မက်ဆိုးကိုလည်း မြင်မက်သဖြင့် ဘူရိဒတ်ဗိမာန်သို့ သွားစုံစမ်းစေ၏၊ ဘူရိဒတ် မရှိမှန်း သိလေလျှင် ကျန်သားသုံးယောက်တို့အား ဘူရိဒတ်ကို လိုက်ရှာစေ၏။

ဘူရိဒတ်၏ နောင်တော်ဖြစ်သော **သုဒဿန နဂါးမင်း**သည် ရသေ့ယောင်ဆောင်၍ လူ့ပြည်သို့ တက်၏၊ ဘူရိဒတ်၏ နှမ ဝမ်းကွဲတော်သော **အစ္စမုခီ နဂါးမ** က ဖားမ ယောင်ဆောင်၍ ရသေ့၏ ဆံကျစ်ကြားမှ လိုက်ပါလာ၏။

သုဒဿနသည် ဘူရိဒတ် ဥပုသ်စောင့်သော နေရာမှစ၍ ခြေရာ ခံလိုက်ရာ ဗာရာဏသီပြည် နန်းတော်တံခါးဝသို့ ရောက်လေ၏။ လူပေါင်းများစွာတို့သည် အလမ္ဗာယ်က နဂါးပြသည်ကို ကြည့်ရန် စုဝေးရောက်လာကြ၏။

http://www.dhammadownload.com



အလမ္ပာယ်ယောကျ်ားသည် ပခြုပ်ကိုဖွင့်၍ နဂါးမင်းကို ထွက်စေ၏။ ဘူရိဒတ်သည် ပရိသတ်ထဲတွင် ရသေ့အသွင်ဖြင့်ရောက်နေသော နောင်တော်သုဒဿနကို မြင်လျှင် မျက်ရည်ကျ၏၊ နောင်တော်ထံသွား၍ ခြေဖမိုးပေါ် ခေါင်းတင်ကာ ငို၏။ သုဒဿနလည်း မျက်ရည်မဆည်နိုင်သဖြင့် ငို၏။ ဘူရိဒတ်သည် ပခြုပ်ထဲသို့ ပြန်ဝင်၏။

အလမ္ပာယ်ယောကျ်ားသည် ရသေ့ကို နဂါးပေါက်လိုက်သည် ထင်သဖြင့် "ရှင်ရသေ့ကို နဂါးပေါက်လိုက်သလား၊ မပူပါနဲ့၊ ကျွန်ုပ်မှာ ဆေးရှိပါတယ်" ဟု ဆို၏။

"သင့်မြွေသည် ငါ့ကို မကိုက်ဝံ့၊ ငါ့လောက်စွမ်းတဲ့ မြွေဆရာဆိုတာ ဤလောကမှာ မရှိဘူး" ဟု ရသေ့က ဆို၏။

အလမ္ပာယ်ဆရာ အမျက်ထွက်သဖြင့် "ဒီလူဟာ ဘယ်သူလဲ၊ ငါ့ကို ပညာပြိုင်ဖို့ ဖိတ်ခေါ်နေတယ်၊ ပရိသတ်များ နားထောင်ကြ၊ ကျွန်ုပ်ရဲ့ အပြစ် မဟုတ်ဘူးနော်" ဟု ပြောဆို၏။

"သင်က ငါ့ကို နဂါးနဲ့ တိုက်ပါ၊ ငါက သင့်ကို ဖားမကလေးနဲ့ တိုက်မယ်၊ ငွေငါးထောင်ကြေး လောင်းမယ်"

"ငါ့မှာ ငွေအများကြီး ရှိတယ်၊ သင့်ငွေက ဘယ်မှာလဲ၊ သင်လောင်းတမ်း လုပ်မယ်ဆိုလျှင် တာဝန်ခံသူ ရှိသလား"

ထိုစကားကို ကြားလျှင် သုဒဿနသည် ဗာရာဏသီမင်းထံသွား၍ တာဝန်ခံပေးရန် ရဲဝံ့စွာ ပြောကြား၏။ ဘုရင်က တန်ခိုးပြိုင်ကြမည်ကို သိလျှင် လိုက်လာ၏။ ဘုရင်လာသည်ကို မြင်သောအခါ အလမ္ပာယ်ယောကျ်ားသည် "ဤရသေ့ကား မင်းဆရာတည်း" ဟု ကြောက်လန့်သဖြင့်....

"အရှင်ရသေ့– ကျွန်ုပ်က အတတ်ပညာမာန်ကို ကိုးပြီး ရှင်ရသေ့

http://www.dhammadownload.com



ကို မထိမဲ့မြင် ပြောခြင်း မဟုတ်ပါ၊ အရှင်ရသေ့ကသာ အတတ်ပညာ မာန်ယစ်ပြီး အဆိပ်ပြင်းထန်သည့် နဂါးကိုပင် မထိမဲ့မြင် ပြောခြင်းဖြစ်ပါသည်" ဟု စကားပြေထိုး၏။

ရသေ့က "ငါသည် ပညာမာန်ကိုး၍ ပြောခြင်းမဟုတ်၊ သင်သာလျှင် အဆိပ်မရှိသော နဂါးဖြင့် လူအများကို လှည့်စားနေခြင်း ဖြစ်သည်။ ဤနဂါး၌ အဆိပ်မရှိကြောင်း ငါသိသလို လူအများ သိကြလျှင် သင် ငွေတစ်ကျပ်တစ်ပြားမျှ ရမည်မဟုတ်" ဟုဆို၏။

အလမ္ပာယ်ယောကျ်ားက ဒေါသထွက်လာပြန်၏။ အဆိပ် ရှိ၊ မရှိသိရအောင် နဂါးအနီးသို့ လာခဲ့လော့၊ သင့်မှာ လျှစရာပစ္စည်းရှိလျှင် မသေခင် ကုသိုလ်ကောင်းမှု ပြုထားလော့၊ ငါ့ နဂါးက သင့်ကို ဖွဲ့ပြာဖြစ်အောင် ပြုလုပ်လတ္တံ့."

"သင်သာ မသေခင် ကုသိုလ်ကောင်းမှု ပြုလိုက်ပါဘိ၊ ငါ၏ အဇမုခီ အမည်ရှိသော ဖား,မ,ကား အလွန်အဆိပ်ပြင်း၏" ဟုရသေ့က ဆိုပြီး အဇမုခီကို ခေါ်၏။

ဖားမကလေးသည် ဖားအော်သံ သုံးခွန်းအော်လျက် ရသေ့ ဆံကျစ်ကြားမှ ထွက်လာ၏၊ ရသေ့၏ ပုခုံးစွန်းသို့ ဆင်းပြီးလျှင် ထိုမှတစ်ဆင့် လက်ဖဝါးပေါ်သို့ ခုန်ဆင်း၏၊ လက်ဖဝါးပေါ်သို့ အဆိပ်သုံးစက် အန်ချပြီးလျှင် ဆံကျစ်ကြားသို့ ပြန်တက်သွား၏။

သုဒဿနရသေ့သည် "ဗာရာဏသီပြည်ကြီး ပျက်စီးတော့လတ္တံ့." ဟု သုံးကြိမ်ကြွေးကြော်၏။ ထိုကြွေးကြော်သံသည် တစ်တိုင်းတစ်ပြည် လုံးသို့ ရိုက်ချုန်းသွား၏။

မင်းကြီးက "အဘယ်ကြောင့် ပျက်စီးမည်နည်း" ဟု မေး၏။

"မင်းကြီး–ဤအဆိပ်ကို စွန့်ပစ်ရန်နေရာကို မမြင်ပါ၊ မြေကြီး၌ စွန့်လျှင် မြက်ပင်သစ်ပင်ဟူသမျှ သေကြေပျက်စီးအံ့၊ ကောင်းကင်သို့

http://www.dhammadownload.com



ပစ်တင်လျှင် ခုနစ်နှစ် မိုးခေါင်လတ္တံ့၊ သမုဒ္ဒရာထဲ ပစ်ချလျှင် ငါးများ သေကြေပျက်စီးလတ္တံ့။"

မင်းကြီးက "တိုင်းပြည်မပျက်စီးအောင် ပြုလုပ်ပါ" ဟု တောင်းပန်၏။

ရသေ့သည် တွင်းကြီးသုံးတွင်းကို တူးစေ၏။ ပထမတွင်း၌ လူ့ပြည်ရှိ ဆေးအမျိုးမျိုး၊ ဒုတိယတွင်း၌ နွားချေးခြောက်၊ တတိယ တွင်း၌ နတ်ဆေးတို့ကို ထည့်စေ၏။ ထို့နောက် အဆိပ် သုံးစက်ကို ပထမတွင်း၌ ချလိုက်ရာ အခိုးထွက်ပြီး မီးထတောက်၏၊ ထိုမီးလျှံသည် ဒုတိယတွင်းရှိ နွားချေးကို ဆက်လောင်၏၊ ထိုမှတစ်ဆင့် တတိယ တွင်းရှိ နတ်ဆေးတို့ကို လောင်၏၊ ထို့နောက် မီးငြိမ်းသွား၏။

အလမ္ပာယ်ယောက်ျားသည် ပထမတွင်းအနီး၌ ရပ်နေသဖြင့် အဆိပ်ငွေ့ ဟပ်မိကာ ကိုယ်ပျက်သွား၏။ ဘူရိဒတ်သည် ပခြုပ်မှ ထွက်၍ တန်ဆာဆင်ထားသော လူမင်းသားအသွင်ကို ဖန်ဆင်း၏။ သုဒဿနနှင့် အဇမုခီ တို့လည်း မင်းသားမင်းသမီးအသွင်ကို ဖန်ဆင်းကြ၏။

သုဒဿနက ရှင်ဘုရင်အား "အရှင်မင်းကြီး– ကျွန်ုပ်တို့ကို သိပါသလား" ဟုမေး၏။

ရှင်ဘုရင်က "မသိပါ" ဟုဖြေ၏။

"ကျွန်ုပ်တို့သည် အရှင်မင်းကြီး၏ နှမဖြစ်သူ သမုဒ္ဒဇာ မင်းသမီး၏ သားများတည်း"

မှန်၏။ လက်ရှိ ဗာရာဏသီမင်း၏ နှမဖြစ်သူ သမုဒ္ဒဇာ မင်းသမီးသည် **ဓတရဋ္ဌ နဂါးမင်း**နှင့် အကြောင်းပါခဲ့၏။ သုဒဿန၊ ဘူရိဒတ္တ၊ သုဘောဂ၊ အရိဋ္ဌ ဟူသော သားလေးယောက်ကို ဖွားမြင်၏။ သားများ အရွယ်ရောက်ကြသည့်အခါ ဓတရဋ္ဌ

http://www.dhammadownload.com



နဂါးမင်းကြီးသည် သားများအား တိုင်းပြည်ကို ခွဲဝေပေး၍ အသီးသီး မင်းပြုစေ၏။

ဗာရာဏသီမင်းသည် လွန်စွာ ဝမ်းမြောက်ဝမ်းနည်းဖြစ်ပြီးလျှင် ကြာမြင့်စွာ ကွဲကွာခဲ့ရသော နမတော်နှင့် တွေ့ဆုံလိုကြောင်း ပြောကြား၏။ ဗာရာဏသီမင်းက ရသေ့ဝတ်နေသော သူ၏ ခမည်းတော်ကို ဖူးတွေ့သည့်အချိန်၌ သမုဒ္ဒဇာမင်းသမီးသည်လည်း သားများနှင့်အတူတကွ ခမည်းတော်ကို လာရောက်၍ ဖူးတွေ့မည်ဖြစ်ကြောင်း ချိန်းဆိုကြ၏။ ထို့နောက် နဂါးမင်းများနှင့် နဂါးမင်းသမီးတို့သည် နဂါးပြည်သို့ ပြန်သွားကြ၏။

ချိန်းဆိုထားသောနေ့၌ ခမည်းတော်ရသေ့နှင့် သားသမီးများ မြေးများ ဆုံတွေ့ကြရသဖြင့် လွန်စွာဝမ်းမြောက်ပျော်ရွှင်ကြ၏။ သို့သော် မကြာမြင့်မီပင်လျှင် မိမိတို့ စံမြန်းရာ နေရာအသီးသီးသို့ မခွဲခွာချင်ဘဲလျက် ခွဲခွာကာ ပြန်သွားကြရ၏။

(ဇာတ်ကြီးဆယ်ဘွဲ့မှ ဘူရိဒတ်ဇာတ်)

ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏။
ဝိညာဏ်ထင်လင်း သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံးရှိချေ၏။
မသေခင်မှာ မြတ်သီလာ စောင့်ကာအနှစ် ယူသင့်၏။
အသက်ပင်သေစေ သီလမြဲစေ သာသနာ့အမွေ ယူသင့်၏။

## တရားမှု မတရားမှု သတိကြပ်ကြပ်ပြု

**မြတ်စွာဘုရား**သည် ရဟန်းအပေါင်းခြံရံလျက် ကောသလတိုင်းအတွင်း ဒေသစာရီ လှည့်လည်တော်မူရာ **သာလာရွာ**သို့ ရောက်

http://www.dhammadownload.com



လာ၏။ သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီးလျှင် မေးမြန်းလျှောက်ထားကြ၏။

"အရှင်ဂေါတမ ...ဤလောက၌ အချို့သော သတ္တဝါများသည် ခန္ဓာပျက်ကြွေ၍ သေလွန်ကြသည့်အခါ ချမ်းသာကင်းသည့် ငရဲဘုံသို့ ကျရောက်ကြရ၏။ အချို့သော သတ္တဝါများသည် ခန္ဓာပျက်ကြွေ၍ သေလွန်ကြသည့်အခါ ကောင်းသောသူတို့၏ လားရာဖြစ်သည့် နတ်ပြည်သို့ ရောက်ကြကုန်၏။ ဤသို့ကွဲပြားရသည့် အကြောင်းတို့ကား အဘယ်ပါနည်း၊ အထောက်အပံ့တို့ကား အဘယ်ပါနည်းဘုရား။"

"သူကြွယ်တို့... ဤလောက၌ အချို့သော သတ္တဝါတို့သည် မတရားမှု မမျှတမှုတို့ကို ပြုလုပ်ခြင်းအကြောင်းကြောင့် ခန္ဓာပျက်ကြွေ၍ သေလွန်ကြသည့်အခါ ချမ်းသာကင်းသည့် ငရဲဘုံသို့ ရောက်ကြရကုန်၏။အချို့သော သတ္တဝါတို့သည် တရားမှု မျှတမှုတို့ကို ပြုလုပ်ခြင်း အကြောင်းကြောင့် ခန္ဓာပျက်ကြွေ၍ သေလွန်ကြသည့်အခါ ကောင်းသောသူတို့၏ လားရာဖြစ်သည့် နတ်ပြည်သို့ ရောက်ကြရ၏။"

"အရှင်ဂေါတမ ...အကျဉ်းအားဖြင့် မိန့်ဆိုသော ဤတရားတော်၏ အနက်အဓိပ္ပာယ်ကို တပည့်တော်တို့ အကျယ်မသိကြပါ၊ တောင်းပန်ပါ၏၊ အရှင်ဂေါတမသည် တပည့်တော်တို့ နားလည်အောင် တရားတော်ကို အကျယ်ဟောကြားတော်မူပါလော့။"

"သူကြွယ်တို့...သို့ဖြစ်လျှင် နာကြားကြကုန်လော့၊ မတရားမှု၊ မမျှတမှုကို ကိုယ်ဖြင့်ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏၊ နှုတ်ဖြင့်ပြောဆိုခြင်းသည် လေးမျိုးရှိ၏၊ စိတ်ဖြင့်ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

http://www.dhammadownload.com



"သူကြွယ်တို့… အဘယ်သို့လျှင် မတရားမှု မမျှတမှုကို ကိုယ်ဖြင့် ပြုလုပ်ခြင်းသည် သုံးမျိုးရှိသနည်း။ သူကြွယ်တို့… ဤလောက၌ အချို့သော သူတို့သည် အသက်သတ်လေ့ရှိ၏၊ ကြမ်းကြုတ်၏၊ သွေးစွန်းသောလက် ရှိ၏၊ သတ္တဝါတို့၌ သနားခြင်း မရှိ၊ သတ္တဝါတို့သည် မိမိကိုယ်ကို အချစ်ဆုံးဖြစ်၍ သေရမှာကို ကြောက်ကြ၏။ မိမိသေရမည်ကို ကြောက်ပါလျက် သူတစ်ပါးတို့အား သတ်ဖြတ်ခြင်းသည် မတရားမှုပေတည်း။

"တစ်ဖန် သူတစ်ပါးတို့၏ ပစ္စည်းကို မပေးဘဲလျက် ခိုးယူ၏၊ လုယူ၏၊ လှည့်ပတ်ယူ၏၊ ဤသည်လည်း မတရားမှုပင်တည်း။

"တစ်ဖန် ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ မသွားလာအပ်သော မိန်းမများ၌ ကျူးလွန်ခြင်းသို့ ရောက်၏၊ ခင်ပွန်းလင်ရှိသော အမျိုးသမီးတို့ကလည်း အခြားသော ယောကျာ်းများနှင့် မှားယွင်း၏။ ဤသို့လျှင် မတရားမှု မမျှတမှုတို့ကို ကိုယ်ဖြင့်ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏။

"သူကြွယ်တို့…အဘယ်သို့လျှင် မတရားမှု မမျှတမှုကို နှုတ်ဖြင့် ပြောဆိုခြင်းသည် လေးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သော သူတို့သည် သက်သေပြုရန် ထွက်ဆိုစေသောအခါ မသိသည်ကို "ငါသိ၏" ဟုလည်းကောင်း၊ သိသည်ကို "ငါမသိ" ဟုလည်းကောင်း၊ မမြင်သည်ကို "ငါမြင်၏" ဟုလည်းကောင်း၊ မြင်သည်ကို "ငါမမြင်" ဟုလည်းကောင်း ပြောဆို၏။ ဤသို့ မိမိအကြောင်းကြောင့် ဖြစ်စေ၊ သူတစ်ပါးအကြောင်းကြောင့်ဖြစ်စေ၊ အနည်းငယ်မျှသော လာဘ်လာဘအကြောင်းကြောင့်ဖြစ်စေ၊ သိလျက် သားနှင့် မုသားပြောဆို၍ တစ်စုံတစ်ယောက်၏ အကျိုးကို ထိခိုက် နစ်နာစေ၏။

http://www.dhammadownload.com



"တစ်ဖန် ကုန်းစကားကို ပြောဆို၏၊ ဤသူတို့ထံမှ ကြားသိရသည်ကို ထိုသူတို့အား စိတ်ဝမ်းကွဲပြားစေရန် ပြောဆို၏၊ ထိုသူတို့ထံမှ ကြားသိရသည်ကို ဤသူတို့အား စိတ်ဝမ်းကွဲပြားစေရန် ပြောဆို၏၊ ဤသို့ ညီညွတ်သူတို့ကို ကွဲပြားအောင် ပြုတတ်၏၊ ကွဲပြားသူတို့ကိုလည်း အားပေးတတ်၏၊ ကွဲပြားခြင်း၌ မွေ့လျော်၏၊ ကွဲပြားခြင်းကို နှစ်သက်၏၊ ကွဲပြားခြင်းကို ပြုတတ်သော စကားကို ပြောဆိုတတ်၏။

"တစ်ဖန် ကြမ်းတမ်းသောစကားကို ပြောဆို၏၊ ဆူးသဖွယ် အဖုအထစ်ရှိ၍ ကြမ်းတမ်းသော သူတစ်ပါးနားကို စပ်ခါးစေတတ်သော သူတစ်ပါးအား ထိခိုက်စေသော စကားများကို ပြောဆို၏၊ အမျက်ထွက်ခြင်းနှင့်ယှဉ်၍ ကြားရသူတို့ မခံမရပ်နိုင်စေခြင်းငှာ လျောင်ပြောင်မဲ့ရွဲ့ ရှု့ချလျက် ရန်စ,သောစကားများကို ပြောဆို၏။

"တစ်ဖန် ပြိန်ဖျင်းသောစကားကို ပြောဆို၏၊ မသင့်သောအခါ၌ ဆို၏၊ မဟုတ်သည်ကို ဆို၏၊ အကျိုးနှင့်မစပ်သည်ကို ဆို၏၊ တရားနှင့်မစပ်သည်ကို ဆို၏၊ အဆုံးအမနှင့် မစပ်သည်ကို ဆို၏၊ အစီအပွားနှင့်မစပ်သော နှလုံး၌ မသိမ်းသင့်သော စကားကို ပြောဆို၏။ သူကြွယ်တို့... ဤသို့လျှင် မတရားမှု မမျှတမှုကို နှုတ်ဖြင့် ပြောဆိုခြင်းသည် လေးမျိုးရှိ၏။

"သူကြွယ်တို့...အဘယ်သို့လျှင် မတရားမှု မမျှတမှုကို စိတ်ဖြင့် ကြံစည်ခြင်းသည် သုံးမျိုး ရှိသနည်း။ သူကြွယ်တို့...ဤလောက၌ အချို့သော သူတို့သည် သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတရားသော နည်းလမ်းဖြင့် ရယူရန် ကြံစည်၏၊ အဘိဇ္ဈာများ၏၊ "သူတစ်ပါးဥစ္စာသည် ငါ့ဥစ္စာဖြစ်မူ ကောင်းလေစွ" ဟု သူတစ်ပါးဥစ္စာ

http://www.dhammadownload.com



သူတစ်ပါး အဆောက်အဦကို ရှေးရှုကြံစည်တတ်၏။ ဤကား အဘိဇ္ဈာတည်း။

"တစ်ဖန် သူတစ်ပါးတို့ကို ဖျက်ဆီးလိုစိတ် ရှိ၏၊ 'ဤသတ္တဝါတို့သည် အညှဉ်းဆဲခံကြပါစေ'ဟူ၍လည်းကောင်း၊ 'အသတ်ခံကြရပါစေ' ဟူ၍လည်းကောင်း၊ 'ပျက်စီးကြပါစေ' ဟူ၍လည်းကောင်း၊ 'အကျိုးစီးပွား ပျက်စီးပါစေ' ဟူ၍လည်းကောင်း ဤသို့ ဖျက်ဆီးလိုသော စိတ်အကြံအစည်ရှိ၏။ ဤကား ဗျာပါဒတည်း။

တစ်ဖန် မှားသောအယူရှိ၏၊ ကံ-ကံ၏အကျိုးသည် မရှိ၊ ပေးလှူခြင်း၏ အကျိုးသည် မရှိ၊ ယဇ်ပူဇော်ခြင်း၏ အကျိုးသည် မရှိ၊ အမိကျေးဇူးသည် မရှိ၊ အဖကျေးဇူးသည် မရှိ၊ ဤလောကသည် မရှိ၊ တစ်ပါးသောလောကသည် မရှိ၊ သေ၍တစ်ဖန်ပြန်ဖြစ်သော သတ္တဝါသည် မရှိ၊ ဤလောကကို လည်းကောင်း တစ်ပါးသော လောကကို လည်းကောင်း ကိုယ်တိုင်ထူးသည့် ဉာဏ်ဖြင့်သိ၍ ဟောကြားနိုင်သော သမဏဗြာဟ္မဏ တို့ မရှိကုန်ဟု ဖောက်ပြန်သော အယူရှိ၏၊ မိစ္ဆာဒိဋ္ဌိအယူရှိ၏။ ဤသို့လျှင် မတရားမှု မမျှတမှုကို စိတ်ဖြင့်ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

"သူကြွယ်တို့...ဤသို့ မတရားမှု မမျှတမှုတို့ကို ပြုလုပ်ခြင်း ပြောဆိုခြင်း ကြံစည်ခြင်းအကြောင်းတို့ကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေလွန်သည့် နောက်၌ ချမ်းသာကင်းသော ငရဲသို့ ရောက်ကြရကုန်၏။

"သူကြွယ်တို့... လောက၌ တရားမှု မျှတမှုတို့ကို ကိုယ်ဖြင့် ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏၊ နှုတ်ဖြင့် ပြောဆိုခြင်းသည် လေးမျိုးရှိ၏၊ စိတ်ဖြင့်ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။ အထက်၌ ဖော်ပြခဲ့သော

http://www.dhammadownload.com



မတရားမှု မမျှတမှု ဆယ်မျိုးတို့ကို မပြုလုပ်ဘဲ မပြောဆိုဘဲ မကြံစည်ဘဲ ရှောင်ကြဉ်ခြင်းတို့ပင်တည်း။

"သူကြွယ်တို့…ဤတရားမှု မျှတမှုတို့ကို ပြုလုပ်ခြင်း ပြောဆိုခြင်း ကြံစည်ခြင်းအကြောင်းတို့ကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေလွန်ပြီးသည့်နောက်၌ ကောင်းသောလားရာဖြစ်သည့် နတ်ပြည်သို့ ရောက်ကြရကုန်၏။"

(မူလပဏ္ဏာသ၊ သာလေယျကသုတ်)

ဤသာလေယျက သုတ်တော်အရ မတရားမှုဟူသည်မှာ **ဒုစရိုက် ၁၀–ပါး** ဖြစ်ပြီး ဒုစရိုက်ကျူးလွန်သူများ သေဆုံးလျှင် အပါယ်ဘုံသို့ ကျရောက်ကြသည်။ တရားမျှတမှု ဟူသည်မှာ ဒုစရိုက် ၁၀–ပါးကို ရှောင်ကြဉ်ခြင်းဖြစ်သော သုစရိုက် ၁၀–ပါး ဖြစ်ပြီး၊ သုစရိုက် ဆောင်သူများ သေဆုံးလျှင် ကောင်းရာသုဂတိသို့ လားရောက်ကြသည်။ ထို့ကြောင့် ကံ–ကံ၏အကျိုးကို ယုံကြည်၍ ငါးပါးသီလကို စောင့်ထိန်းခြင်းသည် ဒုစရိုက် ၁၀–ပါးကို ရှောင်ကြဉ်၍ သုစရိုက် ၁၀–ပါးကို ဖြည့်ကျင့်ခြင်း ဖြစ်ပေသည်။

*အလုံးစုံသောသတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်ကုန်၏၊ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို မသတ်ဖြတ် မညှဉ်းဆဲရာ။

*အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ အလုံးစုံသော သတ္တဝါတို့သည် မိမိတို့၏ အသက်ကို ချစ်၏၊ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို မသတ်ဖြတ် မညှဉ်းဆဲရာ။

http://www.dhammadownload.com



*အကြင်သူသည် မိမိ၏ ချမ်းသာကို ရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ် လှံတံဖြင့် ညှဉ်းဆဲ၏၊ ထိုညှဉ်းဆဲသော သူသည် တမလွန်ဘဝ၌ ချမ်းသာကို မရနိုင်။

*တစ်စုံတစ်ယောက်ကိုမျှ ကြမ်းကြုတ်သောစကားကို မဆိုလင့်၊ အဆိုခံရသူတို့သည် သင့်ကို ပြန်လှန်ဆိုကုန်ရာ၏၊ချုပ်ခြယ်သော စကားသည် ဆင်းရဲ၏ အကြောင်းတည်း။ သူတစ်ပါးကို ဒဏ်ပြုက အတုံ့အလှည့် ဒဏ်တို့သည် သင့်ထံသို့ ရောက်ကုန်ရာ၏။

(ဓမ္မပဒဂါထာ ၁၂၉၊၁၃၀၊၁၃၁၊၁၃၃)

| |
|---|
| ကိုယ်ချင်းစာတရား လက်ကိုင်ထား၊ မတရားမှုမှန်သမျှ ရှောင်ကြဉ်ကြ။<br>အဓမ္မတရားစုကို ဓမ္မတရားစုဖြင့် တိုက်ဖျက်နှိမ်နင်းကြ။<br>မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားကြ။ |

## သီလ၏ အဓိပ္ပါယ်

သီလ၏ အနက်အဓိပ္ပါယ်ကား အဘယ်နည်း။

၁။ သဒ္ဒါတတ်ကျွမ်းသည့် ပညာရှင်တို့က **"သီလန"**မှ "သီလ" ဖြစ်လာသည် ဟု ယူဆကြ၏။ သီလနတွင် (၁) ကောင်းစွာထားခြင်း (သမာဓာန) (၂) တည်ရာဖြစ်ခြင်း(အဓာရ) ဟူသော အဓိပ္ပါယ် နှစ်မျိုးရှိ၏။

**"ကောင်းစွာထားခြင်း"** ဟူသည်မှာ ကိုယ်မှု နှုတ်မှုတို့ကို

http://www.dhammadownload.com



ဖရိုဖရဲမကြဲစေဘဲ(ဝါ) ပရမ်းပတာ မဖြစ်စေဘဲ ကောင်းစွာထား ခြင်းဖြစ်သည်။ ဤသို့ ထားနိုင်ရန်အတွက် ကာယဒုစရိုက်သုံးပါးနှင့် ဝစီဒုစရိုက်လေးပါးတို့ကို ရှောင်ကြဉ်ရမည် ဖြစ်သည်။

**"တည်ရာဖြစ်ခြင်း"** ဟူသည်မှာ ကုသိုလ်တရားတို့၏ တည်ရာ ဖြစ်ခြင်းကို ဆိုလို၏။ ဒါန သီလ ဘာဝနာ တို့ကို ပြုလုပ်သည့်အခါ ကာမကုသိုလ်ဖြစ်၏။ ဤကာမကုသိုလ်ကို အခြေခံ၍ မဟဂ္ဂုတ် ကုသိုလ်(ဈာန်ကုသိုလ်)နှင့် လောကုတ္တရာကုသိုလ်(မဂ်ကုသိုလ်) တို့ ဖြစ်ပေါ်အောင် ဆက်လက်အားထုတ်ရ၏။

၂။ အချို့သော ဆရာတို့က **"သိရ"**= ဦးခေါင်းမှ "သီလ" ဖြစ်လာသည်ဟု ယူဆကြ၏။ ဦးခေါင်းသည် ခန္ဓာကိုယ်၏ အမြတ်ဆုံးအင်္ဂါဖြစ်သည်နှင့်အညီ သီလသည် ကုသိုလ်တရားတို့တွင် အမြတ်ဆုံးကုသိုလ်ဖြစ်သည်ကို ဖော်ပြလိုခြင်းဖြစ်၏။

၃။ အချို့ဆရာတို့က **"သီတလ"**= အေးမြခြင်းမှ "သီလ"ဖြစ် လာသည်ဟု ယူဆကြ၏။သတ္တဝါတို့၏သန္တာန်၌ လောင်မြိုက်နေသော ကိလေသာမီးတို့ကို မည်သည့် ရေအေး၊ လေအေး၊ စန္ဒကူးနံ့သာအေး တို့ဖြင့် မငြိမ်းအေးစေနိုင်ဘဲ သီလအအေးဓာတ်ဖြင့်သာ ငြိမ်းအေး စေနိုင်သည်ကို ဖော်ပြလိုခြင်းဖြစ်၏။

## သီလ၏ ပရမတ်သဘော

ပရမတ်သဘောသည် အမှန်ရှိသော သဘောဖြစ်၏။ ထိုအမှန်ရှိ သည့် သဘောကသာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်၏။ ထိုအမှန်ရှိသည့် သဘောကို "တရားကိုယ်" ဟုလည်းခေါ်၏။

http://www.dhammadownload.com



ကိံသီလန္တိ စေတနာသီလံ စေတသိကံသီလံ
သံဝရောသီလံ အဝီတိက္ကမောသီလန္တိ။ (ပဋိသမ္ဘိဒါမဂ်)
အဘယ်သဘောတရားသည် သီလ မည်သနည်း။
စေတနာသည် သီလမည်၏၊ စေတသိက်တို့သည် သီလမည်၏၊
ပိတ်ဆို့စောင့်စည်းခြင်း–သံဝရသည် သီလမည်၏၊
မလွန်ကျူးခြင်း– အဝီတိက္ကမသည် သီလမည်၏။

## ၁။ စေတနာသီလ

**"သဗ္ဗပါပဿအကရဏံ** = မကောင်းမှု ဟူသမျှကို မပြုလုပ်ရာ" ဟု ဩဝါဒ ပါတိမောက်တွင် လာရှိသည့်အတိုင်း မကောင်းမှုတို့သည် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်း၊ မမှန်သော စကားကို ပြောခြင်း၊ စသော ဒုစရိုက်ဆယ်ပါး ဖြစ်၏။ ထိုဒုစရိုက်တို့ကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သော သူ၏ ကုသိုလ်စေတနာကို သီလဟု ခေါ်၏။ ဤသို့ ရှောင်ကြဉ်ခြင်းနှင့်ဆိုင်သော သီလကို **"ဝါရိတ္တသီလ"** ဟုခေါ်၏။

**"ကုသလဿ ဥပသမ္ပဒါ** = "ကောင်းမှုဟူသမျှကို ပြည့်စုံစေရာ၏" ဟု ဩဝါဒ ပါတိမောက်တွင် လာရှိသည့်အတိုင်း ကောင်းမှုတို့သည် သုစရိုက်ဆယ်ပါးနှင့် ပုညကြိယဝတ္ထုဆယ်ပါးတို့ ဖြစ်ကြ၏။ ထိုကောင်းမှုတို့ကို ပြည့်စုံစေခြင်း၏ အကြောင်းရင်းဖြစ်သော မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် စသည့်ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သော သူ၏ ကုသိုလ်စေတနာကိုလည်း သီလ ဟုခေါ်၏။ ဤသို့ ကျင့်ခြင်းနှင့်ဆိုင်သော သီလကို **"စာရိတ္တသီလ"** ဟုခေါ်၏။

http://www.dhammadownload.com



## ၂။ စေတသိက သီလ

"စေတသိက်တို့သည် သီလ မည်၏"ဟု ဆိုရာ၌ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ တည်းဟူသော ဒုစရိုက်များကို ရှောင်ကြဉ်ခြင်းနှင့်ဆိုင်သည့် စေတသိက်တို့ကို သီလဟု ခေါ်၏။

သမ္မာဝါစာ = ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်ခြင်း၊

သမ္မာကမ္မန္တ = ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်ခြင်း၊

သမ္မာအာဇီဝ=အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်၍ ဝစီဒုစရိုက်လေးပါးနှင့် ကာယဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်ခြင်း။

"**သစိတ္တပရိယောဒပနံ** = မိမိစိတ်ကို သန့်ရှင်းဖြူစင် စေရာ၏"ဟု ဩဝါဒပါတိမောက်တွင် လာရှိသည့်အတိုင်း စိတ်ကို အဆင့်ဆင့် ဖြူစင်စေနိုင်သော မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် သီလမဂ္ဂင်များ (ဝါ) သီလသိက္ခာဟု အမည်ရ၏။

သမ္မာဝါစာမဂ္ဂင်သည် အသက်မွေးခြင်းနှင့် မဆက်စပ်ဘဲ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်သည့် သီလဖြစ်၏။

သမ္မာကမ္မန္တမဂ္ဂင်သည် အသက်မွေးခြင်းနှင့် မဆက်စပ်ဘဲ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ ဟူသော ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်သည့် သီလဖြစ်၏။

သမ္မာအာဇီဝမဂ္ဂင်သည် အသက်မွေးခြင်းနှင့်ဆက်စပ်၍ ဝစီဒုစရိုက် ၄–ပါးနှင့် ကာယဒုစရိုက် ၃–ပါးတို့ကို ရှောင်ကြဉ်ခြင်းဖြစ်၏။

http://www.dhammadownload.com



အထက်ပါ သီလမဂ္ဂင် သုံးပါးကို စောင့်ထိန်းခြင်းသည် **"အာဇီဝဋ္ဌမက သီလ"** ကို စောင့်ထိန်းခြင်းမည်၏၊ "အသက်မွေးဝမ်းကြောင်းလျှင် ရှစ်ခုမြောက်သော သီလ" ဟု အဓိပ္ပါယ်ရ၏။

မဇ္ဈိမပဋိပဒါ = အလယ်လမ်းစဉ်ဟု အမည်ရသော မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို ဖြည့်ကျင့်ရာ၌ အာဇီဝဋ္ဌမကသီလသည် ရှေးဦးစွာဖြည့်ကျင့်ရသော သီလ ဖြစ်ခြင်းကြောင့် ဤသီလကို **"အာဒိဗြဟ္မစရိယကသီလ"** ဟုလည်းခေါ်၏၊ မြတ်သောအကျင့်၏ အစဖြစ်သည့်သီလဟူ၍ အဓိပ္ပာယ်ရ၏။

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်ကို စောင့်ထိန်းခြင်းသည် အာဇီဝဋ္ဌမကသီလနှင့် ပြည့်စုံပြီး ဖြစ်သည်ဟု ယူဆနိုင်၏။

## ၃။ သံဝရသီလ

မိမိသန္တာန်(ဝါ) မိမိစိတ်အတွင်းသို့ အကုသိုလ်တရားများ မဝင်ရောက်နိုင်အောင် ပိတ်ဆို့စောင့်စည်းခြင်းကို "သံဝရ" ဟုခေါ်၏။ သံဝရသီလသည် ငါးမျိုးရှိ၏။ အကုသိုလ်တရားတို့ ဟူသည်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော အကုသိုလ်စေတသိက် တို့တည်း။

**(၁) ပါတိမောက္ခသံဝရ** = ရဟန်းတို့၏ ၂၂၇–သွယ်သော သိက္ခာပုဒ်များကို စောင့်ထိန်းခြင်း၊ လူဝတ်ကြောင်တို့အတွက် ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ကို စောင့်ထိန်းခြင်း။

**(၂)သတိသံဝရ** = မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေ ၆–ပါးကို အကုသိုလ်မဝင်နိုင်စေရန် သတိဖြင့် စောင့်စည်းခြင်း။

http://www.dhammadownload.com



**(၃) ဉာဏသံဝရ** = ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး တည်းဟူသော ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ကိလေသာ မဖြစ်ပေါ်အောင် ပညာဖြင့် ဆင်ခြင်၍သုံးဆောင်ခြင်း၊ ဉာဏ်ပညာဖြင့် စောင့်ထိန်းခြင်း။

**(၄) ဝီရိယသံဝရ** = ကာမဂုဏ်နှင့် ပတ်သက်သော ကြံစည်မှု၊ သူတစ်ပါး ပျက်စီးအောင်ကြံစည်မှု၊ သူတစ်ပါးတို့ကို ညှဉ်းဆဲရန် ကြံစည်မှုတို့ကို မကြံစည်မိအောင် လုံ့လစိုက်၍ စောင့်ထိန်းခြင်း၊ အထူးသဖြင့် အသက်မွေးဝမ်းကြောင်း စင်ကြယ်အောင် လုံ့လစိုက်၍ စောင့်စည်းခြင်း။

**(၅) အဝီတိက္ကမသီလ**= ကိလေသာဟု အမည်ရသော အကုသိုလ်တရားတို့သည် သတ္တဝါတို့၏ သန္တာန်၌ အဆင့် ၃ ဆင့်ဖြင့် တည်နေကြ၏။

**၁။အနုသယကိလေသာ** – သံသရာအမွန်အစမှ ယနေ့တိုင်အောင် စိတ်အစဉ်၌ ကိန်းဝပ်လိုက်ပါပြီး၊ လိုက်ပါဆဲဖြစ်သော ကိလေသာမျိုး ဓာတ်တို့ကို အနုသယကိလေသာဟု ခေါ်၏။ ဤကိလေသာတို့သည် စိတ်အစဉ်၌ ဥပါဒ်– ဋ္ဌီ–ဘင်အားဖြင့် အထင်အရှား ဖြစ်ပေါ်နေသည် မဟုတ်သေး၊ အကြောင်း တိုက်ဆိုင်လာလျှင် ဖြစ်ပေါ်လာရန် အသင့်ဖြစ်နေသော ကိလေသာမျိုးဓာတ်တို့တည်း။ ဤကိလေသာတို့ကို သီလ သမာဓိ သိက္ခာတို့ဖြင့် မပယ်သတ်နိုင်၊ ပညာသိက္ခာဖြင့်သာ ပယ်သတ်နိုင်၏။

**၂။ ပရိယုဋ္ဌာနကိလေသာ**–စိတ်အစဉ်၌ နိုးကြားထကြွနေကြသော ကိလေသာတို့တည်း။ ကုသိုလ်ပြုလျှင်လည်း ကုသိုလ်မဖြစ်အောင် ချာန်မဂ်ဖိုလ်မရအောင် တားဆီးပိတ်ဆို့တတ်သော လောဘ၊

http://www.dhammadownload.com



ဒေါသစသည့် နီဝရဏတရားတို့သည် ပရိယုဋ္ဌာန ကိလေသာများ ဖြစ်ကြ၏။ ဤကိလေသာတို့ကိုလည်း သီလဖြင့် မငြိမ်ဝပ်စေနိုင်၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ဖြင့်သာ ငြိမ်ဝပ်စေနိုင်၏။

**၃။ ဝီတိက္ကမကိလေသာ**–ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို ကျူးလွန်စေတတ်သော အလွန်တရာကြီးထွားသောင်းကျန်းလာကြသည့် ကိလေသာတို့ကို ဝီတိက္ကမကိလေသာဟု ခေါ်၏။ ဤကိလေသာတို့ကို သီလသိက္ခာဖြင့် ထိန်းချုပ်ငြိမ်ဝပ်စေနိုင်၏။

ဝီတိက္ကမကိလေသာတို့ ကြီးထွားသောင်းကျန်းသဖြင့် ကာယဒုစရိုက် ၃–ပါး၊ ဝစီဒုစရိုက် ၄–ပါးတို့ကို မလွန်ကျူးမိအောင် စောင့်ထိန်းအပ်သည့်သီလသည် **အဝီတိက္ကမသီလ**ဖြစ်၏။ ထို့ကြောင့် အဝီတိက္ကမသီလသည် ကိုယ်နှုတ်တို့ဖြင့် ဒုစရိုက်မလွန်ကျူးမိအောင် စောင့်စည်းခြင်းဖြစ်ပေ၏။

## သီလ၏ လက္ခဏာ

ပရမတ်တရားတစ်ခုစီကို ခွဲခြား၍သိမှတ်စေနိုင်သော ထူးခြားသည့် အမှတ်အသားတို့ကို **သဘာဝလက္ခဏာ**ဟုခေါ်၏။ ရုပ်တရား နာမ်တရားတို့၏ တူညီကြသည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ သဘောတို့ကို **သာမညလက္ခဏာ** ဟုခေါ်၏။

စေတနာသီလ၊ စေတသိကသီလ၊ သံဝရသီလ၊ အဝီတိက္ကမသီလ ဟူ၍ သီလအမျိုးမျိုးရှိသော်လည်း သီလဟုသိကြောင်း အမှတ်အသား (လက္ခဏာ)သည်ကား မကွဲပြားချေ။

သီလတွင် သီလနလက္ခဏာ ရှိ၏။ **သီလနလက္ခဏာ**ဟူသည်မှာ ကိုယ်မှုနှုတ်မှုတို့ကို အပြစ်မရှိအောင် ဖရိုဖရဲမကြဲအောင် ကောင်းစွာ

http://www.dhammadownload.com



ထားခြင်းနှင့် ကုသိုလ်တရားတို့၏ တည်ရာဖြစ်ခြင်းတို့ပင်တည်း။

## သီလ၏ ရသ

ပရမတ်တရားတစ်ခုစီ၏ ကိစ္စဆောင်ရွက်မှုကို **ကိစ္စရသ**ဟု ခေါ်ပြီး ပြည့်စုံခြင်းဂုဏ်ကို **သမ္ပတ္တိရသ**(ဝါ)**ဂုဏရသ**ဟု ခေါ်၏။

သီလ၏ ကိစ္စရသ,ကား သီလမရှိသော သူ၏အဖြစ် ဒုဿီလမှုကို ဖျက်ဆီးတတ်ခြင်းပင်တည်း။ သီလဆောက်တည်ထားသူတစ်ဦးတွင် သီလကင်းမဲ့ခြင်းဟူသော အခြေအနေ မရှိတော့ချေ။

သီလ၏ သမ္ပတ္တိရသကား အပြစ်ကင်းခြင်း မကဲ့ရဲ့ထိုက်ခြင်း ဂုဏ်ပင်တည်း။ သီလစောင့်ထိန်းထားသူ၏ ကိုယ်အမူအရာနှင့် နှုတ်အပြောအဆိုတို့သည် အပြစ်ဆိုဖွယ်ရာ ကဲ့ရဲ့ဖွယ်ရာ မရှိချေ။ သီလသည် **အကောင်းဆုံးကိုယ်ကျင့်တရား**ပေတည်း။

## သီလ၏ ပစ္စုပဋ္ဌာန်

ပရမတ်တရားတစ်ခုစီ၏ ကိစ္စဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားနှင့် ထိုအကျိုးတရားကြောင့် ရှုမြင်သူ၏ ဉာဏ်ဝဥ္စ ရှေးရှုထင်သည့် အခြင်းအရာတို့ကို ပစ္စုပဋ္ဌာန်ဟုခေါ်၏။

သီလစောင့်ထိန်းသည့်အတွက် မည်သည့်အကျိုးကို လက်ငင်းရရှိသနည်းဟူမူ မိမိကိုယ်ကို မိမိနှစ်သက်ခြင်းနှင့် စိတ်နှလုံးကြည်ရွှင်အေးမြခြင်း အကျိုးတို့ကို လက်ငင်းရရှိပေ၏။

သီလလုံခြုံသူသည် မိမိ၏ ကိုယ်အပြုအမူ၊ နှုတ်အပြောအဆို ၊ စိတ်အကြံအစည်တို့ အပြစ်ကင်း၍ စင်ကြယ်နေသည့်အဖြစ်ကို မြင်သဖြင့် မိမိကိုယ်ကို နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းဖြစ်၏။

http://www.dhammadownload.com



သီလစောင့်ထိန်းထားသူကို အပြစ်ကင်းစင်သူ၊ ဖြူစင်မြင့်မြတ်သူ၊ ယဉ်ကျေးသူအဖြစ် ရှုမြင်သူတို့၏ ဉာဏ်ဝ၌ ထင်မြင်လာ၏။

သီလဖြူစင်သူသည် **အယဉ်ကျေးဆုံးလူ၊ အမြင့်မြတ်ဆုံးသူ**ပင် တည်း။

တစ်ဖန် သီလစောင့်ထိန်းသူသည် မိမိသန္တာန်၌ လောဘ၊ ဒေါသ၊ မာန စသည့်ကိလေသာအပူများ မဝင်လာအောင် တတ်နိုင်သမျှ စောင့်ထိန်းထားသဖြင့် စိတ်နှလုံး ကြည်ရွှင်အေးမြ၏။ သို့အတွက် စိတ်ချမ်းသာ အေးမြခြင်း အကျိုးကို ရ၏။

## သီလ၏ ပဒဋ္ဌာန်

ပရမတ်တရားတစ်ခုစီကို ဖြစ်ပေါ်စေသော အနီးကပ်ဆုံး အကြောင်းတရားတို့ကို ပဒဋ္ဌာန် ဟုခေါ်၏။

နိဗ္ဗာန်မှတစ်ပါး ပရမတ်တရားတိုင်းတွင် ၎င်းကို ဖြစ်ပေါ်စေသည့် အကြောင်းတရားများ ရှိကြ၏၊ အချို့က ဝေးသောအကြောင်းတရား များဖြစ်ပြီး အချို့က နီးသော အကြောင်းတရားများ ဖြစ်ကြ၏။

သီလ၏ အကြောင်းတရားများကို စိစစ်လျှင် သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းသည် သီလ၏ ဝေးသောအကြောင်းတစ်ပါးဖြစ်၏၊ သူတော်ကောင်းတရားကို ကြားနာရခြင်းသည်လည်း ဝေးသော အကြောင်းတစ်ပါးဖြစ်၏၊ ကံ–ကံ၏ အကျိုးကို သိမြင်ယုံကြည် ခြင်းသည်လည်း ဝေးသောအကြောင်းတစ်ပါး ဖြစ်၏၊ ရှေးက သီလစောင့်ထိန်းဖူးသည့် အထုံဝါသနာသည်လည်း ဝေးသော အကြောင်းတစ်ပါးဖြစ်၏။

သီလ၏ အနီးကပ်ဆုံး အကြောင်းတရားကား ကာယဒုစရိုက်၊

http://www.dhammadownload.com



ဝစီဒုစရိုက်တို့ကို ကျူးလွန်ပြုလုပ်ရန် ရှက်ခြင်း–**ဟိရီတရားနှင့်** ထိတ် လန့်ခြင်း–**ဩတ္တပ္ပတရား**တို့ပင်တည်း။

ဤ ဟိရီ–ဩတ္တပ္ပ ဟူသော အရှက်အကြောက်တရားနှစ်ပါး မရှိသူသည် ကာယဒုစရိုက် ဝစီဒုစရိုက်တို့ကို အလွယ်တကူ ကျူးလွန်တတ်သဖြင့် သီလစောင့်ထိန်းရန် ခက်၏။ အရှက် အကြောက်ရှိက ဒုစရိုက်မှုတို့ကို မကျူးလွန်ဖြစ်တော့ချေ။

ထို့ကြောင့် ဟိရီ– ဩတ္တပ္ပတို့သည် သီလ၏ ပဒဋ္ဌာန်များ ဖြစ်ကြ၏။

## သီလ၏ အကျိုးကျေးဇူးများ

သီလစောင့်ထိန်းခြင်း၏ အကျိုးကျေးဇူးတို့သည် အလွန်များပြား လှပေ၏။

၁။ "အာနန္ဒာ…အပြစ်ကင်း၍ ကောင်းမြတ်သော သီလအကျင့် တို့သည် စိတ်နှလုံးသာယာချမ်းမြေ့ခြင်းအကျိုး၊ စိတ်နှလုံး ချမ်းသာ အေးမြခြင်း အာနိသင်ရှိကုန်၏။" ဟု အရှင်အာနန္ဒာအား မြတ်စွာ ဘုရား မိန့်ကြားတော်မူ၏။

၂။ "အို–သူကြွယ်တို့– ဤလောက၌ သီလနှင့်ပြည့်စုံသောသူ၏ အကျိုးတို့သည် ဤ ၅–ပါးတို့တည်း" ဟူ၍ အောက်ပါအကျိုး ၅–ပါးကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

(၁) သီလနှင့် ပြည့်စုံသူသည် မမေ့မလျော့သည့် အကြောင်းကြောင့် ကြီးစွာသော စည်းစိမ်ဥစ္စာကိုရ၏။

(၂) သီလနှင့်ပြည့်စုံသူ၏ ကောင်းသော ကျော်စောသတင်းသည် ထက်ဝန်းကျင်သို့ ပြန့်နှံ့၏။

http://www.dhammadownload.com



(၃) သီလနှင့် ပြည့်စုံသူသည် မင်းပရိသတ်သို့ ဖြစ်စေ၊ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ၊ သူကြွယ်ပရိသတ်သို့ ဖြစ်စေ၊ ရဟန်းပရိသတ်သို့ ဖြစ်စေ ချဉ်းကပ်ဝင်ရောက်လျှင် မကြောက်မရွံ့ ရဲရဲရင့်ရင့် ကျက်သရေရှိသည့် ရွှင်လန်းသော မျက်နှာဖြင့် ချဉ်းကပ်ရ၏။

(၄) သီလနှင့် ပြည့်စုံသူသည် မိမိပြုခဲ့သော ကောင်းမှု ကုသိုလ်တို့ကိုထင်မြင်၍ မတွေမဝေ ကြည်ကြည်လင်လင် သေရ၏။

(၅) သီလနှင့် ပြည့်စုံသူသည် ခန္ဓာပျက်ကြွေ၍ သေလွန်သည်ရှိသော် ကောင်းမှုပြုသူတို့ လားရောက်ရာဖြစ်သော နတ်ပြည်လောကသို့ ကေန်မချွတ် ရောက်ရ၏။

(မဟာဝဂ်ပါဠိတော် မြန်မာပြန်။ ၈၅)

၃။ **မူလပဏ္ဏာသ ပါဠိတော်–အာကင်္ခေယျသုတ်** ၌ မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့ စသည်ဖြင့် မိန့်ကြားတော်မူ၏။–

"သီတင်းသုံးဖော်တို့၏ ချစ်ခင်အပ်သူ မြတ်နိုးအပ်သူ လေးစားအပ်သူ ချီးမွမ်းအပ်သူဖြစ်လို၏ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ၊ မိမိ၏ စိတ်ကို ငြိမ်သက်အောင် ကြိုးစားသူ၊ ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ၊ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာအရပ်၌ ကမ္မဋ္ဌာန်း ရှုပွားသူသာလျှင် ဖြစ်ရာ၏။

"သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာနေရာ၊ အသုံးအဆောင် အမျိုးမျိုးကို ရသူဖြစ်လို၏ ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ၊ မိမိ၏စိတ်ကို ငြိမ်သက်အောင် ကြိုးစားသူ၊

http://www.dhammadownload.com



ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ၊ ဝိပဿနာနှင့် ပြည့်စုံသူ၊ ဆိတ်ငြိမ်ရာအရပ်၌ ကမ္မဋ္ဌာန်းရှုပွားသူသာလျှင် ဖြစ်ရာ၏။

"မပျော်မွေ့မှု, ပျော်မွေ့မှုတို့ကို နှိမ်နင်းသူဖြစ်ရလို၏၊ ငါ့ကို မပျော်မွေ့မှုသည် မနှိမ်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် မပျော်မွေ့မှုကို ဖိနှိပ်၍ ဖိနှိပ်၍ နေလို၏ ဟု အကယ်၍ တောင့်တ,ခဲ့လျှင် သော်လည်းကောင်း၊

"ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်ကို နှိမ်နင်းသူဖြစ်ရလို၏၊ ငါ့ကိုကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်သည် မနှိမ်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်ကို ဖိနှိပ်၍ နေလို၏ဟု အကယ်၍ တောင့်တခဲ့လျှင်သော်လည်းကောင်း၊

"အထူးစင်ကြယ်သော စိတ်ကြောင့်ဖြစ်သည့် မျက်မှောက်ချမ်းသာစွာနေရေး ဟူသော ရူပါဝစရ ဈာန်၄-ပါးတို့ကို အလိုရှိတိုင်းရသူ၊ မငြိုငြင်ရသူ၊ မပင်မပန်းရသူ ဖြစ်ရလို၏ဟု အကယ်၍ တောင့်တ ခဲ့လျှင်သော်လည်းကောင်း၊

"သီလတို့ကို ဖြည့်ကျင့်သူ၊ မိမိ၏ စိတ်ကို ငြိမ်သက်အောင် ကြိုးစားသူ၊ ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ၊ ဝိပဿနာနှင့် ပြည့်စုံသူ၊ ဆိတ်ငြိမ်ရာအရပ်၌ ကမ္မဋ္ဌာန်းရှုပွားသူသာလျှင် ဖြစ်ရာ၏"

## ၄။ ဣစ္ဆတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ

သီလလုံခြုံသော ရဟန်းတို့၏ လိုချင်တောင့်တမှု မှန်သမျှသည် ပြည့်စုံ၏၊ အဘယ်ကြောင့်ဆိုသော် သူ၏ စိတ်သည် ကိလေသာ အညစ်အကြေးတို့မှကင်းဝေး၍ ဖြူစင်မြင့်မြတ်သောကြောင့်ဖြစ်၏။

မူလသပိတ်အိုင်တော်ရဆရာတော်ဘုရား၊ ဝေဘူဆရာတော်ဘုရား

http://www.dhammadownload.com



တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရား စသည်တို့သည် သီလ ဖြူစင်ကြသည့်အတွက် လာဘ်လာဘ ပေါများ၍ လိုချင်တောင့်တသမျှ ပြည့်စုံခဲ့ကြ၏။ လူပုဂ္ဂိုလ်များကလည်း သီလဖြူစင်၍ စိတ် စင်ကြယ်ကြမည်ဆိုပါလျှင် အလိုရှိသမျှ တောင့်တသမျှ ပစ္စည်းဥစ္စာ ရာထူး ဌာနန္တရ အဝဝနှင့် ပြည့်စုံမည်ဖြစ်သည်။

သီလလုံလျှင် အိမ်ရှေ့မှာ ပဒေသာပင်ပေါက်သလို လိုချင်တာ ဆွတ်ခူးယူနိုင်၏။ ကောင်းမြတ်သော ဂုဏ်သတင်း ကျော်စော သင်းပျံ့၏၊ ကျက်သရေဝေဆာတင့်ဖြိုး၍ သွားလေရာရာမှာ မျက်နှာ ပွင့်လန်း၏။ သေခါနီးချိန်၌ မတွေဝေဘဲ သတိကောင်းစွာနှင့် ဂတိပြောင်းရသဖြင့် ကောင်းရာသုဂတိဘဝသို့ ရောက်ရ၏။

သို့အတွက် ယနေ့ ကြွယ်ဝချမ်းသာလိုသူ၊ ထင်ပေါ်ကျော်စောလို သူ၊ သုဂတိဘဝကို အလိုရှိသူများသည် သီလကို ဖြူစင်အောင် စောင့်ထိန်းကြရာ၏။

**သီလအကျိုးပြ ကဗျာ**

သီလခေါ်ဆို ကိုယ်ကျင့်ကောင်းမှ တောင်းတိုင်းတ,တိုင်း ရနိုင် တယ်၊
ပဒေသာပင် အိမ်မှာပေါက်သလို ကောက်ယူသုံးလို့ မကုန်နိုင်တယ်၊
ဥစ္စာစုပုံ ကုန်မယွင်း ဂုဏ်သတင်းလဲ သင်းပျံ့မယ်၊
ရောက်လေရာရာ ပွဲလယ်တင့်လို့ ရဲရင့်ရွှင်ပျ ခင်ကြမယ်၊
သေရသော်လည်း သတိကောင်းလို့ ဂတိပြောင်းတော့ နတ်ပြည် ဝယ်၊
သီလကောင်းကျိုး ချက်ချင်းတိုး အားကိုးလောက်ပေတယ်၊
အဲဒါကြောင့် ကိုယ်ကျင့်သီလ ဒီဘဝ တည်ကြမြဲကြမယ်။

http://www.dhammadownload.com



## အလှဆုံးအဆင်တန်ဆာ

သီလလုံခြုံသူသည် စိတ်ထားဖြူစင်မြင့်မြတ်သည့်အတွက် သူ၏ အသားအရေသည် စိုပြေဝါဝင်း၍ သူ၏ မျက်နှာသည် တက်နေဝန်းပမာ ကျက်သရေရှိလှ၏။ သီလမရှိသူသည် မည်မျှ လှပအောင် ဆင်မြန်းထားသည်ဖြစ်စေ စိတ်ထားပုပ်လျှင် မျက်နှာလည်း ပုပ်သိုးသိုး ဖြစ်နေမည်ဖြစ်၍ လှပတင့်တယ်မည် မဟုတ်ချေ။

သီလမရှိသူက ရေမွှေးအမျိုးမျိုးကို အသုံးပြု၍ ကိုယ်ကိုဆွတ်ဖြန်း ထားလျှင်လည်း ချွေးထွက်လာသည့်အခါ နံစော်သောအနံ့ကို ဖုံးကွယ်ထားနိုင်မည် မဟုတ်ချေ။ နတ်များသည် သီလ မလုံသူတို့၏ ကိုယ်ရနံ့ကို ယူဇနာတစ်ရာ၊ (မိုင် ၈၀၀ခန့်) အကွာအဝေးမှပင်လျှင် နံစော်ကြသည်ဟုဆို၏။ သီလလုံခြုံသူ၏ ကိုယ်ရနံ့ကိုကား နတ်ဗြဟ္မာများ နှစ်သက်ကြ၏။

သို့အတွက် သီလသည် ပျိုပျိုအိုအို အရွယ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး ဆင်မြန်းနိုင်သော အလှဆုံး အဆင်တန်ဆာဖြစ်၏။ လေအောက်လေညာ ထက်ဝန်းကျင် ပျံ့နှံ့၍ နတ်ပြည် ဗြဟ္မာပြည်အထိ သင်းပျံ့ကြိုင်လှိုင်သော အမွှေးနံ့သာလည်း ဖြစ်ပေ၏။

သီလသည် အိုမင်းသည့်တိုင်အောင် စိတ်ချမ်းသာ အေးမြစေပြီး ကျက်သရေအရှိဆုံး အဆင်တန်ဆာဖြစ်ပေသတည်း။

* ပန်းအနံ့သည် လေညာသို့မသွား၊ စန္ဒကူးအနံ့ တောင်ဇလပ်ပန်းအနံ့ စပယ်ကြက်ရုံးပန်းအနံ့တို့သည်လည်း လေညာသို့မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာ အားလုံးတို့သို့

http://www.dhammadownload.com



ပျံ့နှံ့လှိုင်ကြူ၏။

* စန္ဒကူးအနံ့သည်လည်းကောင်း၊ တောင်ဇလပ်ပန်း အနံ့သည်လည်းကောင်း၊ မြလေးပန်းအနံ့သည်လည်းကောင်း ရှိ၏၊ ထိုပန်းရနံ့ အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိမြတ်၏။

* တောင်ဇလပ် စန္ဒကူးပန်းတို့၏အနံ့သည် မပြောပလောက်ချေ၊ အနည်းငယ်မျှသာဖြစ်၏။ သီလရှိသောသူတို့၏ သီလအနံ့သည်ကား ထူးကဲလွန်မြတ်သည်ဖြစ်၍ နတ်ပြည်သို့တိုင်အောင် ကြိုင်လှိုင်၏။

**(ဓမ္မပဒဂါထာ ၅၄၊ ၅၅၊ ၅၆)**

**သီလဖြင့် အလှဆင်ရန်လင်္ကာ**

သီလရတနာ၊ မြတ်တန်ဆာလည်း၊ သတ္တဝါခပင်း၊
မင်းဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်၊
ကြီးငယ်မဆို၊ ရွယ်ပျိုရွယ်ရင့်၊ ဆင်တိုင်းတင့်၏။

(မဃဒေဝလင်္ကာ)

သီလရနံ့ မွှေးပျံ့ကြိုင်စွာ၊ သီလဆင်သိုင်း ရှုတိုင်းလှပါ၊
သီလစောင့်ငြား မလားပါယ်ရှာ၊ မြတ်သီလ နိစ္စကိုးကွယ်ရာ။

(မဟာစည် ဆရာတော်)

## သီလ၏ ဂုဏ်အာနိသင်များ

သီလ၏ ဂုဏ်အာနိသင်တို့ကို များစွာပင် မြတ်စွာဘုရား ဟောကြားထားတော်မူ၏။

(၁) သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။

http://www.dhammadownload.com



အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ ကောဝဒေ။

မြတ်စွာဘုရား၏ သာသနာတော်၌ အမျိုးကောင်း သားသမီးတို့အား သီလကိုကြဉ်ထား၍ ထောက်ရာတည်ရာမည်သည် မရှိချေ။ သီလသည်သာ ထောက်ရာတည်ရာ အစစ်ဖြစ်ပေ၏။ သို့ဖြစ်၍ သီလ၏အကျိုးအာနိသင် အပိုင်းအခြားပမာဏကို အဘယ်မည်သော တရားဟောပုဂ္ဂိုလ်သည် ကုန်စင်အောင် ဟောကြားနိုင်ပါအံ့နည်း။

(၂) န ဂင်္ဂါ ယမုနာစာပိ၊ သရဘူဝါ သရဿတိ။
နိန္နဂါ ဝါ စိရဝတီ၊ မဟီ ဝါပိ မဟာနဒီ။

သတ္တဝါတို့၏ ရာဂစသည့် အညစ်အကြေးတို့ကို ဂင်္ဂါမြစ်ရေ ယမုန်နာမြစ်ရေ၊ သရဘူမြစ်ရေ၊ အစိရဝတီမြစ်ရေ၊ မဟီအမည်ရှိသော မြစ်ကြီးရေတို့ဖြင့် ဆေးကြောသုတ်သင်၍မရ၊ သီလရေစင်ဖြင့်သာ ဆေးကြောသုတ်သင်နိုင်၏။

(၃) သမယန္တိဓ သတ္တာနံ၊ ပရိဋ္ဌာဟံ သုရက္ခိတံ။
ယံသမေတိ ဣဒံ အရိယံ၊ သီလံ အစ္စန္တသီတလံ။

ကောင်းစွာစောင့်ထိန်းအပ်သော ဖြူစင်အေးမြလှသော သီလသည်သာ သတ္တဝါတို့၏ ရာဂစသည့်အပူအလောင်ကို အေးငြိမ်းစေနိုင်၏။ ထိုအပူအလောင်ကို မိုး၊ ရေ၊ လေ၊ စန္ဒကူးနံ့သာ၊ ပုလဲသွယ်၊ မြကျောက်၊ ဖိုးရွှေလမင်း၏ ရောင်ခြည်ညွန့်တို့သည် မငြိမ်းအေးစေနိုင်ကုန်။

(၄) သီလဂန္ဓသမောဂန္ဓော၊ ကုတော နာမ ဘဝိဿတိ။
ယော သမံ အနုဝါတေစ၊ ပဋိဝါတေ စ ဝါယတိ။

အကြင်အမွှေးနံ့သာသည် လေအောက်၌လည်းကောင်း၊ လေညာ၌

http://www.dhammadownload.com



လည်းကောင်း အညီအမျှ ကြိုင်လှိုင်၏၊ သီလနံ့သာနှင့်တူသော လေအောက်လေညာ ကြိုင်လှိုင်သည့် နံ့သာမည်သည် အဘယ်မှာ ဖြစ်ပါလတ္တံ့နည်း။

(၅) သဂ္ဂါရောဟဏသောပါဏံ၊ အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပနံ နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

သီလနှင့်တူသည့် အခြားသော နတ်ရွာသို့တက်ရန် စောင်းတန်းလှေကားမည်သည် အဘယ်မှာရှိအံ့နည်း၊ နိဗ္ဗာန်ရွှေမြို့ကြီးသို့ ဝင်ရာ၌လည်း သီလနှင့်တူသော တံခါးပေါက်မည်သည် အဘယ်မှာ ရှိအံ့နည်း။

(၆) သောဘန္တေဝံ န ရာဇာနော၊ မုတ္တာမဏိ ဝိဘူသိတာ။
ယထာသောဘန္တိ ယတိနော၊ သီလဘူသန ဘူသိတာ။

သီလဟူသော အဆင်တန်ဆာနှင့် ကောင်းစွာဆင်မြန်းအပ်သည့် ရဟန်းတို့သည် တင့်တယ်ကြသကဲ့သို့ ထိုအတူ ပုလဲပတ္တမြားတို့နှင့် ဆင်ယင်အပ်ကုန်သော မင်းတို့သည် မတင့်တယ်ကြကုန်။

(၇) အတ္တာနုဝါဒါဒိဘယံ၊ ဝိဒ္ဓံသယတိ သဗ္ဗသော။
ဇနေတိ ကိတ္တိဟာသဉ္စ၊ သီလံ သီလဝတံ သဒါ။

သီလရှိသောသူသည် မိမိကိုမိမိကဲ့ရဲ့စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး၊ သူတစ်ပါးတို့က ကဲ့ရဲ့စွပ်စွဲခြင်းဟူသော ပရာနုဝါဒဘေး၊ အစိုးရမင်းတို့ အမိန့်ချမှတ်သော ဒဏ္ဍဘေး၊ အပါယ်သို့ကျရောက်မည့် ဒုဂ္ဂတိဘေးတို့မှ လွတ်မြောက်၏။ သီလနှင့် ပြည့်စုံသူသည် ကျော်စောကိတ္တိရှိခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းတို့နှင့် ပြည့်စုံ၏။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၊ မြန်မာပြန်။ ပ။ ၁၅-၂၁)

http://www.dhammadownload.com



## မြတ်နိုးဖွယ်ရာ သူတော်ကောင်းဥစ္စာ

၁။ သီလသည် အမျိုးကောင်းသားသမီးတို့၏ ထောက်တည်ရာ၊ သာသနာတော်၏ အုတ်မြစ်ဖြစ်၏။

၂။ သီလသည် ဆင်းရဲခြင်း၏အကြောင်းရင်းဖြစ်သော ကိလေသာတို့၏ လွန်ကျူးမှုကို ဖျက်ဆီးတတ်၏။

၃။ သီလသည် စိတ်အစဉ်မှ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်ပေးနိုင်သော သိတာရေစင်ဖြစ်၏။

၄။ သီလသည် ကိလေသာတို့၏ ပူလောင်စေမှု ဆင်းရဲစေမှုကို ငြိမ်းအေးစေနိုင်၏။

၅။ သီလသည်ဘေးလေးပါးကိုဖယ်ရှားပြီးအိုမင်းသည့်တိုင်အောင် စိတ်ရွှင်လန်း ချမ်းမြေ့စေ၏။

၆။ သီလသည် ပျိုပျိုအိုအိုအရွယ်မရွေး အချိန်အခါမရွေး အတင့်တယ်ဆုံး အလှဆုံး အဆင်တန်ဆာဖြစ်၏။

၇။ သီလသည် လေအောက်လေညာ နတ်ရွာအထိ သင်းပျံ့ကြိုင်လှိုင်သော အသင်းပျံ့ဆုံး အမွှေးနံ့သာလည်း ဖြစ်ပေ၏။

၈။ သီလသည်ကြွယ်ဝချမ်းသာမှုထင်ပေါ်ကျော်စောမှုတို့နှင့်တကွ လိုအင်ဆန္ဒအဝဝကို ဖြည့်ဆည်းပေးနိုင်၏။

၉။ သီလသည် နတ်ပြည်သို့တက်ရောက်ရန် အကောင်းဆုံး စောင်းတန်းလှေကားဖြစ်သည့်အပြင် နိဗ္ဗာန်သို့ ဝင်ရောက်ရာ တံခါးဝလည်း ဖြစ်၏။

၁၀။ သီလသည် အမြတ်ဆုံးကုသိုလ်ဖြစ်ပြီး မြတ်နိုးဖွယ်ရာ သူတော်ကောင်းဥစ္စာ တစ်ပါးလည်းဖြစ်ပေ၏။

ကိုယ်ကျင့်သီလကို ချစ်မြတ်နိုးကြ၊ ကောင်းစွာစောင့်ထိန်းကြ။

http://www.dhammadownload.com



## ငါးပါးသီလကို ခံယူဆောက်တည်ခြင်း

ပုဂံခေတ် ရှင်အရဟံမထေရ်မြတ်တို့ လက်ထက်မှစ၍ ခေတ်အဆက်ဆက် ဆရာတော်ဘုရားကြီးများ၏ စီစဉ်ညွှန်ကြားချက်အရ သီလခံယူဆောက်တည်ခြင်းတွင် အပိုင်း (၆) ပိုင်း ပါဝင်ပါသည်။

(က) ရတနာမြတ်သုံးပါးကို ကန်တော့ခြင်း၊
(ခ) ဆုတောင်းခြင်း၊
(ဂ) သရဏဂုံနှင့်တကွ သီလကို တောင်းခံခြင်း၊
(ဃ) ဘုရားရှိခိုးခြင်း၊
(င) သရဏဂုံကို ခံယူဆောက်တည်ခြင်း၊
(စ) သီလသိက္ခာပုဒ်များကို ခံယူဆောက်တည်ခြင်းတို့ ဖြစ်သည်။

သီလခံယူရာ၌ ဘုရားဆင်းတုတော်၊ စေတီတော်၊ သံဃာတော် ရှေ့မှောက်၌ဖြစ်စေ၊ သီလဖြူစင်ကြသည့် သီလရှင်၊ လူပုဂ္ဂိုလ်ထံမှောက်၌ဖြစ်စေ ခံယူနိုင်ပါသည်။ မိမိစိတ်ဖြင့် ဘုရားရှင်ကို အာရုံပြု၍လည်း သီလကို ခံယူဆောက်တည်နိုင်ပါသည်။

သီလကို တစ်ကြိမ်ခံယူပြီးလျှင် သိက္ခာပုဒ်များကို မချိုးဖောက်သမျှကာလပတ်လုံး သီလဆောက်တည်သူ၏ သန္တာန်၌ သီလတည်နေမည်ဖြစ်သည်။ သို့သော် သံသယကင်းရှင်း၍ သီလဖြူစင်စေရန်အတွက် နေ့စဉ်ပင် သီလကို အသစ်အသစ် ခံယူဆောက်တည်နိုင်ပါသည်။

### (က) ရတနာမြတ်သုံးပါးကို ကန်တော့ခြင်း

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ

http://www.dhammadownload.com



ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

## ရှင်းလင်းချက်

ဩကာသ ဩကာသ ဩကာသ–ဤသုံးပိုဒ်သည် ရတနာသုံးပါးကို ဦးတည်တိုင်တည်သော(ဝါ) ခွင့်တောင်းသောစကားဖြစ်သည်။ ပထမဩကာသဖြင့် ဘုရားရတနာ၊ ဒုတိယဩကာသဖြင့် တရားရတနာ၊ တတိယဩကာသဖြင့် သံဃာရတနာကို ပါဠိလို တိုင်တည်ခြင်း ဖြစ်သည်။

ရှေးဆရာကြီးများက ဤဩကာသသုံးပိုဒ်ကို "ဩကာသ၊ ဩကာသ၊ ဩကာသ၊ ရှိခိုးခြင်း၏တည်ရာ၊ မြတ်နိုးခြင်း၏တည်ရာ၊ ပူဇော်ခြင်း၏တည်ရာ၊ အရိုအသေ ပြုခြင်း၏ တည်ရာဖြစ်တော်မူသော အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဟူသည့် ဘုရားရတနာ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တည်းဟူသော တရားရတနာ၊ မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထ အရိယာသံဃာတော်မြတ် အပေါင်းတည်းဟူသော သံဃာရတနာ"ဟူ၍ အကျယ်ရွတ်ဆိုကန်တော့ကြ၏။

ထိုဩကာသသုံးပိုဒ်၏နောက်၌ ကန်တော့သူသည် ဘုရား တရား သံဃာတို့အပေါ်၌ ကာယကံဖြင့်ဖြစ်စေ၊ ဝစီကံဖြင့်ဖြစ်စေ၊ မနောကံဖြင့်ဖြစ်စေ မတော်တဆ ပြစ်မှားမိသော အပြစ်အလုံးစုံတို့ ပပျောက်

http://www.dhammadownload.com



သွားစေခြင်းအကျိုးငှာ ရတနာမြတ်သုံးပါးကို ရှိသေမြတ်နိုး လက်စုံမိုး၍ သုံးကြိမ်တိုင်တိုင် ရှိခိုးဦးညွှတ်ကန်တော့ပါ၏၊ မာန်ကိုလျှော့၍ ဝန်ချတောင်းပန်အပ်ပါ၏ဟူ၍ ဝန်ချကန်တော့ခြင်းကို ပြု၏။

## (ခ) ဆုတောင်းခြင်း

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ အရှင်ဘုရား။

## ရှင်းလင်းချက်

မာန်ကိုလျှော့၍ ရှိခိုးဦးညွှတ် တောင်းပန်ကန်တော့လိုက်သည့်အခါ ရတနာမြတ်သုံးပါးတို့က သည်းခံခွင့်လွှတ်ကြမည်ဆိုပါလျှင် ပြစ်မှားခဲ့မိသည့် အပြစ်ခပ်သိမ်းတို့ ပြေလျော့ပပျောက်သွားကြမည်ဖြစ်သည်။ ရတနာမြတ်သုံးပါးသည် သည်းခံခြင်း–ခန္တီ၊ ချစ်ခင်ကြင်နာစွာ ခွင့်လွှတ်ခြင်းဟူသော မေတ္တာ၊ ကရုဏာတရားတို့နှင့် ပြည့်စုံကြသည်ဖြစ်၍ သည်းခံခွင့်လွှတ်ကြမည်သာဖြစ်သည်။

ရတနာသုံးပါးကို ရှိခိုးဦးတိုက်နေသည့်အခိုက်၌ "လျှပ်တစ်ပြက်တွင်၊ စိတ္တက္ခဏော၊ အပေါင်းရေ၊ ကုဋေတစ်သိန်း"ဟူသည့် စိတ်တို့၏ ဖြစ်မြဲသဘောအရ မဟာကုသိုလ်စိတ်တို့သည် ကုဋေသိန်းပေါင်း မြောက်မြားစွာ ဖြစ်ပေါ်သွားကြမည်။ ထိုမဟာကုသိုလ်(ဝါ) ကာမကုသိုလ်စိတ်တို့ ချုပ်ပျောက်သွားကြသည့်အခါ ရှိခိုးကန်တော့သူ၏

http://www.dhammadownload.com



စိတ်သန္တာန်၌ ကာမကုသိုလ်ကံတို့သည် ကုဋေသိန်းပေါင်းများစွာပင် ကျန်ရစ်ပေလိမ့်မည်။ ညောင်ပင်ကြီးတစ်ပင်သီးမှည့်ပြီးနောက် ညောင်စေ့များ သိန်းပေါင်းများစွာ ကျန်ရစ်သည်နှင့် ဆင်တူပါ၏။

ညောင်စေ့သေးသေးတစ်စေ့မှ မြေရေလေတို့၏ အထောက်အပံ့ကို ရလျှင် ညောင်ပင်တစ်ပင် ပေါက်လာနိုင်သကဲ့သို့ ကာမကုသိုလ်ကံ တစ်ခုစီသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့၏ အထောက်အပံ့ကိုရလျှင် ကာမသုဂတိဘုံ(လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်)တို့၌ ဘဝသစ်တစ်ခု ဖြစ်ပေါ်စေလိမ့်မည်။ သို့အတွက် ကာမကုသိုလ်ကံ ကုဋေသိန်းပေါင်း များစွာတို့သည် သုဂတိဘဝပေါင်း မြောက်မြားစွာနှင့် ကောင်းကျိုးချမ်းသာ အများအပြားကို ဖြစ်ပေါ်စေနိုင်ကြ၏။

ဤကောင်းကျိုးချမ်းသာများကို ကုသိုလ်ကံတို့က ဖြစ်ပေါ်စေနိုင်ကြသည့်အတွက် ကန်တော့ပြီးလျှင် ဆုတောင်းခြင်းကို ပြုကြသည်။ ဆုတောင်းခြင်းသည် ကုသိုလ်ကံတို့က မည်သို့ကောင်းကျိုးပေးပါဟု ဦးတည်ချက် ပေးလိုက်ခြင်းပင် ဖြစ်သည်။

ဆုတောင်းရာတွင်–

(၁) ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတည်းဟူသော အပါယ်လေးဘုံမှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏။

(၂) တုတ် ဓါး လက်နက်တို့ဖြင့် သတ္တဝါများ သေကြေပျက်စီးရခြင်းဟူသော သတ္ထန္တရကပ်၊ ပုလိပ်ရောဂါ ကာလဝမ်းရောဂါစသည့် ကပ်ရောဂါများနှိပ်စက်၍ သတ္တဝါများ သေကြေပျက်စီးရခြင်းဟူသော ရောဂန္တရကပ်၊ ငတ်မွတ်ခေါင်းပါး၍ သတ္တဝါများ သေကြေပျက်စီးရခြင်းဟူသော ဒုဗ္ဘိက္ခန္တရကပ်၊ ဤကပ်သုံးပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏။

http://www.dhammadownload.com



(၃) မင်္ဂဖိုလ်နိဗ္ဗာန်ရဖို့ရန် အခွင့်မရှိသောအရပ်ရှစ်မျိုးဟူသည့် ရပ်ပြစ်ရှစ်ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏။

(၄) ရေ မီး မင်း ခိုးသူ အမွေခံသားသမီးဆိုးတည်းဟူသည့် ရန်သူမျိုးငါးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏။

(၅) စစ်မက်ကာလကဲ့သို့ အခါကာလပျက်စီးနေသော ကာလဝိပတ္တိ၊ ခြေလက်အင်္ဂါစသည့် ပျက်စီးနေသော ဥပဓိဝိပတ္တိ၊ ဆိုးပြစ်ရမည့်အလုပ်ကို ပြုလုပ်အားထုတ်မိခြင်းဟူသည့် ပယောဂဝိပတ္တိ၊ အပါယ်လေးဘုံသို့ကျရောက်ခြင်းဟူသော ဂတိဝိပတ္တိ၊ ဤဝိပတ္တိတရားလေးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏။

(၆) ဆွေမျိုးပျက်စီးခြင်းဟူသော ဉာတိဗျသန၊ စည်းစိမ်ဥစ္စာပျက်စီးခြင်းဟူသော ဘောဂဗျသန၊ အနာရောဂါ ကပ်ရောက်ခြင်းဟူသည့် ရောဂဗျသန၊ ကိုယ်ကျင့်သီလပျက်စီးခြင်းဟူသော သီလဗျသန၊ အယူဖောက်ပြန်မှားယွင်းပျက်စီးခြင်းဟူသည့် ဒိဋ္ဌိဗျသန၊ ဤဗျသနတရားငါးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏။

(၇) မဂ်တရားလေးပါး၊ ဖိုလ်တရားလေးပါး၊ နိဗ္ဗာန်တရားတည်းဟူသော လောကုတ္တရာတရားကိုးပါးတို့ကို လျင်မြန်သောစွာ ရပါလို၏ဟု အမြွတ်ဆုံးဆုကို ဆုတောင်း၏။

ဆုပေးသောပုဂ္ဂိုလ်ရှိလျှင် အရှင်ပစ္စေကဗုဒ္ဓါတို့၏ ဆုညွှန်းဂါထာအတိုင်း–

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု"

"အလိုရှိအပ်၊ တောင့်တအပ်သော ဆုမြတ်အပေါင်းနှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေသတည်း"ဟု ဆုပေးအပ်၏။ကန်တော့သူတို့က "ပေးသည့်ဆုနှင့် ပြည့်စုံပါစေ"ဟု ဆိုအပ်ကြ၏။

http://www.dhammadownload.com



ညစ်ပေနေသောအဝတ်ကို ရေ၊ ဆပ်ပြာတို့ဖြင့် သုံးကြိမ်လျှော်ဖွတ်၍ စင်ကြယ်သွားသောအခါ ကြိုက်ရာဆိုးဆေးဖြင့် ဆေးဆိုးသော် ဆေးကောင်းစွာစွဲ၏။ ထိုနည်းအတူ ရတနာမြတ်သုံးပါးကို သုံးကြိမ်သုံးခါ ရှိခိုးကန်တော့သဖြင့် မိမိစိတ်သန္တာန်၌ အပြစ်ကင်းစင်သွားသည့်အခါ ဆုတောင်းပတ္တနာ ဆေးအမျိုးမျိုးနှင့် ထပ်ဆိုးနိုင်ပြီဖြစ်၏။ မိမိတောင်းဆုပန်လိုက်သော ပတ္တနာဆေးရောင်အမျိုးမျိုးသည် ကောင်းစွာ စွဲနေမည်ဖြစ်သည်။

ထို့နောက်တစ်ဖန် ဖြူစင်နေသော စိတ်သန္တာန်၌ သရဏဂုံနှင့် ငါးပါးသီလတို့ကို တင်ဆိုးလိုက်သည့်အခါ၌လည်း ကောင်းစွာစွဲမြဲနေမည်ဖြစ်သည်။

## (ဂ) သရဏဂုံနှင့်တကွ သီလကိုတောင်းခံခြင်း

အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊
အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ။
တတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## အဓိပ္ပါယ်

အရှင်ဘုရား...တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါး သီလ အကျင့်မြတ်ကို တောင်းခံပါ၏။ တပည့်တော်အား ချီးမြှောက် ခြင်းကိုပြု၍ ငါးပါးသီလကို ပေးသနားတော်မူပါဘုရား။

http://www.dhammadownload.com



အရှင်ဘုရား...တပည့်တော်သည် နှစ်ကြိမ်မြောက်လည်း သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလအကျင့်မြတ်ကို တောင်းခံပါ၏။ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသီလကို ပေးသနားတော်မူပါဘုရား။

အရှင်ဘုရား...တပည့်တော်သည် သုံးကြိမ်မြောက်လည်း သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသီလကို ပေးသနားတော်မူပါဘုရား။

ယင်းသို့ ရှိသေလေးမြတ်စွာ သရဏဂုံနှင့်သီလကို သုံးကြိမ်တောင်းဆိုပြီးသောအခါ သီလပေးသည့်အရှင်မြတ်က–

"ယ မဟံ ဝဒါမိ၊ တံဝဒေထ"

"ငါဆိုသောစကားကို လိုက်၍ဆိုကြလော့"ဟုဆို၏။

သီလတောင်းခံသူတို့က 'အာမဘန္တေ' "ကောင်းပါပြီအရှင်ဘုရား"ဟု ဆိုကြ၏။

## (ဃ) ဘုရားရှိခိုးခြင်း

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

သီလပေးသည့်အရှင်မြတ်က တစ်ခေါက်တိုင်ပေးလိုက်သည်ကို သီလခံယူသူများက သုံးခေါက်ဆိုကြ၏။

**အဓိပ္ပာယ်**

"ဘဂဝတော=ဘဂဝါဂုဏ်ရှင်ဖြစ်တော်မူထသော။ အရဟတော=အရဟံဂုဏ်ရှင် ဖြစ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓဿ=သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဖြစ်တော်မူထသော။ တဿ= ထိုမြတ်စွာဘုရားအား။ နမော=ရှိသေမြတ်နိုး အကျွန်ုပ် ရှိခိုးပါ၏"

http://www.dhammadownload.com



## တစ်နည်း

အရဟတော=ကိလေသာအပူခပ်သိမ်း ကင်းငြိမ်းစင်ဖြူ၍ နတ်လူ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ=သိစရာမှန်သမျှကို တစ်စမချန် မကြွင်းကျန်ဘဲ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုသိမြင်တော်မူထသော။ တဿဘဂဝတော=ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ ဘုန်းတန်ခိုးကျက်သရေ တင့်ဖြိုးလျှံဝေတော်မူထသော ထိုမြတ်စွာဘုရားကို။ မယံ=အကျွန်ုပ်တို့သည်။ နမော=ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါ၏ အရှင်ဘုရား။

ဤနမောတဿ ဘုရားရှိခိုးသည် မြတ်စွာဘုရား၏ ဂုဏ်တော်ကြီး သုံးပါးကို ချီးမွမ်းရှိခိုးခြင်းဖြစ်၏။ သိကြားမင်း၊ သဟမ္ပတိဗြဟ္မာမင်း၊ ဗိမ္ဗိသာရမင်း၊ ပသေနဒီကောသလမင်း၊ ဗြဟ္မာယုပုဏ္ဏား၊ ပေါက္ခရသာ–တိပုဏ္ဏားစသူတို့ အသုံးပြုခဲ့ကြသည်။

## ( င) သရဏဂုံကို ခံယူဆောက်တည်ခြင်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

### အဓိပ္ပာယ်

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

တရားတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

http://www.dhammadownload.com



သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

နှစ်ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

နှစ်ကြိမ်မြောက်လည်း သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

သုံးကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

သုံးကြိမ်မြောက်လည်း သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ပါ၏။

သီလပေးသော အရှင်မြတ်က "တိသရဏဂမနံ ပရိပုဏ္ဏံ" "သရဏဂုံခံယူခြင်းသည် ပြည့်စုံပြီ"ဟု မိန့်ဆို၏။

သီလခံယူသူတို့က "အာမဘန္တေ" "မှန်လှပါ အရှင်ဘုရား" ဟု ဆိုကြ၏။

**သရဏဂုံ ခံယူဆောက်တည်ခြင်းသည် အလွန်အကျိုးကြီးမား၏။** အကျိုးကြီးမားပုံကို ဤသို့နှိုင်းဆ၍ သိနိုင်၏။ သာသနာပ အခါ၌ ဘုရားအလောင်းတော် **ဝေလာမပုဏ္ဏားသည်** ဇမ္ဗူဒိပ် တစ်ကျွန်းလုံးရှိ လူအပေါင်းကို ဖိတ်ကြား၍ (၇)နှစ် (၇)လ (၇)ရက်တိုင်တိုင် အလှူကြီး ပေးလှူ၏။ သို့သော် ထိုအလှူကြီးသည် အလှူခံပုဂ္ဂိုလ်များဘက်က သရဏဂုံတည်သူ တစ်ဦးမျှပင် မပါရှိသဖြင့် သောတာပန်တစ်ဦးကို

http://www.dhammadownload.com



ထမင်းတစ်နပ် ကျွေးမွေးလှူဒါန်းသည်လောက် အကျိုးမကြီးချေ။

သောတာပန် ၁၀၀ကို ကျွေးမွေးလှူဒါန်းခြင်းထက်လည်း သကဒါဂါမ် တစ်ဦးကို တစ်နပ်ကျွေးမွေးလှူဒါန်းခြင်းက ပိုမြတ်၏။ သကဒါဂမ် ၁၀၀ ကို လှူဒါန်းရသည်ထက်လည်း အနာဂါမ်တစ်ဦးကို ပေးလှူခြင်းက မြတ်၏။ အနာဂါမ် ၁၀၀ လှူဒါန်းသည်ထက်လည်း ရဟန္တာတစ်ဆူကို ဆွမ်းတစ်နပ်ပေးလှူရခြင်းက ပိုမြတ်၏။ ရဟန္တာ ၁၀၀ကို ပေးလှူရခြင်းထက်လည်း ပစ္စေကဗုဒ္ဓါ တစ်ဆူကို ဆွမ်းလှူရခြင်းက ပိုမြတ်၏။ ပစ္စေကဗုဒ္ဓါ ၁၀၀ကို ပေးလှူရခြင်းထက်လည်း မြတ်စွာဘုရားတစ်ဆူကို ပေးလှူရခြင်းက ပိုမြတ်၏။ မြတ်စွာဘုရားကို လှူဒါန်းရသည်ထက် ဘုရားအမှူးပြုသော သံဃာကို လှူဒါန်းရခြင်းက ပိုမြတ်၏။

ဘုရားအမှူးပြုသော သံဃာတော်ကို ဆွမ်းလှူဒါန်းရခြင်းထက် စတုဒိသာ သံဃိကကျောင်း တစ်ဆောင် လှူဒါန်းရသည်က ပိုမြတ်၏။ စတုဒိသာ သံဃိက ကျောင်းလှူဒါန်းရခြင်းထက်လည်း သရဏဂုံ သီလကို ဆောက်တည်ရခြင်းက ပိုမြတ်၏။ သရဏဂုံသီလ ဆောက်တည်ခြင်းထက်လည်း သရဏဂုံနှင့်တကွ ငါးပါးသီလကို စောင့်ထိန်းခြင်းက ပို၍မြတ်၏။ (ဝေလာမသုတ်)

သို့ဖြစ်၍ အကျိုးကျေးဇူးကြီးမားရန် သီလမယူမီ သရဏဂုံကို ခံယူဆောက်တည်ခြင်းဖြစ်သည်။ သရဏဂုံ ဆောင်ထားသူသည် သေလွန်သည့်အခါ အပါယ်မလားချေ။

သီဟိုဠ်သာသနာတွင် **ဓမ္မိဋ္ဌအမျိုးသားသည်နှစ် ၅၀ မျှ** နေ့စဉ် ငါးများကို မျှား၏၊ ဇနီးဖြစ်သူက ရလာသောငါးသုံးပုံတစ်ပုံကို ဆန်နှင့်လဲ၏၊ နောက်သုံးပုံတစ်ပုံကို ထောပတ်နှင့်လဲ၏၊ ကျန်သုံးပုံ တစ်ပုံကို ဇနီးမောင်နှံတို့ ချက်စားကြ၏။ သေခါနီးချိန်တွင်

http://www.dhammadownload.com



ဆွမ်းခံကြွနေကျ တောင်ပေါ်ဦးပဥ္စင်းထံမှ သရဏဂုံကို ခံယူဆောက်တည်ရသည့်အတွက် သေလွန်သောအခါ အထက် စတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်ရ၏။ အပါယ်သို့ မကျရောက်အောင် သရဏဂုံကသိုလ်က ကယ်မပေးလိုက်၏။

သရဏဂုံကို လေးလေးမြတ်မြတ် ဆောက်တည်ရသူတို့သည် တမလွန်ဘဝ၌ နတ်၌ ဖြစ်လျှင်ဖြစ်စေ၊ လူ၌ ဖြစ်လျှင်ဖြစ်စေ အခြားနတ်လူတို့ထက်–

(၁) အာယု=အသက်ရှည်ခြင်း

(၂) ဝဏ္ဏ=အဆင်းလှခြင်း

(၃) သုခ=ချမ်းသာခြင်း

(၄) အခြွေအရံများခြင်း

(၅) အစိုးရနိုင်ခြင်း

(၆–၁၀)အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသော အာရုံငါးပါးကို ခံစားခြင်းတို့၌ သူတစ်ပါးတို့ထက် သာလွန်၏။

## သရဏဂုံ အကျိုးပြကဗျာ

သရဏဂုံ တကယ်မြဲရင်၊ အပါယ်ငရဲ ကြောက်ဖို့မလို။
နတ်ဖြစ်သော်လည်း တူနိုင်ရိုးလား၊ ဆယ်မျိုးဂုဏ်စ သူ့ထက်ပို။
ငါးဖြာအာရုံ လာမတုနှင့်၊အာယု ဝဏ္ဏ သုခဆို။
အာဏာပိုင်စိုး ခြွေရံတိုး၊ ဆယ်မျိုးဂုဏ်ကဲပို။
အဲဒါကြောင့် သရဏဂုံပန်း၊ အစဉ်လန်း၊ ဆင်မြန်းပန်စေလို။

## (စ) သီလသိက္ခာပုဒ်များကို ခံယူဆောက်တည်ခြင်း

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com



သူ့အသက်လဲ မသတ်ဘဲ အမြဲရှောင်ကြဉ်မည်။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သူ့ဥစ္စာလဲ မခိုးဘဲ အမြဲရှောင်ကြဉ်မည်။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ကာမဂုဏ်လဲ မမှားဘဲ အမြဲရှောင်ကြဉ်မည်။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
လိမ်ညာ၍လဲ မပြောဘဲ အမြဲရှောင်ကြဉ်မည်။
၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
သေအရက်လဲ မသောက်ဘဲ အမြဲရှောင်ကြဉ်မည်။
မူးယစ်ဆေးလဲ မသုံးစွဲ အမြဲရှောင်ကြဉ်မည်။

ထိုအခါ သီလပေးသူက "တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံသာဓု ကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ" ဟုဆို၏။

## အဓိပ္ပာယ်မှာ

"သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ တရားတော်မြတ်ကို ကောင်းစွာ ပြည့်စုံလုံခြုံအောင်ပြု၍ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါစေ" ဟု ဖြစ်၏။

သီလခံယူသူတို့က "အာမဘန္တေ" "ကောင်းပါပြီအရှင်ဘုရား" ဟု ဝန်ခံ ကတိပေးကြ၏။

## ပါဏာတိပါတအဖွင့်

လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ သတ္တဝါတစ်ဦးဦးကို သေစေလိုသော စေတနာဖြင့် ကိုယ်တိုင်သတ်လျှင်သော်လည်းကောင်း၊ သူတစ်ပါးကို စေခိုင်းပြီး သတ်စေလျှင် သော်လည်းကောင်း၊ ပါဏာတိပါတသိက္ခာ

http://www.dhammadownload.com



ပုဒ်ကို ကျူးလွန်ရာရောက်၏။

အောက်ပါ**အင်္ဂါ ၅-ပါး**နှင့်ပြည့်စုံလျှင် ပါဏာတိပါတ ကမ္မပထမြောက်သည်။

(၁) သတ္တဝါဖြစ်ခြင်း၊

(၂) သတ္တဝါဖြစ်သည်ဟုလည်း သိခြင်း၊

(၃) သေစေလိုသော စိတ်စေတနာရှိခြင်း၊

(၄) သေစေရန် ပြုလုပ်အားထုတ်ခြင်း၊

(၅) ထိုပြုလုပ်အားထုတ်မှုကြောင့် သတ္တဝါ သေခြင်း။

အထက်ပါအင်္ဂါတစ်ပါးပါး ချို့ယွင်းလျှင် ပါဏာတိပါတကံ မမြောက်ပါ။ ဥပမာ-လမ်းသွားရင်း ပုရွက်ဆိတ်၊ ပိုးကောင်ငယ် စသည်ကို မတော်တဆနင်းမိလျှင် ပါဏာတိပါတကံ မထိုက်ပါ။ ကံမမြောက်လျှင် အပါယ်ဘဝဖြစ်အောင် အကျိုးမပေးနိုင်ပါ၊ အပါယ် မချနိုင်ပါ၊ သို့သော် မကောင်းကျိုးများကို အထိုက်အလျောက် ပေးနိုင်ပါသည်။

သတ်ဖြတ်ရာ၌ သေစေလိုသော စေတနာထက်သန်လေလေ အပြစ်ကြီးလေလေဖြစ်၏။ လုံ့လအားထုတ်မှု များလေလေ အပြစ်ကြီးလေလေဖြစ်၏။ ထို့ကြောင့် အကောင်ကြီးသော တိရစ္ဆာန်များကို သတ်လျှင် အကောင်ငယ်သည့် တိရစ္ဆာန်များကို သတ်သည်ထက် ပို၍ အပြစ်ကြီး၏။ တိရစ္ဆာန်များကို သတ်သည်ထက် လူကိုသတ်ခြင်းက များစွာပို၍ အပြစ်ကြီး၏။ အသတ်ခံရသူ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်သိက္ခာ ကြီးလေလေ အပြစ်ပိုကြီးလေလေဖြစ်သည်။ မိမိအပေါ် အလွန် ကျေးဇူးကြီးမားကြသော မိဘတို့ကိုသတ်မိလျှင် ကံကြီးထိုက်၍ ငရဲသို့ မုချ ကျရောက်ရမည်ဖြစ်သည်။

http://www.dhammadownload.com



သတ္တဝါတို့ကို သတ်ခြင်း၏ အကျိုးရင်းအဖြစ် အပါယ်ဘုံဘဝသို့ ကျရောက်ရပြီးလျှင် အကျိုးဆက်အဖြစ် အောက်ပါမကောင်းကျိုးများကို ကြုံတွေ့ရမည်ဖြစ်၏ –

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊
အားအင်ချို့ယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊
အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊
ပြစ်များစွာသည်...ရှောင်ကအပြန် အကျိုးတည်း။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

**ဓမ္မဒိန္နာ ရဟန္တာထေရီ**သည် ပရိနိဗ္ဗာန်မစံခင် မိမိ၏ သံသရာဘဝခရီးကို ပြောကြားသွားရာ၌ တစ်ခုသောဘဝဝယ် ပုဏ္ဏေးမ ဖြစ်ခဲ့ရ၏။ ခင်ပွန်းလင် ပုဏ္ဏားနှင့် ညှော်သည်ကို ကျွေးမွေးရန်အတွက် အိမ်၌ မွေးထားသည့် ဆိတ်ကလေးကို လည်လှီးသတ်၍ ချက်ပြုတ်ပေးခဲ့၏။ ထိုအကုသိုလ်ကံကြောင့် သေလွန်သည့်အခါ ငရဲ၌ ကျက်ခံရ၏။ ငရဲမှ လွတ်သည့်အခါ မိမိသတ်ခဲ့သော ဆိတ်ကလေး၏ကိုယ်၌ရှိသည့် အမွေးအရေအတွက်အမျှ တိရစ္ဆာန်ဘဝများဖြစ်ရပြီး ထိုထိုဘဝတိုင်း၌ ငယ်ရွယ်စဉ်အခါ၌ပင် လည်လှီး၍ အသတ်ခံခဲ့ရ၏။

## အဒိန္နာဒါနအဖွင့်

ပိုင်ရှင်က မပေးသော သူတစ်ပါးပစ္စည်းဥစ္စာကို ကိုယ်တိုင်သော်လည်းကောင်း၊ သူတစ်ပါးကို စေခိုင်း၍ သော်လည်းကောင်း၊ ခိုးယူခြင်း၊ ဓါးပြတိုက်ယူခြင်း၊ လိမ်ညာလှည့်ပတ်ယူခြင်း၊ ကုန်သန်းရောင်းဝယ်ရာ၌ အလေးတင်းတောင်း ချိန်ခွင် စသည်ဖြင့် မမှန်မကန်ပြုလုပ်ခြင်း၊ ရောင်းကုန်တိုးအောင် ရေထိုးခြင်း စသည်ဖြင့် မရိုးမသား

http://www.dhammadowhload.com



မတရားယူခြင်းသည် အဒိန္နာဒါနမည်၏။

အဒိန္နာဒါန ကမ္မပထမြောက်ရန် အောက်ပါ**အင်္ဂါ ၅-ပါး** ပြည့်စုံရ၏။

(၁) သူတစ်ပါးဥစ္စာ ဖြစ်ခြင်း၊

(၂) သူတစ်ပါးဥစ္စာဖြစ်မှန်း သိခြင်း၊

(၃) ခိုးယူလိုသော စိတ်စေတနာရှိခြင်း၊

(၄) ခိုးယူရန် ကိုယ်နှုတ်လုံ့လ အားထုတ်ခြင်း၊

(၅) ခိုးယူခြင်း။

အထက်ပါအင်္ဂါတစ်ပါးပါး ချို့တဲ့လျှင် အဒိန္နာဒါနကံ မမြောက်ပါ။ ကမ္မပထမြောက်လျှင် သေလွန်သောအခါ အပါယ်ဘဝသို့ ကျရောက်ရ၏။ ကံမမြောက်သော် အပါယ်ချနိုင်သောသတ္တိမရှိ။ သို့သော် မကောင်းကျိုး များကိုကား ဖြစ်ပွားစေနိုင်၏။

ခိုးယူသောပစ္စည်း၏ တန်ဖိုးကြီးလေလေ အပြစ်ကြီးလေလေ ဖြစ်၏။ ထို့အပြင် ပစ္စည်းရှင်၏ သီလ-သမာဓိ-ပညာဂုဏ်ကြီးလေလေ အပြစ်ကြီးလေလေဖြစ်၏။ ခိုးယူမှု၌ စေတနာပြင်းထန်လျှင်သော်လည်းကောင်း၊ လုံ့လအားထုတ်မှု များလျှင်သော်လည်းကောင်း အပြစ်ကြီးလေးမည်ဖြစ်သည်။

**အင်္ဂုတ္တိုရ်ပါဠိတော်-ဒုစ္စရိတဝိပါကသုတ်**အရ ပိုင်ရှင်မပေးသော သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သော သူအားစည်းစိမ်ဥစ္စာပျက်စီးခြင်းကို ဖြစ်စေတတ်၏။

အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊

http://www.dhammadownload.com



ဘောဂပျက်စီး၊ ရေ–မီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်...ရှောင်ခါ အပြန် အကျိုးတည်း။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

**ရာဇဂြိုဟ်မြို့မှ အမျိုးသမီး လေးဦး**တို့သည် အရင်းအနှီးစုပေါင်း ဈေးဆိုင်ဖွင့်ပြီး အလေးချိန်ခွင် စဉ်းလဲခြင်း စသည့်နည်းများဖြင့် စီပွားရှာကြ၏။ အရွယ်ကောင်းတုန်းမှာပင် သေလွန်ကြရပြီး၊ ပြိတ္တာမများ ဖြစ်ကြ၏။ ညဥ့်အခါ မြို့တွင်းဝင်၍ ထမင်းစေ့ တံတွေး နှပ် စသည်ကို လိုက်ကောက်စားကြရာ လူ့ဘဝက နေထိုင်ခဲ့ကြသည့် အိမ်များသို့ ရောက်လာကြ၏။ မိမိတို့၏ ခင်ပွန်းများက ဇနီးသစ်များနှင့် ပျော်ပိုက်နေကြသည်ကို မြင်ကြသဖြင့် ရင်ပတ်စည်တီး၍ ငိုကြွေး ကြကုန်၏။

## ကာမေသုမိစ္ဆာစာရအဖွင့်

ကာမဂုဏ်ဟူသည်မှာ တဏှာလောဘ၏ အာရုံဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တို့ဖြစ်ကြ၏။ ဤကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်သည်ဆိုရာမှာ အထူးသဖြင့် သူတစ်ပါး၏ သားမယားကို ပြစ်မှားခြင်းဖြစ်၏။ သေရည်အရက် မူးယစ်ဆေးဝါး တို့ကို သောက်သုံးခြင်းလည်း ပါဝင်၏။

ယောကျ်ားတို့ မသွားလာအပ်သောမိန်းမ(၂၀) ရှိ၏။ မိခင် အုပ်ထိန်းသောမိန်းမ၊ ဖခင်အုပ်ထိန်းသောမိန်းမ၊ မိဘအုပ်ထိန်း သောမိန်းမ၊ မောင်ကြီးမောင်ငယ်အုပ်ထိန်းသောမိန်းမ၊ အစ်မညီမအုပ် ထိန်းသောမိန်းမ၊ ဆွေမျိုးအုပ်ထိန်းသောမိန်းမ၊ ပြောဆိုကြောင်းလမ်း

http://www.dhammadownload.com



ပြီးသောမိန်းမ၊ လင်ယောကျ်ားရှိသောမိန်းမ စသည်တို့တည်း။

အုပ်ထိန်းခြင်းမကင်းသော အမျိုးသမီးတစ်ဦးဦးနှင့် ဖောက်ပြန်လွန်ကျူးမိလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်၏။ လင်ယောကျ်ားရှိသောအမျိုးသမီးက အခြားယောကျ်ားတစ်ဦးဦးနှင့် မေထုန်လွန်ကျူးမိလျှင်လည်း ကာမေသုမိစ္ဆာစာရကံ ထိုက်၏။

ကာမေသုမိစ္ဆာစာရကံမြောက်ရန်အတွက် အောက်ပါအင်္ဂါ ၄ပါး ပြည့်စုံရ၏။

(၁) မသွားလာအပ်သောမိန်းမဖြစ်ခြင်း၊
(၂) ကာမဂုဏ်မှီဝဲလိုစိတ်ရှိခြင်း၊
(၃) မှီဝဲရန် လုံ့လပြုခြင်း၊
(၄) သာယာခြင်း တို့တည်း။

သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ မေထုန်လွန်ကျူးလျှင် အပြစ်ရှိ၏။ သဘောမတူသဖြင့် အနိုင်အထက်လွန်ကျူးသော်အပြစ်ပိုကြီး၏။ သီလမရှိသူ၌ လွန်ကျူးလျှင် အပြစ်ငယ်၏၊ သီလရှိသူ၌ လွန်ကျူးလျှင် အပြစ်ကြီး၏။ သာဓကပြရသော်– **နန္ဒလုလင်**သည် ရဟန္တာထေရီဖြစ်သည့် **ဥပ္ပလဝဏ်**ကို လွန်ကျူးမိသဖြင့် ချက်ချင်းပင် အဝီစိငရဲသို့ကျရောက်သွား၏။

**အင်္ဂုတ္တိုရ်ပါဠိတော်–ဒုစ္စရိတဝိပါကသုတ်** အရ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ဖြစ်စေတတ်၏။ သူ့သားမယားဟူသော ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောသူအား ရန်သူပေါများစေတတ်၏။

http://www.dhammadownload.com



မိတ္တာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွားရှ်၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိပဏ္ဍုတ်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်....ရောင်ခါအပြန် အကျိုးတည်း။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

ကဿပမြတ်စွာဘုရားလက်ထက်က **သူဌေးသား လေးဦး** တို့သည် သူတစ်ပါး သားမယားတို့ကို အကြိမ်ကြိမ်ပြစ်မှား လွန်ကျူးမိသည့်အတွက် သေလွန်သည့်အခါ အဝီစိသို့ ကျရောက်ကြ၏။ အဝီစိမှ လွတ်လာသည့်အခါ လောဟကုမ္ဘီငရဲ၌ ဖြစ်ကြရ၏။ စောက်အနက် ယူဇနာ(၆၀)ရှိသော သံရည်ပူအိုးထဲ၌ ကျက်ခံနေကြရရာ နှစ် ၃၀၀၀၀–ကြာမှ တစ်ခါတစ်ခါ ပေါ်တက်လာကြ၏။ ထိုအခါ သံဝေဂစကားကို ဟစ်အော်ပြောဆိုကြရာ **"ဒု–သ–န–သော"** တစ်လုံးစီသာ အော်ပြောနိုင်ပြီး သံရည်ပူထဲသို့ ပြန်မြုပ်ဆင်းသွားကြရကုန်၏။

**အရှင်အာနန္ဒာအလောင်း**သည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းပြီးသည့်နောက် ကျွတ်တမ်းဝင်တော့မည့် ဤဘဒ္ဒကမ္ဘာတွင် တစ်ခုသောဘဝဝယ် ရွှေပန်းထိမ်သားဖြစ်၏။ ထိုဘဝ၌ လူလေလူလယ်တို့နှင့် ပေါင်းမိ၍ ကာမေသုမိစ္ဆာစာရအမှုကို ပြု၏။ ထိုမကောင်းမှုကံကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာ အကျက်ခံရ၏။ ထိုငရဲမှလွတ်သည့်အခါ ဆိတ်ထီးဖြစ်ရာ သင်းကွပ်ခံရပြီး လှည်းဆွဲရ၏၊ ထိုမှတစ်ဖန် မျောက်ဖြစ်၍ ဝှေးစေ့ကိုကိုက်ဖောက်ခံရ၏၊ ထို့နောက် နွားထီးဖြစ်၍ သင်းကွပ်ခံရပြီး လှည်းဆွဲရပြန်၏၊

http://www.dhammadownload.com



ထို့နောက် လူဖြစ်သော်လည်း ယောကျ်ားမဟုတ် မိန်းမမဟုတ် ပဏ္ဍုတ်ဖြစ်ရ၏၊ ထို့နောက်၌ ကုသိုလ်ကံများ အကျိုးပေးခွင့်ရ၍ နတ်ပြည်၌ နတ်သမီး ၅–ဘ၀ဆက်ဖြစ်ရ၏၊ ထို့နောက်တစ်ဖန် လူ့ပြည်၌ ရစာမင်းသမီးဖြစ်ရ၏၊ ထို့နောက်တွင်မှ နတ်သားဘ၀ ဖြစ်ရ၏။

## မုသာဝါဒအဖွင့်

မဟုတ်မမှန်သောအကြောင်းအရာကို နှုတ်ဖြင့် ပြောဆို၍ ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ၊ ကိုယ်အမူအရာပြုလုပ်၍ဖြစ်စေ သူတစ်ပါးအထင်မှား အသိမှားအောင် လိမ်ညာမှုဟူသမျှသည် မုသာဝါဒဖြစ်၏။

**မုသာဝါဒကံမြောက်စေသော အင်္ဂါ(၅)ပါးမှာ**

(၁) မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခြင်း၊

(၂) လိမ်ညာလိုသော စိတ်စေတနာရှိခြင်း၊

(၃) လိမ်ညာ၍ပြောဆိုခြင်း၊

(၄) လိမ်ညာသည့်အဓိပ္ပာယ်ကို သူတစ်ပါးတို့သိရှိခြင်း၊

(၅)လိမ်ညာခံရသည့်သူ၌ အကျိုးနစ်နာ ဆုတ်ယုတ်ခြင်း တို့ဖြစ်သည်။

သူတစ်ပါး၏အကျိုး ပို၍ပျက်စီးလေလေ အပြစ်ပိုကြီး လေလေဖြစ်၏။ သူတစ်ပါး၏အကျိုးကို မထိခိုက်စေဘဲ မိမိအပြစ် လွတ်အောင် လိမ်ရသော မုသားမျိုး၊ ကိုယ့်ပစ္စည်း မပေးလို၍ လိမ်လည်သောမုသားမျိုး၊ သူတစ်ပါး ရယ်မောစေလို၍ ပျက်လုံး ထုတ်သည့်မုသားမျိုး၊ သူတစ်ပါး၏အကျိုးကိုရှေးရှု၍ လိမ်ညာပြောဆို

http://www.dhammadownload.com



ခြင်းမျိုးမှာ ပြောပလောက်အောင် အပြစ်မကြီးပါ။ သို့သော် စောင့်ထိန်းထားသော မုသာဝါဒသိက္ခာပုဒ်မှာ ပျက်စီးသွားစေနိုင်၏။

ဘုရားလောင်းသူတော်ကောင်းများသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ကျင့်နေရသော ဘဝပေါင်းများစွာ၌ မဟုတ်မမှန်သည့် မုသားစကားကို ပြောဆိုရိုး မရှိကြချေ။

"သစ္စာတရားတစ်ခုကိုလွန်၍ မုသားစကားကို ဆိုလေ့ရှိသော နောင်ဘဝအတွက် ဆင်ခြင်စဉ်းစားခြင်း အလျင်းမရှိသောသူအား မပြုနိုင်မည့် မကောင်းမှု အကုသိုလ်မည်သည်မရှိ။"

(ဓမ္မပဒဂါထာ-၁၈၃)

**"ဖြောင့်–စားမကုန်၊ ကောက်–စားမလောက်"** ဆိုရိုးစကားအရ ရိုးသားဖြောင့်မတ်သူသည် သူတစ်ပါးတို့၏ ယုံကြည်လေးစားမှုကိုခံရပြီး အလုပ်အကိုင် အောင်မြင်မည်ဖြစ်သည်။

Honesty is the best policy.

ရိုးသားခြင်းသည် အကောင်းဆုံးမူဝါဒဖြစ်သည်။

မှန်ကန်သောစကားကို သစ္စာဟုခေါ်၍ သစ္စာသည် အစွမ်းထက်၏။ "ကတိသစ္စာ၊ တည်သောခါ၌၊ ဩဇာလေးနက်၊ ပေါ်ဆိတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"ဟု စာဆိုရှိ၏။ ထို့ကြောင့် မှန်ကန်သောစကားကိုသာ အမြဲဆိုသင့်၏။

ကုန်းချောသောစကား၊ ဆဲရေးတိုင်းထွာသည့်စကား၊ သိမ်ဖျင်းသောစကားများသည်လည်း မုသာဝါဒတွင် အကျုံးဝင်ကြ၏။ ထို့ကြောင့် ဤစကားများကိုလည်း ရှောင်ကြဉ်ကြရမည်။

http://www.dhammadownload.com



**အင်္ဂုတ္တိုရ်ပါဠိတော်–ဒုစရိတဝဂ်ပါဠိကသုတ်၌** မဟုတ်မမှန် စကားကိုပြောခြင်းသည် ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ မဟုတ်မမှန်သော စကားကိုပြောခြင်း၏ အပေါ့ဆုံးအပြစ်သည် လူဖြစ်သောသူအား မဟုတ်မမှန်သည့်စကားဖြင့် စွပ်စွဲခံရစေတတ်၏။

ကုန်းတိုက်စကားကိုပြောခြင်း၊ ကြမ်းတမ်းသော စကားကိုပြောဆိုခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းတို့သည်လည်း ငရဲ၌ဖြစ်စေတတ်ကြ၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်ကြ၏၊ ပြိတ္တာဘုံ၌ဖြစ်စေတတ်ကြ၏။ ကုန်းတိုက်စကားပြောကြားခြင်း၏ အပေါ့ဆုံး အကျိုးသည် လူ့ဘဝရသည့်အခါ အဆွေခင်ပွန်းတို့နှင့် ကွဲပြားစေတတ်၏။ ကြမ်းတမ်းသောစကားကိုပြောဆိုခြင်း၏ အပေါ့ဆုံး အကျိုးသည် လူဖြစ်သည့်အခါ မနှစ်သက်ဖွယ်သော အသံကို ဖြစ်စေတတ်၏။ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း၏ အပေါ့ဆုံး အကျိုးသည် လူဖြစ်သည့်အခါ သူတစ်ပါးတို့ မနာယူအပ်သော စကားရှိသည်ကို ဖြစ်စေတတ်၏။

> မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည်း၊
> ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်း
> ဖောက်၏၊ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်
> လော်လည်၊ စိတ်မတည်သည်....ရှောင်ကြဉ်အပြန် အကျိုး
> တည်း။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

http://www.dhammadownload.com



# သစ္စာဖောက်တို့၏သွားရာလမ်း

**မဟာပဒုမဇာတ်**၌ မဟာပဒုမမင်းသားသည် ဗာရာဏသီပြည်ကြီး၏ အိမ်ရှေ့မင်းသားဖြစ်၏။ အိမ်ရှေ့မင်း၏မယ်တော် နတ်ရွာစံသွားသဖြင့် အိမ်ရှေ့မင်း၏ခမည်းတော် ဗြဟ္မဒတ်မင်းသည် မင်းသမီးငယ်တစ်ပါးကို မိဖုရားကြီးအဖြစ် တင်မြှောက်၏။

တစ်နေ့တွင် တိုင်းပြည်၏နယ်စွန်ရပ်ဖျား၌ သူပုန်ထသဖြင့် မင်းကြီးကိုယ်တိုင်ထွက်၍ နှိမ်နင်း၏။ သူပုန်ရန်ကိုအောင်မြင်သောအခါ မင်းကြီးသည် နေပြည်တော်သို့ပြန်လာပြီး မြို့ပြင်၌စစ်တပ်ချ၍ ယာယီစံမြန်းတော်မူ၏။

ထိုသတင်းကိုကြားသိရသည့်အခါ မဟာပဒုမမင်းသားသည် မြို့တော်ကို လှပစွာ တန်ဆာဆင်စေ၏။ မယ်တော်အရာ၌တည်သော မိဖုရားကြီးထံသို့လည်း သတင်းပို့ရန် နန်းတွင်းဆောင်သို့ဝင်သွား၏။

မိဖုရားကြီးသည် နပျိုခန့်ညား၍ ကျက်သရေရှိလှသော မင်းသားကို နှစ်ကိုယ်ချင်း မြင်ရသည့်အခါ ကာမဂုဏ်စိတ် ယိုဖိတ်သဖြင့် မင်းသားအားမိမိနှင့်ပျော်ပါးရန် အမျိုးမျိုးမြှူဆွယ်၏။ ချော့မြှူ၍ မအောင်မြင်သောအခါ ပွင့်ပွင့်လင်းလင်း စကားဆို၍ ဖိတ်ခေါ်၏။ သို့သော်မင်းသားသည် ခမည်းတော်အား သစ္စာမဖောက်လို၊ အတင်းငြင်းဆို၍ မိဖုရားထံမှ ထွက်ခွာခဲ့၏။

မိဖုရားကြီးသည် အလွန်မကျေမနပ်ဖြစ်ပြီး စိတ်ဆိုး၏၊ ရှက်လည်းရှက်၏၊ မင်းသား သေကြေပျက်စီးရန်ကြံစည်၏။ သို့အတွက် မင်းကြီးနန်းတော်တွင်းသို့ ဝင်ရောက်လာသည့်အခါ ကြိုဆိုခြင်း မပြု၊ နန်းတွင်းဆောင်သို့ဝင်လာသည့်အခါမှ မင်းကြီး ခြေတော်အစုံကို သိုင်းဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

http://www.dhammadownload.com



ဘုရင်မင်းမြတ်က ငိုရသည့်အကြောင်းကိုမေးမြန်းသောအခါ အိမ်ရှေ့မင်းသားသည် သူမအား အဓမ္မပြုရန် ကြံစည်ကြောင်း၊ မင်းသား အလိုသို့ မလိုက်ပါခဲ့သဖြင့် ရိုက်ပုတ်ထုထောင်း ကန်ကျောက် ခံရကြောင်းတို့ကို သနားစဖွယ် ပြောကြားလေ၏။

ဤမမှန်သောစကားကို မင်းကြီး ယုံရလေအောင် သူ့အင်္ကျီများကိုလည်း ဆုတ်ဖြဲထား၏၊ သူ့လက်မောင်းသားများကိုလည်း ကုတ်ခြစ်ထား၏၊ ဗျာပါလှိုက်ဆူ၊ သည်းအူပြတ်မျှ၊ ငိုကြီးချက်မနှင့် တရှိုက်ငင်ငင် သံတော်ဦး တင်၏။

"မယားထိ ဓားကြည့်" ဆိုစကားအရ မင်းကြီးသည် ဒေါသမီး ထလောင်ကာ ဆင်ခြင်တုံတရားကင်းမဲ့၍ စုံစမ်းမေးမြန်းခြင်းမပြုတော့ဘဲ "အိမ်ရှေ့မင်းသားကိုဖမ်းကြ၊ ကမ်းပါးပြတ်ကနေ ဦးခေါင်းဇောက်ထိုး ပစ်ချကြ"ဟု တစ်ချက်လွှတ်အမိန့်ကို မင်းချင်းတို့အား ပေးလိုက်လေ၏။

တိုင်းသူပြည်သားတို့က အိမ်ရှေ့မင်းသားကို ချစ်ခင်ကြသဖြင့် မင်းသားကိုမသတ်ရန် ခယ,တောင်းပန်ကြ၏။ မင်းတို့၏စကားသည် "ထွက်ပြီးဆင်စွယ် ဝင်တယ်လို့မရှိ"ဆိုသည့်အတိုင်း တစ်ဖန် ပြောင်းလဲခြင်း မရှိ။ ဗြဟ္မဒတ်မင်း ဒေဝဒတ်လောင်းက ဘုရားလောင်းကို အပိုင်ထိုးသတ်သည့် ပွဲအလှည့်ပေတည်း။

သို့သော် ဘုရားလောင်းမင်းသားက တုန်လှုပ်ချောက်ချားခြင်း မရှိ၊ မိမိစောင့်ထိန်းထားသော သီလနှင့် သစ္စာတို့က မိမိအား ကောင်းရာသုဂတိသို့ ပို့ဆောင်မည်ကို ယုံကြည်၏။ ထို့ကြောင့် သီလမြေပေါ်တွင် ရပ်တည်လျက်သစ္စာပြု၏။

"အကျွန်ုပ်သည် သီလကို ဖြူစင်စွာ စောင့်ထိန်းခဲ့၏၊

http://www.dhammadownload.com



ခမည်းတော်အပေါ်၌လည်း သစ္စာစောင့်ထိန်းခဲ့၏၊ မိဖုရားကြီးကို ပြစ်မှားလိုသောစိတ် အလျှင်းမရှိခဲ့ပါ၊ ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်အပေါ်သို့ကျရောက်လတ္တံ့သော ဘေးအန္တရာယ် အသွယ်သွယ် တို့သည် ပပျောက်ကြပါစေသတည်း။"

တောစောင့်နတ် တောင်စောင့်နတ်တို့အားလည်း မေတ္တာပို့သ၏။ ထိုအခါ တောတောင်စောင့်နတ်တို့ကမနေနိုင်ကြ။ မင်းချင်းတို့က မင်းသားကို လက်ပြန်ကြိုးတုတ်နှောင်၍ ကမ်းပါးပြတ်ပေါ်မှ ဇောက်ထိုးပစ်ချလိုက်ကြသည့်အခါ တောင်စောင့်နတ်သည် မင်းသားကိုပွေ့ချီယူပြီး တောင်ခြေရင်း၌ ချထားပေး၏။ မင်းသားသည် ဟိမဝန္တာတောသို့ဝင်၍ ရသေ့ရဟန်းပြုကာ သမထဘာဝနာ ပွားများအားထုတ်၏။ မကြာမြင့်မီတွင် ဈာန်အဘိညာဉ်နှင့် မွေ့လျော်ပျော်ပိုက်နိုင်လေတော့၏။

တစ်နေ့သ၌ မုဆိုးတစ်ယောက်သည် ဟိမဝန္တာတောထဲရှိ မဟာပဒုမမင်းသား၏ ကျောင်းသင်္ခမ်းဇလေးသို့ ရောက်လာ၏၊ ရသေ့ပျိုကို ဝင်ရောက်ဖူးမြော်ပြီး စကားပြောဆိုခွင့် ရလိုက်၏။

မုဆိုးသည် မဟာပဒုမမင်းသားဖြစ်မှန်းကို သိရှိလိုက်သဖြင့် ဗာရာဏသီပြည်သို့ပြန်ရောက်သည့်အခါ ဗြဟ္မဒတ်မင်းကြီးအား မင်းသားရသေ့နှင့်ဆုံတွေ့ခဲ့ရကြောင်းကို လျှောက်ထားလေ၏။

မင်းကြီးသည် သားတော်အပေါ် အမျက်ပြေနေပြီဖြစ်၍ သားတော်အား လွမ်းဆွတ်သတိရကာ သားတော်အား မြင်တွေ့ချင်လာ၏။ သို့အတွက် စစ်တပ်ဖွဲ့ကာ ဟိမဝန္တာတောသို့ဝင်၏။ အသားအရေ စိုပြေဝင်းဝါလျက် ကျက်သရေ ဏ္ဍေရှိလှသည့် သားတော်ကို မြင်တွေ့ရလျှင် "အဘယ် အစားအစာကို မှီဝဲရသဖြင့်

http://www.dhammadownload.com



စိုပြေလန်းဆန်းနေရပါသလဲ”ဟု မေး၏။

“သစ်သီးများကိုမှီဝဲ၍ စမ်းရေမျှဖြင့် မျှတပါတယ်၊ အတိတ်အကြောင်းကိုလည်းမပြန်၊ အနာဂတ်အရေးကိုလည်း မမျှော်တွေးဘဲ ပစ္စုပ္ပန်တည့်တည့်၌သာ အာရုံစူးစိုက်၍ ဈာန်သမာပတ်နှင့် မွေ့လျော်နေပါတယ်။ စိုးရိမ်ပူပန်သောကမရှိသည့်အတွက် အသားအရေ စိုပြေလန်းဆန်းခြင်း ဖြစ်ပါတယ်”ဟု သားတော်ရသေ့ကဖြေကြား၏။

“သားတော်အား သူခိုးတို့ကို ပစ်ချရာ တောင်ကမ်းပါးပြတ်ထက်မှ ဦးခေါင်းဇောက်ထိုး ပစ်ချလိုက်ပါလျက် အဘယ်ကြောင့် အသက်မသေသလဲ”ဟု မင်းကြီးက မေးမြန်း၏။ တောင်စောင့်နတ်ကယ်မ,သဖြင့် မသေကြောင်း သားတော်ရသေ့က ဖြေကြား၏။

ဗြဟ္မဒတ်မင်းကြီးသည် သားတော်အား ဝန်ချတောင်းပန်ပြီးနောက် နေပြည်တော်သို့ပြန်၍မင်းပြုရန် တောင်းပန်တိုက်တွန်း၏။ ရသေ့ပျိုက ငြင်းဆို၏။ ဈာန်ချမ်းသာသည် ကာမဂုဏ်ချမ်းသာ, မင်းချမ်းသာထက် သာလွန်မွန်မြတ်သည် မဟုတ်ပါလား။ ခမည်းတော်မင်းကြီးအား ဒေါသအလိုသို့လိုက်၍ အလျင်စလို မဆုံးဖြတ်ရန်၊ သစ္စာစောင့်သိရန်၊ မင်းကျင့်တရားနှင့်အညီ မင်းပြုရန်တို့ကို မှာကြားလိုက်၏။

ဗြဟ္မဒတ်မင်းကြီးသည် အပြန်လမ်းခရီး၌ “အဘယ်အကြောင်းကြောင့် ဂုဏ်ကျေးဇူးအထူးရှိသည့် သားတော်နှင့် ကွေကွင်းရသနည်း”ဟု မှူးမတ်တို့အား မေးမြန်း၏။

“မိဖုရားခေါင်ကြောင့် ကွေကွင်းရသည်”ဟု ဖြေကြားကြ၏။ မင်းကြီး သဘောပေါက်လေပြီ။ တစ်ဦးတည်းဖြစ်သော ရင်သွေးရင်နှစ်ကို တောင်ကမ်းပါးပြတ်မှ ရက်ရက်စက်စက် ဇောက်ထိုးပစ်ချ

http://www.dhammadownload.com



ရအောင် သွေးဆောင်လှည့်ပတ်ခဲ့သည့် မိဖုရားခေါင်အပေါ် အမျက်ူးရှလာ၏။

"ငါ့ကျေးဇူးသစ္စာကိုမျှ မစောင့်၊ ငါ၏တစ်ဦးတည်းသောရင်သွေးရင်နှစ်ကိုပင် သေအောင်ကြံဆောင်ရက်လေသည်။ သစ္စာဖောက် မိန်းမယုတ်ကို မိဖုရားဆက်လုပ်၍ အဘယ်အကျိုးရှိအံ့နည်း"

နေပြည်တော်သို့ပြန်ရောက်လေလျှင် မင်းချင်းတို့အားမိဖုရားခေါင်ကို ဖမ်းဆီးစေလျက် ခိုးသူများကိုပစ်ချရာ တောင်ကမ်းပါးပြတ်မှ ခေါင်းဇောက်ထိုး ပစ်ချခိုင်းလေ၏။

မှသားဆိုသူကို မည်သည့်နတ်ကမျှ မကူညီ၊ မစောင့်မ,ချေ။ "ကိုယ့်စေတနာ ကိုယ့်ထံပြန်ပြီး အကျိုးပေးသည်"ဟူသော စကားအတိုင်း မိမိအကွက်ဆင်ခဲ့သည့် နည်းလမ်းဖြင့်ပင် မရှုမလှသေပွဲဝင်ရလေတော့၏။

(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ နှာ-၅၈၈-၆၀၇)

## သံသရာတစ်ကွေ့ဝယ်

မဟာပဒုမမင်းသားက ဂေါတမမြတ်စွာဘုရား ဖြစ်လာသောအချိန်၌ မတော်မတရား စွပ်စွဲခဲ့သည့် ဗြဟ္မဒတ်မင်း၏ မိဖုရားခေါင်သည် **စိဉ္စမာနဝိကာ** ဖြစ်လာ၏။ သံသရာတစ်ကွေ့တွင် ပြန်လည်ဆုံတွေ့ရခြင်းဖြစ်၏။ သံသရာမည်မျှပင် ရှည်ကြာပါသော်လည်း ရန်ငြိုးသိုထားသူ၏ စိတ်အစဉ်တွင် ရန်ငြိုးမျိုးစေ့သတ္တိသည် ကိန်းအောင်းပါရှိလာသည်သာဖြစ်၏။

စိဉ္စမာနဝိကာသည် ရှေးရှေးဘဝကသိုလ်ကံ၏ အရှိန်အဝါကြောင့် နတ်သမီးတမျှ လှပချောမောပါသော်လည်း သစ္စာလမ်းစဉ်ကို

http://www.dhammadownload.com



သွေ့ဖည်ခဲ့သူတစ်ဦးဖြစ်သည်နှင့်အညီ ဗုဒ္ဓတရားတော်တွင် မသက်ဝင် မယုံကြည်ဘဲ မြတ်စွာဘုရား၏ ဘုန်းကျက်သရေကို ညှိုးနွမ်းစေမည့် တိတ္ထိတို့၏ အကြံအစည်တွင် ရောရောရှရှ ပါဝင်မိလေ၏။

စိဉ္စမာနပရိဗိုဇ်မသည် ကိုယ်ဝန်အရင့်အမာရှိလေဟန် ဘဲဥ ထက်ခြမ်းပုံ သစ်သားတုံးကို ရင်၌ဖွဲ့ချည်ပြီးလျှင် နီမြန်းသော အဝတ်ကိုဝတ်ရုံ၏။ ခြေဖမိုး၊ လက်ဖမိုးတို့ကို သားဖွားခါနီးမိန်းမ၏ ခြေလက်ကဲ့သို့ ရောင်ရမ်းနေအောင် နွားရိုးဖြင့် ထုနှက်ထား၏။ မျက်စိမျက်နှာကိုလည်း ပင်ပန်းနွမ်းနယ်နေသည့် အမျိုးသမီးအသွင် ဟန်ပြင်ထား၏။

မြတ်စွာဘုရားသည် ညနေချမ်းအခါဝယ် ဇေတဝန် ကျောင်းတော်၌ လူပရိတ်သတ်တို့အား တရားဟောနေကျအတိုင်း တရားဟောနေတော်မူ၏။ စိဉ္စမာနဝိကာသည် ပရိသတ်ရှေ့မှောက် သို့ဝင်ရောက်လာပြီးသော် ဘုရားရှင်၏ရှေ့တည့်တည့်၌ ရပ်လိုက်၏။ လက်ဝဲလက်ကိုခါး၌ထောက်၍ လက်ယာလက်ညှိုးဖြင့် ဘုရားရှင်ကို ငေါက်ငေါက်ထိုးကာ…

"ရဟန်းကြီး….သင်သည် လူအပေါင်းတို့အား တရားဟော ကာဖြင့် အချိန်ကုန်စေဘိ၏။ ကျွန်တော်မမှာ သင်ရဟန်းကြီးကိုစွဲ၍ ကိုယ်ဝန်ရရှိကာ ယခုအခါ ရင့်ကျက်သော ကိုယ်ဝန်ရှိသူဖြစ်ရလေပြီ။ သင်ရဟန်းကြီးကား ကျွန်တော်မအတွက်တာ သားဖွားရန် အိမ်ကို လည်းမစဉ်းစား၊ ထောပတ်ဆီ စသည်များကိုလည်း မရှာဖွေဘဲ နေအားဘိ၏။

"ထိုကိစ္စများကို ကိုယ်တိုင် မလုပ်လိုလျှင်လည်း မိမိ၏ အလုပ်အကျွေး ဒါယကာ၊ ဒါယိကာမများအနက်မှ ကောသလ

http://www.dhammadownload.com



မင်းကိုဖြစ်စေ၊ အနာထပိဏ်သူဌေးကိုဖြစ်စေ၊ ဝိသာခါကျောင်းအမကိုဖြစ်စေ တစ်ဦးဦးကို ပြောဆိုအပ်နှင်းသင့်၏။ ထိုသို့လည်း မပြောကြားခဲ့။ သင်ရဟန်းကြီးကား မွေ့လျော်ပျော်ပါးဖို့ကိုသာ စိတ်ဝင်စား၍ ကိုယ်ဝန်သားကို စောင့်ရှောက်ရန်အတွက်ကိုကား မစဉ်းစားလေယောင်တကား"

စိဉ္စမာနဝိကာ၏ အချက်ပိုင်ပိုင် သရုပ်ပါပါ ဆွဲကိုင်စွပ်စွဲမှုသည် ပရိသတ်အပေါင်းအား အံ့အားသင့်စေပြီးလျှင် ကြောင်အမ်းငေးငိုင်သွားစေ၏။ အမြင့်မြတ်ဆုံးသော သစ္စာရှင်ကို မုသားစကားဖြင့် ယိမ်းယိုင်ပြိုလဲအောင် ထိုးနှက်လိုက်လေပြီ။

ဘုရားရှင်သည် ဟောလက်စ တရားကို ခေတ္တရပ်နား၍ တည်ကြည်အေးဆေးစွာ ခွန်းတုန့်ပြန်လိုက်ပါ၏—

"နှမစိဉ္စမာန....သင် ယခုပြောဆိုသောစကား၏ မှန်သည့်အဖြစ်၊ မမှန်သည့်အဖြစ်ကို သင်နှင့်ငါတို့သာ သိကြကုန်၏"

စိဉ္စမာနက အလျှော့မပေး၊ တစ်ဆင့်ကဲ၍ စွပ်စွဲလိုက်ပြန်၏—

"ဟုတ်ပေသည် ရဟန်းကြီး...သင်နှင့်ငါတို့ နှစ်ဦးသာ သိကြသောကြောင့်ပင် ယခုလို ကိုယ်ဝန်ရင့်မာမှုဖြစ်ရလေသည်"

ဉာဏ်ပညာ နည်းပါးကြသော ပရိသတ်အချို့က စိဉ္စမာန ပြောဆိုသည့်အတိုင်း ဟုတ်မှန်လေသလားဟု သံသယ ဝင်လာကြ၏။ ထိုအခါ သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူနွေးတင်းမာလာ၏။ သိကြားမင်းဆင်ခြင်လိုက်သည့်အခါ အကြောင်းမှန်ကို သိမြင်သဖြင့် နတ်သားလေးဦးကို စေလွှတ်လိုက်၏။

ထိုနတ်သားလေးဦးသည် ကြွက်ငယ်များအဖြစ် အယောင်ဆောင်ကြပြီးသော် စိဉ္စမာန ဖွဲ့ချည်ထားသည့်ကြိုးများကို တစ်ပြိုင်နက်

http://www.dhammadownload.com



တည်း ကိုက်ဖြတ်ကြကုန်၏။ သစ်သားခြမ်းကြီး ပြုတ်ကျသွားလေရာ စိဥ္စမာန၏ ခြေဖမိုးများကို ထိခိုက်မိသဖြင့် ခြေဖျားနှစ်ဖက်ကျိုးသွားကြ၏။ တစ်ချိန်တည်း၌ပင် လေနတ်သားက လေတိုက်လွှင့်လိုက်သဖြင့် စိဥ္စမာန်၏ ဝတ်ရုံသည် အထက်သို့ လန်တက်သွား၏။ စိဥ္စမာန၏ လိမ်ညာချက်သည် ဗူးပေါ်သလို ပေါ်လေပြီ။

ထိုအခါတွင် ပရိသတ်အပေါင်းတို့ အသက်ဝင်လှုပ်ရှားလာကြပြီးလျှင်–"ထွီ–ဟယ် အယုတ်တမာမ၊ နင်ကား မြတ်စွာဘုရားကို စွပ်စွဲ ဆဲရေးဘိ၏"ဟု ဝိုင်း၍ အပြစ်တင်ကဲ့ရဲ့ကြ၏။ စိဥ္စမာန၏ ဦးခေါင်းပေါ်သို့ တံတွေးထွေးကြ၏။ လူအချို့က စိဥ္စမာနကိုဆွဲကိုင်၍ ကျောင်းတိုက်၏အပြင်ဘက်သို့ ဆွဲထုတ်သွားကြ၏။

မြတ်စွာဘုရား၏ မျက်ကွယ်ရာအရပ်သို့ စိဥ္စမာန ရောက်သွားသောအခါ မဟာပထဝီမြေကြီးသည် သစ္စာဖောက် အယုတ်တမာမကြီးကို သယ်ပိုးချီမ,ထားရန် အလိုမရှိတော့။ ထို့ကြောင့် မြေကြီးကွဲအက်ကာ အဝီစိငရဲကြီးမှ ငရဲမီးတောက်မီးလျှံတို့သည် အရှိန်ပြင်းစွာ ထိုးတက်လာကြပြီးလျှင် စိဥ္စမာနကို လွှမ်းခြုံလိုက်ကြ၏။ စိဥ္စမာနသည် ငရဲမီးလျှံဟူသည့် ဝတ်ရုံနီသစ်ကြီးကို လွှမ်းခြုံလျက် အဝီစိငရဲသို့ တိုက်ရိုက်လိုက်ပါ သက်ဆင်းသွားရလေတော့သတည်း။

မုသားပြောဆိုသူတို့၏ သွားရာလမ်းကား ကြောက်ခမန်းလိလိ ရှိပေစွတကား။

(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ နှာ ၅၈၂–၅၈၇)

http://www.dhammadownload.com



# ကုန်းချောသူ၏ ဘဝဇာတ်ကြမ်း

ရာဇဂြိုဟ်ကိုဝန်းရံထားသည့် တောင်ငါးလုံးအနက်မှ တစ်လုံးဖြစ်သော ဂိဇ္ဈကုဋ်တောင်ပေါ်မှ အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်လက္ခဏတို့ ဆင်းလာကြသောအခါ အလွန်ထူးဆန်းသည့် သတ္တဝါတစ်ကောင်ကို မြင်တွေ့ကြရ၏။ သတ္တဝါသည် မော်ကြည့်ရလောက်အောင်ကြီးမား၏၊ ခန္ဓာကိုယ်က လူ့ခန္ဓာကိုယ်ဖြစ်ပြီး ဦးခေါင်းက ဝက်ဦးခေါင်းဖြစ်နေ၏၊ သူ့နှုတ်သီးအတွင်း၌ဝက်အမြီးတစ်ချောင်းတွဲလောင်းကျနေ၏၊ သူ့ခံတွင်းမှာ အလွန်ပုပ်စော်နံပြီးလျှင် နှုတ်သီးအတွင်းမှ ပိုးလောက်များက တဖွားဖွား ကျနေ၏။ မြင်ရသူတို့ အလွန် စိတ်မချမ်းမြေ့စရာပါပေ။

ဤလူဝက်ပြိတ္တာအကြောင်းကို အရှင်မောဂ္ဂလာန်က မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာဘုရားက ထိုပြိတ္တာကို သူလည်းမြင်တွေ့ရကြောင်းပြောကြားတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်က ထိုပြိတ္တာ၏ အတိတ်ဇာတ်ကြောင်းကို ဟောကြားရန်လျှောက်ထားသဖြင့် မြတ်စွာဘုရား ဤသို့ မိန့်ကြားတော်မူ၏။

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက တောရွာတစ်ခုတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အတူ သီတင်းသုံးနေကြသည့် မထေရ်ကြီးနှစ်ပါးရှိ၏။ ကိုယ်တော်နှစ်ပါးစလုံး စိတ်သဘောထားနူးညံ့သိမ်မွေ့ကြပြီးလျှင် တစ်ပါးနှင့်တစ်ပါး တစ်အူတုံဆင်း ညီအစ်ကိုအရင်းများပမာ ခင်မင်ချစ်ကြည်ကြ၏။ ဝိနည်းတော်နှင့်အညီ နေထိုင်ကြသဖြင့်လည်း ရွာသူရွာသားများ အလွန်ကြည်ညိုကြပြီး ပေးကမ်းလှူဒါန်းကြသဖြင့် အစစအရာရာ ပြည့်စုံနေ၏။

တစ်နေ့တွင် နာမည်ကြီး ဓမ္မကထိက ဘုန်းကြီးတစ်ပါး ကြွရောက်

http://www.dhammadownload.com



လာသဖြင့် ကျောင်းနေအရှင်မြတ်နှစ်ပါးက ဓမ္မကထိက ကိုယ်တော်ကို ချမ်းချမ်းသာသာနေနိုင်အောင် ပြုစုစောင့်ရှောက်ကြပြီးလျှင် တရားပွဲများ ကျင်းပနိုင်ရန်ကိုလည်း စီစဉ်ပေးကြ၏။

ဓမ္မကထိကကိုယ်တော်က အဟောအပြောကောင်းသဖြင့် ရွာသူရွာသားများ ကြည်ညိုကာ စေတနာထက်ထက်သန်သန်ဖြင့် လှူဒါန်းကြ၏။ ဓမ္မကထိကကိုယ်တော်သည် လာဘ်လာဘကို သာယာပြီးလျှင် အေးချမ်းသာယာလှသည့် ထိုတောကျောင်းကလေး၌ တစ်ပါးတည်း သိတင်းသုံးချင်စိတ် ပေါ်လာ၏။ ထို့ကြောင့် မထေရ်ကြီးနှစ်ပါးတို့ အချင်းချင်း အထင်အမြင်လွဲကြရန် အမျိုးမျိုး ကုန်းတိုက်လေ၏။

မထေရ်ကြီးနှစ်ပါးသည် တစ်ဦး၏နေထိုင်ပြုမူပုံကို ကျန်တစ်ဦးက မနှစ်သက် မကျေနပ်ကြောင်း ထင်မှတ်မိသည့်အတွက် "ငါ့ကို မနှစ်သက်လျှင် ငါဒီကျောင်းမှာ မနေတော့ဘူး"ဟုဆုံးဖြတ်ကာ တစ်ဦးနှင့်တစ်ဦး ပြောဆိုနှုတ်ဆက်ခြင်းမပြုတော့ဘဲ တစ်ပါးတစ်လမ်းစီ ထွက်ခွာသွားကြ၏။ အလွန်တစ်ရာလည်း စိတ်မချမ်းမသာ ဖြစ်ကြ၏။

နှစ်ပေါင်းများစွာ တစ်နေရာပြီးတစ်နေရာ ရွှေ့ပြောင်းနေထိုင်ကြရာက တစ်နေ့တွင် တောကျောင်းတစ်ကျောင်း၌ မမျှော်လင့်ဘဲမထေရ်နှစ်ပါး ဆုံတွေ့ကြ၏။ ဤအခါ၌ အချင်းချင်း မေးမြန်းပြောဆိုကြသဖြင့် ဓမ္မကထိက,က ကျောင်းလိုချင်၍ မိမိတို့နှစ်ပါး စိတ်ဝမ်းကွဲအောင် ကုန်းတိုက်သည်ကို သိရှိကြ၏။

ထို့ကြောင့်နှစ်ပါးအတူ မူလရွာကျောင်းသို့ ပြန်လာကြပြီးလျှင် ဓမ္မကထိကကို ကျောင်းမှနှင်ထုတ်လိုက်ကြ၏။ ထို့နောက် ရှေးယခင်ကနေထိုင်ခဲ့ကြသည့်အတိုင်း ချမ်းသာစွာ နေထိုင်ကြ၏။

ဓမ္မကထိကသည် တောကျောင်းမှထွက်ခွာသွားပြီး မကြာမြင့်မီတွင်

http://www.dhammadownload.com



ကွယ်လွန်၏၊ ကွယ်လွန်သည်နှင့် တပြိုင်နက် အဝီစိငရဲသို့ ကျရောက်သွား၏၊ နှစ်ပေါင်းမရေမတွက်နိုင်အောင် ကြောက်မက်ဖွယ်ငရဲဆင်းရဲကို ခံရ၏။ ငရဲမှလွတ်သည့်အခါ ပိသုဏာဝါစာကံ၏ အရှိန်အဟုန်က မကုန်သေးသဖြင့် ဂိစ္ဆကုဋ်တောင်၌ လူ့ဝက်ပြိတ္တာကြီး ဖြစ်ရ၏။

ကဿပမြတ်စွာဘုရားလက်ထက်မှသည် ဂေါတမ မြတ်စွာဘုရားလက်ထက်အထိ အန္တရကပ်တစ်ကပ် အချိန်ကြာညောင်းပေရာ နှစ်ပေါင်းမရေမတွက်နိုင်အောင် ရှည်ကြာပါ၏။ သို့ရှည်ကြာပါသော်လည်း အကုသိုလ်ကံ၏ မကောင်းကျိုးမှာ မကုန်လွန်နိုင်သေးချေ။

(ဓမ္မပဒ၊ ၄၊ ၂။ ၂၅၈–၂၆၀)

## ဝစီဘေဒ ထိတိုင်းရှ

ဝစီဘေဒသည် အသွားနှစ်ခုရှိသည့် သံလျက်နှင့်တူ၏။ သူတစ်ပါးကိုထိရှသလို မိမိကိုလည်း ပြန်ထိရှစေ၏။ လက်နှစ်လုံးမျှသာရှိသည့်ပါးစပ်ကို သတိနှင့် မစောင့်စည်းနိုင်လျှင် လွှတ်ခနဲပြောထုတ်လိုက်မိသည့် စကားကြမ်းတစ်ခွန်းကြောင့် သူတစ်ပါးတို့အား များစွာပင် စိတ်မချမ်းမသာ ဖြစ်စေနိုင်၏။ သူတစ်ပါးတို့ စိတ်မချမ်းမသာဖြစ်ရသည်ထက် အဆပေါင်းများစွာ တန်ပြန်ကံသတ္တိအရ မိမိတွင် ပြန်ကြုံရမည်ကို အလေးမူသင့်ပေ၏။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါက ဝေသာလီပြည်ကြီးသည် ငြိမ်းချမ်းသာယာလှသဖြင့် ကျော်စောထင်ရှား၏။ ထိုသို့ ကျော်စောထင်ရှားရသည့် အကြောင်းများတွင် ဝေသာလီပြည်ကို လိစ္ဆဝီမင်းသားများက စုပေါင်းအုပ်ချုပ်ရေး(ဂဏ) စနစ်ဖြင့် အုပ်ချုပ်

http://www.dhammadownload.com



ခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်၏၊ အလှဘုရင်မ အမ္ဗပါလီ ရှိနေခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်၏။

အမ္ဗပါလီသည် ဝေသာလီ ဥယျာဉ်တော်အတွင်း၌ သရက်ပင် ခွကြားတွင် ဥပပတ် ပဋိသန္ဓေဖြင့် ဘွားခနဲ ၁၆ နှစ် သမီးပျိုအရွယ် ပေါ်ပေါက်လာသူဖြစ်၏။ ဥယျာဉ်စောင့်က အမ္ဗပါလီကို အဝတ်အစား ဆင်ယင်ပေးပြီး လိစ္ဆဝီမင်းသားများထံ ဆက်သ၏။ လိစ္ဆဝီမင်းသား အားလုံးက အလွန်တရာချောမောလှပသည့် အမ္ဗပါလီကို လိုချင်ကြ၏။ အမ္ဗပါလီကို ဝေငှလို့ မရသဖြင့် ပြည်ကြီးတန်ဆာ(ပြည့်တန်ဆာ)အဖြစ် ခန့်ထားကြရန် သဘောတူကြ၏။

အမ္ဗပါလီနှင့်အတူ တစ်ညဥ့်တာ ပျော်ပါးလိုသူသည် အသပြာ တစ်ထောင်ပေးဆောင်ရသဖြင့် အမ္ဗပါလီသည် ချမ်းသာကြွယ်ဝသူ ဖြစ်လာ၏။ အမ္ဗပါလီသည် ဘုရားလေးဆူနှင့် ဆုံတွေ့ခဲ့ရသော ပါရမီရှင် တစ်ဦးပါပေ။

ဖုဿမြတ်စွာဘုရားလက်ထက်၌ အမ္ဗပါလီသည် ဘုရားရှင်၏ နှမတော်ဖြစ်ခဲ့၏။ ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းအလှူကြီး ပေးလှူပြီး"ဖြစ်လေရာဘဝ၌ ရုပ်အဆင်းအင်္ဂါနှင့် ပြည့်စုံသူ ဖြစ်ရပါလို ၏"ဟု ဆုတောင်းခဲ့၏။

သိခီမြတ်စွာဘုရားလက်ထက်၌ အမ္ဗပါလီ အလောင်းအလျာသည် ဘိက္ခုနီအဖြစ်ကို ရရှိခဲ့၏။ တစ်နေ့တွင် အခြားဘိက္ခုနီများစွာနှင့်အတူ စေတီတော်တစ်ဆူကို ဖူးမြော်ကြ၏။ စေတီတော်ကို လက်ယာရစ် လှည့်ပတ်စဉ် ရင်ပြင်တော်တစ်နေရာ၌ အမ္ဗပါလီလောင်းလျာသည် သလိပ်ပါသည့် တံတွေးပေါက်ကို နင်းမိ၏။

ထိုအခါ နှုတ်ကို မစောင့်စည်းမိသည့်အတွက် "ဘယ် ပြည့်တန် ဆာများ ဒီနေရာမှာ တံတွေးထွေးသွားတာလဲ" ဟု ဆဲရေးတိုင်းထွာ

http://www.dhammadownload.com



လိုက်၏။ သူဆဲရေးလိုက်သည်ကို မည်သူမျှ မကြား၍ မည်သူမျှ အလေးမမူပါ၊ သို့အတွက် မည့်သူ့ကိုမျှမထိခိုက်စေပါဟု ယူဆရန်ရှိ၏။

သို့သော် ထိုသလိပ်နှင့်တကွ တံတွေးပေါက်ကို ထွေးမိသွားသူမှာ ရှေ့ဆုံးက ကြွသွားသည့် အသက်ကြီးရင့်သော ရဟန္တာဘိက္ခုနီဖြစ်၏။ ထိုရဟန္တာဘိက္ခုနီက အမှတ်တမဲ့ချေဆတ်လိုက်ရာ ရင်ပြင်တော်ပေါ်သို့ တံတွေးပေါက်ကျသွားသည်ကို ထိုရဟန္တာထေရီက မသိလိုက်ပါ။

အမ္ဗပါလီလောင်းလျာက "ဘယ်ပြည့်တန်ဆာများ ဒီနေရာမှာ တံတွေးထွေးသွားတာလဲ"ဟု ဆဲဆိုလိုက်သည့်အခါ ရဟန္တာထေရီကြီးကို ပြည့်တန်ဆာဟု စွပ်စွဲလိုက်ရာရောက်သွား၏။ ဤစကားသည် မမှန်ကန်သော ကြမ်းတမ်းသည့်စကား (ဖရုသဝါစာ) ဖြစ်၏။ ဤသို့ပြောဆိုလိုက်စဉ်အခါ၌ ဒေါသစေတနာနှင့်ယှဉ်သည့် စိတ်ကုဋေသိန်းပေါင်းများစွာ ဖြစ်ပျက်သွားကြ၏။ သို့အတွက် အကုသိုလ်ကံများ ကုဋေသိန်းပေါင်းများစွာပင် အမ္ဗပါလီလောင်းလျာ၏ စိတ်အစဉ်တွင် ကျန်ရစ်သွား၏။ ရဟန္တာထေရီမှသည် အလွန်မြင့်မြတ်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်နှင့်အညီ ရဟန္တာထေရီကို ပြစ်မှားမိသော အပြစ်သည်လည်း အလွန်ကြီးမား၏။

ထိုဘဝမှ ကွယ်လွန်သောအခါ ဘိက္ခုနီလုပ်ခဲ့ရသော ကုသိုလ်ကံများသည် ကြီးလေးသည့် ဝစီကံကို မတားမြစ်နိုင်ဘဲ ငရဲသို့ကျရောက်သွားလေ၏။ ငရဲ၌ နှစ်ပေါင်းများစွာ အကျက်ခံရပြီးနောက် ကုသိုလ်ကံထောက်ပံ့၍ လူ့ဘဝကိုပြန်လည်ရရှိသည့်အခါ ရှေးဆုတောင်းအတိုင်း အလွန်လှပသော အမျိုးသမီးဖြစ်ရ၏။ သို့သော် ဖရုသဝါစာ ကံကြွင်းကြောင့် ပြည့်တန်ဆာမအဖြစ်သာ အသက်မွေးရ၏။ ပြည့်တန်ဆာ

http://www.dhammadownload.com



အဖြစ် စုစုပေါင်း ဘ၀ကစ်သောင်း ဖြစ်ရ၏။

ကဿပမြတ်စွာဘုရားလက်ထက်တွင် ဘိက္ခုနီမ အဖြစ်ကို တစ်ဖန်ရရှိပြန်၏။ သိက္ခာသုံးပါးကိုလည်း ဖြည့်ကျင့်ခဲ့ရ၏။ ဥပပတ် ပဋိသန္ဓေနေရပါစေဟုလည်း ဆုတောင်းခဲ့၏။ ဤဆုတောင်းကြောင့် နောက်ဆုံးဘ၀ဝယ် ဝေသာလီဥယျာဉ်တော်အတွင်းရှိ သရက်ပင်ခွကြား၌ ဥပပတ်ပဋိသန္ဓေဖြင့် လူဖြစ်လာခြင်းဖြစ်၏။

အမ္ဗပါလီ ချောမောလှပလွန်းသည့်သတင်းကို ကြားသိရသဖြင့် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းသည် ငယ်ရွယ်စဉ်အခါဖြစ်၍ မထင်မရှားသောအသွင်ဖြင့် ဝေသာလီသို့လာပြီး အမ္ဗပါလီနှင့် ပျော်ပါး၏။ အမ္ဗပါလီက ကိုယ်ဝန်တည်ကြောင်းပြောသောအခါ မိမိက ရာဇဂြိုဟ်ပြည့်ရှင်ဖြစ်ကြောင်း ပြောပြပြီး ကိုယ်ဝန်အစောင့်အရှောက် ထားပေး၏။ အချိန်တန်သော် သားတစ်ယောက်ဖွားမြင်၏။ ထိုသား ကြီးပြင်းလာသောအခါ သာသနာ့ဘောင်အထဲသို့ဝင်၏၊ **ဝိမလကောဏ္ဍည မထေရ်**အဖြစ် ကျော်ကြားလာ၏။

အမ္ဗပါလီသည် ဂေါတမမြတ်စွာဘုရားနှင့် သံဃာတော်တို့ကို ဆွမ်းလှူဒါန်းပြီး မိမိပိုင် သရက်ဥယျာဉ်ကို ကျောင်းသင်္ခမ်းအဖြစ် လှူဒါန်း၏။ အသက်ကြီးရင့်လာသောအခါ သားရဟန်း၏ တရားတော်ကို နာကြားရပြီးနောက် ဘိက္ခုနီဘောင်သို့ ဝင်ရောက်၏။ နုပျိုစဉ်အခါက မိမိခန္ဓာကိုယ်နှင့် အိုမင်းရင့်ရော်လာသော မိမိခန္ဓာကိုယ်တို့ကို နှိုင်းယှဉ်ကာ ဝိပဿနာရှုမှတ်၏၊ မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးတို့ကို အဆင့်ဆင့်ရရှိပြီးနောက် ပဋိသမ္ဘိဒါပတ္တ အဘိညာဉ်ရ ရဟန္တာထေရီ ဖြစ်သွားလေ၏။

(အပ၊ ၂။ ၂၀၅-၂၀၆။ထေရီ၊ ၄။ ၂၁၄-၂၂၂)

http://www.dhammadownload.com



## သုရာမေရယအဖွင့်

မေ့လျော့ပေါ့ဆခြင်း၏ အကြောင်းစင်စစ်ဖြစ်၍ မူးယစ်စေတတ်သော သေရည်အရက်ဘိန်းဘင်းကစော် လော်စာဆေးခြောက် ဘိန်းဖြူစသည်တို့ကို သောက်စားသုံးစွဲခြင်းသည် သုရာမေရယ သိက္ခာပုဒ်ကို ချိုးဖောက်ရာရောက်၏။

သုရာမေရယကံမြောက်အောင် အောက်ပါအင်္ဂါ(၄)ပါးပြည့်စုံရ၏။

၁။ သေရည်အရက် မူးယစ်ဆေးတစ်မျိုးမျိုးဖြစ်ခြင်း၊

၂။ သောက်စားသုံးစွဲလိုသော စိတ်စေတနာရှိခြင်း၊

၃။ သောက်စားသုံးစွဲရန် အားထုတ်လုံ့လပြုခြင်း၊

၄။ သောက်စားသုံးစွဲခြင်းတို့ဖြစ်သည်။

အချို့က အရက်မူးအောင်မသောက်ဘဲ အနည်းအကျဉ်းသောက်ခြင်းသည် စိတ်ကို ပျော်ရွှင်လန်းဆန်းစေသည်၊ အပန်းပြေစေသည်၊ ထမင်းစားမြိန်စေသည်၊ အပေါင်းအသင်းဆုံစေသည်။ ထို့ကြောင့် အကျိုးမယုတ်စေဘဲ အကျိုးဖြစ်ထွန်းစေသည်ဟု ဆင်ခြေပေးကြသည်။ မည်သို့ပင် ဆင်ခြေပေးသည်ဖြစ်စေ အထက်ဖော်ပြပါ အင်္ဂါ(၄)ပါးနှင့် ပြည့်စုံလျှင် သုရာမေရယကံ ထိုက်သည်သာဖြစ်၏။

သေရည်အရက်နှင့် မူးယစ်ဆေးဝါးတို့သည် သိပ္ပံပညာရှုထောင့်အရ အဆိပ်များဖြစ်ကြသည်။ အဆိပ်ဖြစ်၍ ခန္ဓာကိုယ် မခံနိုင်သဖြင့် ယစ်မူးသွားခြင်းဖြစ်သည်။ အနည်းအကျဉ်းသောက်ခါစ၌ စိတ်ရွှင်လန်း၍ အပန်းပြေသွားသည်ဟု ထင်မှတ်ရသော်လည်း ဆက်သောက်လျှင် ပင်ပန်းနွမ်းနယ်လာပြီး ယစ်မူးလာသည်။ စိတ်က ရိဝေလာပြီး မေ့လျော့လာသည့်အတွက် မိမိအလုပ်အကိုင်ရော ကုသိုလ်ရေးကိစ္စများပါ

http://www.dhammadownload.com



ဆုတ်ယုတ်ပျက်ပြားသွားကြသည်။ မော်တော်ကားမောင်းလျှင် စိတ်၏ စဉ်းစားနိုင်သည့်စွမ်းအား နှေးကွေးသွားသည်နှင့်အညီ ကိုယ်ခန္ဓာခြေလက်တို့၏ လှုပ်ရှားတုံ့ပြန်မှုများလည်း လေးလံသွားကြသည်။ သို့အတွက် မော်တော်ကားတိုက်မှုစသည့် မတော်တဆဖြစ်မှုများ တိုးပွားလာသည်။

**ဆရာဝန်ကြီး ဒေါက်တာအေးစီဆော်လမုန်း**က "ပါဏာဝုဓ ဆေးကျမ်း"၌...

၁။ အရက်သောက်သူတို့သည် အရက်သောက်လျှင် မိမိတို့၏ စိတ်ကူးထက်မြက်လာသည်ဟု ထင်မြင်တတ်ကြ၏။ အမှန်မှာ အရက်သောက်စ(၁၀)မိနစ်လောက်၌ စိတ်ကူးသွက်လာဟန်ရှိသော်လည်း သူ၏တွေးခေါ်ချက်များနှင့် နှုတ်ထွက်စကားများသည် ပရမ်းပတာ မှောက်မှောက်မှားမှားဖြစ်လာ၏။ နှုတ်စောင့်စည်းသူ ကိုယ်ကျင့်ကောင်းသူများပင်လျှင် လုံးဝပြောင်းလဲသွားကြ၏။

၂။ အရက်သောက်ခြင်းသည် မေတ္တာတရားကို ခေါင်းပါးစေပြီး လင်မယား မိဘတို့၏ တာဝန်ဝတ္တရားများကို တိမ်းပါးစေ၏၊ မိမိ အလုပ်အကိုင်၌ ညံ့ဖျင်းသူဖြစ်လာပြီး ခိုးခြင်း လုယက်ခြင်း စသော ရာဇဝတ်မှုများကို ကျူးလွန်စေ၏။

၃။ အရက်သောက်သူများသည် သွက်ချာပါဒ, အစာအိမ်ရောင်ခြင်း, အသည်းကျောက်ကပ်အဆုပ်ရောင်ခြင်း, ချောင်းဆိုးသွေးပါနှင့် ရူးသွပ်တတ်သောရောဂါများ စွဲကပ်လာတတ်ကြ၏။ အရက်သောက်သူတို့သည် အရက်မသောက်သူတို့ထက် ၂ ဆမျှ ရောဂါပိုထူပြောကြ၏။ အရက်သောက်သူတို့၏ သားသမီးများသည်လည်း ရောဂါထူပြောပြီး ရူးသွပ်တတ်ကြ၏။ ကလေးအရူးထောင်ရှိ ကလေး

http://www.dhammadownload.com



၁၀၀ လျှင် ၄၁ ယောက်သည် အရက်သောက်သူတို့၏ သားသမီးများ ဖြစ်ကြ၏။

၄။ များမကြာမီက ဆေးဆရာတို့သည် ရောဂါကို သက်သာစေလိမ့်မည်အထင်နှင့် အရက်ကိုပေးကြ၏။ သို့သော်အရက်သည် ရောဂါကို မသက်သာစေသည့်အပြင် သာ၍တိုးတက်စေကြောင်း သိကြရ၏ – စသည်ဖြင့် ရေးသားထား၏။

အရက်သောက်ခြင်းနှင့်ပတ်သက်၍ တရုတ်စကားပုံက ဤသို့ဆို၏။

First , a man takes a drink.

ပထမ လူသည် အရက်တစ်ခွက်ကို သောက်၏။

Second, the drink takes another drink.

ဒုတိယ အရက်သည် ဒုတိယအရက်တစ်ခွက်ကို သောက်၏။

Third, the drink takes the man .

တတိယ အရက်သည် လူကိုသောက်၏။

အရက်က လူကိုလွှမ်းမိုးသွားသောအခါ ထိုသူသည် ဘာမှမသိတော့၊ အကြောင်းအကျိုး အကောင်းအဆိုးကိုလည်းမသိ၊ သူ့လုပ်ငန်းနှင့် ဇနီးသားမယားတို့ကိုလည်း သတိမရ၊ အရှက်အကြောက်လည်း မရှိ၊ ဆင်ခြင်တုံတရားလည်း မရှိတော့သည့်အတွက် ဒုစရိုက်မကောင်းမှု အားလုံးကို ကျူးလွန်ရန် ဝန်မလေးတော့ချေ။

သူခိုးဓါးပြ လူဆိုးတို့သည် မကောင်းမှုကို ပြုလုပ်ရန် ရဲဝံ့လာရေးအတွက် အရက်သောက်ကြ၏။ စိတ်ညစ်သူများကလည်း စိတ်ညစ်ပြေပျောက်ရန် အရက်သောက်ကြ၏။ အမှန်က အရက်ကြောင့် လူက ဘာမျှ သတိမရတော့သည့်အတွက် စိတ်ညစ်မှု ပြေပျောက်သွားသည်ဟု

http://www.dhammadownload.com



ထင်ရ၏။ အရက်မူးပြေသွားသောအခါ မူလစိတ်ညစ်ခြင်းအပြင် နောက်ထပ် စိတ်ညစ်စရာများလည်း တိုးလာကြ၏။

အရက်သောက်များသောသူတို့သည် ကြာရှည်စွာ ခေါင်းကိုက်ခဲ သည့်ဝေဒနာ ဖြစ်ပေါ်လာသည်၊ မေ့လျော့တတ်လာသည်၊ ဗိုက်ရွဲ လာသည်၊ သွက်ချာပါဒရောဂါ၊ အစာအိမ်ရောဂါ၊ လည်မျိုကင်ဆာ၊ အသည်းကြွေရောဂါ စသည်ဖြင့် သက်တမ်းမစေ့ဘဲ စောစောစီးစီး သေဆုံးကြရသည်။

အင်္ဂလန်နိုင်ငံ၊ ဆိုဗီယက်ရုရှားနိုင်ငံ စသည်တို့၌ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား အဘယ်ကြောင့် နိမ့်ကျရသနည်းဟု အကြောင်းရင်း ကို ရှာဖွေစိစစ်သည့်အခါ အလုပ်သမားများက အရက်သောက်များ သည့်အတွက် အလုပ်မဆင်းနိုင်ဘဲ ခွင့်ယူကြသည့်အတွက် ဖြစ် ကြောင်း သိရှိရ၏။

မူးယစ်ဆေးဝါးများမှာ သေရည်အရက်တို့ထက် ပို၍ ပြင်းထန် သော အဆိပ်များဖြစ်ကြသည်နှင့်အညီ ခန္ဓာကိုယ်၏ ဇီဝကမ္မကိစ္စများ ကို ဖောက်ပြန်ပျက်စီးစေ၍ ကျန်းမာရေးကို ချို့တဲ့စေကာ ပိန်ချုံး ညှိုး နွမ်းစေလာတော့သည်။ မူးယစ်ဆေးဝါး သုံးစွဲသူသည် လွယ်ကူစွာ ဆေးစွဲကာ စီးပွါးရေးလုပ်ငန်းသာမက အသက်ပါ စောစောစီးစီး ပျက်စီးဆုံးရှုံးရသည်။ မူးယစ်ဆေးဝါးသည် လူညွန့်တုံးစေရုံမက တိုင်းပြည်လူမျိုးကိုပါ ပျက်စီးစေနိုင်သည့်အတွက် နိုင်ငံတိုင်းကပင် မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲခြင်းကို ဥပဒေဖြင့် တင်းတင်းကြပ်ကြပ် အရေးယူ တားမြစ်လျက်ရှိသည်။

**အင်္ဂုတ္တိုရ်ပါဠိတော်– ဒုစ္စရိတဝိပါကသုတ်**အရ သေရည်အရက် သောက်ခြင်း, မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့သည် ငရဲ၌ ဖြစ်စေတတ်၏၊

http://www.dhammadownload.com



တိရိစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏, ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏, သေရည်အရက်သောက်ခြင်း မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သည့်အခါ ရူးသွပ်ခြင်းကို ဖြစ်စေတတ်၏။

သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်... ရှောင်ခါအပြန်အကျိုးတည်း။

( မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

## ရင်သွေးဖောက်မှ သတ်ရဲစွတည်း

ရှေးဗာရာဏသီ မင်းတစ်ပါးသည် အရက်ကို အလွန်နှစ်သက်သဖြင့် နံနက်အိပ်ရာထသောအချိန်မှစ၍ ညဉ့်အိပ်စက်သောအချိန်ထိ အဆက်မပြတ် အရက်သောက်လေ့ရှိ၏။ အသားကိုလည်း အလွန်နှစ်သက်၏၊ အသားမပါလျှင် ပွဲတော်တည်လေ့ မရှိချေ။

လပြည့်လကွယ်နေ့များတွင် သားငါးမသတ်ရဟု နိုင်ငံတော်တစ်ဝန်းလုံး၌ အမိန့်ထုတ်ထားသဖြင့် ထိုနေ့များတွင် အမဲသားငါးများကို ရောင်းချသူမရှိချေ။ သို့ဖြစ်၍ ဗာရာဏသီမင်း၏ စားတော်ကဲသည် လပြည့်လကွယ်မတိုင်မီ အဖိတ်နေ့၌ အသားများကို ပိုမိုဝယ်ယူထားပြီးလျှင် နောက်နေ့အတွက် အပြီး ချက်ပြုတ်ထားရ၏။

တစ်နေ့သောလပြည့် အဖိတ်နေ့ဝယ် စားတော်ကဲသည် နက်ဖြန်လပြည့်နေ့အတွက် အသားဟင်းများကို ချက်ပြုတ်ထား၏။ သို့ရာတွင် ညဉ့်အချိန်၌ နန်းတွင်းခွေးများက ဟင်းအိုးကိုဖွင့်၍ အသားဟင်းများကို စားလိုက်ကြ၏။

လပြည့်နေ့တွင် အသားဟင်း မကျန်ရှိတော့သည်ကို စားတော်ကဲ

http://www.dhammadownload.com



သိရသဖြင့် အသားလိုက်ရှာဝယ်၏၊ မရချေ။ စားတော်ကဲသည် မင်းပြစ်မင်းဒဏ်ကို ခံရမည်စိုးရွံ့သဖြင့် မိဖုရားကြီးထံတွင် အကူအညီ တောင်းခံ၏။ ပွဲတော်အုပ် ဆက်သခါနီး အချိန်တွင် ဘုရင်မင်းမြတ်၏ ရင်သွေးသားငယ်ကို ရှင်ဘုရင်၏ ရင်ခွင်ထဲသို့ ထည့်ထားပေးလိုက်မည်၊ ဘုရင်မင်းမြတ်က သားတော်ကို အလွန်ချစ်မြတ်နိုးသဖြင့် သားတော်ကို ချီပိုးယုယနေသည့်အချိန်မှာ ပွဲတော်အုပ်ကို ဆက်သရမည်ဟု မိဖုရား ကြီးက အကြံပြု၏။

ထိုအကြံအတိုင်း ပွဲတော်တည်ရန် အချိန်နီးလာသောအခါ မိဖုရားကြီးသည် ရင်သွေးသားငယ်ကလေးကို ဘုရင်မင်းမြတ်၏ ရင်ခွင်တွင် ထည့်ပေးလိုက်၏။ ဘုရင်မင်းမြတ်က သားတော်ကို ချော့မြှူနေသည့် အခိုက်တွင် စားတော်ကဲက ပွဲတော်အုပ်ကို ဆက်သ၏။ ရှင်ဘုရင်က ဟင်းခွက်များကို စူးစမ်းသော မျက်စိဖြင့် ကြည့်ရှု၏၊ အသားဟင်းလျာကို မမြင်တွေ့ရသည့်အတွက်...

"စားတော်ကဲ... အသားဟင်း မပါပါကလား" ဟုမေး၏။

"မှန်လှပါအရှင်မင်းကြီး– မနေ့ကချက်ထားသည့် အသားဟင်းများကို နန်းတွင်းခွေးများက အိုးကိုဖွင့်၍ စားလိုက်ကြောင်းပါဘုရား၊ ယနေ့လပြည့်နေ့ဖြစ်၍ အသားလိုက်ရှာဝယ်ပါသော်လည်း အသားမရပါ။ အရှင်မင်းမြတ်...ယနေ့တစ်နေ့တာမျှ သည်းခံတော်မူပါ။ နက်ဖြန်တွင် အသားဟင်းလျာအမျိုးမျိုးကို ချက်ပြုတ်ပြီး ဆက်သပါမယ် အရှင်မင်းကြီး။"

"ဟေ့ စားတော်ကဲ၊ ငါသို့သောမင်းအတွက် အသားမရှားပါဘူး၊ ရော့၊ ဟောဒီမှာ ဒီအသားကို ယခုချက်ပြုတ်ပြီး ဆက်သချေ။"

ပြောပြောဆိုဆိုပင် ဒေါသအုံကြွ၍ ဆင်ခြင်တုံတရားကင်းဝေးနေ

http://www.dhammadownload.com



သော ရှင်ဘုရင်က သူ့ရင်ခွင်ထဲရှိ သားငယ်၏ဦးခေါင်းကိုကိုင်လျက် လည်ကိုလိမ်ချိုးပြီးသော် အသက်ကင်းမဲ့သွားသည့် သားတော်၏ အလောင်းကို စားတော်ကဲဆီသို့ ပစ်ပေးလိုက်၏။

စားတော်ကဲသည် ဝမ်းနည်းကြေကွဲစွာ တုန်ရီနေသည့်လက်တို့ဖြင့် သားတော်၏အလောင်းကို ကောက်ယူပြီးလျှင် ခုတ်ထစ်ချက်ပြုတ်ရ၏၊ အသားအချို့ကို ကင်ပေးရ၏။ ထိုအသားဟင်းလျာနှင့် အသားကင်တို့ကို ဘုရင်မင်းမြတ်ထံ ဆက်သသည့်အခါ ဘုရင်ကြီးသည် သားတော်၏ အသားကို အမြည်းလုပ်ကာ အရက်နှင့် စားသောက်လေ၏။

မိဖုရားခေါင်နှင့် မိဖုရားငယ်များသည် မိမိတို့ အဆောင်အသီးသီးသို့ ပြေးဝင်ကာ ငိုကြွေးကြလေ၏။ ထိုနေ့သည် ဘုရင်မင်းမြတ်တစ်ဦးမှလွဲ၍ ကျန်နန်းတွင်းသူနန်းတွင်းသားအားလုံးတို့ ကြိမ်မီးအုံးသည့်ပမာ ပူဆွေးသောက ဖြစ်ကြရသည့် နေ့ပေတည်း။

ဘုရင်မင်းမြတ်သည် မြိန်ရေယှက်ရေစားသောက်ပြီးနောက် အိပ်ပျော်သွား၏။ နောက်နေ့ မိုးလင်း၍ ဘုရင်မင်းမြတ်နိုးလာသောအခါ သားတော်ကို ဆက်သရန် အမိန့်ပေးလိုက်၏။ မိဖုရားကြီးနှင့် မိဖုရားငယ်များ၊ မောင်းမများသည် ဘုရင့်ခြေတော်ရင်းနှင့် ထံတော်ပါးတွင် ဝပ်စင်းကြပြီး ငိုကြွေးကြလေ၏။

"ဘုရင်မင်းမြတ်၏သားတော် မရှိတော့ပါဘူး၊ မနေ့က အရှင်မင်းမြတ်သည် သားတော်ကို လည်လိမ်ချိုး၍ သေစေပြီးနောက် သားတော်၏အသားကို ချက်ပြုတ်ဖုတ်ကင်စေပြီးကာ အမြည်းလုပ်၍ အရက်နှင့် စားသောက်ခဲ့ပါပြီ အရှင်မင်းကြီး။"

မိဖုရားခေါင်၏ ငိုရှိုက်သံကြားက လျှောက်ထားလိုက်သည့် စကားကို ကြားသိလေလျှင် ဘုရင်ကြီးသည် ငယ်ထိပ်ကို မြွေပေါက်

http://www.dhammadownload.com



လိုက်သည့်ပမာ အလွန်ထိတ်လန့် ကြောက်ရွံ့သွားလေ၏။

"လူကိုဖျက်တဲ့အရက်... ဒီအရက်ကြောင့် ငါ့ရင်သွေးကို ငါသတ်ခဲ့မိပြီတကား၊ ငါ့ရင်သွေးရဲ့အသားကို ငါစားသောက်ခဲ့မိချေပြီတကား။ ဒါလောက်ဖျက်ဆီးတတ်တဲ့အရက်ကို ကနေ့ကစပြီး နိဗ္ဗာန်ဝင်ရောက်တဲ့ဘဝတိုင်အောင် ငါဘယ်တော့မှ မသောက်တော့ဘူး"ဟု သန္နိဋ္ဌာန်ချလိုက်လေ၏။

ထိုဗာရာဏသီမင်းကား **အရှင်သာရိပုတ္တရာအလောင်းလျာ** ပေတည်း။ ပါရမီရင့်ကျက်သူဖြစ်ပါလျက် အရက်နှင့် မူးယစ်နေသည့်အခါ ဆင်ခြင်တုံတရားကင်းမဲ့သွားသဖြင့် ရင်သွေးသားငယ်ကို ကိုယ်တိုင်သတ်၍ အသားကို စားသောက်မိခဲ့သည်။

ယခုခေတ်အခါတွင်လည်း အရက်သည် လူများစွာကို ဖျက်ဆီးလျက်ရှိပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ရန်ကုန်မြို့ လမ်းမတော်သံလမ်းဈေးတွင် ကျွန်တော်ဈေးဝယ်သွားသောအခါ ရင်နှင့်ဖွယ်ရာ သတင်းတစ်ပုဒ်ကို ကြားခဲ့ရ၏။

ဖခင်တစ်ယောက်သည် နေ့တိုင်း အရက်သောက်၏။ မူးပြီးပြန်လာသည့်အခါ ဇနီးကို အကြောင်းမရှိဘဲ လူးလိမ့်နေအောင် ရိုက်နှက်၏။ နေ့တိုင်း အရိုက်ခံနေရသည့်ဇနီးက တစ်နေ့တွင် လင်တော်မောင်ပြန်လာတတ်သည့် အချိန်မတိုင်မီမှာ သမီးကိုမှာထားခဲ့ပြီး အသိအိမ်တစ်အိမ်သို့ တိမ်းရှောင်နေလိုက်၏။

ဖခင်က မူးယစ်ပြီးပြန်လာသည့်အခါ ဇနီးကို မတွေ့ရသဖြင့် သမီးကို မေး၏။

"နင့်အမေဘယ်သွားသလဲ" သမီးကမဖြေသဖြင့် "ဟေ့– ငါမေးနေတယ်လေ၊ နင့်အမေ ဘယ်သွားသလဲ"

သမီးက ကြောက်ရွံ့တုန်လှုပ်နေသဖြင့် အသံထွက်မလာချေ။

http://www.dhammadownload.com



အရက်သမားက ရှေ့တိုးလာပြီး သမီး၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်းပြီး "ဟော့– ငါမေးနေတာ နင်မကြားဘူးလား"

ထပ်ကာထပ်ကာမေးရင်း သူ့လက်ချောင်းများသည် သမီး၏လည်ပင်းကို ညှစ်ပြီး တင်းသထက်တင်းအောင် ညှစ်နေလေ၏။ သမီး၏မျက်လုံးများ ပြူးထွက်လာပြီး လျှာပါထွက်လာ၏။ သမီးခမြာ မအော်နိုင်ရှာဘဲ သေပွဲဝင်သွားရလေ၏။

လွန်စွာမှားယွင်းပျက်စီးစေတတ်သော သေရည်အရက်နှင့် မူးယစ်ဆေးဝါးတို့ကို ဝေးစွာရှောင်ပါလေ။ အရက်၏ကျေးကျွန် မဖြစ်ပါစေနှင့်။

လူကို အရက်ဖျက်သည့်အခါ ဤတစ်ဘဝသာ ပျက်စီးရသည် မဟုတ်၊ သေလွန်ပြီးနောက် ငရဲသို့ ကျရောက်၍ နှစ်ပေါင်းများစွာ အကျက်ခံရပြီးလျှင် ငရဲမှလွတ်၍ လူပြန်ဖြစ်လျှင်လည်း ဆွံ့အ ရူးသွပ်သူသာ ဖြစ်ရလေ၏။

## ခါးဝတ်ပုဆိုးသို့ မြဲစေလို

ငါးပါးသီလသည် အလွန်အရေးကြီး၏။ ငါးပါးသီလကို စောင့်ထိန်းရုံဖြင့် ဒုစရိုက် ၁၀ ပါးကို ရှောင်ကြဉ်ပြီး သုစရိုက် ၁၀ ပါးကို ဖြည့်ကျင့်ရာရောက်၏။ ဒုစရိုက်ကို လွန်ကျူးတတ်သော အကြမ်းစားကိလေသာများကိုလည်း ဖယ်ရှားချိုးနှိမ်ပြီးဖြစ်သွားသည့်အတွက် စိတ်ကို ဖြူစင်စေရာလည်း ရောက်၏။

ငါးပါးသီလ၏ ပထမသိက္ခာပုဒ်သုံးခုဖြင့် ကာယဒုစရိုက် ၃ ပါးကို ရှောင်ကြဉ်၏၊ စတုတ္ထသိက္ခာပုဒ်ဖြင့် မုသာဝါဒနှင့်တကွ ဝစီဒုစရိုက်၄ ပါးစလုံးကို ရှောင်ကြဉ်ရ၏။ သူတစ်ပါး၏ အသက်ကို

http://www.dhammadownload.com



မသတ်ဘူးဟုဆုံးဖြတ်ထားသူသည် သတ်ရန်ကြံစည်ခြင်းကိုလည်း ပြုလုပ်တော့မည် မဟုတ်ချေ။ ထို့ကြောင့် ဗျာပါဒကို ရှောင်ရှားပြီး သား ဖြစ်သွား၏။

ထို့အပြင် သူ့ဥစ္စာကို မတရားသောနည်းများဖြင့် မရယူပါဘူးဟု ဆုံးဖြတ်ထားသူသည် ခိုးဝှက်တိုက်ခိုက်ယူရန်ကိုလည်း ကြံစည်တော့ မည် မဟုတ်ချေ။ သို့အတွက် အဘိဇ္ဈာကိုလည်း ရှောင်ကြဉ်ပြီးဖြစ်တော့ ၏။

တစ်ဖန် ငါးပါးသီလကို ရိုသေလေးမြတ်စွာ စောင့်ထိန်းသူသည် ကံ–ကံ၏အကျိုးကို ယုံကြည်၍ စောင့်ထိန်းခြင်းဖြစ်သည်။ သို့အတွက် ကံ–ကံ၏အကျိုးရှိသည်ကို မယုံကြည်သောမိစ္ဆာဒိဋ္ဌိကိုလည်း ရှောင် ကြဉ်ရာရောက်၏။

ငါးပါးသီလစောင့်ထိန်းခြင်းသည် ဘုရားရှင်အဆူဆူတို့၏ အဆုံးအမနှင့်အညီနေထိုင်ခြင်းဖြစ်သည်။ ဒုစရိုက် ၁၀ပါးကို ရှောင်ကြဉ် နိုင်လျှင် ကုသိုလ်ရ၍၊ ကုသိုလ်ကံများမှ တစ်ဆင့် ကောင်းကျိုးချမ်းသာ များစွာကိုလည်း ရရှိမည်ဖြစ်သည်။

ငါးပါးသီလ မလုံခြုံလျှင် ဒုစရိုက်ကိုကျူးလွန်ရာရောက်သဖြင့် အကုသိုလ်ကံများဖြစ်ပွားကာ အပါယ်သို့ ကျရောက်သွားလိမ့်မည်။

အပါယ်ကျသွားသောသူသည် လူ့ဘဝသို့ ပြန်လည်ရရှိရန်မှာ အလွန့်အလွန် ခဲယဉ်းသည်။ ဗြဟ္မာ့ပြည်မှ အပ်တစ်စင်းကို ပစ်ချရာတွင် လူ့ပြည်မှာ ထောင်ထားသည့် အပ်တစ်စင်းကို အပ်သွားချင်းထိတိုက် ရန်မှာ လွယ်ကူချေသေး၏၊ လူ့ဘဝပြန်လည်ရရှိရန်မှာ ထို့ထက် ခဲယဉ်းသေးသည်။

ထို့အပြင် သီလစောင့်ထိန်းသူသည် သူ့အသက်ကိုသတ်ဖို့အခွင့် ကြုံလျှင် မသတ်ဘဲ ရှောင်ကြဉ်လိုက်သည့်အတွက် သူ့အသက်ကို

http://www.dhammadownload.com



ပေးလှူရာရောက်၏။ သူ့ဥစ္စာကို ခိုးယူဖို့ ကြံသောအခါ၌လည်း မခိုးမယူသည့်အတွက် သူနှစ်သက်မြတ်နိုးသော သူ့ဥစ္စာကို ပေးလှူရာရောက်၏။ သူတစ်ပါး၏သားမယားကို လွန်ကျူးဖို့ အခွင့်ကြုံလာသည့်အခါ၌လည်း မလွန်ကျူးဘဲရှောင်ကြဉ်သဖြင့် သူတစ်ပါးတို့ကို စိတ်ပူပင်သောကကင်းစေပြီး ငြိမ်းချမ်းစွာနေထိုင်ရန် အကျိုးဆောင်ပေးရာရောက်သည်။ သူတစ်ပါးတို့အားထိခိုက်နစ်နာစေမည့် မမှန်မကန်သောစကား၊ ကုန်းချောသည့်စကား၊ ကြမ်းတမ်းသည့်စကား၊ အကျိုးမရှိသောစကားများကို မပြောမဆိုသည့်အတွက်လည်း လူလူချင်းဆက်ဆံရာတွင် ယုံမှားသံသယကင်းရှင်းပြီး ယုံကြည်စိတ်ချစွာဆက်ဆံနိုင်စေသည်။ လူအပေါင်းတို့က သစ္စာမြေပေါ်တွင် ရပ်တည်နေကြလျှင် ရာသီဥတုမှန်ကန်၍ အသီးအနှံများ ပေါများကာ အဆီအနှစ်ဩဇာတို့နှင့်ပြည့်စုံကြမည်။ ထို့အပြင် သေရည်အရက် မူးယစ်ဆေးဝါးတို့ကို သောက်စားသုံးဆောင်ခြင်းမှ ရှောင်ရှားကြသည့်အတွက် မှောက်မှောက်မှားမှားပြုမူဆက်ဆံခြင်းမျိုးလည်း မရှိဘဲ အနာရောဂါကင်းရှင်းကြလိမ့်မည်။

အပရိမာနာနံ သတ္တာနံ အဘယံဒေတိ
အဝေရံဒေတိ အဗျာပဇ္ဈံဒေတိ။

"ငါးပါးသီလကို စောင့်ထိန်းခြင်းသည် အတိုင်းမသိ အရေအတွက်ရှိသော သတ္တဝါတို့အား ဘေးမရှိခြင်းကို ပေးလှူရာရောက်၏၊ ရန်မရှိခြင်းကို ဆောင်ကျဉ်းပေးရာရောက်၏၊ စိုးရိမ်ကြောင့်ကြမှု မရှိအောင် အကျိုးဆောင်ပေးရာ ရောက်၏။"

ထို့ကြောင့် ငါးပါးသီလကို **"မဟာဒါန"** ဟုခေါ်၏။

ဤသို့ ငါးပါးသီလကို စောင့်ထိန်းလျှင် လွန်စွာအကျိုးရှိပြီး၊

http://www.dhammadownload.com



မစောင့်ထိန်းလျှင် လွန်စွာအကျိုးယုတ်သည့်အတွက် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ စောင့်ထိန်းအပ်သော **"နိစ္စသီလ"** ဟုခေါ်၏။ အလေးဂရုပြုအပ်သော ကိုယ်ကျင့်တရားဖြစ်၍ **"ဂရုဓမ္မသီလ"** ဟုခေါ်၏။ အရိယာသူတော်ကောင်းတို့ အသက်တမျှ ချစ်မြတ်နိုးကြသော သီလဖြစ်၍ **"အရိယာကန္တ သီလ"** ဟုလည်းခေါ်ဆို၏။

ငါးပါးသီလ မလုံခြုံလျှင် ပုဆိုးကျွတ်သွားသည်နှင့်တူသဖြင့် ရှက်စရာကောင်းသည်။ ငါးပါးသီလကို အလေးမမူဘဲ လုံးဝမစောင့်ထိန်းလျှင် လုံးဝအဝတ်မရှိကြသော တိရစ္ဆာန်များနှင့် တူသွားပေလိမ့်မည်။

တိပိဋကဓရ မင်းကွန်းဆရာတော် **အရှင်ဝိစိတ္တသာရာဘိဝံသ**သည် ရှေ့ပိုင်း၌ လေးနက်သောတရားများစွာကို ဟောကြားခဲ့ပါသော်လည်း နောက်ပိုင်းဝယ် ငါးပါးသီလကိုသာ အဓိကထား၍ ဟောကြားတော်မူသည်။

"မြတ်စွာဘုရားရဲ့ အခြေခံအကျဆုံးကျင့်စဉ်ဖြစ်တဲ့ ငါးပါးသီလကို ဒါယကာ ဒါယိကာမတို့ လုံခြုံအောင်စောင့်ထိန်းဖို့ မဟောကြားဘဲ အထက်အထက်တရားတော်ကို ဟောကြားမယ်ဆိုရင် ပုဆိုးမရှိတဲ့အမျိုးသားကို တိုက်ပုံအင်္ကျီဝတ်ပေးပြီး ခေါင်းပေါင်း ပေါင်းပေးရာရောက်တယ်၊ ထဘီမရှိတဲ့ အမျိုးသမီးကို မျက်နှာအလှချယ်သပြီး ပန်းပန်ပေးရာ ရောက်တယ်" ဟု ဆရာတော်အမိန့်ရှိတော်မူ၏။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်များသည် အလှပဆုံး အဆင်တန်ဆာဖြစ်သည့် ငါးပါးသီလကို နှစ်သက်မြတ်နိုးစွာ ထာဝစဉ် ဝတ်ဆင်ကြပါလော့။

http://www.dhammadownload.com



## ကမ္ဘာစောင့်တရားများ

သီလခေါ်ဆိုကိုယ်ကျင့်တရားကို သူတော်ကောင်းအပေါင်းတို့သည် ခေတ်အဆက်ဆက် စောင့်ထိန်းခဲ့ကြသည်၊ သာသနာတွင်းအခါ၌ သီလစောင့်ထိန်းကြသလို သာသနာပအခါ၌လည်း သီလကို စောင့်ထိန်းခဲ့ကြသည်။

သီလကို လုံခြုံစွာ စောင့်ထိန်းစေသော အနီးကပ်ဆုံး အကြောင်းတရား(ပဒဋ္ဌာန်)မှာ **ဟိရီ**နှင့် **ဩတ္တပ္ပ**တို့ ဖြစ်ကြသည်။ ဟိရီသည် မကောင်းမှု ဒုစရိုက်ကို ကျူးလွန်ရန် ရှက်မုန်းစေပြီး၊ ဩတ္တပ္ပက မကောင်းမှု ပြုလုပ်ရန် ကြောက်ရွံ့ထိတ်လန့်စေသည်။

လူမှုရေးရှုထောင့်, ကိုယ်ချင်းစာတရားရှုထောင့်တို့မှ ကြည့်လျှင် ဒုစရိုက် ၁၀ ပါးသည် မတရားမှုများဖြစ်ကြသဖြင့် ထိုမတရားမှုတို့ကို ပြုကျင့်ရန် ရှက်ဖို့ကောင်းလှသည်။

တစ်ဖန် ကံ–ကံ၏အကျိုးသဘောဖြစ်သည့် သဘာဝတရားတို့၏ ဖြစ်မြဲသဘော ကမ္မနိယာမကို သိနားလည်လျှင် ဒုစရိုက်မှု တစ်မျိုးမျိုးကို လွန်ကျူးသည့်အခိုက်၌ အကုသိုလ်ကံများ ကုဋေသိန်းပေါင်းများစွာ ဖြစ်ပွားသွားကြပြီး ဤအကုသိုလ်ကံတို့က အပါယ်လေးဘုံတွင် ဘဝပေါင်းမြောက်များစွာ အကျိုးဖြစ်ထွန်းစေမည်ကို သဘောပေါက်သည်။ သို့အတွက် မကောင်းမှုကို ကျူးလွန်ရန် ကြောက်ရွံ့ထိတ်လန့်မည်ဖြစ်သည်။

ဟိရီ–ဩတ္တပ္ပရှိသူတို့သည် ငါးပါးသီလကို အလိုလိုပင် စောင့်ထိန်းသွားမည်ဖြစ်သည်။ တရားမျှတမှုကို လိုလားသူ၊ အမှန်တရားသစ္စာကို ချစ်မြတ်နိုးသူတို့သည်လည်း ငါးပါးသီလကို မြတ်နိုးစွာ စောင့်ထိန်းကြမည်ဖြစ်သည်။

http://www.dhammadownload.com



ဟိရီ–ဩတ္တပ္ပတို့သည် မကောင်းမှုကို မပြုလုပ်မိဖို့ရာ အရှက်–အကြောက် ရှိစေခြင်းဖြင့် ကမ္ဘာလောကကြီး ကမောက်ကမ မဖြစ်အောင်ထိန်းသိမ်းပေး၏။ သာသနာကွယ်ပသွားသော အခါမျိုး၌ ပင်လျှင် အဖေနှင့်သမီး၊ အမိနှင့်သား စသည်ဖြင့် မှောက်မှောက်မှားမှားမဖြစ်အောင် စောင့်ရှောက်ပေးသည့်အတွက်ကြောင့်လည်း ဟိရီနှင့် ဩတ္တပ္ပတို့ကို **ကမ္ဘာစောင့်တရား(လောကပါလ တရား) ၂–ပါး**ဟု ခေါ်ဆိုကြ၏။

ငါးပါးသီလ (ဝါ)ပဥ္စသီလသည်လည်း ကမ္ဘာလောက၌ အဓမ္မတရားများ မလွှမ်းမိုးအောင် ကမ္ဘာကြီး ငြိမ်းချမ်းသာယာအောင် ထိန်းကျောင်းပေးသော အခြေခံအကျဆုံး ဓမ္မအင်အားစုဖြစ်ပေ၏။

**တောင်ပုလုဆရာတော်ဘုရား**သည် ၁၉၇၈– ခုနှစ်အတွင်း၌ အမေရိကန်ပြည်ထောင်စုသို့ သာသနာပြုခရီးကြွသွားသောအခါ "**ကမ္ဘာစောင့်တရားငါးပါး**"ကို ဟောကြားတော်မူ၏။

၁။ ယနေ့ကမ္ဘာကြီး၌ AIDS ခေါ် ကိုယ်ခံအားကျရောဂါ၊ ကင်ဆာရောဂါ စသည့်ရောဂါမျိုးစုံတိုးပွား၍ ကမ္ဘာသူ ကမ္ဘာသားတို့၏ ကျန်းမာရေးကို ထိခိုက်နေစေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ပါဏာတိပါတ သူ့အသက်သတ်ခြင်း သိက္ခာပုဒ်ကို လွန်ကျူးကြ သောကြောင့်ဖြစ်၏။

၂။ ယနေ့ ကမ္ဘာနိုင်ငံများစွာ၌ စီးပွားရေးအကြပ်အတည်း အခက်အခဲများ ဆုံတွေ့နေကြရ၏။ ဤသို့ဖြစ်ရခြင်းမှာ အဒိန္နာဒါန သူ့ဉစ္စာကို ခိုးယူခြင်းဟူသည့် သိက္ခာပုဒ်ကို လုံခြုံအောင် မစောင့်ထိန်းနိုင်ခြင်းကြောင့်ဖြစ်၏။

၃။ ယနေ့ ကမ္ဘာနိုင်ငံများစွာတွင် အိမ်ထောင်ရေးပျက်ပြားပြီး အိမ်ထောင်ရေးပြဿနာများ ပေါ်ပေါက်နေကြ၏။ ဤသို့ ဖြစ်ရခြင်း

http://www.dhammadownload.com



သည် ကာမေသုမိစ္ဆာစာရ– သူတစ်ပါး၏သားမယားကို ဖျက်ဆီးခြင်း ဟူသော သိက္ခာပုဒ်ကို လွန်ကျူးကြခြင်းကြောင့် ဖြစ်၏။

၄။ ယနေ့ ကမ္ဘာကြီးတွင် လူမှုရေးပြဿနာမျိုးစုံ ပေါ်ပေါက် လျက်ရှိကြ၏။ ဤသို့ဖြစ်ရခြင်းမှာ မုသာဝါဒ–မမှန်ကန်သောစကားကို ပြောဆိုခြင်းဟူသည့် သိက္ခာပုဒ်ကို အလေးမမူဘဲ ချိုးဖောက်နေကြခြင်း ကြောင့်ဖြစ်၏။

၅။ ယနေ့ကမ္ဘာတွင် မှန်ကန်အကျိုးရှိသော အသိပညာ အတတ် ပညာများကို သင်ကြားပေးခြင်း ဆည်းပူးသင်ယူခြင်းဟူသော ပညာ ရေးကိစ္စများ ချွတ်ယွင်းကာ စာရိတ္တပျက်ပြားသူများ ပေါများလျက် ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ သုရာမေရယ–သေရည်အရက် မူးယစ် ဆေးဝါး သောက်စားသုံးစွဲခြင်းဟူသော သိက္ခာပုဒ်ကို လွန်ကျူး ချိုး ဖောက်နေကြခြင်းကြောင့် ဖြစ်သည်။

အထက်ပါ ကမ္ဘာပြဿနာအခက်အခဲများကို ဖြေရှင်းပေးနိုင်သော တစ်ကြောင်းတည်းသော နည်းလမ်းမှာ ကမ္ဘာတစ်ဝန်းလုံး ပဉ္စသီလကို စောင့်ထိန်းကြခြင်းပင် ဖြစ်သည်။

ယနေ့ ကမ္ဘာသူ ကမ္ဘာသားများက ပဉ္စသီလကို နှစ်သက်မြတ်နိုးစွာ စောင့်ထိန်းကြမည်ဆိုလျှင် ယနေ့ကမ္ဘာသည် နတ်ပြည်တမျှ ငြိမ်း ချမ်းသာယာသွားမည်ဖြစ်သည်။ သူခိုးဓါးပြများ မရှိ၊ လူဆိုးလူသွမ်းများ မရှိ၊ နေ့ ညဥ့်ပတ်လုံး သွားလာနိုင်ကြမည့်အပြင် အိမ်တံခါးများကို လည်း ပိတ်ထားဖို့ မလိုတော့။ ပစ္စည်းဥစ္စာများကို ကြောင့်ကြစိုက်ကာ ထိန်းသိမ်းစောင့်ရှောက်ဖို့ မလိုတော့။ ရဲသားအစောင့်အရှောက်များနှင့် စစ်တပ်များကိုလည်း ထားရှိရန် မလိုတော့။ စစ်မက်များ ကင်းဝေးပြီး ကမ္ဘာကြီး ငြိမ်းချမ်းနေပေလိမ့်မည်။

http://www.dhammadownload.com



## ကမ္ဘာကသိပါစေ ဝင့်ကြွားကြလေ

လူ့အခြေခံ ကျင့်ဝတ်တရားတို့ ပျက်ပြားနေကြ ကမ္ဘာမြေ။
ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့ လူနဲ့လူချင်း သတ်ခါနေ။
ငြိမ်းချမ်းပါစေ အာသီသနဲ့ စွမ်းနိုင်ရာက ကူညီသလေ။
ကျင့်ဝတ်တရား သီလငါး မှတ်သားကျင့်သုံးစေ။
အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ ကမ္ဘာကသိပါစေ။

(ဒဂုန် ဦးထွန်းမြင့်၏ ငါးပါးသီလကဗျာမှ ဆင့်ပွားနွှယ်သစ်)

ကမ္ဘာစောင့်တရားငါးပါးဟူသော ပဉ္စသီလ– သိက္ခာပုဒ်များကို စောင့်ထိန်းကြပါစို့။ "သိက္ခာပုဒ်" ဟူသည်မှာ "များစွာသောကုသိုလ် တရားတို့၏ တည်ရာ အခြေခံဖြစ်သော အကျင့်တရား"ကို ဆိုလိုသည်။

## နတ်ပြည်ရောက် ကုသိုလ်အယဉ်(၈) မျိုး

နတ်ပြည်၌ ပဋိသန္ဓေကိုဖြစ်စေပြီး ကောင်းကျိုးချမ်းသာ အမျိုး မျိုးကို ပေးဆောင်တတ်သော ကုသိုလ်ကောင်းမှုအထု ကုသိုလ်အယဉ် (၈) မျိုးရှိကြောင်း၊ စီးပွားချမ်းသာကို အလိုရှိကုန်သော အမျိုးကောင်း သားသမီးတို့သည် ဤကုသိုလ်အယဉ်(၈)မျိုးကို ဖြစ်ပွားစေထိုက် ကြောင်းကို မြတ်စွာဘုရားသည် ရဟန်းတော်တို့အား ဟောကြားတော်မူ၏။

ထိုကုသိုလ်အယဉ်(၈)မျိုးကား အဘယ်နည်း။

ဤသာသနာတော်၌ သိကြားလိမ္မာသော သူတော်ကောင်းသည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏။ ဤသို့ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း

http://www.dhammadownload.com



သည် ချမ်းသာကို ဆောင်တတ်သော ချမ်းသာသည့် အကျိုးကိုပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေဖြစ်စေတတ်သော ကုသိုလ်ကောင်းမှုအထု ကုသိုလ်အယဉ် (၃)မျိုး ပေတည်း။

တဖန် ခေတ်အဆက်ဆက်၌ ပညာရှိ သူတော်ကောင်းတို့ ကျင့်ကြံခဲ့ကြသော ရှေးကလည်းမပယ်၊ ယခုလည်းမပယ်၊ နောင်လည်းပယ်လတ္တံ့ မဟုတ်ကုန်သော ကြီးကျယ်မြင့်မြတ်သည့် အလှူဒါနတို့သည် (၅) မျိုးရှိကုန်၏။

အဘယ်(၅)မျိုးနည်းဟူမူ–ဤသာသနာတော်၌ သိကြားလိမ္မာသော သူတော်ကောင်းသည် သူ့အသက်သတ်ခြင်းကိုပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ သူ့အသက်ကို ရှောင်ကြဉ်သောသူသည် အတိုင်းအရှည်မရှိကုန်သော သတ္တဝါတို့အား ဘေးမရှိခြင်းကို ပေးလှူသည် မည်၏၊ ရန်မရှိခြင်းကို ပေးလှူသည်မည်၏၊ ဆင်းရဲမရှိခြင်းကို ပေးလှူသည် မည်၏။ ဤသို့ ပေးလှူသည် မည်ခြင်းကြောင့် အတိုင်းအရှည်မရှိသော သတ္တဝါအပေါင်းတို့သည် ဘေးမရှိခြင်း၊ ရန်မရှိခြင်း၊ ဆင်းရဲမရှိခြင်း အကျိုးတို့ကို အကန့်အသတ်မရှိ ခံစားကြရမည်ဖြစ်၏။ သို့အတွက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ချမ်းသာကို ဆောင်တတ်သော ချမ်းသာသည့်အကျိုးကို ပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေဖြစ်စေတတ်သော ကုသိုလ်ကောင်းမှုအထု ကုသိုလ်အယဉ် တစ်မျိုးပေတည်း။

ထို့နည်းအတူ သိကြားလိမ္မာသော သူတော်ကောင်းသည် ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းကို ပယ်၍ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ ပ။ ကာမဂုဏ်တို့၌မှားယွင်းသောအားဖြင့် ကျင့်ခြင်းကိုပယ်၍ ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ ပ။ မဟုတ်မမှန် ပြောဆိုခြင်းကိုပယ်၍ မဟုတ်မမှန်

http://www.dhammadownload.com



ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ပ။ ယစ်မူးမေ့လျော့ခြင်း၏အကြောင်း ဖြစ်သော သေအရက်သောက်စားခြင်းကိုပယ်၍ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်စားခြင်းမှ ရှောင်ကြဉ်၏။

ဤသို့ ရှောင်ကြဉ်ခြင်းသည် အတိုင်းအရှည်မရှိကုန်သော သတ္တဝါတို့အား ဘေးမရှိခြင်းကို ပေးလှူသည် မည်၏၊ ရန်မရှိခြင်းကို ပေးလှူသည်မည်၏၊ ဆင်းရဲမရှိခြင်းကို ပေးလှူသည်မည်၏။ ဤသို့ ပေးလှူသည်မည်ခြင်းကြောင့် အတိုင်းအရှည်မရှိသော သတ္တဝါတို့သည် ဘေးမရှိခြင်း ရန်မရှိခြင်း ဆင်းရဲမရှိခြင်း အကျိုးတို့ကို အကန့်အသတ်မရှိ ခံစားကြရမည်ဖြစ်၏။ ဤသည်ကား ချမ်းသာကို ဆောင်တတ်သော ချမ်းသာသည့်အကျိုးကိုပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေဖြစ်စေတတ်သော ကုသိုလ်ကောင်းမှုအထု ကုသိုလ်အယဉ် ဖြစ်ပေ၏။

[အထက်ပါစာပိုဒ်၌ ။ပ။ သည် ပေယျာလထိုးခြင်းဖြစ်သည်၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း မှတ်သားပါဟု ရည်ညွှန်းခြင်း ဖြစ်သည်။]

ရဟန်းတို့...ချမ်းသာကို ဆောင်တတ်သော နတ်ပြည်အကျိုးငှာ ဖြစ်သော ချမ်းသာသည့်အကျိုးကိုပေးတတ်သော နတ်ပြည်ပဋိသန္ဓေကို ဖြစ်စေတတ်သော (၈)မျိုးသော ဤကောင်းမှုအထု ကုသိုလ်အယဉ်တို့သည် အလိုရှိခြင်းငှာ နှစ်သက်ခြင်းငှာ နှလုံးကိုပွားစေခြင်းငှာ အစီးအပွားအလို့ငှာ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

(အင်္ဂုတ္တိုရ်ပါဠိတော်– အဘိသန္ဒသုတ်)

**မဃသိကြားမင်းနှင့် သူ့ဇာတ်ဦးမ**

http://www.dhammadownload.com



ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီကာလ၌ မဂဓတိုင်း မစလရွာတွင် မဃလုလင်သည် သူကြွယ်မျိုး၌ ဖြစ်၏။ တစ်နေ့ နံနက်စောစော၌ မဃလုလင်သည် ရွာသားတို့ ရွာမှုကိစ္စ ပြုလုပ်ရာဌာနသို့သွား၍ မိမိရပ်တည်ရာနေရာကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်၏။ လူတစ်ယောက်သည် ထိုသန့်ရှင်းသော ပြောင်တလင်း ကွက်ကို နှစ်သက်သဖြင့် ထိုနေရာ၌ လာရောက်ရပ်တည်၏။

မဃလုလင်သည် ရွာအလယ်၌ ကောက်နယ်တလင်းမျှ ကျယ်ဝန်းသောအရပ်ကို သုတ်သင်ရှင်းလင်း၍ ညီညာအောင် မြေညှိပြီးလျှင် သဲဖြူ ဖြန့်ခင်း၏၊ ထင်းများ သယ်ဆောင်လာ၍ အေးသောအချိန်တွင် မီးဖိုလေသည်။ ရွာသားများစွာတို့သည် ထိုတလင်းပြင်သို့လာ၍ မီးလှုံကြ၏၊ ဝမ်းသာ ပျော်ရွှင်ကြ၏။

ထို့နောက် မဃလုလင်သည် ဤသို့ ကြံတွေး၏– "ငါတို့ မြို့ရောက်သည့်အခါ မင်းစည်းစိမ်, အမတ်စည်းစိမ်တို့ကို မြင်တွေ့ရ၏။ ကောင်းကင်၌ လှည့်လည်ကုန်သော နေဗိမာန်၊ လဗိမာန် တို့၌လည်း နေနတ်သား လနတ်သားတို့ ရှိကြကုန်၏ဟု ကြားသိရ၏။ ထို မင်း, အမတ်, နေနတ်သား, လနတ်သားတို့သည် မည်သည့် အကြောင်းကြောင့် ကြီးကျယ်သောစည်းစိမ်များကို ရရှိကြသနည်း။ ဖြူစင်သော ကောင်းမှုကုသိုလ်ကို ပြု၍သာ ရရှိကြခြင်းဖြစ်သည်။ ငါသည်လည်း ဤသို့သောစည်းစိမ်ကို ပေးစွမ်းနိုင်သည့် ကုသိုလ်ကောင်းမှုတို့ကို ပြုပါအံ့။"

မဃလုလင်သည် နေ့စဉ် စောစောထ၍ ယာဂုသောက်ပြီးလျှင် ပဲခွပ်, ပုဆိန်, ပေါက်တူး, တင်းပုတ်တို့ကို ယူဆောင်ကာ လမ်းများကို ညီညာအောင်ပြုပြင်၏၊ လမ်းဘေးတစ်လျှောက်၌ သစ်ပင်ချုံနွယ်များ

http://www.dhammadownload.com



ကင်းရှင်းအောင် သုတ်သင်၏၊ အရိပ်ခိုနားနေရန် ဇရပ်များကို ဆောက်လုပ်၏၊ လေးထောင့်ရေကန်ကို တူးဖော်၏၊ ပန်းဥယျာဉ် စိုက်ပျိုး၏၊ အသွားခက်သော လမ်းခရီးများ၌ တံတားနင်းကြမ်းများကို ခင်းပေး၏။

မဃ၏ လုပ်ဆောင်ချက်ကို သဘောကျနှစ်သက်ကြသည့် ရွာသား(၃၃)ယောက်တို့သည် မဃလုလင်နှင့်အတူ အများရွာသူ ရွာသားတို့ စိတ်ပျော်ရွှင်ချမ်းမြေ့စေရေးအတွက် ကောင်းမှုကုသိုလ် အလုပ်များကို လုပ်အားပေးကာ လုပ်ဆောင်ကြ၏။

မဃနှင့်အပေါင်းပါတို့က တူညီသောကုသိုလ်ဆန္ဒဖြင့် ကုသိုလ် ကောင်းမှုများ ပြုလုပ်နေကြသည်ကို မစလရွာစားက မကြည်ဖြူ မနှစ်သက်ချေ။ ယခင်က ထိုသူတို့ သေအရက်သောက်စား၍ ခိုက် ရန်ဖြစ်ကြလျှင် ရွာစားက အကောက်ခွန်လည်းရ၏၊ ဒဏ်ငွေများ ကိုလည်းရ၏။ ယခုမူ ဤလာဘ်လာဘကို ရွာစားက မရတော့။ ထိုလူများကို ရှင်ဘုရင် အထင်လွဲမှားအောင် ကုန်းချောစကားကို ပြောကြားပေအံ့ဟု ရွာစားက ကြံတွေးမိ၏။

ကြံတွေးမိသည့်အတိုင်း နန်းတော်သို့သွား၍ ဘုရင့်ထံ ခစားပြီး သော် "မြတ်သောမင်းကြီး... မစလရွာ၌ ရာဇဝတ်မှု ကျူးလွန်ကြသော လူဆိုးသူခိုးများ သောင်းကျန်းနေကြပါသည်" ဟု လျှောက်ထား၏။

"ထိုသို့ဖြစ်လျှင် ယခုပင်သွားလော့၊ သင်ကိုယ်တိုင်ပင် ထိုလူဆိုး သူခိုးများကို ဖမ်းဆီးပြီး ယူဆောင်ခဲ့လော့"

ဘုရင်မင်းမြတ်သည် ထိုသို့မိန့်ဆိုပြီး စစ်သည်ဗိုလ်ပါများကိုပါ ထည့်ပေးလိုက်၏။ ယုတ်မာသော မစလရွာစားသည် စစ်သည်ဗိုလ်ပါ များနှင့်အတူ မစလရွာသို့ပြန်လာပြီး မဃနှင့် အပေါင်းပါ ၃၃-ဦး တို့ကို ဖမ်းဆီးချုပ်နှောင်၏။ ထို့နောက် မင်းထံသို့ ခေါ်ဆောင်

http://www.dhammadownload.com



သွား၏။

မင်းကြီးသည် မစူးစမ်း မဆင်ခြင်တော့ဘဲ "ထိုလူဆိုးများကို ဆင်ဖြင့်နင်း၍ သေစေကုန်လော့"ဟု အမိန့်ချမှတ်လိုက်၏။

မဃလုလင်တို့ လူစုကို ဆင်နင်းသတ်မည့်နေရာသို့ ခေါ်ဆောင်သွားကြ၏။ မဃလုလင်သည် သူ့အပေါင်းအဖော်များကို "သင်တို့ ငါ့စကားကို လိုက်နာနိုင်ကြမည်လော"ဟု မေးမြန်း၏။

"လိုက်နာကြပါမည်"ဟု အပေါင်းပါတို့က ဝန်ခံကြ၏။

" အို အမောင်တို့...ဤသံသရာဝဋ်အတွင်း၌ ကျင်လည်ကြရကုန်သော လူအပေါင်းတို့သည် ဤကဲ့သို့ ဘေးရန်နှင့် ကြုံတွေ့ရတတ်သည်မှာ ဓမ္မတာပင်တည်း။ အမောင်တို့... သစ္စာဆိုခြင်းသည် ဤလောကကြီး၏ မှီခိုအားထားရာဖြစ်သည်။ ထို့ကြောင့် အမောင်တို့ အားလုံးပင် အကယ်၍ အကျွနုပ်တို့သည် မစလရွာစားပြောသည့်အတိုင်း ခိုးသူတို့မှန်ကြပါလျှင် ဆင်တော်သည် ငါတို့ကို နင်းပါစေသတည်း။ အကယ်၍ ခိုးသူတို့ မဟုတ်သည်မှန်ပါမူ ဆင်တော်သည် မနင်းပါစေသတည်း ဟု သစ္စာဆိုကြကုန်လော့"။

ထိုလုလင်(၃၃) ဦးတို့သည် မဃလုလင် ပြောကြားသည့်အတိုင်း သစ္စာပြုကြ၏။ ဆင်တော်သည် နင်းဖို့ရန်ဝေးစွ၊ မဃလုလင်တို့ အဖွဲ့အနီးသို့ပင် မကပ်ရောက်နိုင်ဘဲ ကြောက်ရွံ့သော အသံဖြင့် ဟစ်အော်လျက် ထွက်ပြေးလေ၏။ ထို့နောက်တဖန် ဆင်တော်ကို မှိန်း, ချွန်းတို့ဖြင့် ထိုးဆွထိန်းအုပ်၍ ယူဆောင်လာပြန်ရာ မဃလုလင်တို့ အဖွဲ့အနီးသို့ ကပ်ရောက်စေရန် ဆင်ထိန်းများနှင့် မင်းချင်းများတို့ မတတ် နိုင်ကြချေ။

"ဆင်တော်ကို မဃလုလင်တို့ အဖွဲ့အနီးသို့ ကပ်ရောက်စေရန် မတတ်နိုင်ကြပါကုန်"ဟု မင်းချင်းတို့က မင်းကြီးအားလျှောက်ထား

http://www.dhammadownload.com



ကြ၏။

"ထိုသို့ဖြစ်လျှင် ထိုသူတို့အပေါ်သို့ ဖျာကိုဖုံးအုပ်၍ ဆင်တော်ကို နင်းအောင်ပြုပါ"ဟု မင်းကြီးက အမိန့်ပေး၏။

အမိန့်အတိုင်း မင်းချင်းတို့ ဆင်ထိန်းတို့ ဆောင်ရွက်ကြသော အခါ၌လည်း ဆင်တော်သည် နှစ်ဆတိုး၍ ကြောက်ရွံ့သောအသံဖြင့် ဟစ်အော်လျက် တိမ်းရှောင် ထွက်ပြေးလေ၏။

မင်းကြီးသည် ဤအကြောင်းကို ကြားသိလေလျှင် မစလရွာစား အား ခေါ်၍ "အမောင်ရွာစား...ဆင်တော်က ထိုလူတွေကို မနင်းလိုပါ ကလား"ဟု မိန့်ကြား၏။

"မှန်ပါသည် အရှင်မင်းကြီး... ထိုသူတို့အနက် အကြီးအကဲဖြစ်သူ မဃလုလင်သည် ဆင်မနင်းဝံ့သော မန္တာန်ကို တတ်သိသူဖြစ်ပါသည်။ ယခု ဆင်တော်မနင်းဝံ့ခြင်းသည် မန္တာန်၏အာနုဘော်ဖြစ်ပါသည်"ဟု မစလရွာစားက လျှောက်ထား၏။

မင်းကြီးသည် မဃလုလင်ကို ရှေ့တော်သို့ သွင်းစေ၍ "အမောင် သည် ဆင်မနင်းဝံ့သော မန္တာန်ကို တတ်မြောက်သည်ဟု ဆိုပါသည်၊ မှန်သလား"ဟု မေး၏။

"အရှင်မင်းကြီး...ကျွန်တော်မျိုးမှာ ဆင်မနင်းဝံ့သော မန္တာန်မရှိပါ။ ကျွန်တော်မျိုးတို့ စုပေါင်းပြီး သစ္စာဆိုကြပါသည်။ "အကယ်၍ ငါ တို့သည် လူဆိုးသူခိုးများဖြစ်ကြပါလျှင် ဆင်တော်သည် ငါတို့ကို နင်းပါစေသတည်း၊ အကယ်၍ ငါတို့သည် လူဆိုးသူခိုးများ မဟုတ်ကြ သည် မှန်ပါလျှင် ဆင်တော်သည် ငါတို့ကို မနင်းပါစေသတည်း"ဟု သစ္စာဆိုကြပါသည်။ ဆင်တော်မနင်းခြင်းသည် သစ္စာဆိုမှု၏ အာနု ဘော် ဖြစ်ပါသည်"ဟု မဃလုလင် လျှောက်ထား၏။

"အမောင်တို့သည် အဘယ်အမှုကို ပြုကြကုန်သနည်း"

http://www.dhammadownload.com



"အရှင်မင်းမြတ်...ကျွန်တော်မျိုးတို့သည် လမ်းများပျက်စီးနေသည်ကို ညီညာအောင်ပြုပြင်ကြပါသည်၊ အသွားအလာလွယ်ကူအောင် တံတားနင်းကြမ်းများကို ဖွဲ့ချည်ကြပါသည်၊ လမ်းလေးခွ ဆုံသည့်နေရာများ၌ နားနေရန် ဇရပ်များ ဆောက်လုပ်ကြပါသည်၊ ရေကန်များတူးဖော်ပြီး ဥယျာဉ်များ စိုက်ပျိုးကြပါသည်"

"အမောင်မဃ... အမောင်တို့ကို ဤရွာစားက အဘယ့်ကြောင့် ကုန်းချောစကား ပြောကြားသနည်း"

"အရှင်မင်းကြီး...ကျွန်တော်မျိုးတို့ မေ့လျော့သောက်စား မူးယစ်ပျော်ပါးနေကြသည့်အခါ ဤရွာစားသည် အကောက်ငွေ ဒဏ်ငွေများ ရရှိပါသည်။ ယခုအခါ ကျွန်တော်မျိုးတို့သည် မသောက်မစား မမေ့မလျော့ကြတော့ဘဲ ကုသိုလ်အလုပ်များကို ဆောင်ရွက်နေကြသဖြင့် ရွာစားသည် ဥစ္စာငွေများ မရတော့ပါ။ ဤအကြောင်းကြောင့် ကုန်းချောစကားပြောကြားပါသည်"

"အမောင်မဃ...ငါ့ဆင်တော်သည် တိရစ္ဆာန်ပင်ဖြစ်လင့်ကစား အမောင်တို့၏ ဂုဏ်ကျေးဇူးကို သိပေ၏။ ငါတမူကား လူသားစင်စစ်ဖြစ်ပါလျက် အမောင်တို့၏ဂုဏ်ကျေးဇူးကို မသိခဲ့ချေ။ မစလရွာကို အမောင်တို့အား အပိုင်စား ပေးသနားပါ၏၊ ဤဆင်တော်သည်လည်း အမောင်တို့၏ ဆင်ပင်ဖြစ်စေ၊ ကုန်းချောသမား ရွာစားဟောင်းသည် အမောင်တို့၏ ကျွန်ဖြစ်ပါစေ၊ သင်တို့သည် ကုသိုလ်အလုပ်များကို တိုး၍ လုပ်ကြပါ"ဟု အမိန့်ချမှတ်ပြီး ဥစ္စာများစွာကို ဆုလာဘ်အဖြစ် ပေးသနားတော်မူ၏။

မစလရွာသို့ ပြန်ရောက်လျှင် မဃလုလင်နှင့် အပေါင်းအဖော်တို့သည် ကုသိုလ်ကောင်းမှုကို တိုးလုပ်ရန်တိုင်ပင်ကြ၏၊ ရွာအနီး လမ်းလေးခွဆုံရာ၌ ကြီးမားခိုင်ခံ့သော အပန်းဖြေဇရပ်ကြီး တစ်ဆောင်ကို

http://www.dhammadownload.com



တည်ဆောက်ရန် ဆုံးဖြတ်ကြ၏။ မိမိတို့ အဖမ်းခံရစဉ်အခါက မိမိတို့၏ ဇနီးများသည် မိမိတို့လွတ်မြောက်ရန် ကူညီဖော်မရသည့်အပြင် " အဖမ်းခံရတာပဲ ကောင်းပါတယ်"ဟု အပြစ်တင်စကားပြောခဲ့ကြသည်။ သို့အတွက် ထိုအိမ်ရှင်မိန်းမများအား ကုသိုလ်ကောင်းမှု အဖို့ဝေစုကို မပေးကြစတမ်းဟု သဘောတူကြ၏။

မဃလုလင်၌ မသုဓမ္မာ၊ မသုစမ္မာ၊ မစိတ္တာ၊ မနန္ဒာဟူသော မယားလေးယောက်ရှိ၏။ မဃတို့အဖွဲ့က တောထဲဝင်၍ သစ်ပင်များကို တစ်နေကုန် ခုတ်လှဲနေစဉ် မသုဓမ္မာသည် လက်သမားဆရာကြီးအား အသပြာရှစ်ကျပ် လက်ဆောင်တံစိုးပေး၍ "အိုဖခင်...အပန်းဖြေဇရပ်ကြီးတည်ဆောက်ရာမှာ ကျွန်မအတွက် ကုသိုလ်ကောင်းမှုအဖို့ ရေစက်ပါအောင် ပြုလုပ်ပေးပါ"ဟု တောင်းပန်၏။

လက်သမားဆရာကြီးသည် ပိန္နဲတိုင်ပြုလုပ်ရန် သင့်လျော်သော သစ်ပင်တစ်ပင်ကို ခုတ်လှဲ၍ ခြောက်ပြေအောင် ရွေထားပြီးသော် မသုဓမ္မာအိမ်၌ ပို့ထား၏၊ မိမိအလိုရှိသည့်အခါ ထုတ်ပေးပါဟု မှာထား၏။

သစ်များစုဆောင်းခြင်းကိစ္စ ပြီးစီးသည့်အခါ မြေကို သုတ်သင်ရှင်းလင်းပြီး တွင်းတူးကာ ဇရပ်ကြီးကို စတင်ဆောက်လုပ်ကြ၏။ တိုင်စိုက်ထူခြင်း၊ ထုပ်လျှောက်တင်ခြင်း၊ ငြမ်းဖွဲ့ခြင်း အမှုများကို ပြုလုပ်ပြီးစီးလတ်သော် အခြင်ရနယ်များတင်ရန် ပြင်ဆင်ကြ၏။ ထိုအခါ လက်သမားဆရာကြီးက–

"အမောင်တို့...ငါတို့ တစ်ခုမေ့နေသည်၊ အခြင်ရနယ်များ ယေါင်းစု၍ တည်နေဖို့အတွက် အထွတ်သစ်သား ပိန္နဲတိုင် လိုနေသည်" ဟု ပြောဆိုလေ၏။

"အို–ဆရာကြီး... ယခုအချိန်ကျမှ အဘယ်က ရနိုင်မည်နည်း"

"အမျိုးတို့၏ အိမ်မှာ ရနိုင်ဖွယ်ရှိပါ၏၊ အိမ်ပေါက်စေ့ လှည့်လည်

http://www.dhammadownload.com



ကာ မေးမြန်းစုံစမ်းကြလော့”

အဖွဲ့သားတို့ လှည့်လည်မေးမြန်းသည့်အခါ မသုဓမ္မာအိမ်၌ အထွတ်တင်ရန် သင့်လျော်မည့်သစ်သားကို တွေ့ရလေ၏။

“အဖိုးအခ ယူပါ”ဟု ပြောဆိုသည့်အခါ

“တန်ဖိုးကို မယူလိုပါ၊ ကျွန်မအား ကုသိုလ်ကောင်းမှုအဖို့ ဝေစုကို ပြုခွင့်ပေးလျှင် ဤသစ်သားကို ပေးပါမည်”ဟု မသုဓမ္မာဆို၏။

အဖွဲ့ဝင်တို့က မယူလို၊ တောထဲဝင်၍ အထွတ်ပြုလောက်သော သစ်ပင်ကို ခုတ်လှဲမည်ဟု ဆိုကြ၏။ လက်သမားဆရာကြီးထံ အကြောင်းကြားသောအခါ ဆရာကြီးက ကောင်းကင်ကို မော်ကြည့်၍-

“အို-အမောင်တို့...ယနေ့နက္ခတ်အချိန် အလွန်ကောင်းလှပါသည်။ ဤနက္ခတ်အချိန်မျိုးကို နောက်တစ်နှစ်ကျော်မှ ရနိုင်ပါသည်။ အချိန် မဆိုင်းကြနှင့်၊ သုဓမ္မာအမျိုးသမီးအိမ်က အထွတ်သစ်ကိုပင် ယူ ဆောင်ခဲ့ကြကုန်လော့။ နတ်ပြည်၌ဖြစ်သည့်အခါ ထိုသုဓမ္မာအမျိုးသမီး အတွက်လည်း တစ်ထောင့်တစ်ကွေးက ဗိမာန်ဇရပ်ဖြစ်ပါစေ”ဟု ပြောဆို၏။

သုဓမ္မာအမျိုးသမီးသည် အထွတ်သစ်၏အောက်အပြင်၌ **“သုဓမ္မာဇရပ်”**ဟူသော အက္ခရာကမ္မည်းကိုထွင်းထားစေပြီးလျှင် အဝတ်သစ်ဖြင့် ရစ်ပတ်ဖုံးအုပ်ထားနှင့်၏။ အထွတ်သစ်ကို လာယူသောအခါ“အမောင် တို့...အခြင်ရနယ်များ တင်ပြီးသည့်အခါမှ ဤအဝတ်ကို ဖြေကြပါ”ဟု မှာကြားလိုက်၏။

အခြင်ရနယ်များတင်ပြီး၍ အဝတ်ကို ဖြေလိုက်သောအခါ “သုဓမ္မာဇရပ်”အမည်ကိုတွေ့ရသဖြင့် အဖွဲ့သားတို့က မကျေမနပ် ဖြစ်ကြ၏။ ထိုသူတို့ ဟစ်အော်ပြောဆိုနေကြစဉ်အခါ၌ပင် လက်သမား

http://www.dhammadownload.com



ဆရာကြီးသည် လုပ်စရာရှိသည်တို့ကို ဆက်လုပ်ကာ ဇရပ်ကြီးဆောက်လုပ်မှုကို ပြီးဆုံးစေလေ၏။

မဃလုလင်သည် ဇရပ်ကြီးမှ မနီးမဝေးသောအရပ်၌ ပင်လယ်ကသစ်ပင်ကို စိုက်ပျိုးစေ၏။ ထိုသစ်ပင်၏အရင်း၌ ကျောက်ဖျာကြီးတစ်ချပ်ကို ခင်းထားစေ၏။

မဃလုလင်၏ နန္ဒာမည်သော အိမ်ရှင်မသည် ဇရပ်ကြီးအနီး၌ ရေကန်ကြီးတစ်ခုကို တူးဖော်စေ၏။

မဃလုလင်၏ စိတ္တာမည်သော အိမ်ရှင်မသည် ဇရပ်ကြီးအနီး၌ ပန်းဥယျာဉ်တစ်ခုကို စိုက်ပျိုးစေ၏။

မဃလုလင်၏ အကြီးဆုံး အိမ်ရှင်မဖြစ်သော သုဇာသည်ကား ကြေးမုံ(မှန်)ရှေ့၌ ရပ်တည်၍ မိမိကိုယ်ကို အလှတန်ဆာဆင်လျက် တဝင့်ကြွားကြွား နေလေ့ရှိ၏။ ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေ၏။

မဃလုလင်သည် ထိုမယားကြီး သုဇာအား ကုသိုလ်ကောင်းမှုတစ်ခုခုပြုရန် တိုက်တွန်း၏၊ သုဇာက ခွန်းတုံ့ဆို၏–

"အရှင်...အရှင်သည် ဘယ်သူ့အတွက်တာ ကုသိုလ်ကောင်းမှုပြုလုပ်ပါသနည်း၊ အရှင်ပြုသော ကောင်းမှုသည် ကျွန်မ၏ကောင်းမှုပင် ဖြစ်သည် မဟုတ်လော"

မဃလုလင်သည် အသက်တမ်းအတိုင်း ကုသိုလ်ရေးနှင့် နေထိုင်၍ စုတေသည့်အခါ တာဝတိံသာနတ်ပြည်ဝယ် **သိကြားမင်းဖြစ်၏**။

မဃလုလင်၏ ကုသိုလ်ပြုဖော် ၃၃–ဦးတို့သည် သေလွန်ကြသည့်အခါ သိကြားမင်း၏ အနီးထံပါး၌ နတ်သားများဖြစ်လာကြ၏။

မဃလုလင်၏ အိမ်ရှင်မများဖြစ်ကြသော သုဓမ္မာ၊ စိတ္တာနှင့် နန္ဒာတို့သည် ကွယ်လွန်ကြသည့်အခါ သိကြားမင်း၏ နတ်မိဖုရားကြီးများ ဖြစ်လာကြ၏။

http://www.dhammadownload.com



ဇနီးကြီးသူဇာကား မဃလုလင်၏ တိုက်တွန်းစကားကို နားမဝင်ဘဲ ဝတ်စားပြင်ဆင်တန်ဆာဆင်ကာသာ မေ့လျော့စွာ နေထိုင်ခဲ့ခြင်းကြောင့် စုတေလတ်သော် တောင်ကြားတစ်ခု၌ **ဗျိုင်းအောက်မ** ကလေးဖြစ်လေ၏။

ကုသိုလ်ကောင်းမှုဟူသည်မှာ မိမိလုပ်မှ မိမိရသည်၊ ခင်ပွန်းလုပ်လို့ ဇနီးရသည်မဟုတ်။ ကုသိုလ်ကောင်းမှု မပြုလုပ်ဘဲ ဝတ်စားဆင်ယင် ပျော်ပွဲသဘင်တို့၌ လှည့်လည်ကျက်စားနေကြသော မေ့လျော့သူတို့သည် ကွယ်လွန်သည့်အခါ အပါယ်လေးဘုံသို့ကျရောက်ကြလေ၏။

ကုသိုလ်ကံ အကုသိုလ်ကံတို့သည် သတ္တဝါအပေါင်းတို့အား ဘဝအမျိုးမျိုးအဖုံဖုံဖြစ်အောင် စီမံပိုင်းခြားပေးကြ၏။ အကြင်သို့သောမျိုးစေ့ကို စိုက်ပျိုးလျှင် ထိုမျိုးစေ့နှင့်ဆီလျော်သော အသီးများကို စားရ၏။

မဃလုလင်သည် ဇရပ်ကြီးကို ဦးဆောင်တည်ဆောက်ခဲ့သဖြင့် သိကြားမင်းဖြစ်သည့်အခါ ယူဇနာ ခုနစ်ရာအမြင့်ရှိသော ဝေဇယန္တာနန်းပြာသဒ်ကြီးကို ရရှိ၏။ ပင်လယ်ကသစ်ပင်ကိုစိုက်၍ ကျောက်ဖျာကိုခင်းခဲ့သော ကောင်းမှုကြောင့် ထက်ဝန်းကျင် ယူဇနာသုံးရာအဝန်းကျယ်ပြန့်၍ ယူဇနာတစ်ရာအမြင့်ရှိသော ပင်လယ်နတ်ကသစ်ပင်ကြီးဖြစ်ပေါ်လာပြီးလျှင် ထိုနတ်ကသစ်ပင်ရင်း၌ အလျား ယူဇနာခြောက်ဆယ်၊ အနံ ယူဇနာ ငါးဆယ်၊ အထု တစ်ဆယ့်ငါးယူဇနာရှိသော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာကြီးသည် ထင်ထင်ရှားရှားဖြစ်ပေါ်လာ၏။

သုဓမ္မာအမျိုးသမီးသည် ဇရပ်ကြီး၏ အထွတ်သစ်သားကို လှူဒါန်းခဲ့သော ကောင်းမှုကြောင့် သူ့အတွက်တာ ယူဇနာ သုံးရာကျယ်ဝန်းသော သုဓမ္မာနတ်သဘင်(တရားခန်းမဆောင်ကြီး) ဖြစ်ပေါ်လာ၏။

နန္ဒာအမျိုးသမီးသည် ရေကန်ကို တူးဖော်လှူဒါန်းခဲ့ခြင်းကြောင့်

http://www.dhammadownload.com



သူ့အတွက်တာ ယူဇနာ ငါးဆယ်ကျယ်ဝန်းသော နန္ဒာအမည်ရှိ ရေကန်ကြီး ဖြစ်ပေါ်လာ၏။

စိတ္တာအမျိုးသမီးသည် ပန်းဥယျာဉ်ကို စိုက်ပျိုးလှူဒါန်းခဲ့ခြင်းကြောင့် သူ့အတွက်တာ ယူဇနာခြောက်ဆယ်ကျယ်ပြန့်သော စိတ္တလတာ အမည်ရှိသည့် နတ်ဥယျာဉ်ကြီး ဖြစ်ပေါ်လာ၏။

သိကြားမင်းသည် သုဓမ္မာနတ်သဘင်ဝယ် ရွှေပလ္လင်ထက်၌ ထိုင်နေလျက် နတ်မှူး ၃၃-ဦး၊ နတ်မိဖုရားကြီး ၃-ပါး၊ နတ် ကချေသည် နှစ်ကုဋေငါးသန်း၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်ပြည် နှစ်ထပ်၌ရှိကြသော နတ်အပေါင်းတို့ ခြံရံနေကြသည့်မိမိ၏ ကြီးစွာသော သိကြားမင်းစည်းစိမ်ကို ကြည့်ရှုလေလျှင် "ငါ၏နတ် မိဖုရားကြီးသုံးယောက်တို့ကား ငါ့ထံပါးတွင် ထင်ရှားဖြစ်ကြလေပြီ၊ သုဇာတစ်ယောက်သည်ကား အဘယ်မှာ ဖြစ်သနည်း"ဟု နတ်မျက်စိဖြင့် လိုက်လံကြည့်ရှု၏။ သုဇာသည် တောင်ကြား၌ ဗျိုင်းအောက်မကလေးဖြစ်နေသည်ကို တွေ့ရ၏။

သိကြားမင်းသည် သုဇာဗျိုင်းအောက်မထံသို့ ဆင်းလာ၏။ ဗျိုင်းမသည် သိကြားမင်းကိုမြင်လျှင် မှတ်မိသဖြင့် မျက်နှာ အောက်ချထားလိုက်၏။

"ဟယ်-အမိုက်မကလေး သုဇာ...သင်သည်ယခုမှ အဘယ့်ကြောင့် ဦးခေါင်းကို မချိုဝံ့ဘဲငုံ့နေရသနည်း၊ သင်သည် ငါ့စကားကို မနာယူ၊ ကုသိုလ်ကောင်းမှုမပြုဘဲ အလှတန်ဆာဆင်ယင် ဖြီးလိမ်း၍သာ မေ့လျော့စွာ အချိန်ကိုကုန်လွန်စေခဲ့၏။ သုဓမ္မာ၊ နန္ဒာ၊ စိတ္တာတို့သည် ကြီးကျယ်သော နတ်မိဖုရားစည်းစိမ်ကို အသီးသီးရကြလေပြီ။ လာ-လိုက်ခဲ့လော့။ ငါတို့၏ စည်းစိမ်ကို ကြည့်ရှုလော့"

သိကြားမင်းသည် ဗျိုင်းအောက်မကို တာဝတိံသာသို့ ဆောင်ယူ

http://www.dhammadownload.com



ခဲ့ပြီးလျှင် နန္ဒာရေကန်ကြီး၌ လွှတ်ထား၏။ နတ်ကချေသည်တို့သည် သိကြားမင်းကို ဘယ်အရပ်သို့ သွားခဲ့သနည်းဟု မေးကြ၏။ သိကြားမင်းက မဖြေကြားလို။ နတ်ကချေသည်တို့က အတင်းအကျပ် မေးမြန်းသဖြင့် သူဇာဗျိုင်းအောက်မကို တောင်ကြားမှ ဆောင်ယူ၍ နန္ဒာရေကန်၌ လွှတ်ထားကြောင်းကို ပြောပြ၏။

နတ်ကချေသည်တို့သည် လူ့ဘဝတုန်းက မိမိတို့ထက် အကြီးအကဲဖြစ်ပြီး မိမိတို့ကို မထိမဲ့မြင်ပြုခဲ့သည့် သူဇာကို သွားကြည့်ကြ၏။ ဗျိုင်းမကို မြင်လျှင် "အိုရှင်မတို့...ငါတို့အရှင်သခင်မ သူဇာ၏ ပုစွန်လုံးကို ထိုးသည့် သံတံကျင်ပုံနှုတ်သီးကို ကြည့်ကြကုန်လော့" ဤသို့စသည်ဖြင့် ပြောဆိုပြက်ရယ် ပြောင်လှောင်ကြကုန်၏။

သူဇာဗျိုင်းမသည် အလွန်ရှက်နိုးလှ နာကျင်လှသဖြင့်မိမိကို မူလတောင်ကြားအရပ်သို့ ပြန်ပို့ပေးပါရန် သိကြားမင်းအား တောင်းပန်၏။ သိကြားမင်းသည် ဗျိုင်းမကို တောင်ကြားအရပ်၌ လွှတ်ပေး၍ "ယခုအခါ ငါ့စကားကို သင်လိုက်နာမည်လော"ဟု မေး၏။

"လိုက်နာပါမည် သိကြားမင်း"ဟု ဗျိုင်းမက ဖြေ၏။

"ငါးပါးသီလကို ခံယူပြီး မကျိုးမပေါက်အောင် ဆောက်တည်လော့၊ မကြာမီသင့်ကို ထိုနတ်သမီးတို့၏ အကြီးအကဲအဖြစ် တင်မြှောက်မည်"

သူဇာဗျိုင်းမသည် သိကြားမင်းညွှန်ပြသည့်အတိုင်း ငါးပါးသီလကို ခံယူဆောက်တည်၏။ သုံးရက်ခန့်လွန်သောအခါ သိကြားမင်းသည် ဗျိုင်းမ၏ သီလကို စမ်းသပ်လို၍ ငါးယောင်ဆောင်လျက် ပက်လက်ပေါလော ရေစုန်မျော၍ လိုက်ပါလာ၏။

သူဇာဗျိုင်းမသည်"ငါးသေဖြစ်လိမ့်မည်"ဟု အမှတ်ဖြင့် ထိုငါးကို ကိုက်ချီယူ၏။ ငါးသည်အမြီးကိုလှုပ်၏။ "ငါးအရှင် ထင်ပါ၏"

http://www.dhammadownload.com



ဟု အောက်မေ့ကာ ရှေ့၌တဖန် ပြန်လွှတ်၏။

သိကြားမင်းသည် ကောင်းကင်၌ ရပ်တည်၍ "သာဓု–သာဓု– သင်သည် သီလသိက္ခာပုဒ်တို့ကို ကောင်းစွာစောင့်ရှောက်ပေ၏။ လုံ့လစိုက်၍ ဆက်စောင့်ပါ။ မကြာမီ သင်သည် နတ်ကချေသည်တို့၏ အကြီးအကဲဖြစ်လာလိမ့်မည်"ဟု အားပေးစကားပြောကြား၏။

သုဇာဗျိုင်းမသည် နှစ်ငါးရာ အသက်ရှည်၏။ တစ်ရက်မျှပင် ဝမ်းပြည့်အောင် အစာအာဟာရကို မရခဲ့။ တစ်နေ့တခြား ပိန်ချုံးညှိုးနွမ်း လာသော်လည်း ငါးပါးသီလကို မကျိုးပေါက်အောင် စောင့်ထိန်း ၏။ ထိုဘဝမှ စုတေလတ်သော် **ဗာရာဏသီပြည်ဝယ် အိုးထိန်းသည် ၏သမီး**ဖြစ်လေ၏။

သိကြားမင်းသည် "သုဇာ–အဘယ်အရပ်၌ ဖြစ်လေသနည်း"ဟု ကြည့်ရှုလတ်သော် အိုးထိန်းသည်သမီး ဖြစ်သည်ကို မြင်၏။ သုဇာ အား အသက်မွေးကြောင်းဥစ္စာကို ပေးလို၍ အဖိုးအိုအသွင်ဖန်ဆင်း ကာ ရွှေသခွားသီးများကို လှည်းအပြည့်တင်ဆောင်လျက် ရွာလယ်၌ ထိုင်၏။"သခွားသီးများကို ဝယ်ယူကြလော့"ဟု ကြွေးကြော်၏။

အရပ်လေးမျက်နှာမှ ရွာသူရွာသားများ လာရောက်ကြပြီး"အဖိုး– သခွားသီးကို ပေးပါလော့"ဟု အဝယ်စကားကို ပြောကြားကြ၏။

"အမောင်တို့...အမိတို့...ငါသည် သီလစောင့်ထိန်းသူတို့ကိုသာ သခွားသီးများကို ပေးနိုင်မည်၊ သင်တို့သည် သီလကို စောင့်ထိန်းကြ သလော"ဟု အဖိုးအိုက မေးမြန်း၏။

"အဖိုး...ကျွန်တော်၊ ကျွန်မတို့သည် သီလဆိုသည်မှာ မည်သည့် အရာဟူ၍မျှ မသိကြပါ။ တန်ရာတန်ဖိုးဖြင့်သာ သခွားသီးကို ပေးပါလော့"

"သီလ စောင့်ထိန်းသူကိုသာ ငါ သခွားသီးပေးနိုင်မည်"

http://www.dhammadownload.com



အဖိုးအိုက တင်းတင်းပြတ်ပြတ် ပြောဆိုသဖြင့် ရွာသူရွာသားတို့ ဖဲခွာသွားကြ၏။ အိုးထိန်းသည်သမီးသည် မိခင် ဖခင်တို့ ပြန်လာပြီး ပြောဆိုသောစကားကို ကြားသိလေလျှင် "ငါ့အတွက်တာ ယူဆောင်လာသည် ဖြစ်လိမ့်မည်"ဟု ဆင်ခြင်၍ အဖိုးအိုထံသွား၏။

"အို ဖခင်...ကျွန်မသည် သီလကို မကျိုးမပေါက်အောင်စောင့်ရှောက်ပါ၏၊ ကျွန်မအား သခွားသီးတို့ကို ပေးပါလော့"

"ငါသည် သင့်အတွက်ပင် ဤရွှေသားသခွားသီးများကိုယူဆောင်လာ၏"

အဖိုးအိုသည် အိုးထိန်းသည် အိမ်တံခါး၌ လှည်းနှင့်တကွရွှေသခွားသီးများကို ထားခဲ့၍ တာဝတိံသာနတ်ပြည်သို့ ဖဲသွားလေ၏။

အိုးထိန်းသည်သမီးသည် အသက်ထက်ဆုံး ငါးပါးသီလကိုမကျိုးမပေါက်အောင် စောင့်ရှောက်၍ စုတေလတ်သော် **ဝေပစိတ္တိအသုရာ နတ်မင်းကြီး၏ သမီးတော်** ဖြစ်လေ၏။ သီလစောင့်ထိန်းခဲ့သော ကောင်းမှုကြောင့် အလွန်တင့်တယ်ကြည်ညိုဖွယ်သော အဆင်းရှိလေ၏။

အသုရာနတ်မင်းကြီးသည် "ငါ့သမီးတော်အတွက် ထိမ်းမြားမင်္ဂလာပွဲသဘင် ဆင်ယင်ကျင်းပအံ့"ဟု အသုရာနတ်တို့ကို စည်းဝေးစေ၏။

သိကြားမင်းသည် "ယခုအခါ သုဇာသည် အဘယ်အရပ်၌ဖြစ်လေသနည်း"ဟု ကြည့်ရှုလတ်သော် "အသုရာနတ်ဘုံ၌ ဖြစ်နေလေပြီ၊ ယနေ့ပင် ထိုအသုရာနတ်သမီး သုဇာအတွက် ထိမ်းမြားမင်္ဂလာပွဲသဘင် ဆင်ယင်လတ္တံ့။ ယခုအခါ ငါသည် သုဇာကိုတစ်နည်းနည်းဖြင့် ဆောင်ယူသင့်၏"ဟု ကြံစည်၍ အသုရာနတ်

http://www.dhammadownload.com



အသွင် ဖန်ဆင်းကာ အသုရာနတ်တို့၏ အလယ်၌ ရောနှောရပ်တည်နေလေ၏။

အသုရာနတ်မင်းသည် သမီးတော်အား ပန်းကုံးကို အပ်နှင်း၍ "ချစ်သမီး အလိုရှိသောသူအား ပန်းကုံးစွပ်လော့"ဟု မှာကြား၏။

အသုရာနတ်သမီးသူဇာသည် ထိုမှဤမှ ကြည့်ရှုလတ်သော် အသုရာနတ်အသွင် ဖန်ဆင်းထားသော သိကြားမင်းကို မြင်၏။ ရှေးရှေးဘဝတို့က အတူတကွ ဆက်ဆံပေါင်းသင်းနေထိုင်ခဲ့ခြင်း အကြောင်းရင်းကြောင့် အချစ်စိတ်ပြင်းပြစွာ ဖြစ်ပေါ်လတ်ရကား "ဤသူသည် ကျွန်တော်မ၏ အရှင်သခင် လင်ယောကျ်ားတည်း"ဟု ပြောဆိုကာ သိကြားမင်းကို ပန်းကုံးစွပ်လေ၏။

သိကြားမင်းသည် သူဇာအသုရာနတ်သမီး၏ လက်မောင်းကို ဆွဲကိုင်၍ ကောင်းကင်သို့ ပျံတက်လေ၏။ အသုရာနတ်တို့သည် သိကြားမင်းဖြစ်ကြောင်းကို သိလေလျှင် "အချင်းတို့...သိကြားအိုကို ဖမ်းကြလော့၊ ငါတို့သည် ငါတို့၏ ရန်သူ ဖြစ်သော သိကြားမင်းအား အသုရာနတ်ကညာသူဇာကို ဘယ်နည်းဖြင့်မျှ မပေးနိုင်ဘူး"ဟု ကြွေးကြော်ကာ သိကြားမင်းနောက်သို့ လိုက်ကြ၏။

အသုရာနတ်မင်းကြီးသည်"ငါ့သမီးကို အဘယ်သူ ယူဆောင်လေသနည်း"ဟု အသုရာနတ်တို့ကိုမေး၏။

"မြတ်သောမင်းကြီး... သိကြားအိုသည် သူဇာကညာကို ယူဆောင်အပ်ပါပြီ"ဟု အသုရာနတ်တို့ ဖြေကြားကြ၏။

"ငါမှကြွင်းသူ နတ်ဟူသမျှတို့တွင် ဤသိကြားမင်းသည်သာ အမြတ်ဆုံးဖြစ်ပေသည်၊ အမောင်တို့ ဖယ်ရှားကြလော့"ဟု အသုရာနတ်မင်းကြီးက တားမြစ်စကား ပြောကြားလေ၏။

သိကြားမင်းသည် အသုရာနတ်သမီးသူဇာကို တာဝတိံသာ

http://www.dhammadownload.com



နတ်ပြည်၌ ကချေသည် နတ်သမီးပေါင်း နှစ်ကုဋေငါးသန်းတို့၏ အကြီးအကဲ နတ်မိဖုရားကြီးအရာမှာ တင်မြှောက်ထားလေ၏။

သူဇာမျိုင်းမသည် သီလစောင့်ထိန်းသည့်အတွက် ဘဝပြောင်းသည့်အခါ လူအမျိုးသမီးဘဝကိုရ၏။ ထိုအမျိုးသမီးဘဝတွင် အသက်ထက်ဆုံး ငါးပါးသီလကို စောင့်ထိန်းသဖြင့် အလွန်လှပတင့်တယ်သော အသုရာနတ်မင်းကြီး၏ သမီးကညာ ဖြစ်ရ၏။ ထိုမှတစ်ဆင့် မိမိ၏ ချစ်သူခင်ပွန်းဟောင်းဖြစ်သော သိကြားမင်းနှင့် ပြန်လည်ပေါင်းသင်းရပြီး နတ်မိဖုရားကြီးအရာကိုလည်း ရရှိလေ၏။

သူဇာအသုရာနတ်သမီးသည် သုဓမ္မာ၊ နန္ဒာ၊ စိတ္တာတို့ထက် သာလွန်၍ နတ်မိဖုရားကြီးအရာကို ရရှိလိုက်ခြင်းမှာ ဒါနကုသိုလ်ထက် သီလကုသိုလ်က ပို၍မြင့်မြတ်သည်ကို ဖော်ပြလေ၏။

(မဟာဗုဒ္ဓဝင်၊ ပဌမတွဲ၊ သက္កပဥှာသုတ်၊ နှာ ၈၉–၁၀၈)

## အသက်ရှည်ကြောင်း အကျင့်တရား

ရှေးအခါက ကာသိတိုင်းအတွင်း၌ **"ဓမ္မပါလ"** အမည်ရှိသော ရွာတစ်ရွာရှိ၏။ ကုသလကမ္မပထ (၁၀)ပါး (ဝါ) သုစရိုက်တရား (၁၀)ပါးတို့ကို စောင့်ထိန်းခြင်းကြောင့် ဓမ္မပါလအမျိုးအနွယ်ဟု ထင်ရှားကျော်စောသော မျိုးနွယ်စုတို့ နေထိုင်သဖြင့်လည်း ဓမ္မပါလ ရွာဟု အမည်တွင်ခြင်းဖြစ်၏။

ထိုမျိုးနွယ်စု၏ အကြီးအကဲဖြစ်သူသည် "ဓမ္မပါလ"ဟူ၍ပင် အမည်တွင်၏။ ထိုအကြီးအကဲ၏သားကိုလည်း "ဓမ္မပါလသတို့သား" (ဝါ) **"ဓမ္မပါလလုလင်"**ဟု ခေါ်ကြ၏။ ဓမ္မပါလလုလင် အရွယ်ရောက်လာသောအခါ ဖခင်သည် သားအား အသပြာတစ်

http://www.dhammadownload.com



ထောင်ကိုပေး၍ တက္ကသိုလ်ပြည်သို့ ပညာဆည်းပူးရန် စေလွှတ်၏။

မမ္ဗပါလလုလင်သည် တက္ကသိုလ်သို့ ရောက်လတ်သော် ဒိသာပါမောက္ခဆရာအား အသပြာတစ်ထောင်ကို ပေးအပ်ပြီး ပညာဆည်းပူး၏။ ပညာထူးချွန်သဖြင့် ဆရာကြီး၏ လက်ထောက်အဖြစ် အခြားစာသင်သားငါးရာတို့ကို သင်ကြားပေးရ၏။

တစ်နေ့တွင် ဒိသာပါမောက္ခဆရာ၏ သားကြီးသည် ငယ်ရွယ်စဉ်မှာပင် သေဆုံးသွားလေ၏။ ဆရာသည် ဆွေမျိုးအပေါင်း တပည့်လုလင်အပေါင်း ခြံရံလျက် သုသာန်၌ သား၏အလောင်းကို သဂြိုဟ်၏။ ထိုသုသာန်၌ ဆရာနှင့်တကွ ဆွေမျိုးအပေါင်း တပည့်လုလင်အပေါင်းတို့ ငိုကြွေးကြကုန်၏။ မမ္ဗပါလလုလင်တစ်ဦးသာလျှင် မငိုကြွေးချေ။

ဆရာ့အိမ်သို့ ပြန်ရောက်ကြသည့်အခါ၌လည်း တပည့်လုလင်တို့သည် ယဉ်ကျေးသိမ်မွေ့၍ ချစ်ဖွယ်ကောင်းသော ဆရာ့သားကြီးသည် ငယ်ရွယ်စဉ်ကာလ၌ပင်လျှင် မိဘဆွေမျိုးတို့နှင့် ကွေကွင်းရဘိ၏ဟု အဖန်တလဲလဲပြောဆိုကြကုန်၏။

"ဘယ့်နှယ်ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးရသလဲ၊ ငယ်ငယ်နှင့် သေဆုံးရခြင်းဟာ မသင့်လျော်ချေတကား"ဟု မမ္ဗပါလလုလင်က ဆို၏။

"အဆွေမမ္ဗပါလ၊ သင်သည် သတ္တဝါတို့၏ သေမြဲဓမ္မတာကို မသိသလော၊ သေမင်းခေါ်လျှင် သေကြရတာပဲ။ သင်တို့အရပ်မှာလည်း ဒီလိုပဲ ငယ်ငယ်ကြီးကြီး သေကြတာချည်းပဲမဟုတ်လား"

"အမောင်လုလင်တို့၊ သေမြဲဓမ္မတာကို ငါသိပါတယ်၊ ဒါပေမယ့် ငါတို့ရွာမှာ ငယ်ရွယ်သည့်သူများ မသေကြကုန်၊ အသက်အရွယ် ကြီးရင့်သော ကာလ၌သာလျှင် သေကြကုန်၏"

http://www.dhammadownload.com



"ဤသို့ ကြီးရင့်မှ သေခြင်းသည် သင်တို့၏ အမျိုးအစဉ်အလာပေလော"

"မှန်ပေ၏၊ ငါတို့၏ အမျိုးအစဉ်အဆက်သဘောတည်း"

စာသင်လုလင်တို့သည် ဓမ္မပါလ၏ စကားကို ဆရာအားပြောကြားကြကုန်၏။ ဆရာက ဓမ္မပါလကို ခေါ်၍မေး၏။

"အမောင်ဓမ္မပါလ၊ သင်တို့၏ အမျိုး၀ယ် ငယ်စဉ်ကာလ၌ မသေကုန်ဟု ဆိုခြင်းမှာ မှန်ပါသလား"

"ဆရာ မှန်ပါ၏"

ဆရာက စဉ်းစား၏။ "ဓမ္မပါလသည် အလွန်လျှင်အံ့ဖွယ်သရဲဖြစ်သော စကားကိုဆို၏။ ငါသည် ဓမ္မပါလ၏ ဖခင်ထံသွား၍မေးအံ့။ အကယ်၍ ဓမ္မပါလ၏ စကား မှန်လေလျှင် ငါသည်လည်း ထိုအသက်ရှည်အံ့သော အကြောင်းကို ကျင့်သုံးအံ့"

သေဆုံးပြီးသောသား၏ ပြုဖွယ်ကိစ္စများကိုပြု၍ ခုနစ်ရက်ရှစ်ရက်လွန်လျှင် ဆရာသည် တပည့်လုလင်တို့အား အတတ်သင်ပေးရန် ဓမ္မပါလလုလင်အား အပ်နှံထားပြီးသော် ဆိတ်၏အရိုးတို့ကို အိတ်၌ထည့်၍ အလုပ်အကျွေးတပည့်တစ်ဦးကို ခေါ်ဆောင်လျက် ဓမ္မပါလရွာသို့ သွား၏။

ဓမ္မပါလပုဏ္ဏားအိမ်သို့ ရောက်သော် ပုဏ္ဏားက သား၏ဆရာကို ကောင်းမွန်စွာ ညှော်ခံကျွေးမွေး၏။ စားသောက်ပြီးနောက် အေးချမ်းစွာ စကားပြောဆိုနေကြသောအခါ ဒိသာပါမောက္ခဆရာက–

"အဆွေပုဏ္ဏား၊ သင့်သားဖြစ်သော ဓမ္မပါလသတို့သားသည် ပညာရှိပေ၏၊ ဗေဒင်သုံးပုံကို တတ်မြောက်၏၊ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့ကို အပြီးတိုင် တတ်မြောက်၏၊ သို့သော် အနာရောဂါဖြင့် အသက်ကုန်ခြင်းသို့ ရောက်ချေပြီ။ စိတ်မကောင်းဖွယ်

http://www.dhammadownload.com



ဖြစ်ပါသော်လည်း အလုံးစုံသော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိသည် မဟုတ်လော”ဟု ပြောဆို၏။

ဓမ္မပါလပုဏ္ဏားသည် လက်ခုပ်လက်ဝါးတီး၍ ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

“အဆွေပုဏ္ဏား၊ အဘယ့်ကြောင့် ရယ်သနည်း”ဟု ဆရာက မေး ၏။

“ငါ့သား ဓမ္မပါလ မသေ၊ တစ်ပါးသောသူသေသည် ဖြစ်လတ္တံ့”

“ပုဏ္ဏား၊ သင့်သား၏ အရိုးတို့ကို မျက်မြင်ရှု၍ ယုံပါလော့”

ဆရာသည် အိတ်ထဲမှ ဆိတ်ရိုးတို့ကို ထုတ်ပြ၏။

“ဤအရိုးတို့သည် ဆိတ်ရိုးသော်လည်းကောင်း၊ ခွေးရိုးသော်လည်းကောင်း ဖြစ်ပါအံ့။ ငါ့သား ဓမ္မပါလသည်ကား မသေ။ ငါတို့အမျိုး၌ ဆွေခုနစ်ဆက် လည်သည့်တိုင်အောင် ငယ်ရွယ်စဉ်ကာလ၌ သေဖူးသောသူမည်သည် မရှိကုန်”

ထိုအခါ၌ ပုဏ္ဏားအိမ်၌ စုရုံးမိကြသော လူအပေါင်းတို့သည်လည်း လက်ခုပ်တီး၍ ပြင်းစွာ ရယ်မောကြကုန်၏။

ဒိသာပါမောက္ခသည် ဤသို့ အံ့ဖွယ်သရဲကို မြင်လေလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဓမ္မပါလမျိုးနွယ်ဆက် ၌ သူငယ်တို့၏ မသေခြင်းအကြောင်းကို မေး၏–

“အဆွေပုဏ္ဏား၊ သင်တို့ဆောက်တည်အပ်သော အသက်ရှည်ကြောင်း အကျင့်ကား အဘယ်နည်း။ အဘယ်သို့ မြတ်သော အကျင့်ကို ကျင့်သဖြင့် အသက်ရှည်ခြင်းအမျိုးကို ရရှိသနည်း။ ထို အသက်ရှည်ကြောင်း အကျင့်ကို အကျွန်ုပ်အား ပြောကြားပါလော့”

ဓမ္မပါလပုဏ္ဏားကြီးသည် မိမိတို့ ကျင့်သုံးသော အကျင့်မြတ်

http://www.dhammadownload.com



နှင့် ထိုအကျင့်မြတ်၏ ဂုဏ်ကျေးဇူးအာနုဘော်တို့ကို အကျယ်တဝင့် ရှင်းပြလိုရကား ဤစကားတို့ကို ဆို၏။

"ဆရာ၊ ငါတို့သည် ကုသလကမ္မပထတရားဆယ်ပါးကို ကျင့်ကုန်၏၊ မဟုတ်မမှန်သောစကားကို မဆိုကုန်၊ မကောင်းမှုတို့ကို ရှောင်ကြဉ်ကုန်၏၊ အလုံးစုံသော သူယုတ်မာတို့၏ အကျင့်ကို ရှောင်ကြဉ်ကြကုန်၏။ ဤသို့ကျင့်သောကြောင့်သာလျှင် ငါတို့၏ အမျိုး၌ ငယ်ရွယ်နုပျိုသောသူတို့ မသေကြကုန်။

"ဆရာ၊ ငါတို့သည် မလှူမီ ရှေးအဖို့၌လည်း ဝမ်းမြောက်ကြကုန်၏၊ လှူစဉ်အခါ၌လည်း ဝမ်းမြောက်ကြကုန်၏၊ လှူပြီးသည့် နောက်ကာလ၌လည်း ဝမ်းမြောက်ကြကုန်၏၊ နှောင်တမရှိကုန်။ ဤသို့ စေတနာသုံးတန် ဖြတ်၍ လှူလေ့ရှိသောကြောင့်လည်း ငါတို့၏ အမျိုး၌ ငယ်ရွယ်နုပျိုသူတို့ မသေကြကုန်။

"ဆရာ၊ ငါတို့သည် မိမိမယားကိုလွန်၍ တစ်ပါးသော မိန်းမသို့ မသွားလာကြကုန်။ မယားတို့သည်လည်း ငါတို့ကိုလွန်၍ တစ်ပါးသော ယောကျ်ားသို့ သွားလာခြင်းမရှိကုန်။ ထိုသူ့လင် သူ့မယားတို့မှ ကြဉ်ကုန်၍ မြတ်သောအကျင့်ကို ကျင့်ကုန်၏။ ထိုသို့ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ကြသည့်အတွက်လည်း ငါတို့၏ အမျိုး၌ ငယ်ရွယ်နုပျိုသူတို့ မသေကြကုန်။

"ဆရာ၊ ငါတို့သည် သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ကုန်၏၊ ပိုင်ရှင်မပေးသော ဥစ္စာကို ယူခြင်းမှ ကြဉ်ကုန်၏၊ သေရည်သေရက်မသောက်ကုန်၊ မုသားစကားကိုမဆိုကုန်၊ ဤသို့ ငါးပါးသီလမြဲမြံကြသည့်အတွက်လည်း ငါတို့၏ အမျိုး၌ ငယ်ရွယ် နုပျိုသူတို့ မသေကြကုန်။

"ဆရာ၊ အလွန်မြတ်သော အကျင့်ရှိကုန်သော မိန်းမတို့မှ

http://www.dhammadownload.com



မွေးဖွားကြသည့် မြတ်သောအကျင့်ရှိသော သားသမီးတို့သည် လျင်သောပညာရှိကုန်၏၊ အမှုကိစ္စအားလုံး၌ ပြုလုပ်နိုင်စွမ်းသော ပညာရှိကုန်၏၊ များသော အကြားအမြင်ရှိကုန်၏၊ မြဲမြံခိုင်ခံ့သော သီလရှိကုန်၏၊ ထိုသို့ မြဲမြံသော သီလပညာရှိကြသည့်အတွက်ကြောင့်လည်း ငါတို့၏ အမျိုး၌ ငယ်ရွယ်နုပျိုသူတို့သည် မသေကြကုန်။

"ဆရာ၊ ငါတို့၏ အမျိုး၌ အမိအဘတို့သည်လည်းကောင်း၊ ညီနောင်မောင်နှမတို့သည်လည်းကောင်း၊ သားသမီးတို့သည်လည်းကောင်း၊ လင်မယားတို့သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော သူတို့သည် တမလွန်ဘဝ၌ အပါယ်လားရအံ့သည်မှ ကြောက်ကုန်သောကြောင့် ကုသိုလ်တရားဆယ်ပါးကို ကျင့်ကြကုန်၏၊ ထိုသို့ ကျင့်ကုန်သည့်အတွက်ကြောင့်လည်း ငါတို့၏ အမျိုး၌ ငယ်ရွယ်နုပျိုသူတို့ မသေကြကုန်။

"ဒိသာပါမောက္ခဆရာ၊ ကုသိုလ်တရား ဆယ်ပါးသည် ကုသိုလ်တရား ဆယ်ပါးကျင့်သောသူကို စင်စစ် စောင့်ရှောက်တတ်၏၊ ကောင်းစွာ ကျင့်အပ်သော ကုသိုလ်တရားဆယ်ပါးသည် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရွက်ဆောင်တတ်၏။ ကုသိုလ်တရားဆယ်ပါးကို ကျင့်သောသူသည် အပါယ်လေးဘုံသို့ မလားချေ။ ဤအပါယ်မလားရခြင်းအကျိုးသည် ကောင်းစွာကျင့်အပ်သော ကုသိုလ်တရား ဆယ်ပါးအကျိုးတည်း။

"မိုးရွာသောအခါ၌ ကြီးစွာသောထီးသည် ဆောင်သည့်သူကို မိုးစွတ်ခြင်းမှ စောင့်ရှောက်သကဲ့သို့ ကုသိုလ်တရားဆယ်ပါးသည် ကုသိုလ်တရားဆယ်ပါးကို ကျင့်သောသူကို အမှန် စောင့်ရှောက်၏။ ဆရာ၊ ကုသိုလ်တရားဆယ်ပါးကို ကျင့်ထားပြီး၍ ထိုကုသိုလ်တရားဆယ်ပါးက ပြန်လည်စောင့်ရှောက်ခံရသော ငါ၏သား ဓမ္မပါလသည်

http://www.dhammadownload.com



အသက်ချမ်းသာစွာရှိပေ၏။ ဆရာ ဆောင်ယူလာသော အရိုးတို့သည် တစ်ပါးသော သတ္တဝါ၏ အရိုးတို့ပင်တည်း"

ဤသို့ ကြားရသော် ဒိသာပါမောက္ခဆရာသည် "ငါ၏ လာခြင်းသည် များသောအကျိုးရှိပေ၏၊ အကျိုးမရှိသောလာခြင်း မဟုတ်"ဟု ဝမ်းမြောက်ပီတိဖြစ်ကာ ဓမ္မပါလ ပုဏ္ဏားကြီးကို ကန်တော့၏၊ ထို့နောက် တောင်းပန်သောစကားကိုဆို၏–

"ဓမ္မပါလရွာသို့ ကျွန်ုပ်လာခြင်းသည် သင်တို့ကို စုံစမ်းလို၍ ဆိတ်ရိုးတို့ကို ယူဆောင်ခဲ့ပါသည်။ သင်၏သား ဓမ္မပါလသတို့သား သည် အနာမရှိ ချမ်းသာစွာရှိပါ၏။ သင်တို့ စောင့်အပ်သော တရားကို ကျွန်ုပ်အားလည်း ပေးပါကုန်လော့"

ဆရာသည် နှစ်ရက်သုံးရက် နေထိုင်ပြီးလျှင် တက္ကသိုလ် ပြည်သို့ ပြန်၏၊ ဓမ္မပါလလုလင်အား ခပ်သိမ်းသော အတတ်တို့ကို သင်ပေးပြီးသော် များစွာသော အခြံအရံနှင့်တကွ မိဘရပ်ထံ ပို့လိုက် လေ၏။

* * *

သဗ္ဗညုမြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အား ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော် မူ၏။ ခမည်းတော်မင်းကြီးသည် အနာဂါမိဖိုလ်၌တည်၏။ ထို့နောက် ဘုရားရှင်သည် ဤသို့ ဇာတ်တော်ကိုပေါင်းတော်မူ၏–

ယခုအခါ မြတ်သော သာကီဝင်မင်းမျိုး မယ်တော် ခမည်း တော်တို့သည် ထိုအခါ မယ်တော် ခမည်းတော်တို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ဒိသာပါမောက္ခဆရာ၏ ပရိသတ် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ

http://www.dhammadownload.com



ဓမ္မပါလသတို့သား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

ငါးပါးသီလ၊ စောင့်သုံးကြ၊ ငယ်ကမသေရာ။
(၄၄၇–ခုမြောက်သောမဟာဓမ္မပါလဇာတ်)

## သီလ၏အံ့ဖွယ်ရာ စွမ်းရည်ထူးများ

**ပတာနိယမထေရ်**သည် ခဏ္ဍစေတိယကျောင်း ကမ္ဗဋ္ဌာန်းအိမ်၌ အရိယဝံသ တရားတော်ကို နာကြားနေ၏။ အဆိပ်ရှိသော မြွေဆိုး တစ်ကောင်သည် မထေရ်ကို ကိုက်လိုက်၏။ မထေရ်သည် မြွေကိုက်လိုက်သည်ကို သိသော်လည်း ကြည်ညိုသည့်စိတ်နှင့် တရားဆက်နာ၏။ မြွေဆိပ်က လျင်မြန်စွာတက်လာ၏။

ထိုအခါ မထေရ်သည် မိမိ၏ သီလကို ဆင်ခြင်၏–

"ငါသည် ရဟန်းဖြစ်ခဲ့သည့်နေ့မှစ၍ သီလကို စင်ကြယ်အောင် စောင့်ထိန်းခဲ့၏။ သီလစင်ကြယ်သော ငါသည် ယုတ်မာသည့် သေခြင်းမျိုးဖြင့် မသေနိုင်"

ဤသို့ ဆင်ခြင်ရင်း နှစ်သက်ဝမ်းမြောက်မှု ပီတိဖြစ်ပေါ်လာ၏။ ပီတိ ဖြစ်လာသည်နှင့် တစ်ပြိုင်နက် မြွေဆိပ်လည်း လျောကျသွားလေ၏။ စိတ်တည်ငြိမ်လာသဖြင့် ဝိပဿနာတရားကို ဆက်လက်ပွားများရာ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

(မူလပဏ္ဏာသ၊ ၄၊ သဗ္ဗာသဝသုတ်အဖွင့်)

ထို့ကြောင့် သီလတန်ခိုးသည် မြွေဆိပ်ကို ပြယ်လျှိုးစေနိုင်၏။

* * *

**ပုဂံပြည် နရသီဟပတေ့မင်း**၌ မိဖုရားကြီးတစ်ပါးနှင့် မိဖုရား

http://www.dhammadownload.com



ငယ် ငါးပါးရှိ၏၊ မိဖုရားကြီးမှာ မိဖုရားစောဖြစ်၏၊ မိဖုရားငယ်များမှာ– (၁) စောလုံ၊ (၂) စောနန်း၊ (၃) ရှင်ဖား၊ (၄) ရှင်မောက်၊ (၅) ရှင်ရွှေတို့ ဖြစ်ကြ၏။

ထိုမိဖုရားများအနက် စောလုံကို မင်းကြီးက အလွန်မြတ်နိုးတော်မူ၏။ သင်္ကြန်အခါ ရာဝတီမြစ်၌ ရေကစားကြရာ မင်းကြီးသည် စောလုံကို ကျီစယ်လိုသဖြင့် စောလုံကို ရေဝိုင်းပက်ကြရန် မောင်းမငယ်များအား စေခိုင်း၏။ အလွန်ရှက်တတ်သော စောလုံက ရှက်လည်းရှက်၏၊ စိတ်လည်းဆိုး၏၊ မင်းကြီးအပေါ် အမျက်ထားသို၍ မင်းကြီး၏ စားတော်ပွဲ၌ အဆိပ်ခတ်လိုက်၏။

မင်းကြီးက ပွဲတော်မတည်မီ အောက်က ခွေးချေးသကြားရသဖြင့် စားတော်မခေါ်သေးဘဲ အမဲဟင်းလျာကို ခွေး ကျွေးစေ၏၊ ခွေးသည် အဆိပ်သင့်၍သေ၏၊ စားတော်ကဲကို ခေါ်၍စစ်မေးရာ စောလုံ အဆိပ်ခတ်ကြောင်းသိရ၏၊ စောလုံကလည်း ရဲဝံ့စွာ ဖြောင့်ချက်ပေး၏။

မင်းကြီးသည် အမျက်ထွက်သဖြင့် "စောလုံကို သံကျပ်စင်ပေါ်တင်ပြီး မီးမြိုက်သတ်စေ" ဟု အမိန့်ချမှတ်လိုက်၏။

စောလုံသည် သီလကို ခံယူဆောက်တည်၏၊ တရားနာကြား၏၊ ရတနာသုံးပါး၏ဂုဏ်တော်များကို ဆင်ခြင်ပွားများ၏၊ ရဲရဲညီးပူလောင်နေသော သံကျပ်စင်ပေါ်သို့ စောလုံတက်သည့်အခါ သီလ၏တန်ခိုး၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကြောင့် အဟုန်ပြင်းစွာ တောက်လောင်နေသော မီးသည် သုံးကြိမ်တိုင်တိုင် ငြိမ်းရလေ၏။

(မဟာရာဇဝင်ကြီး၊ ပထမတွဲ)

http://www.dhammadownload.com



ထို့ကြောင့် သီလသည် သတ်၍မသေနိုင်သော အကျိုးကိုလည်း ပေးနိုင်၏။

* * *

"ရဟန်းတို့...ရဟန်းသည် ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်ကို နှိမ်နင်းသူဖြစ်ရလို၏။ ငါ့ကို ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်သည် မနှိမ်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်ကို နှိမ်နင်း၍နေလို၏–ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူသာလျှင် ဖြစ်ရာ၏–ဟု ဘုရားရှင် ဟောတော်မူ၏။

(မူလပဏ္ဏာသပါဠိတော်–အာကင်္ခေယျသုတ်)

ထို့ကြောင့် သီလသည် ကြောက်ရွံ့ခြင်းကို နှိမ်နင်းနိုင်၏။

* * *

အကြင်သူတို့သည် ကာမဂုဏ်စည်းစိမ်ကို လိုချင်တောင့်တပြီး သာမဏဗြာဟ္မဏတို့အား ထမင်း, အဖျော်, အဝတ်, ယာဉ်, ပန်းနံ့သာ, အိပ်ရာ နေရာ, ကျောင်း, ဆီမီးအလှူတို့ကို ပေးလှူ၏။

"ငါသည် ကိုယ်ခန္ဓာပျက်ကြွေ၍ သေသည်မှနောက်၌ များသောဥစ္စာရှိသည့် မင်းမျိုး၌သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌သော်လည်းကောင်း၊ သူကြွယ်မျိုး၌သော်လည်းကောင်း ဖြစ်ရပါလို၏" ဟု စိတ်အကြံဖြစ်၏၊ စိတ်ကိုဆောက်တည်ထား၏၊ စိတ်ကိုပွားစေ၏။

ထိုသူတို့ သေလွန်ကြသည့်အခါ လိုချင်တောင့်တသည့်အတိုင်း မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး အသီးသီး၌ဖြစ်ကြရ၏။ ဤသို့ ဖြစ်ရခြင်းသည် သီလရှိသော သူတို့အားသာ ပြည့်စုံ၏၊ သီလမရှိသော သူတို့အား မပြည့်စုံ။

http://www.dhammadownload.com



ရဟန်းတို့...ဤလောက၌ အချို့သောသူတို့သည် ကာမဂုဏ် ချမ်းသာကို လိုချင်တောင့်တပြီး သာမဏဗြဟ္မဏတို့အား ထမင်း, အဖျော်, အဝတ်, ယာဉ်, ပန်းနံ့သာ, အိပ်ရာ နေရာ, ကျောင်း, ဆီမီးအလှူတို့ကိုပေးလှူ၏။

"ငါသည် ကိုယ်ခန္ဓာပျက်ကြွေ၍ သေသည်မှနောက်၌ စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရမူကားကောင်းလေစွ"ဟု စိတ်အကြံဖြစ်၏၊ စိတ်ကို ဆောက်တည်ထား၏၊ စိတ်ကိုပွားစေ၏။

ထိုသူတို့ သေလွန်ကြသည့်အခါ လိုချင်တောင့်တသည့်အတိုင်း စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏။ ဤသို့ရောက်ရခြင်းသည် သီလရှိသောသူတို့အားသာ ပြည့်စုံ၏၊ သီလမရှိသောသူတို့အား မပြည့်စုံ။

အကယ်၍ ရဟန်းသံဃာများအား ပစ္စည်းလေးပါး လှူဒါန်းပြီး တာဝတိံသာနတ်၊ သို့မဟုတ် ယာမာနတ် သို့မဟုတ် နိမ္မာနရတိနတ် သို့မဟုတ် ပရနိမ္မာနရတိနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရန် ဆုတောင်းလျှင်လည်း ဆုတောင်းသည့်အတိုင်း ပြည့်စုံ၏။ ဤသို့ ဆုတောင်းသည့်အတိုင်း ပြည့်စုံခြင်းသည် သီလရှိသောသူတို့အားသာ ပြည့်စုံ၏၊ သီလမရှိသောသူတို့အား မပြည့်စုံချေ။

(အင်္ဂုတ္တိုရ်ပါဠိတော်-ဒါနပပတ္တိသုတ်)

ထို့ကြောင့် သီလပြည့်စုံသူတို့၏ အလိုရှိသမျှ တောင့်တသမျှသည် ပြည့်စုံ၏။

* * *

http://www.dhammadownload.com



## သီလတစ်ပါးလုံလျှင် သစ္စာဆိုနိုင်

သီဟိုဠ်ကျွန်း၌ သာသနာထွန်းတောက်နေစဉ်အခါ သားနှစ်ယောက်တို့၏ မိခင်တစ်ဦးသည် သည်းထန်စွာ ဖျားနာ၏။ ဆေးဆရာက "ယုန်သားအစိုကို စားလျှင် ရောဂါပျောက်မည်"ဟု ဓာတ်စာညွှန်း၏။ ထို့ကြောင့် အစ်ကိုဖြစ်သူက ညီဖြစ်သူ **စက္ကန**အား ယုန်ဖမ်းရန် တာဝန်ပေးအပ်လိုက်၏။

စက္ကနသည် လယ်တောသို့ စောစောစီးစီးသွား၏။ နုပျိုသော မြက်များကိုစားရန် ယုန်ငယ်တစ်ကောင် ချဉ်းကပ်လာ၏၊ စက္ကနက လျင်မြန်စွာ ပြေး၍ဖမ်း၏၊ ယုန်ငယ်က ထွက်ပြေး၏၊ သို့သော် ချုံငယ်တစ်ခုတွင် ငြိခိုက်သွားသဖြင့် အဖမ်းခံလိုက်ရ၏။ ယုန်ငယ်သည် ကြောက်ရွံ့ကာ တဆတ်ဆတ်တုန်နေ၏။

သတ္တဝါတိုင်းပင် သေဘေးကို ကြောက်ရွံ့သည် မဟုတ်ပါလား။

စက္ကနသည် ယုန်ငယ်ကို အလွန်သနားသွား၏၊ သူစဉ်းစား၏ –

"ငါ့မိခင်၏ ရောဂါပျောက်ကင်းရေးအတွက် အပြစ်ကင်းမဲ့တဲ့ ယုန်ငယ်တစ်ကောင်က အသက်သေပေးရမယ်ဆိုရင် အလွန်မတရားတာပဲ၊ ယုန်သားမစားရလို့ ငါ့မိခင်ရဲ့ရောဂါ မပျောက်လျှင်လည်း ရှိပါစေတော့၊ တခြားဆေးတွေကိုရှာပြီး ကုတော့မယ်"ဟု ဆုံးဖြတ်လိုက်၏။

စက္ကနသည် ယုန်ငယ်ကို လွှတ်လိုက်၏။ စက္ကန အိမ်သို့ ပြန်ရောက်သည့်အခါ အစ်ကိုက "ယုန်မရခဲ့ဘူးလား"ဟု ဆီး၍မေး၏။

"ယုန်ငယ်တစ်ကောင်ကို ဖမ်းမိပါတယ်၊ သနားလို့

http://www.dhammadownload.com



ပြန်လွှတ်လိုက်ပါတယ်"ဟု ညီငယ်က ဖြေ၏။

အစ်ကိုက စိတ်ဆိုး၍ ဆူပူမောင်းမဲ၏။ စက္ကနသည် ခွန်းတုံ့မပြန်ဘဲ မိခင်အနီးသို့ ချဉ်းကပ်သွား၏။ စက္ကနသည် ငါးပါးသီလမြဲသူဖြစ်၏၊ သီလ၏တန်ခိုး၊ ရတနာသုံးပါးတို့၏ တန်ခိုး၊ သစ္စာတရား၏ တန်ခိုးတို့ကို နားလည်၏။

"မေမေ၊ မေမေ့ရောဂါ ပျောက်ကင်းအောင် ကျွန်တော် သစ္စာဆိုမယ်၊ မေမေနားထောင်ပါ၊ ကျွန်တော်သည် သိတတ်သော အရွယ်မှစပြီး ယနေ့အထိ သက်ရှိသတ္တဝါတစ်ဦးကို သေစေလိုသည့် စိတ်ဖြင့် သတ်မိခဲ့ခြင်းမရှိပါ၊ ဤမှန်သောသစ္စာစကားကြောင့် မေမေ့ ရောဂါ ပျောက်ကင်းပါစေသတည်း"

ထိုခဏ၌ပင် မိခင်၏ ရောဂါ ပျောက်ကင်းသွားလေ၏။

ဤတွင် ပါဏာတိပါတကံကို စောင့်ထိန်းသော သီလတစ်ပါး ဖြင့် သစ္စာဆိုခြင်းဖြစ်၏။

* * *

**သီဟိုဠ်ကျွန်း**ပေါ်က ရွာတစ်ရွာဝယ် မိခင်တစ်ဦးသည် နို့အိုင်းနာပေါက်နေသဖြင့် ဆင်းရဲဝေဒနာ ပြင်းပြစွာ ခံစားနေရ၏။ မိခင်၏ သမီးနှင့် သားတို့က မြတ်စွာဘုရား၏ သာသနာတော်ဝယ် ရဟန်းပြုနေကြ၏။

သမီး ဘိက္ခုနီသည် မိခင်ကို ပြုစုနေ၏။ မိခင်က–

"သမီး၊ သမီးရဲ့ မောင်တော် ရဟန်းထံသွားပါလော့၊ ငါ၏ မကျန်းမာခြင်းကို ပြောကြား၍ ဆေးကိုတောင်းယူခဲ့ပါလော့"

ဘိက္ခုနီသည် မောင်တော်စပ်သူ **မဟာမိတ္တမထေရ်**ထံသို့ သွား၏။ မိခင်မှာသည့်အတိုင်း လျှောက်ထား၏။ မထေရ်မြတ်က–

"ငါသည် ဆေးမြစ်များကိုစု၍ ဆေးဖော်စပ်ရန် နားမလည်

http://www.dhammadownload.com



ချေ၊ သို့သော် ဆေးကိုပြောကြားလိုက်ပေအံ့။ ငါသည် ရဟန်းပြုသည်မှစ၍ တပ်မက်သော ရာဂစိတ်ဖြင့် စက္ခု စသော ဣန္ဒြေတို့ကိုဖျက်၍ မာတုဂါမ(အမျိုးသမီး)၏ အဆင်းကို မကြည့်စဖူးပေ။ ဤမှန်သော သစ္စာစကားကြောင့် ငါ၏မယ်တော်အား ရောဂါပျောက်ကင်း ချမ်းသာ အေးမြခြင်းသည် ဖြစ်ပါစေသတည်း။ သင်သွားလော့၊ ဤ သစ္စာစကားကို ဆို၍ မယ်တော်၏ကိုယ်ကို သုံးသပ်ပါလော့"ဟုဆို၏။

ဘိက္ခုနီသည် မိခင်ထံသွား၍ ဤအကြောင်းကို ပြောကြား ပြီးလျှင် မထေရ်မှာကြားလိုက်သည့် သစ္စာစကားကို ဆိုလေ၏၊ မယ်တော်၏ အိုင်းအနာသည် ထိုခဏ၌ပင်လျှင် ရေမြှုပ်စိုင်ကဲ့သို့ ကြေပျက်၍ ပျောက်ကင်းသွားလေ၏။

မယ်တော်သည် အိပ်ရာမှထ၍ "မြတ်စွာဘုရားသခင်သာ အကယ်၍ သက်တော်ထင်ရှား ရှိပေငြားအံ့၊ ငါ့သားနှင့်တူသော ရဟန်းတော်၏ ဦးခေါင်းကို ရွှေလက်တော်ဖြင့် အဘယ်ကြောင့် မသုံးသပ်ဘဲ ရှိပါအံ့နည်း"ဟု ရွှင်လန်းဝမ်းမြောက်စွာ ပြောဆိုလေ၏။

ဤတွင်ဣန္ဒြေစောင့်ထိန်းရသော သီလ၏ အင်္ဂါတစ်ပါးကို အကြောင်းပြု၍ သစ္စာဆိုခြင်းဖြစ်သည်။

* * *

## မျက်မမြင်မာလိန်မှူး၏ သီလတန်ခိုး

"ဇမ္ဗူဒိပ် တစ်ကျွန်းလုံး၌ သဗ္ဗညုမြတ်စွာဘုရားကို လွန်၍ သိခြင်း၌ စွမ်းနိုင်သော ပညာရှိမည်သည်မရှိ။ မဟာသမုဒ္ဒရာ၌ ထကုန်သော လှိုင်းတံပိုးတို့သည် ကမ်းကိုမလွန်နိုင်ကုန်၊ ကမ်းသို့ ရောက်လျှင် ပျောက်ကွယ်သွားကြရသကဲ့သို့ တစ်စုံတစ်ယောက်သော

http://www.dhammadownload.com



ပညာရှိသည် မြတ်စွာဘုရားကို မလွန်ဆန်နိုင်၊ မြတ်စွာဘုရား၏ ခြေရင်းသို့ရောက်သည်ရှိသော် ပျောက်ပျက်ကုန်သည်သာတည်း”

ဤသို့လျှင် တစ်နေ့သော ညချမ်းအခါဝယ် ရဟန်းတို့သည် မြတ်စွာဘုရား၏ ပညာပါရမီတော်ကို ချီးမွမ်းနေကြကုန်၏။ မြတ်စွာဘုရား ကြွလာတော်မူ၍ “ရဟန်းတို့ ... အဘယ်စကားဖြင့် သင်တို့ စည်းဝေးကုန်သနည်း”ဟု မေးတော်မူ၏။

“ဤမည်သော စကားဖြင့်စည်းဝေးပါကုန်၏”ဟု လျှောက်ထားကြသော်–

မြတ်စွာဘုရားက–“သင်တို့ဆရာ ငါဘုရားသည် ယခုမှသာ ပညာရှိသည်မဟုတ်၊ ရှေးကပညာမရင့်မီအခါ၌လည်း ပညာရှိတော်မူ၏၊ မျက်မမြင်ဖြစ်လျက်လည်း သမုဒ္ဒရာရေအမှတ်ဖြင့် သမုဒ္ဒရာဝယ် ဤမည်သော ရတနာရှိကြောင်းကိုသိ၏”ဟု မိန့်တော်မူပြီး အတိတ်အကြောင်းကိုဆောင်တော်မူ၏။

* * *

လွန်လေပြီးသောအခါ၌ **ကုရုတိုင်း**၌ ကုရုမည်သော မင်းသည် မင်းပြု၏။ ထိုအခါဝယ် ဘုရားလောင်းသည် **ကုရုကစ္ဆ**မည်သော **သင်္ဘော**ဆိပ်ရွာ၌ သင်္ဘောသူကြီး၏ သားဖြစ်၏၊ ကြည်ညိုဖွယ်အဆင်းရှိ၏၊ **သုပ္ပါရက**ဟု အမည်ရှိ၏။

သုပ္ပါရကသည် အခြံအရံ များစွာနှင့် ကြီးပြင်းလာပြီး ၁၆–နှစ်သို့ရောက်သောအခါ သင်္ဘောသူကြီးအတတ်ကို တစ်ဘက်ကမ်းခတ် တတ်မြောက်၏။ ဖခင်ကွယ်လွန်သောအခါ သင်္ဘောသူကြီး ဖြစ်လာ၏။ ဘုရားလောင်းစီးနင်းလိုက်ပါသော သင်္ဘောသည် ပျက်စီးခြင်းမည်သည်မရှိ။ တစ်ခါသော် ဆားငန်ရေနှင့် ခတ်မိသဖြင့် ဘုရားလောင်း၏ မျက်စိနှစ်ဘက်တို့သည် ပျက်ကုန်၏။

http://www.dhammadownload.com



ထိုအခါ မင်းကိုမှီ၍ အသက်မွေးအံ့ဟု အကြံဖြစ်ပေါ်သဖြင့် မင်းထံသို့ကပ်၏။ မင်းက ဘုရားလောင်းကို ရာဖြတ်အရာ၌ထား၏။ တစ်နေ့သ၌ မျက်စဉ်းတောင်ထွတ်နှင့်တူသော ဆင်တစ်စီးကို ဆောင်ယူခဲ့ရာ မင်္ဂလာဆင်တော် ဖြစ်ထိုက်မဖြစ်ထိုက် ဘုရားလောင်းအား ဆုံးဖြတ်စေ၏။

မျက်မမြင်သုခမိန်သည် ဆင်၏ကိုယ်ကို လက်ဖြင့်သုံးသပ်၍ "ဤဆင်သည် မင်္ဂလာဆင်တော် ဖြစ်ခြင်းငှာမထိုက်၊ အကြောင်းမှာ ဤဆင်သည် နောက်ခြေနိမ့်၏၊ ဤဆင်ကိုမွေးသည့်အခါ အမိသည် ခြေဖြင့်ခံခြင်းငှာ မတတ်နိုင်၊ ထို့ကြောင့် မြေ၌ကျ၍ နောက်ခြေနိမ့်၏"ဟုဆို၏။

ဆင်ကိုဆောင်ယူလာသော သူတို့အား မေးမြန်းသည့်အခါ သုခမိန်ပြောသည့်အတိုင်း မှန်ကန်ကြောင်း ဝန်ခံကြ၏။ မင်းသည် အကဲဖြတ်ပုံကို အလွန်နှစ်သက်သဖြင့် သုခမိန်အား ရှစ်အသပြာကို ပေးစေ၏။

တဖန် တစ်နေ့သ၌ မင်္ဂလာမြင်းတော်အဖြစ် အသုံးပြုရန် မြင်းတစ်စီးကို ယူဆောင်လာကြပြန်၏။ မျက်မမြင်သုခမိန်အား အကဲဖြတ်စေ၏။ သုခမိန်သည် လက်ဖြင့် မြင်းကိုသုံးသပ်၍ "ဤမြင်းသည် မင်္ဂလာမြင်းဖြစ်ခြင်းငှာမထိုက်၊ ဤမြင်း၏ အမိသည် သားဖွားသောနေ့၌ သေသောကြောင့် ဤမြင်းသည် အမိနို့ရည်ကို မရ၍ ကောင်းစွာမကြီးပြင်းရ၊ နို့မျက်၏"ဟု ဆို၏။ ထိုသုခမိန်စကားသည် မှန်သည်သာတည်း။ ဤအကြောင်းကို ကြားသိသည့်အခါ မင်းသည် အလွန်နှစ်သက်၍ သုခမိန်အား ရှစ်အသပြာကို ပေးစေ၏။

တစ်ကြိမ်တွင်လည်း မင်္ဂလာရထား ပြုလုပ်ရန် ရထားတစ်စင်းကို ဆောင်ယူလာကြ၏။ မင်းသည် ရထားကို မျက်မမြင်

http://www.dhammadownload.com



သုခမိန်အား အကဲခတ်စေ၏။ သုခမိန်သည် ရထားကိုလက်ဖြင့် သုံးသပ်၍ "ဤရထားသည် အခေါင်းရှိသောသစ်ဖြင့် ပြုလုပ်ထားသည့် အတွက် မင်းအားမလျောက်ပတ်"ဟုဆို၏။ ထိုသုခမိန်၏ စကားသည် မှန်သည်သာတည်း။ မင်းသည် ထိုအကြောင်းကိုကြား၍ သုခမိန်အား ရှစ်အသပြာကိုပေးစေ၏။

များစွာအဖိုးထိုက်သော ကမ္ဗလာတစ်ထည်ကို ယူလာသည့် အခါ၌လည်း မျက်မမြင်သုခမိန်သည် လက်ဖြင့်သုံးသပ်၍ ကြွက် ခဲထားသည့် နေရာတစ်ခုရှိကြောင်း မိန့်ဆို၏။ မိန့်ဆိုသည့်အတိုင်း မှန်ကြောင်းသိရသဖြင့် ရှင်ဘုရင်သည် သုခမိန်အား ရှစ်အသပြာ ကိုသာ ပေးစေပြန်၏။

"ဤမင်းသည် အလွန်အဖိုးထိုက်သည့် အံ့ဩဖွယ်ရာ အကဲ ဖြတ်မှုများကို ပြုပေးပါလျက် ရှစ်အသပြာတို့ကိုသာပေးစေ၏၊ ဤကား ဆတ္တာသည်တို့၏ ပေးခြင်းပေတည်း၊ ဤမင်းသည် ဆတ္တာသည်မျိုးဖြစ်လတ္တံ၊ ဤသို့သောမင်းအား ခစားခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း"

မျက်မမြင်သုခမိန်သည် ဤသို့ဆင်ခြင်ပြီးသော် ကုရုကစ္ဆ သင်္ဘောဆိပ်သို့ ပြန်လာ၏။ ကုန်သည်တို့သည် သင်္ဘောကြီး တစ်စင်း ဆောက်လုပ်၍ သုပ္ပါရကသုခမိန်အား သင်္ဘောသူကြီး တာဝန်ကို ထမ်းရွက်ရန် ပန်ကြားကြကုန်၏။

"ငါသည် မျက်စိမမြင်၊ အဘယ်သို့လျှင် သင်္ဘောသူကြီး အမှုကို ပြုရဲအံ့နည်း"ဟု ဘုရားလောင်းကဆို၏။

"သခင်၊ သင်သည် မျက်စိမမြင်သော်လည်း အကျွန်ုပ်တို့ ထက် မြတ်၏၊ သင်သည် ပညာရှိ၏၊ ဥပါယ်တံမျဉ်၌ လိမ္မာ၏၊ သင်စီးသောသင်္ဘောသည် မပျက်နိုင်၊ ထိုကြောင့် သင်္ဘောသူကြီး

http://www.dhammadownload.com



တာဝန်ကို ယူပါလော့”ဟု ကုန်သည်တို့က အဖန်တလဲလဲ တောင်းပန်ကြသည်။

“ကောင်းပြီ…အမောင်တို့၊ ကြားသိရသောအမှတ်ဖြင့် ငါသည် သင်္ဘောသူကြီး ပြုလုပ်ပါအံ့”

ထိုသင်္ဘောဖြင့် ကုန်သည်(၇၀၀)တို့ လိုက်ပါကြကုန်၏။ သင်္ဘောသည် စထွက်သည်မှ ခုနစ်ရက်ပတ်လုံး ဘေးမရှိဘဲ သမုဒ္ဒရာ ရေပြင်ကျယ်၌ ပြေးလေ၏။ ထို့နောက် လေကြောင်းပြောင်းသွား သဖြင့် ခရီးလမ်းလွဲကာ သင်္ဘောသည် လေးလကြာအောင် မဟာ သမုဒ္ဒရာအမျိုးမျိုး၏ ရေပြင်ပေါ်ဝယ် ကမ်းမမြင် လမ်းမမြင် ပြေးလွှားနေတော့၏။

တစ်နေ့ရာရောက်သော် လူနှင့်တူသော ခန္ဓာကိုယ်ရှိပြီး သင်တုန်းသွားနှင့်တူသော နှာခေါင်းရှိကြသော ငါးတို့သည် ရေ၌ ပေါ်ခြင်း ငုပ်ခြင်းကို ပြုကြကုန်၏၊ ဤအကြောင်းကို ဘုရားလောင်း သုခမိန်အား ပြောကြားလေလျှင် သုခမိန်သည် မိမိလေ့လာ ဆည်းပူခဲ့သော သင်္ဘောကျမ်းနှင့် ညှိနှိုင်းဆင်ခြင်ပြီး “ဤကား **ခုရမာလီသမုဒ္ဒရာပေတည်း**”ဟုဆို၏။

ဤသမုဒ္ဒရာဝယ် ဝဇိရစိန်ကျောက်မျက်ရတနာများ ပေါများ ကြောင်းကို သုခမိန်သိ၏၊ အမှန်ကိုထုတ်ပြောလိုက်လျှင် လောဘကြီး သော ကုန်သည်တို့သည် ဝရဇိန်ကျောက်များကို ကဲ့ယူ၍ သင်္ဘောကို နစ်စေကုန်လိမ့်မည်။ သို့အတွက် ဥပါယ်တံမျဉ်ဖြင့် ကြိုးလွန်းတို့ကို ကိုင်၍ ငါးဖမ်းသောအဟန်ဖြင့် ပိုက်ကွန်ကိုချစေ၏၊ ဝဇိရစိန်၊ ကျောက်မျက်ရတနာ ဥစ္စာနှစ်ကို ဆယ်ယူ၍ အဖိုးနည်းသော ဥစ္စာ ပစ္စည်းတို့ကို စွန့်စေ၏။

ထိုသင်္ဘောသည် ခုရမာလိသမုဒ္ဒရာကို ကျော်လွန်သွား

http://www.dhammadownload.com



ပြီးနောက် **အင်္ဂမာလီသမုဒ္ဒရာသို့** ရောက်၏။ ထိုသမုဒ္ဒရာသည် တောက်ပသော မီးပုံကြီးနှင့်တူ၏၊ မွန်းတည့်နေနှင့်တူ၏၊ အရောင်လွှတ်လျက်တည်၏၊ ဤသို့သဘောရှိသော သမုဒ္ဒရာသည် အဘယ်သမုဒ္ဒရာနည်းဟု သင်္ဘောသားတို့သည် ဘုရားလောင်းကို မေးမြန်းကြ၏။

"အင်္ဂမာလီသမုဒ္ဒရာတည်း"ဟု ဘုရားလောင်း သုခမိန်ဖြေကြား၏။ ဤသမုဒ္ဒရာအောက်၌ ရွှေရှိသည်ကိုလည်း ဘုရားလောင်းသိ၏၊ ဥပါယ်တံမျဉ်ဖြင့် ရွှေတို့ကို ယူစေ၏။

သင်္ဘောသည် ရှေ့သို့သာပြေးသွား၍ **ဒဓိမာလီ သမုဒ္ဒရာ**သို့ရောက်၏။ သမုဒ္ဒရာရေသည် နို့ရည်နို့ဓမ်းကဲ့သို့ ထွန်းတောက်နေ၏၊ ဤသို့ သဘောရှိသော သမုဒ္ဒရာသည် အဘယ်သမုဒ္ဒရာနည်းဟု သင်္ဘောသားတို့ မေးမြန်းကြပြန်၏။

"ဒဓိမာလီ သမုဒ္ဒရာတည်း"ဟု မျက်မမြင်သုခမိန်က ဖြေကြား၏။ ဤသမုဒ္ဒရာအောက်ကြမ်းပြင်၌ ငွေတုံးများရှိသည်ကိုလည်း သုခမိန်သိ၏၊ ထိုငွေအချို့ကိုလည်း ဥပါယ်တံမျဉ်ဖြင့် ယူစေ၏။

သင်္ဘောသည် ရှေ့သို့ဆက်၍ပြေးသွားပြန်ရာ **ကုသမာလီ သမုဒ္ဒရာ**သို့ရောက်၏။ ဤသမုဒ္ဒရာသည် စိမ်းညိုသောအဆင်းရှိပြီး စိမ်းသောသမန်းမြက်နှင့်တူ၏၊ ဤသို့သဘောရှိသော သမုဒ္ဒရာသည် အဘယ်သမုဒ္ဒရာနည်းဟု သင်္ဘောသားတို့ မေးမြန်းကြပြန်၏။

"ကုသမာလီသမုဒ္ဒရာပေတည်း"ဟု ဘုရားလောင်းသုခမိန် ဖြေကြား၏။ ဤသမုဒ္ဒရာကြမ်းပြင်၌ ပတ္တမြားညိုဟု ဆိုအပ်သော မြကျောက်ညိုများရှိ၏။ ဤရတနာအချို့ကိုလည်း ဘုရားလောင်းသည် ဥပါယ်တံမျဉ်ဖြင့် ယူစေ၏။

http://www.dhammadownload.com



သင်္ဘောသည် ဆက်လက်၍ ခရီးနှင်လေလျှင် ကျူတော ဝါးတောကဲ့သို့ ထင်သော **နဠမာလိသမုဒ္ဒရာ**သို့ ရောက်၏။ ဤ သမုဒ္ဒရာအမည်ကိုလည်း ဘုရားလောင်း သုခမိန် မှန်ကန်စွာ ပြော နိုင်၏။ ဤသမုဒ္ဒရာ၌ ကြောင်မျက်ရွဲ, ပြယိုးယား, ဝင်သဝဏ် ကျောက်မျိုးတို့ များစွာရှိ၏၊ ဤကျောက်မျိုးကိုလည်း ဘုရားလောင်း သည် ဥပါယ်တံမျဉ်ဖြင့် ယူစေ၏။

ထိုနဠမာလိသမုဒ္ဒရာကို ကျော်လွန်သွားသောအခါ သင်္ဘော သည် **ဗလဝါမုခ သမုဒ္ဒရာ**သို့ ဝင်ရောက်လာ၏၊ ဤသမုဒ္ဒရာ၌ ရေသည် ငင်၍ ငင်၍ ထက်ဝန်းကျင်အထက်သို့တက်ပြီးနောက် ချောက်ကမ်းပါးပြတ်၍ကျသကဲ့သို့ ကျ၏၊ ကျယ်ဝန်းသော ဇလုပ် တွင်း၌ ကျသကဲ့သို့ထင်၏၊ ကြောက်မက်ဖွယ်သော အသံသည်လည်း မြည်ဟိန်းထွက်လာ၏၊ ထိုအသံသည် နားအုံတို့ကိုပွင့်စေ၍ နှလုံးကို ကွဲစေသကဲ့သို့ ကျယ်လောင်၏၊ ဘီလူးသံနှင့်တူ၏။ ကုန်သည်များနှင့် သင်္ဘောသားများ ကြောက်ရွံ့ကြပြီး ထိုအခြင်းအရာကို ဘုရားလောင်း သုခမိန်အား လျင်မြန်စွာ ပြောကြားကြ၏။

"အမောင်တို့...ဤသမုဒ္ဒရာကား အလွန်ကြောက်စရာကောင်း သော ဗလဝါမုခသမုဒ္ဒရာတည်း၊ ဤသမုဒ္ဒရာထဲသို့ ဝင်ရောက်မိလျှင် ပြန်လမ်းမရှိတော့၊ သင်္ဘောနစ်မြုပ်၍ ပျက်စီးခြင်းသို့ ရောက်ရလတ္တံ့။"

ဘုရားလောင်း၏ ဖြေကြားသံကို ကြားရလေလျှင် ကုန်သည် များနှင့် သင်္ဘောသားများသည် သေဘေးမှ ကြောက်လန့်ကုန်၍ ငိုကြွေးမြည်တမ်းကြကုန်၏။

"ဤသူတို့ကို ငါမှတစ်ပါးသောသူတို့သည် ကယ်တင်ခြင်း ငှာ မစွမ်းနိုင်၊ ငါသည် သစ္စာပြုသဖြင့် ထိုသင်္ဘောသားတို့၏ ချမ်းသာခြင်းကို ပြုအံ့"ဟု မျက်မမြင် သုခမိန်က ဆင်ခြင်မိ၏။

http://www.dhammadownload.com



ထို့ကြောင့် သင်္ဘောသားများကိုခေါ်၍ မိမိကို ရေချိုးစေ၏၊ ပုဆိုးသစ်တို့ကို ဝတ်ဆင်ပေးစေ၏၊ ရေနှင့်ပြည့်သော ရွှေခွက်ကို စီရင်၍ သင်္ဘောဦး၌ ထားစေ၏။

ဘုရားလောင်းသုခမိန်သည် လက်နှစ်ဖက်ဖြင့် ရေပြည့်နေသည့် ရွှေခွက်ကိုကိုင်၍ သစ္စာဆို၏။

"အကျွန်ုပ်သည် သိ,ကြားလိမ္မာသော အရွယ်မှစ၍ သေစေလိုသော စေတနာဖြင့် မည်သည့်သတ္တဝါကိုမျှ ညှဉ်းဆဲသတ်ဖြတ်သည်ကို မသိစဖူး၊ ဤသို့ဆိုရသော မှန်သည့်သစ္စာစကားကြောင့် ဤသင်္ဘောသည် မူလနေရပ်သို့ ချမ်းသာစွာ ပြန်စေသတည်း။

"အကျွန်ုပ်သည် သူတစ်ပါး၏ ဥစ္စာကို မြက်ဝါးခြမ်းစိတ်ပမာဏလောက်မျှပင် မယူစဖူးပါ၊ လောဘ၏ အစွမ်းဖြင့် သူတစ်ပါး၏ သားမယားကို မကြည့်စဖူးပါ၊ မမှန်သောစကားကို မဆိုဖူးပါ၊ သေရည်အရက်ကို မသောက်စဖူးပါ၊ ဤသို့ဆိုရသော မှန်သည့်စကားကြောင့် ဤသင်္ဘောသည် မူလနေရပ်သို့ ချမ်းသာစွာ ပြန်စေသတည်း"

ဤသို့လျှင် ပညာရှိသုခမိန်သည် မိမိဆောက်တည်ထားသော ငါးပါးသီလ၏ အစွမ်းဖြင့် သစ္စာပြု၏၊ သစ္စာပြုပြီးနောက် ရေပြည့်သော ရွှေခွက်မှ ရေကို သင်္ဘောဦး၌ သွန်းလောင်း၏။

မှန်ကန်သော သစ္စာ၏ စွမ်းအားသည် အလွန်ကြီးမား၏။ လေးလတို့ပတ်လုံး သမုဒ္ဒရာများ၏ ရေပြင်ပေါ်၌ ပြေးလွှားနေခဲ့သော သင်္ဘောသည် သစ္စာ၏ အာနုဘော်ဖြင့် တစ်နေ့ချင်းလျှင် ကုရုကစ္ဆသင်္ဘောဆိပ်သို့ ပြန်ရောက်လေ၏။

ဘုရားလောင်းသုခမိန်သည် ကုန်သည်များနှင့် သင်္ဘောသားတို့အား သင်္ဘောတွင် ပါလာသည့် ရွှေ ငွေ ပတ္တမြားညို ဝဇိရစိန်

http://www.dhammadownload.com



ကြောင်မျက်ရွဲ စသည့်ကျောက်မျက်ရတနာများကို ခွဲခြမ်းဝေငှပေး၏။

"သင်တို့သည် ဤမျှသော ဥစ္စာဖြင့် ကျေနပ်ကြကုန်လော့၊ နောက်ထပ် တဖန် သမုဒ္ဒရာသို့ မထွက်ကြကုန်လင့်။ အသက်ထက်ဆုံး ငါးပါးသီလ၌ တည်၍ အလှူပေးခြင်း စသော ကောင်းမှုကုသိုလ်များကို ပြုကြကုန်လော့"ဟု ဆုံးမလေ၏။

အားလုံးသော သူတို့သည် သေလွန်ကြသည့်အခါ နတ်ပြည်သို့ ရောက်ကြကုန်၏။

(ငါးရာငါးဆယ်ဇာတ်ဝတ္ထုမှ သုပ္ပါရကဇာတ်)

## စာရိတ္တသီလခေါ် လူမှုကျင့်ဝတ်များ

မြတ်စွာဘုရားက "ဤအမှုမျိုးကို မပြုကျင့်ရ၊ မပြုကျင့်ကောင်း"ဟု ပညတ်ဆုံးမထားသော သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသည့် ဒုစရိုက်မကောင်းမှုများကို ရှောင်ကြဉ်ခြင်းကို **ဝါရိတ္တသီလ**ဟု ခေါ်၏။ ပဉ္စသီလသည် ဒုစရိုက်များကို ရှောင်ကြဉ်သော သီလဖြစ်၍ ဝါရိတ္တသီလမည်၏။

မြတ်စွာဘုရားက "ဤအမှုမျိုးကို ပြုကျင့်အပ်၏"ဟု ပညတ်ဆုံးမထားသော ကျင့်ဝတ်သိက္ခာများကို လိုက်နာပြုကျင့်ခြင်းကို စာရိတ္တသီလဟု ခေါ်၏။ **သိင်္ဂါလောဝါဒသုတ်**လာ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ် စသည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်းသည် စာရိတ္တသီလ ဆောက်တည်ခြင်းမည်၏။

လူသည် အပေါင်းအသင်း၊ အဖွဲ့အစည်းနှင့် နေထိုင်သော သတ္တဝါဖြစ်၏။ ငြိမ်းအေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် လူမှု

http://www.dhammadownload.com



ဆက်ဆံရေးဆိုင်ရာ ကျင့်ဝတ်များကို အလေးမူ၍ လိုက်နာကျင့်သုံးအပ်၏။ ဤသို့ လိုက်နာကျင့်သုံးခြင်းသည် မိမိအကျိုး, သူတစ်ပါးအကျိုးတို့ကို သယ်ပိုးရွက်ဆောင်ရာ ရောက်သဖြင့် ကောင်းကျိုးချမ်းသာကို များစွာဖြစ်ထွန်းစေမည် ဖြစ်သည်။

**မင်္ဂလာတရားတော်၌** ကိုယ်ကျင့်ဝိနည်းတရားများကို သင်ယူလိုက်နာခြင်း၊ ကောင်းသောစကားကို ပြောဆိုတတ်ခြင်း၊ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊ သားသမီး, ဇနီးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း၊ ဆွေမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း၊ ရိုသေထိုက်သူတို့ကို ရိုသေခြင်း၊ မာန်မာနကို နှိမ့်ချခြင်း၊ သူပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း စသည်တို့သည် လက်ငင်းဘဝတွင်လည်းကောင်း၊ တမလွန်ဘဝများ၌လည်းကောင်း ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားများ ဖြစ်ကြပေ၏။

သို့ဖြစ်၍ မိမိ၏ မာန်မာနကို နှိမ့်ချ၍ အသက် ဂုဏ်သိက္ခာကြီးမြင့်သောသူတို့ကို ရိုသေလေးစားရမည်၊ ရဟန်း, ဆရာ, မိဘတို့၏ ရှေ့မှောက်၌ မိုးတိုးမတ်တတ် မသွားဘဲ ကိုယ်ကို ကိုင်းညွတ်၍ သွားရမည်၊ ဆရာမိဘ လူကြီးတို့ထက် အလျင်ဦး၍ မစားဘဲ လူကြီးတို့ကို စားဦးစားဖျားပေးကမ်းရမည်၊ လူကြီးတို့ထက် မြင့်သော နေရာ၌ မနေမူဘဲ နိမ့်သောနေရာ သို့မဟုတ် ခွင့်ပြုသော နေရာ၌ ရိုသေကျိုးနွံစွာ နေထိုင်ရမည်၊ ပြောဆိုဆက်ဆံရာ၌လည်း ဘကြီး၊ ဦးကြီး၊ အဒေါ်ကြီး၊ အစ်ကို၊ အစ်မ စသည်ဖြင့် အရွယ်အလိုက် ခေါ်ဝေါ်၍ ကျွန်တော်၊ ကျွန်မ အသုံးအနှုန်းဖြင့် ရိုသေလေးမြတ်စွာ ချိုချိုသာသာ ပြောဆိုရမည်။

မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ အလုပ်ရှင်ကျင့်ဝတ်၊ အလုပ်

http://www.dhammadownload.com



သမားကျင့်ဝတ် စသည့်ကျင့်ဝတ်များအပြင် မိမိ၏ လုပ်ငန်းဆိုင်ရာ တာဝန်ဝတ္တရားများကိုပါ ကျေပွန်စွာ ထမ်းဆောင်ကျင့်သုံးမှသာလျှင် စာရိတ္တသီလနှင့် ပြည့်စုံနိုင်ပါသည်။

စာရိတ္တသီလကို ယုံကြည်မှုသဒ္ဓါတရား၊ မပျင်းမရိ ပြုလုပ်မှု ဝီရိယတရားတို့ ပြည့်စုံပါမှ ပြီးစီးအောင်မြင်စေနိုင်၏။ ဝါရိတ္တသီလကို ယုံကြည်မှုသဒ္ဓါတရားနှင့် မမေ့မလျော့ မပေါ့မဆ အောက်မေ့ အမှတ်ရမှု သတိတရားတို့ ပြည့်စုံပါမှ အောင်မြင်ပြီးစီးစေနိုင်၏။

## သိင်္ဂါလသုတ်လာလူမှုကျင့်ဝတ်များ

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံးနေစဉ်အခါ သူကြွယ်သား **သိင်္ဂါလ**သည် နံနက်စောစောထ၍ ရာဇဂြိုဟ်မြို့ပြင်သို့ ထွက်ပြီးလျှင် စိုသောအဝတ်, စိုသောဆံပင်ရှိလျက် အရှေ့အရပ် တောင်အရပ် အနောက်အရပ် မြောက်အရပ် အောက်အရပ် အထက်အရပ်တို့ကို လက်အုပ်ချီကာ ရှိခိုး၏။

မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ဝတ်ရုံ၍ သပိတ်သင်္ကန်းတို့ကို ယူလျက် ရာဇဂြိုဟ်သို့ ဆွမ်းခံကြွတော်မူ၏၊ သူကြွယ်သား သိင်္ဂါလကို မြင်သော် ဤသို့သော စကားကို မိန့်ဆိုတော်မူ၏။

"သူကြွယ်သား၊ သင်သည် စောစောထ၍ ရာဇဂြိုဟ်ပြည်မှ ထွက်ပြီးလျှင် စိုသောအဝတ်, စိုသောဆံပင်ရှိလျက် အရှေ့အရပ် တောင်အရပ် အနောက်အရပ် မြောက်အရပ် အောက်အရပ် အထက်အရပ်ဟူသော များစွာသော အရပ်တို့ကို အဘယ့်ကြောင့် ရှိခိုးသနည်း"

http://www.dhammadownload.com



"မြတ်စွာဘုရား၊ ကျွန်ုပ်၏ဖခင်သည် သေခါနီးချိန်ဝယ် 'ချစ်သား၊ သင်သည် အရပ်မျက်နှာတို့ကို ရှိခိုးလော့' ဟု မှာခဲ့ပါ၏။ ကျွန်ုပ်သည် ဖခင်၏စကားကို အရိုအသေအလေးအမြတ်ပြုလျက် စောစောထကာ ရာဇဂြိုဟ်ပြည်မှ ထွက်ပြီးလျှင် စိုသောအဝတ်, စိုသောဆံပင်ရှိလျက် များစွာသော အရပ်တို့ကို ရှိခိုးခြင်း ဖြစ်ပါ၏"ဟု သူကြွယ်သားက ဖြေကြား၏။

"သူကြွယ်သား၊ အရိယာတို့၏ သာသနာ၌ အရပ်ခြောက်ပါးတို့ကို ဤသို့ ရှိမခိုးအပ်"

"မြတ်စွာဘုရား၊ ဤသို့ ရှိမခိုးအပ်သော် အဘယ်သို့လျှင် ရှိခိုးအပ်ပါသနည်း"

"သူကြွယ်သား၊ သို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့။ သူကြွယ်သား၊ အရိယာသာဝကသည် ညစ်ညူးသော ကံလေးပါးကို ပယ်၏၊ လေးပါးသော အကြောင်းတို့ဖြင့် မကောင်းမှုကို မပြု၊ စည်းစိမ်ပျက်စီးကြောင်း ခြောက်ပါးတို့ကို မမှီဝဲ၊ ဤသို့ တစ်ဆယ့်လေးပါးသော မကောင်းမှုမှ ကင်းသည်ဖြစ်၍ အရပ်ခြောက်ပါးတို့ကို လုံခြုံစေလျက် လောကနှစ်ပါးကို အောင်မြင်ခြင်းငှာ ကျင့်၏၊ ထိုအရိယာတပည့်သည် ဤပစ္စုပ္ပန်လောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း နှစ်သက်အပ်၏၊ ထိုအရိယာတပည့်သည် ခန္ဓာပျက်ကြွေ သေပြီးသည့်နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ရောက်၏"

## ညစ်ညူးသောကံ(၄)ပါး

"ထိုအရိယာသာဝကသည် အဘယ်ညစ်ညူးသောကံ လေးပါးကို ပယ်သနည်းဟူမူ–

http://www.dhammadownload.com



(၁) အသက်သတ်ခြင်းဟူသော ညစ်ညူးသောကံကို ပယ်၏၊
(၂) မပေးသည်ကိုယူခြင်းဟူသော ညစ်ညူးသောကံကို ပယ်၏၊
(၃) ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းဟူသော ညစ်ညူးသည့်ကံကို ပယ်၏၊
(၄) မဟုတ်မမှန် ပြောဆိုခြင်းဟူသော ညစ်ညူးသောကံကို ပယ်၏၊

ဤသို့လျှင် ညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်၏။

"သူကြွယ်သား၊ အသက်သတ်ခြင်းကိုလည်းကောင်း၊ မပေးသည်ကို ယူခြင်းကိုလည်းကောင်း၊ သူတစ်ပါး၏ မယား၌ သွားလာခြင်းကိုလည်းကောင်း၊ မဟုတ်မမှန် ပြောခြင်းကိုလည်းကောင်း၊ ညစ်ညူးသောကံဟု ဆိုအပ်၏။ ထိုညစ်ညူးသောကံနှင့် ပြည့်စုံသူတို့ကို ပညာရှိတို့သည် မချီးမွမ်းကုန်"

## မကောင်းမှုကို ပြုစေတတ်သော အကြောင်း(၄)ပါး

"သူကြွယ်သား၊ အဘယ်လေးပါးသော အကြောင်းတို့ဖြင့် မကောင်းမှုကို မပြုသနည်းဟူမူ–

(၁) ဆန္ဒာဂတိ = ချစ်သဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြု၏၊
(၂) ဒေါသာဂတိ = မုန်းသဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြု၏၊
(၃) မောဟာဂတိ = မသိသဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြု၏၊
(၄) ဘယာဂတိ = ကြောက်သဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြု၏၊

http://www.dhammadownload.com



"အရိယာသာဝကသည် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိဟူသော အကြောင်းလေးပါး (**အဂတိလေးပါး**) တို့ဖြင့် မကောင်းမှုကို မပြုရဟု မြတ်စွာဘုရား မိန့်တော်မူ၏။

"သူကြွယ်သား၊ အကြင်သူသည် ချစ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့်လည်းကောင်း၊ တရားကို လွန်ကျူး၍ ကျင့်၏၊ ထိုသူ၏ အခြံအရံ အကျော်အစောသည် လဆုတ်ပက္ခ၌ လမင်းကဲ့သို့ တစ်နေ့တခြား ဆုတ်ယုတ်၏။

"အကြင်သူသည် ချစ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့်လည်းကောင်း၊ တရားကို လွန်ကျူး၍မကျင့်၊ ထိုသူ၏ အခြံအရံ အကျော်အစောသည် လဆန်းပက္ခ၌ လမင်းကဲ့သို့ တစ်နေ့တခြား ပြည့်စုံ၏။"

## စည်းစိမ်ပျက်စီးကြောင်း (၆)ပါး

"သူကြွယ်သား၊ အရိယာသာဝကသည် အဘယ်ခြောက်ပါးသော စည်းစိမ်ပျက်စီးကြောင်းတို့ကို မမှီဝဲသနည်းဟူမူ–

(၁) မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည်အရက် သောက်လေ့ရှိခြင်း၊

(၂) အခါမဲ့ခရီးသွားလာလေ့ရှိခြင်း၊

(၃) ပွဲလမ်းသဘင်ကြည့်ရှုလေ့ရှိခြင်း၊

(၄) မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်း၊

(၅) မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိခြင်း၊

(၆) ပျင်းရိလေ့ရှိခြင်း၊

http://www.dhammadownload.com



ဤစည်းစိမ်ပျက်စီးကြောင်း ခြောက်ပါးတို့ကို မမှိဝဲအပ်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

"သေရည်ဆိုင်၌သာ အဖော်ဖြစ်သောသူသည် သောက်ဖော် သောက်ဖက် မိတ်ဆွေမည်၏၊ အဆွေအဆွေဟု ခေါ်၍ မျက်မှောက်၌သာ အဖော်သဟဲဖြစ်လျက် မျက်ကွယ်၌ ရန်သူသဖွယ်ဖြစ်သောသူသည် ဟန်ဆောင်မိတ်ဆွေမည်၏၊ အကြင်သူသည် အကြောင်းကိစ္စ ဖြစ်ပေါ်လတ်သော် အဖော်သဟဲဖြစ်၏၊ ထိုသူသည် မိတ်ဆွေစစ်မည်၏။

နေမြင့်အောင်အိပ်ခြင်း၊ သူတစ်ပါးမယားကို မှီဝဲခြင်း၊ ရန်သူများခြင်း၊ အကျိုးမဲ့ပြုခြင်း၊ မကောင်းသော အဆွေခင်ပွန်းရှိခြင်း၊ အလွန်စေးနှဲခြင်း၊ ဤအကြောင်းခြောက်ပါးတို့သည် လူကို ဖျက်ဆီးတတ်ကုန်၏။

မကောင်းသော မိတ်ဆွေခင်ပွန်းရှိသူ၊ မကောင်းသော အပေါင်းအဖော်ရှိသူ၊ မကောင်းသော အလေ့အကျင့် မကောင်းသော ကျက်စားရာရှိသူတို့သည် ဤလောကမှလည်းကောင်း၊ တမလွန် လောကမှလည်းကောင်း၊ နှစ်ပါးစုံသောလောကမှ လျှောကျ၍ ပျက်စီး တတ်ကုန်၏။

လောင်းကစားလေ့ရှိခြင်း၊ မိန်းမလိုက်စားခြင်း၊ သေရည် သေရက် သောက်လေ့ရှိခြင်း၊ ကခြင်းသီခြင်းကို ကြည့်ရှုနားထောင် လေ့ရှိခြင်း၊ နေ့၌အိပ်လေ့ရှိခြင်း၊ အခါမဲ့၌ ခရီးသွားလာလေ့ရှိခြင်း၊ မကောင်းသူတို့ကို အဆွေခင်ပွန်းဖွဲ့လေ့ရှိခြင်း၊ အလွန်စေးနှဲခြင်း ဤအကြောင်းတို့သည် လူကိုဖျက်ဆီးတတ်ကုန်၏။

မရှိဆင်းရဲသော မွတ်သိပ်သော အကြင်အရက်သမားသည် သောက်လိုသည်ဖြစ်၍ အရက်ဆိုင်သို့သွား၏၊ ထိုအရက်သမားသည်

http://www.dhammadownload.com



ရေ၌ ကျောက်ခဲနစ်မြုပ်သကဲ့သို့ ကြွေး၌ နစ်မြုပ်လတ္တံ့၊ မိမိ၏ ဆွေမျိုးမရှိ အထီးကျန်သူအဖြစ်ကို လျင်မြန်စွာ ပြုလတ္တံ့။

နေ့၌ အိပ်လေ့ရှိသော ညဉ့်၌ထလေ့မရှိသော အမြဲမူးယစ်သော ကာမဂုဏ်ကို လိုက်စားသောသူသည် အိမ်ကိုအုပ်စိုး၍ နေခြင်းငှာ မတတ်နိုင်။

အေးလွန်းသည်, ပူလွန်းသည်, မိုးချုပ်လွန်းသည်, စောလွန်းသည်, ဆာလွန်းသည်, ဝလွန်းသည်ဟု ပြောဆို၍ အမှုကိစ္စတို့ကို မပြုလုပ်ဘဲ စွန့်လွှတ်ကုန်သော သူတို့ကို အကျိုးစီးပွားသည် ကျော်လွန်၍သွားကုန်၏။

ဤလောက၌ အကြင်သူသည် အအေးကိုလည်းကောင်း အပူကိုလည်းကောင်း မြက်ထက်လွန်၍မအောက်မေ့၊ ထိုသူသည် လူ့ကိစ္စတို့ကို ပြုသည်ဖြစ်၍ စီးပွားချမ်းသာကိုမစွန့်''ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

## အရပ်ခြောက်မျက်နှာကို လုံခြုံစေခြင်း

"သူကြွယ်သား၊ အရိယာသာဝကသည် အရပ်ခြောက်ပါးတို့ကို အဘယ်သို့လျှင် လုံခြုံစေသနည်းဟူမူ-

အမိအဖတို့ကို အရှေ့အရပ်ဟု သိအပ်ကုန်၏၊ ဆရာသမားတို့ကို တောင်အရပ်ဟု သိအပ်ကုန်၏၊ သားမယားတို့ကို အနောက်အရပ်ဟု သိအပ်ကုန်၏၊ ချစ်သော အဆွေခင်ပွန်းတို့ကို မြောက်အရပ်ဟု သိအပ်ကုန်၏၊ အစေအပါး အလုပ်သမားတို့ကို အောက်အရပ်ဟု သိအပ်ကုန်၏၊ သမဏ ဗြာဟ္မဏ(ရဟန်း)တို့ကို အထက်အရပ်ဟု သိအပ်ကုန်၏။

http://www.dhammadownload.com



## သားသမီးကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ ငါးပါးသော အကြောင်းတို့ဖြင့် သားသမီး သည် အရှေ့အရပ်မည်သော မိဘတို့ကို ပြုစုအပ်ကုန်၏–

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေ့ခံထိုက်စေ၊ လူ့မျိုးဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"

(၁) မိမိအား ကျွေးမွေးစောင့်ရှောက်ခဲ့သည့် မိဘတို့ကို ပြန်လည်၍ လုပ်ကျွေးစောင့်ရှောက်ခြင်း၊

(၂) မိဘတို့၏အမှုကိစ္စများကို ဆောင်ရွက်ခြင်း၊

(၃) အမွေခံထိုက်အောင် မိဘတို့၏အဆုံးအမကို လိုက်နာကျင့် သုံးခြင်း၊

(၄) မိဘတို့ကွယ်လွန်သွားသောအခါ မိဘအတွက် ရည်စူး၍ ကုသိုလ် ကောင်းမှုများကို ပြုလုပ်ပြီး အမျှပေးဝေခြင်း၊

(၅) မိဘအစဉ်အဆက် ပြုလုပ်ခဲ့သော ကုသိုလ်ဝတ်ကို စောင့်ထိန်း၍ အမျိုးအနွယ် တည်တံ့အောင် စောင့်ရှောက်ခြင်းတို့ ဖြစ်သည်။

## မိဘကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ သားသမီးတို့သည် ဤငါးပါးသော အကြောင်းဖြင့် လုပ်ကျွေးအပ်ကုန်သော အရှေ့အရပ်မည်သော မိဘတို့ သည် အကြောင်းငါးပါးတို့ဖြင့် သားသမီးတို့ကို ပြန်လည်စောင့်ရှောက် အပ်ကုန်၏–

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"

(၁) မကောင်းမှုများကို မပြုလုပ်ရန် တားမြစ်ခြင်း၊

http://www.dhammadownload.com



(၂) ကောင်းမှုကုသိုလ်များကို ပြုလုပ်ရန် ညွှန်ပြပေးခြင်း၊
(၃) အတတ်ပညာသင်ကြားပေးခြင်း၊
(၄) လျောက်ပတ်သောအခါ၌ အမွေဥစ္စာခွဲဝေပေး၍ ရင်းနှီးလုပ်ကိုင်စေခြင်း၊
(၅) လျောက်ပတ်သောသူနှင့် ထိမ်းမြားပေးရခြင်းတို့ ဖြစ်သည်။

"သူကြွယ်သား၊ သားသမီးတို့သည် ငါးပါးသော အကြောင်းတို့ဖြင့် ဝတ်ပြုအပ်သော အရှေ့အရပ်မည်သည့် မိဘတို့သည် ဤငါးပါးသော အကြောင်းတို့ဖြင့် သားသမီးတို့ကို စောင့်ရှောက်ကုန်၏၊ ထိုသားသမီးတို့သည် ဤသို့ လုပ်ကျွေးသည်ရှိသော် ထိုအရှေ့အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏"

## တပည့်ကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ ငါးပါးသော အကြောင်းတို့ဖြင့် တပည့်သည် တောင်အရပ်မည်သော ဆရာတို့ကို ပြုစုအပ်ကုန်၏ –

"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊
သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"

(၁) ဆရာလာသောအခါ ညီညာစွာထ၍ ခရီးဦးကြိုဆိုခြင်း၊
(၂) ဆရာသင်ကြားဆုံးမသမျှကို လေးစားစွာ မှတ်သားနာယူခြင်း၊
(၃) ဆရာ့ထံပါး ခစားဆည်းကပ်ခြင်း၊
(၄) ဆရာအား ရိုသေစွာ လုပ်ကျွေးပြုစုခြင်း၊
(၅) အတတ်ပညာကို ရိုသေစွာ သင်အံလေ့ကျက်၍ နှုတ်တက်ရွတ်ဆိုခြင်းတို့ ဖြစ်သည်။

http://www.dhammadownload.com



## ဆရာ့ကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ တပည့်သည် ငါးပါးသော အကြောင်းတို့ဖြင့် ဝတ်ပြုအပ်သော တောင်အရပ်မည်သည့် ဆရာတို့သည် ဤငါးပါးသော အကြောင်းတို့ဖြင့် တပည့်တို့ကို ပြန်လည်စောင့်ရှောက်အပ်ကုန်၏။

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ"

(၁) သင်ပေးသင့်သော အတတ်ပညာကို ကောင်းစွာသင်ကြားပေးခြင်း၊
(၂) လိမ္မာယဉ်ကျေးအောင် ပဲ့ပြင်ဆုံးမပေးခြင်း၊
(၃) မိမိတတ်ကျွမ်းသမျှ အတတ်ပညာကို သင်ကြားပေးခြင်း၊
(၄) ဘေးရန်အန္တရာယ် မကြုံတွေ့အောင် ကြိုတင်တားဆီးကာကွယ်ပေးခြင်း၊
(၅) သင့်လျော်သော ဆရာသမားထံ သို့မဟုတ် ကျေးဇူးပြုပေးမည့်သူထံ အပ်နှံပေးခြင်းတို့ ဖြစ်သည်။

"သူကြွယ်သား၊ တပည့်သည် ငါးပါးသော ဝတ်တို့ဖြင့် ဝတ်ပြုအပ်သော တောင်အရပ်မည်သည့် ဆရာတို့သည် ဤငါးပါးသော အကြောင်းတို့ဖြင့် တပည့်ကို စောင့်ရှောက်ကုန်၏၊ ထိုတပည့်သည် ဤသို့ လုပ်ကျွေးသည်ရှိသော် ထိုတောင်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။"

## လင်ကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ လင်သည် ငါးပါးသော အကြောင်းတို့ဖြင့် အနောက်အရပ်မည်သော မယားကို ပြုစုအပ်၏–

http://www.dhammadownload.com



"မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ"

(၁) မိမိမယားကို မထီလေးစားမပြုခြင်း၊

(၂) မိမိရှာဖွေရသမျှ ဥစ္စာကို ဇနီးအားပေးအပ်ခြင်း၊

(၃) အခြားမိန်းမများနှင့် ပျော်ပါးကျူးလွန်မှုမရှိခြင်း၊

(၄) အဝတ်တန်ဆာများနှင့် ဇနီးကို ဆင်ယင်ပေးခြင်း၊

(၅) ဇနီးကို မြတ်နိုးကြင်နာစွာ ဆက်ဆံခြင်းတို့ ဖြစ်သည်။

## မယားကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ လင်သည် ဤငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော အနောက်အရပ်မည်သည့် မယားသည် ငါးပါးသော အကြောင်းတို့ဖြင့် လင်ဖြစ်သူကို စောင့်ရှောက်၏။

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ"

(၁) အိမ်တွင်းမှုလုပ်ငန်းကိစ္စများကို ကောင်းစွာ စီမံဆောင်ရွက်ခြင်း၊

(၂) ခင်ပွန်းပေးအပ်ထားသော ဥစ္စာများကို စနစ်တကျသိမ်းဆည်းခြင်း၊

(၃) မိမိလင်မှတစ်ပါး တခြားယောကျ်ားတို့နှင့် မှားယွင်းဖောက်ပြန်မှု မပြုခြင်း၊

(၄) နှစ်ဘက်သော ဆွေမျိုးများကို မျှတစွာ ပေးကမ်းချီးမြှောက်ခြင်း၊

(၅) ပျင်းရိခြင်း မရှိဘဲ လုပ်ငန်းကိစ္စအဝဝကို ကျွမ်းကျင်စွာ လုပ်ကိုင်ခြင်းတို့ ဖြစ်သည်။

"သူကြွယ်သား၊ လင်သည် ငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော အနောက်အရပ်မည်သည့် မယားသည် ဤငါးပါးသော

http://www.dhammadownload.com



အကြောင်းတို့ဖြင့် လင်ကို စောင့်ရှောက်၏၊ ထိုလင်သည် ဤသို့ ပြုစုသည်ရှိသော် ထိုအနောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။"

## မိတ်ဆွေကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ အမျိုးကောင်းသားသည် ဤငါးပါးသော အကြောင်းတို့ဖြင့် မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့ကို ပြုစုအပ်၏–

"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ"

(၁) မပျက်မကွက် ပေးကမ်းချီးမြှင့်ခြင်း၊
(၂) မိမိနှင့် တန်းတူထား၍ ဆက်ဆံခြင်း၊
(၃) သူ့စီးပွားရေးလုပ်ငန်း အောင်မြင်ကြီးပွားအောင် ကူညီဆောင်ရွက်ပေးခြင်း၊
(၄) ချိုချိုသာသာ ပြောဆိုဆက်ဆံခြင်း၊
(၅) သစ္စာမဖောက်ဘဲ မှန်ကန်တိကျခြင်းတို့ ဖြစ်သည်။

"သူကြွယ်သား၊ အမျိုးကောင်းသားသည် ဤငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော မြောက်အရပ်မည်သည့် အဆွေခင်ပွန်းတို့သည် ငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။

## ကျေးရှုးခံမိတ်ဆွေကျင့်ဝတ်ငါးပါး

"မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ဘေးတွယ်မပစ်၊ သားမြစ်စဉ်ဆက်၊ မပျက်ချီးပင့်၊

http://www.dhammadownload.com



ဝတ်ငါးဆင့်၊ ပြုကျင့်မိတ်ဆွေများ”

(၁) မူးယစ်မေ့လျော့သော မိတ်ဆွေကို စောင့်ရှောက်ခြင်း၊
(၂) မိတ်ဆွေ၏မေ့လျော့နေသော ဥစ္စာကို စောင့်ရှောက်ခြင်း၊
(၃) မိတ်ဆွေဘေးဒုက္ခရောက်သောအခါ အားကိုးရာဖြစ်ခြင်း၊
(၄) မိတ်ဆွေဘေးဒုက္ခရောက်သောအခါ ပစ်ပယ်စွန့်ခွါ၍ မသွားခြင်း၊
(၅) မိတ်ဆွေ၏ သားမြေးအဆက်ဆက်တို့ကို ပေးကမ်းချီးမြှင့်ခြင်း တို့ဖြစ်သည်။

“သူကြွယ်သား၊ အမျိုးကောင်းသားသည် ငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော မြောက်အရပ်မည်သည့် အဆွေခင်ပွန်းတို့သည် ထိုအမျိုးကောင်းသားကို အကြောင်းငါးပါးတို့ဖြင့် ပြန်လည်စောင့်ရှောက်ကြကုန်၏။ ဤသို့ပြုစုသည်ရှိသော် ထို မြောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။”

## အလုပ်ရှင်ကျင့်ဝတ်ငါးပါး

“သူကြွယ်သား၊ အလုပ်ရှင်သည် ဤငါးပါးသော အကြောင်းတို့ဖြင့် အောက်အရပ်မည်သော အလုပ်သမားတို့ကို ပြုစုအပ်ကုန်၏။

“ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊
အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ”

(၁) အလုပ်သမားများကို ဝလင်စွာ ကျွေးမွေးခြင်း၊
(၂) လုပ်ရည်ကိုင်ရည်နှင့် သင့်လျော်သော အလုပ်များကို လုပ်ကိုင်စေခြင်း၊
(၃) ဖျားနာသောအခါ ဆေးကုသပေးခြင်း၊
(၄) ထူးဆန်းသည့် အစားအသောက်များကို ဝေငှပေးခြင်း၊

http://www.dhammadownload.com



(၅) အခါကြီး နေ့ကြီးများ၌ အလုပ်နားခွင့်ပေးခြင်း တို့ဖြစ်သည်။

## အလုပ်သမားကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ အလုပ်ရှင်သည် ငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော အောက်အရပ်မည်သည့် အလုပ်သမားတို့သည် အလုပ်ရှင်ကို ဤငါးပါးသော အကြောင်းတို့ဖြင့် စောင့်ရှောက်ကုန်၏ –

"အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊
စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ"

(၁) အလုပ်ရှင်အိပ်ပြီးမှ အိပ်ခြင်း၊
(၂) အလုပ်ရှင်မထမီ အိပ်ရာမှထခြင်း၊
(၃) အလုပ်ရှင်ပေးကမ်းသည်ကိုသာ ယူငင်ခြင်း၊
(၄) အမှုကိစ္စနှင့် လုပ်ငန်းအဝဝကို မခိုမကပ် စေ့စပ်သေချာစွာ ဆောင်ရွက်ခြင်း၊
(၅) အလုပ်ရှင်၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုခြင်းတို့ ဖြစ်သည်။

"သူကြွယ်သား၊ အလုပ်ရှင်သည် ငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော အောက်အရပ်မည်သည့် အလုပ်သမားတို့သည် ထိုအလုပ်ရှင်ကို ငါးပါးသော အကြောင်းတို့ဖြင့် ပြန်လည်စောင့်ရှောက်ကြကုန်၏။ ဤသို့ ကောင်းစွာပြုစုသည်ရှိသော် ထိုအောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

## ဒါယကာကျင့်ဝတ်ငါးပါး

"သူကြွယ်သား၊ အမျိုးကောင်းသားသည် ဤငါးပါးသော အကြောင်းတို့ဖြင့် အထက်အရပ်မည်သော သမဏ ဗြာဟ္မဏ

http://www.dhammadownload.com



(ရဟန်း)တို့ကို ပြုစုအပ်ကုန်၏–

"မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုရာဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ"

(၁) သူတော်ကောင်း ရဟန်းအပေါင်း၌ မေတ္တာစိတ်ထားရှိခြင်း၊
(၂) ရဟန်းသံဃာတော်အတွက် ဆောင်ရွက်စရာများကို ချစ်ခင်ကြည်ညိုစွာ ဆောင်ရွက်ခြင်း၊
(၃) ခင်မင်လေးစားလျက် နှုတ်မြွက်ချိုသာစွာ ပြောဆိုခြင်း၊
(၄) အလိုရှိရာများကို အလှူခံပါဟု ဖိတ်ထားရခြင်း၊
(၅) တတ်အားသမျှ လှူဒါန်းခြင်းတို့ ဖြစ်သည်။

## ရဟန်းကျင့်ဝတ်ခြောက်ပါး

"သူကြွယ်သား၊ အမျိုးကောင်းသားသည် ဤငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော အထက်အရပ်မည်သည့် သမဏ ဗြာဟ္မဏ(ရဟန်း)တို့သည် ဤခြောက်ပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏–

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွှန်သချာ"

(၁) မကောင်းမှုများကို မပြုလုပ်ရန် တားမြစ်ခြင်း၊
(၂) ကောင်းမှုများကို ပြုလုပ်ရန် ညွှန်ကြားဟောပြောခြင်း၊
(၃) မဟောဖူးသော တရားသစ်များကို ဟောကြားခြင်း၊
(၄) နာဖူးသော တရားတော်များကို ထပ်မံ၍ ဟောကြားခြင်း၊
(၅) နတ်ပြည်သို့သွားရန် လမ်းခရီးကို ညွှန်ကြားပေးခြင်း၊

http://www.dhammadownload.com



(၆) ဒကာ ဒကာမတို့အား မေတ္တာစိတ်ဖြင့် စောင့်ရှောက်ခြင်းတို့ ဖြစ်သည်။

"သူကြွယ်သား၊ အမျိုးကောင်းသားသည် ငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော အထက်အရပ်မည်သည့် သာမဏ ဗြာဟ္မဏ(ရဟန်း)တို့သည် ထိုအမျိုးကောင်းသားကို ခြောက်ပါးသော အကြောင်းတို့ဖြင့် ပြန်လည်စောင့်ရှောက်ကြကုန်၏။ ဤသို့ ကောင်းစွာ ပြုစုသည်ရှိသော် ထိုအထက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

## အရပ်မျက်နှာလုံခြုံက ကျော်စောရ

မြတ်စွာဘုရားသည် သူကြွယ်သား သိင်္ဂါလအား ဆက်လက်၍ ဤသို့ မိန့်ကြားတော်မူ၏ –

"အမိအဖတို့သည် အရှေ့အရပ်မည်ကုန်၏၊ ဆရာတို့သည် တောင်အရပ်မည်ကုန်၏၊ သားမယားတို့သည် အနောက်အရပ်မည်ကုန်၏၊ အဆွေခင်ပွန်းတို့သည် မြောက်အရပ် မည်ကုန်၏၊ အလုပ်သမားတို့သည် အောက်အရပ်မည်ကုန်၏၊ သမဏ ဗြာဟ္မဏ (ရဟန်း)တို့သည် အထက်အရပ်မည်ကုန်၏။ အိမ်ကိုအုပ်စိုး၍ နေထိုင်သော အမျိုးကောင်းသားသည် ဤအရပ်ခြောက်ပါးတို့ကို ရှိခိုးရာ၏။

အကြင်သူသည် အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၌ လိမ္မာ၏၊ သီလနှင့်ပြည့်စုံ၏၊ သိမ်မွေ့နက်နဲသော ပညာဉာဏ်ရှိ၏၊ မာန်နှိမ့်ချခြင်းရှိ၏၊ ခက်ထန်ခြင်းမရှိ၊ ထိုသို့သောသူသည် ကျော်စောမှုကိုရ၏။

အကြင်သူသည် ထကြွမှုရှိ၏၊ ပျင်းရိခြင်းမရှိ၊ ဘေးရန်တို့ ဖြစ်ပေါ်လတ်သော် မတုန်လှုပ်၊ မပြတ်အားထုတ်အပ်သော အသက်

http://www.dhammadownload.com



မွေးမှုရှိ၏၊ အရာအားလျော်စွာ ပညာရှိ၏၊ ထိုသို့သောသူသည် ကျော်စောမှုကိုရ၏။

အကြင်သူသည် ချီးမြှောက်တတ်၏၊ အဆွေခင်ပွန်းကောင်းကို ရှာတတ်၏၊ ကျေးဇူးကို သိတတ်၏၊ ဝန်တိုမှုမရှိ၊ အကျိုးဆောင်တတ်၏၊ အကြောင်းပြု၍ ဆုံးမတတ်၏၊ ခေါင်းဆောင်တတ်၏၊ ထိုသို့သော သဘောရှိသူသည် ကျော်စောမှုကိုရ၏။

## သင်္ဂဟတရား (၄)ပါး

"ကျင့်ဝတ်တရားတို့၌ သူတစ်ပါးတို့အား ချီးမြှင့်ခြင်းဟူသော "သင်္ဂဟတရားလေးပါး" ရှိကုန်၏–

(၁) ဒါန = ပေးကမ်းစွန့်ကြဲမှုဖြင့် ချီးမြှင့်ခြင်း၊
(၂) ပေယျဝဇ္ဇ = ချစ်ဖွယ်သောစကားဖြင့် ချီးမြှင့်ခြင်း၊
(၃) အတ္ထစရိယာ = သူ့အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်း၊
(၄) သမာနတ္တတာ = မိမိနှင့် ထပ်တူပြု၍ ဆက်ဆံခြင်းဖြင့် ချီးမြှင့်ခြင်းတို့ ဖြစ်၏။

ဆောင်ရန်။ ။ ပေးကမ်းချစ်ဖွယ်၊ စကားကြွယ်၍၊ သူ့ဝယ်ကိစ္စ၊ ကြုံတွေ့ကမူ၊ ကြောင့်ကြကြီးစွာ၊ ကူညီကာဖြင့်၊ သွားလာနေမှု၊ တန်းတူပြုသည်၊ ဝတ္ထုသင်္ဂဟလေးမျိုးတည်း။

ထိုထိုပုဂ္ဂိုလ်တို့၌ ထိုက်သည့်အားလျော်စွာ သင်္ဂဟတရားလေးပါးဖြင့် ချီးမြှင့်ခြင်းသည် ဤလောကဝယ် သွားနေသောရထား၏ဘီး ကျွတ်မထွက်အောင် စောင့်ရှောက်ပေးတတ်သည့် နားစောင့်နှင့်တူကုန်၏။

http://www.dhammadownload.com



အကယ်၍ လောက၌ ထိုသင်္ဂဟတရားတို့ မရှိကုန်အံ့၊ အမိသည် သားပြုအပ်သော မြတ်နိုးခြင်း ပူဇော်ခြင်းတို့ကို မရပေရာ။ အဖသည် သားပြုအပ်သော မြတ်နိုးခြင်း ပူဇော်ခြင်းတို့ကို မရပေရာ။

ပညာရှိတို့သည် ထိုသင်္ဂဟတရားတို့ကို ပြုအပ်၏ဟု မှတ်ယူကုန်သောကြောင့် ကြီးမြတ်သည့် အဖြစ်သို့ ရောက်ကြကုန်၏၊ ချီးမွမ်းခြင်းကိုလည်း ခံယူထိုက်ကြကုန်၏။"

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသည်ရှိသော် သူကြွယ်သား သိင်္ဂါလသည် မြတ်စွာဘုရားအား ဤစကားဖြင့် လျှောက်ထား၏ –

"အရှင်ဘုရား၊ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ အရှင်ဘုရား၊ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို အောင်မြင်ဘိသကဲ့သို့၊ ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်သော "ဥပါသကာ"ဟု မှတ်တော်မူပါ။"

(ပါထိကဝဂ်၊ သိင်္ဂါလသုတ်)

http://www.dhammadownload.com



## မင်းကျင့်ဝတ် လူ့ကျင့်ဝတ် တိမ်းချွတ်လေသော်

ရှေးအခါက ကပိလတိုင်း ဥတ္တရပဉ္စလပြည်တွင် **ပဉ္စာလမင်း** စိုးစံအုပ်ချုပ်၏။ ထိုမင်းသည် အဂတိတရားလေးပါးကို လိုက်စားပြီးလျှင် မင်းကျင့်တရား ဆယ်ပါးကို မေ့ပစ်ထား၏။

မကောင်းသော လိုက်စားခြင်းဟူသည့် **အဂတိတရားလေးပါး** မှာ–

(၁) ဆန္ဒာဂတိ = ချစ်ကျွမ်းဝင်သည့်အတွက် မလုပ်အပ်သည်ကို လုပ်ခြင်း၊

(၂) ဒေါသာဂတိ = မုန်းတီးသည့်အတွက် မလုပ်အပ်သည်ကို လုပ်ခြင်း၊

(၃) ဘယာဂတိ = ကြောက်ရွံ့သည့်အတွက် မလုပ်အပ်သည်ကို လုပ်ခြင်း၊

(၄) မောဟာဂတိ = အမှန်ကို မသိသည့်အတွက် မလုပ်အပ်သည်ကို လုပ်ခြင်း။

အဂတိလိုက်စားခြင်းသည် မတရားမှု မကောင်းမှုကို ပြုကျင့်ခြင်းပင်တည်း။

**သုတ်ပါထေယျပါဠိတော်၊ မဟာဟံသဇာတ်နှင့် နန္ဒိယဇာတ် အဋ္ဌကထာတို့၌** လာသော မင်းကောင်းမင်းမြတ်များ ကျင့်ကြံကြသည့် **မင်းကျင့်တရားဆယ်ပါး**မှာ–

(၁) ဒါန = ပေးကမ်းလှူဒါန်းခြင်း၊

(၂) သီလ = သီလဆောက်တည်ခြင်း၊

(၃) ပရိစာဂ = စွန့်ကြဲချီးမြှင့်ခြင်း၊

(၄) မဒ္ဒဝ = ကိုယ် နှုတ် နှလုံး နူးညံ့သိမ်မွေ့ခြင်း၊

http://www.dhammadownload.com



(၅) ဥပေါ်သထ = ဥပုသ်သီလစောင့်ခြင်း၊
(၆) အက္ကောဓ = အမျက်မထွက်ခြင်း၊
(၇) အဝိဟေ = ရဟန်းရှင်လူ ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း၊
(၈) အဝိဟိံသန = ပြည်သူလူထုကို အခွန်အတုတ်အမျိုးမျိုးဖြင့် မညှဉ်းဆဲခြင်း၊
(၉) ခန္တီ = သည်းခံခြင်း၊
(၁၀) သမ္မပဋိပန္န = ဖြောင့်မတ်မှန်ကန်စွာကျင့်ခြင်းတို့ ဖြစ်သည်။

ပဉ္စာလမင်းသည် အဂတိလိုက်စားပြီး မင်းကျင့်တရားများကို စွန့်ပယ်ထားသည့်အတွက် မင်းမှုထမ်းအားလုံးတို့ကလည်း တရားမစောင့်ကြတော့ဘဲ မိမိတို့ ရထားသည့် အခွင့်အာဏာများဖြင့် ပြည်သူလူထုကို အမျိုးမျိုး နှိပ်စက်ကြ၏။ ခေါင်က မိုးမလုံသည့်အခါ အောက်ပိုင်းကလည်း ထိန်းမရအောင် မိုးယိုတော့၏။ မြို့ရွာလုံခြုံရေးကို တာဝန်ယူရသည့် အမှုထမ်းများကလည်း တာဝန်ဝတ္တရားပျက်ပြားကြသည့်အတွက် သူခိုးဓားပြများ ထကြွသောင်းကျန်းကြတော့၏။

ပြည်သူတို့သည် နေ့အချိန်တွင် မင်းမှုထမ်းတို့၏ နှိပ်စက်ခြင်းကို ခံရပြီး ညဉ့်အချိန်မှာ သူခိုးဓားပြတို့၏ နှိပ်စက်ခြင်းကို ခံကြရ၏။ ပြည်သူတို့က ဆင်းရဲဒုက္ခအတိ ရောက်နေကြသော်လည်း ပဉ္စာလမင်းသည် နန်းတော်ဝယ် စည်းစိမ်ယစ်မူးကာ ကာမဂုဏ်လိုက်စားနေသဖြင့် တိုင်းပြည်အခြေအနေကို တစ်စိုးတစ်စေ့မျှ မသိချေ။

ထိုအခါ၌ ဘုရားအလောင်းတော်သည် မြို့ပြင်တည်ပင်ကြီး၌ ရုက္ခစိုးနတ် ဖြစ်နေ၏၊ နှစ်စဉ်ပင်လျှင် မင်းထံမှ အဖိုးတစ်ထောင်ထိုက်သော ပူဇော်သက္ကာရများကို ရရှိ၏။ ရုက္ခစိုးနတ်မင်းသည်

http://www.dhammadownload.com



မင်း၏ ပူဇော်မှုကို ရရှိခဲ့ပါသော်လည်း မင်း၏ အကျင့်ပျက်ပြားမှုကို မနှစ်သက် မလိုလားချေ။

"ဥတ္တရပဉ္စာလပြည်ကြီးဟာ မင်းနှင့် မင်းမှုထမ်းများက ကျင့်ဝတ်တရားများ ပျက်ပြားကြသည့်အတွက် တစ်ပြည်လုံး မီးဟုန်းဟုန်းတောက်နေချေပြီ။ ပဉ္စာလမင်းဟာ ငါ့ကို တစ်နှစ်တစ်ထောင် တန် ပူဇော်သက္ကာရများကို ပူဇော်ခဲ့တဲ့အတွက် သူ့ကျေးဇူးဟာ ငါ့မှာရှိနေတယ်။ သူ့ကျေးဇူးကို စောင့်သိတဲ့အနေနဲ့ သူအမြင်မှန် ရအောင် ငါလုပ်မှတော်မယ်"

ဤသို့ကြံစည်ပြီးသော် ရက္ခစိုးနတ်မင်းသည် ညဥ့်အခါတွင် မင်းအိပ်စက်ရာ တိုက်ခန်းထဲသို့ ဝင်ပြီး ကောင်းကင်၌ ရပ်တည်၍ ကိုယ်ထင်ပြလိုက်၏။ နတ်မင်း၏ ကိုယ်ရောင်ကြောင့် မင်းသည် အိပ်စက်ရာမှ လန့်နိုးပြီး မျက်စိပြူးကြောင်၍ ကြည့်ရင်း မေးလိုက်၏ –

"သင် ဘယ်သူလဲ"

"ငါ တည်ပင်စောင့်နတ်မင်းပါ"

"ဘာကိစ္စနဲ့ ကြွလာပါသလဲ နတ်မင်း"

"သင်မင်းကြီးကို ဆုံးမဖို့ လာခြင်းဖြစ်တယ်"

"ဘာများဆုံးမချင်လို့လဲ"

"သင်မင်းကြီးဟာ အဂတိလိုက်စားပြီး မင်းကျင့်တရားများကို မစောင့်ထိန်းတဲ့အတွက် ယခုအခါ တိုင်းပြည်ပျက်လုမတတ် မီးဟုန်းဟုန်းတောက်လောင်နေချေပြီ။ သင်သည် တိုင်းပြည်၏ ခေါင်းဆောင် အကြီးအကဲလုပ်ပြီး တိုင်းပြည် ငြိမ်းချမ်းသာယာအောင် အုပ်ချုပ်ရမယ့်အစား မင်းကျင့်တရားများ ပျက်ပြားကာ အဂတိ လိုက်စားနေတဲ့အတွက် မင်းမှုထမ်းများအားလုံးကလည်း ကိုယ်ကျင့် တရားများ ပျက်ပြားကြပြီး မတရားတဲ့ အခွန်အတုတ် တောင်းဆိုမှုများ

http://www.dhammadownload.com



နဲ့ ပြည်သူတွေကို အမျိုးမျိုး နှိပ်စက်နေကြပြီ။ မင်းက တိုင်းပြည်ကို လုံခြုံအောင် မအုပ်ချုပ်တော့ သူခိုးဓားပြတွေ သောင်းကျန်းပြီး ပြည်သူတို့ကို ညဥ့်ဘက်မှာ နှိပ်စက်နေကြပြန်တယ်။ ပြည်သူတွေဟာ အားကိုးရာမဲ့ဖြစ်ပြီး ဒုက္ခအတိရောက်နေကြပြီ။ တိုင်းပြည်ရဲ့ အခြေအနေမှန်ကို သိအောင် သင်စုံစမ်းပြီး မင်းကျင့်တရားနဲ့အညီ အုပ်ချုပ်ပါ"

ရုက္ခစိုးနတ်မင်းသည် ပြောဆိုပြီး ရုတ်ချည်း ပျောက်ကွယ်သွားသည့်အတွက် ပဉ္စာလမင်းသည် ကြောက်ရွံ့ထိတ်လန့်လျက် ကျန်ရစ်၏။ မိုးသောက်သည့်အခါ မှူးမတ်များအား တိုင်းပြည်ကို အုပ်ချုပ်ရန် မှာထားပြီးနောက် ပုရောဟိတ်နှင့်အတူ မထင်ရှားသော မြို့သားတစ်ဦးအသွင်ဖြင့် စနည်းနာရန် ထွက်ခဲ့လေ၏။

မြို့၏အရှေ့တံခါးမှ ထွက်လာကြရာ တစ်ယူဇနာခန့် ခရီးသွားမိလျှင် အဖိုးအိုတစ်ယောက်သည် ခြေဖဝါး၌ ဆူးထွင်ရင်း ဤသို့ ကျိန်ဆဲလိုက်သည်ကို ကြားရ၏။

"ငါဆူးစူးခံရသလို ပဉ္စာလမင်းလည်း စစ်မြေပြင်မှာ မြားစူးခံရပါစေ"

မင်းနှင့် ပုရောဟိတ်တို့သည် ထိုအဖိုးအိုထံ ချဉ်းကပ်၍-

"ဘယ့်နှယ်လဲအဖိုးကြီး၊ ခင်ဗျား မျက်စိမွဲလို့ ဆူးနင်းမိတာကို ဘာဖြစ်လို့ မဆိုမဆိုင် မင်းကို ကျိန်ဆဲရတာလဲဗျာ"ဟု မေးကြ၏။

"အလို-ဘာဖြစ်လို့ မဆိုင်ရတာလဲ၊ ဆိုင်တယ်ဗျ။ ခင်ဗျားတို့က ဒီနယ်သား မဟုတ်ကြဘူးနဲ့တူတယ်။ ဒီနယ်မှာ ဖြစ်နေပုံက မင်းက တရားမစောင့်တော့ မင်းမှုထမ်းတွေက ကျုပ်တို့ကို အနိုင်အထက်ပြုပြီး အခွန်အတုတ်တွေ အမျိုးမျိုး တောင်းခံနေကြတယ်။

http://www.dhammadownload.com



အကြောင်းအမျိုးမျိုးပြပြီး တောင်းဆိုနေကြပေမယ့် ကျုပ်တို့ကို ဘာအကာအကွယ်မှ မပေးဘူး။ ညဥ့်ဘက်ရောက်ရင် သူခိုးဓားပြများက ကျုပ်တို့ကို နှိပ်စက်ကြပြန်တယ်။ ကျုပ်တို့က ကိုယ့်အိမ်မှာ မအိပ်ဝံ့ကြတော့ဘူး၊ ဟိုချောင် ဒီချောင် ပုန်းအောင်းကြရတယ်၊ သူခိုးဓားပြများရန် နည်းနည်းကလေး သက်သာပါစေတော့လို့ ရည်ရွယ်ပြီး ဆူးခက်တွေ ချထားကြရတယ်၊ ဒီဆူးခက်တွေက ကျုပ်ခြေဖဝါးကို စူးတာ။ ကျုပ်မျက်စိမွဲလို့ မဟုတ်ပါဘူး။ ဒီတော့ ကျုပ်က မင်းကို မကျိန်ဆဲထိုက်ဘူးဆိုရင် ဘယ်သူ့ကို ကျိန်ဆဲရမှာတုန်း။ မင်းက တရားပျက်လို့ ကျုပ်ဆူးစူးခံရတာပါဗျ။"

အဖိုးအို၏စကားကို ကြားရသည့်အခါ မင်းသည် ပုရောဟိတ်ကို ဆွဲခေါ်ပြီး "ဟုတ်ပေသားပဲ၊ မင်းက တရားပျက်လို့ အဖိုးအို ဆူးစူးခံရတာ။ ဒီအတိုင်းဆိုရင် ပြည်သူတွေ ဆင်းရဲဒုက္ခ ရောက်နေကြတာ အမှန်ပဲ။ ငါတို့ နန်းတော်ပြန်ပြီး တရားနဲ့အညီ အုပ်ချုပ်ကြရအောင်"ဟု မိန့်ဆို၏။

ပုရောဟိတ်က "လူတစ်ယောက်ရဲ့ ပြောစကားမျှနဲ့ မယုံပါနဲ့ဦး မင်းကြီး၊ ရှေ့ဆက်စုံစမ်းကြပါဦးစို့"ဟု တိုက်တွန်း၍ ဆက်လက်သွားကြ၏။

မကြာမီ သစ်ပင်ပေါ်က လိမ့်ကျသည့် မိန်းမကြီးတစ်ဦးကို ဆုံတွေ့ကြရ၏။ မိန်းမကြီးသည် လိမ့်ကျသော နေရာမှ လူးလဲ၍ထပြီး-

"အဟီး အဟီး အဟီး ဒီမင်းယုတ်က ဘယ်တော့သေမှာ တဲ့လဲ၊ ဒီမင်းယုတ်ကြောင့် ကျုပ်သမီးနှစ်ယောက် လင်ရချိန်တောင် လွန်လာပြီတော့၊ သူတို့ဟာ သူတို့ အချိန်မီ လင်ရသွားကြရင် ကျုပ်အပူဘာတစ်ပြားမှ မရှိတော့ဘူး။ ခုတော့ သူတို့အပူ ကျုပ်အပူ ဖြစ်နေသတော့ ဟီး-ဟီး"လို့ ငိုပါလေတော့၏။

http://www.dhammadownload.com



ပုရောဟိတ်က "ဗျို့ အမယ်ကြီး၊ ခင်ဗျား ငိုပုံက တယ်ဆန်းပါကလား၊ ခင်ဗျားသမီးနှစ်ယောက် လင်မရတာ ရှင်ဘုရင်နဲ့ ဘာဆိုင်သလဲဗျာ"ဟု မေး၏။

"ဆိုင်ပါသော်ကော ကိုပုဏ္ဏားရယ်၊ ရှင်ဘုရင်က ဘာခွန် ညာခွန်ဆိုပြီး အခွန်အတုတ်အမျိုးမျိုးကို ကောက်ခံနေတယ်တော့၊ ကျွန်မတို့က မပေးနိုင်လို့ နေ့ဘက်မှာ မင်းချင်းများရဲ့ အနှိပ်အစက်ကို ခံကြရတယ်၊ ညဥ့်ဘက်မှာ သူခိုးဓားပြများက ကျွန်မတို့ကို နှိပ်စက်ကြပြန်ရော။ အဲသလို အမျိုးမျိုးနှိပ်စက်နေကြတော့ ပြည်သူတွေက အေးအေးချမ်းချမ်း လုပ်ကိုင်မစားနိုင်ကြဘူးတော့၊ အရွယ်ရောက်တဲ့ ကလေးတွေမှာ ထမင်းတစ်ဝမ်းဝအောင် စားလောက်တဲ့အလုပ် မရှိကြတော့ဘူး၊ အလုပ်မရှိတော့ ဇနီး သားမယား ဘယ်ကျွေးနိုင်ကြမလဲ၊ ဒါကြောင့် အိမ်ထောင်မပြုကြတော့ဘူး။ ဒါကြောင့်-ကျွန်မသမီးနှစ်ယောက် လင်မရကြတာတော့။ ကျွန်မသမီးတွေ လင်မရတာ မင်းက မင်းကျင့်တရားပျက်ပြားလို့ပဲ။ ဒီတော့ မင်းကို အပြစ်မတင်ရင် ဘယ်သူ့ကိုအပြစ်တင်ရမှာလဲ"

ရှင်ဘုရင်က "သူပြောတာဟုတ်တယ် ပုရောဟိတ်ရေ၊ ရှေ့ဆက်သွားလိုက်ကြပါဦးစို့"ဟုဆိုပြီး ဆက်သွားကြ၏။

မကြာမီ လယ်သမားတစ်ဦး၏ ဆဲသံကို ကြားကြရပြန်၏၊ လယ်သမားသည် လယ်ထွန်းရင်း နွားကြီး၏ခြေထောက်ကို ထွန်သွားနှင့် ထိုးမိ၍ နွားလဲကျသွား၏၊ ထိုအခါ လယ်သမားက-

"ငါ့နွားကြီး- ထွန်သွားထိုးမိလို့ လဲကျရသလို ပဉ္စာလမင်းလည်း စစ်မြေပြင်မှာ လှံထိုးခံရလို့ လဲကျပါစေ"ဟု ကျိန်ဆဲလိုက်၏။

ပုရောဟိတ်က "ဗျို့ လယ်သမားကြီး၊ မင်းနွား ထွန်သွားထိုးမိတာ ရှင်ဘုရင်နဲ့ဘာဆိုင်လဲဗျ။ ဘာဖြစ်လို့ မင်းကိုကျိန်ဆဲရသလဲ"

http://www.dhammadownload.com



ဟုမေး၏။

"တိုင်းပြည်ကြီးပျက်စီးနေတာ ခင်ဗျားမသိဘူးလား၊ နေ့မှာ မင်းကနှိပ်စက်၊ ညဥ့်မှာ သူခိုး ဓားပြကနှိပ်စက်နဲ့ ရွာသူ ရွာသားတွေ ဆင်းရဲကုန်ပြီဗျ။ ကျုပ်ရဲ့ မိန်းမကို မင်းမှုထမ်းတွေက ဘာ စေခိုင်းပြန်သလဲမသိဘူး၊ ထမင်းပို့ချိန်ရောက်နေပြီ၊ ခုထိထမင်းပို့ မလာသေးဘူးဗျ၊ သူ့ကို လှမ်းမျှော်ကြည့်နေရတာနဲ့ ကျုပ်နွားကို ထွန်သွားနဲ့ထိုးမိသွားပြီ၊ ကျုပ် ဘယ်လိုဆက်ပြီး လယ်ထွန်ရပါ့မလဲ။ ဒီအရေးဟာ မင်းမကောင်းလို့ဖြစ်ရတဲ့ အရေးမို့ မင်းကို မကျိန်ဆဲရင် ဘယ်သူ့ကို ကျုပ်ကျိန်ဆဲရမှာလဲ"

လယ်သမားကြီး၏ စိတ်ဆိုးမာန်ဆိုးနှင့် ပြောဆိုသံကိုကြားရတော့ ရှင်ဘုရင်က"ဟုတ်ပေသားပဲ–ပုရောဟိတ်ရယ်၊ ကဲဆက်သွားကြပါဦးစို့"ဟုဆိုပြီး ခရီးဆက်ကြ၏။

ရွာထဲသို့ ဝင်မိသည့်အခါ နို့ညှစ်ယောက်ျားတစ်ယောက်ကို နွားမက ကန်လိုက်တာကို မြင်ကြရ၏။ မြေပေါ်လိမ့်သွားသည့် နို့ညှစ်ယောက်ျားက လူးလဲထပြီး နို့အိုးကို ကောက်ယူရင်း ဤသို့ ကျိန်ဆဲလိုက်၏ –

"ငါနဲ့နို့အိုးကို နွားကန်လို့လိမ့်သွားသလို ပဉ္စာလမင်း လည်း စစ်မြေပြင်မှာ ရန်သူရဲ့ သန်လျက်နဲ့ အခုတ်ခံရပြီး လိမ့် သွားပါစေ"

"ဟေ့လူ၊ မင်းကို နွားမကန်တာနဲ့ ဘယ့်နှယ်ကြောင့် ရှင်ဘုရင်ကို ကျိန်ဆဲရတာလဲ"ဟု ပုရောဟိတ်က လှမ်းမေး၏"

"ကျိန်ဆဲထိုက်လို့ ကျိန်ဆဲရတာပဲ ပုဏ္ဏားကြီးရယ်။ ကျုပ်တို့ မင်းက တရားမစောင့်တော့ သူ့အမှုထမ်းတွေကလည်း တရားမစောင့် ကြတော့ဘူးလေ။ ဒီနွားမဟာ ကျွန်တော် နို့မညှစ်ဘဲ ထားထားတာ၊

http://www.dhammadownload.com



နွားသားလေး ဝဝနို့စို့ရအောင်ပေါ့ဗျာ။ ဒါပေမယ့် မင်းမှုထမ်းတွေက နွားနို့ပေးရမယ်လို့ တောင်းဆိုလာလို့ နွားနို့ဝယ်မပေးနိုင်တာနဲ့ နို့ညှစ်ရတာပါ၊ ဒါကြောင့် နွားအကန်ခံရတာ။ ပုဏ္ဏားကြီးစဉ်းစားကြည့်ပါ၊ ကျွန်တော် နွားအကန်ခံရတာ မင်းမှုထမ်းတွေက မတရားနွားနို့တောင်းလို့။ ဒီလိုမတရားတောင်းဆိုပြီး အကျင့်ပျက်နေကြတာက ရှင်ဘုရင်ကြီး တရားပျက်လို့။ ဒါကြောင့် ကျွန်တော် မင်းကိုကျိန်ဆဲမိတာပါ"

မင်းနှင့် ပုရောဟိတ်တို့သည် "ဟုတ်ပေရဲ့-ဟုတ်ပေရဲ့"ဟု ခေါင်းညိတ်ပြီး ခရီးဆက်ကြပြန်၏။ မကြာမီ"ဘွတ်အဲ--ဘွတ်အဲ"ဟု အော်မြည်နေသည့် နွားမကြီးကို ကြည့်နေကြသော လူငယ်တစ်စုကို မြင်တွေ့ကြရ၏။ သူငယ်တို့က"ဒီနွားမကြီး-သားနဲ့ကင်းကွာပြီး ဆင်းရဲရသလို ရှင်ဘုရင်လည်း သားနဲ့ကွေကွင်းပြီး ဆင်းရဲဒုက္ခရောက်ပါစေ"ဟုကျိန်ဆဲကြ၏။

ပုရောဟိတ်က "ဟ-သူငယ်တို့၊ ဒီနွားမကြီး အော်ငိုနေတာနဲ့ ရှင်ဘုရင်ကို ကျိန်ဆဲရသလား၊ ဘာဆိုင်လို့လဲကွ" ဟု မေးမြန်း၏။

"ဒီနွားမကြီး အလကားအော်ငိုနေတာ မဟုတ်ဘူးဗျ။ သူ့သား နွားပြောက်ကလေးရဲ့ သားရေကို မင်းချင်းများက သန်လျက်အိမ်လုပ်ဖို့ လိုချင်တယ်ဆိုပြီး သူ့သားကို သတ်သွားကြတာ။ မင်းက တရားမစောင့်တော့ သူ့လူတွေလည်း တရားမစောင့်ကြတော့ဘူးပေါ့။ ဒါကြောင့် ဒီနွားမ အော်ငိုနေရတာ ရှင်ဘုရင် တရားမစောင့်လို့ဗျ။ ဒီအကြောင်းကြောင့် ရှင်ဘုရင်ကို ကျိန်ဆဲရတာပဲ"

သူငယ်တို့၏ ဖြေဆိုချက်ကိုကြားရသည့်အခါ မင်းနှင့် ပုရောဟိတ်တို့ဟာ "ဟုတ်ပါရဲ့-ကျိန်သင့်ပါရဲ့"ဟု မှတ်ချက်ချပြီး

http://www.dhammadownload.com



ခရီးဆက်သွားကြပြန်၏။ မကြာမီ ရေခန်းနေသော အိုင်ကြီးတစ်ခုသို့ ရောက်လာကြ၏။ အိုင်ထဲ၌ရှိနေကြသည့် ဖားများကို ကျီးများက လာရောက်ထိုးဆွကြသဖြင့် ဖားတို့က မခံမရပ်နိုင်ဖြစ်ပြီးလျှင်–

"ငါတို့ကို ကျီးတွေထိုးဆွသလို ပဉ္စာလမင်းနဲ့ သူ့သားတို့လည်း စစ်မြေပြင်မှာ ကျဆုံးပြီး ကျီး လင်းတများရဲ့ ထိုးဆွစားသောက်ခြင်းကို ခံကြရပါစေ"ဟုကျိန်ဆဲကြ၏။

ကျိန်ဆဲကြသည့်ဖားများ၏ အသံအဓိပ္ပာယ်ကို တည်ပင်စောင့်နတ်မင်း၏ တန်ခိုးအာနုဘော်ကြောင့် မင်းနှင့် ပုရောဟိတ်တို့နားလည်ကြ၏။ သို့အတွက် ပုရောဟိတ်က ဖားများထံချဉ်းကပ်သွားပြီး–

"သင်တို့ကို ကျီးတွေ ထိုးဆွတာနဲ့ ဘာဖြစ်လို့ ရှင်ဘုရင်ကို သင်တို့ကျိန်ဆဲရတာလဲ၊ ဘာဆိုင်လို့လဲ"ဟု မေးမြန်း၏။

"အရှင်ပုဏ္ဏား၊ ရှင်ဘုရင်က တရားစောင့်ပါလျှင် ဒီတိုင်းပြည်ဟာ စည်ပင်သာယာဝပြောမှာ အမှန်ပဲ၊ တိုင်းပြည်စည်ပင်သာယာဝပြောခဲ့လျှင် အစားအစာတွေပေါများလို့ ကျီးကန်းတွေက ကျွန်တော်တို့ ဖားစုတ်တွေရဲ့အသားကို ထိုးဆွစားသောက်ကြမှာ မဟုတ်ပါဘူး။ ခုတော့–တိုင်းပြည်ရဲ့ အရှင်သခင်ဖြစ်တဲ့ မင်းက တရားမစောင့်တဲ့အတွက် မင်းမှုထမ်းများကလည်း တရားမစောင့်ကြတော့ဘူး။ မင်းမှုထမ်းများ တရားမစောင့်ကြတဲ့အတွက် တိုင်းသူပြည်သားများကလည်း တရားမစောင့်ကြတော့ဘူး။ လူအားလုံးတရားပျက်တော့ မိုးလေမမှန်တော့ဘူး။ မိုးလေမမှန်တော့ ဆန်ရေစပါး အစားအစာတွေ ရှားပါးကုန်တယ်။ လူတွေ စွန့်ပစ်ကြတဲ့ အစားအစာတွေကို မစားရတော့ ကျီးကန်းတွေက ကျွန်တော်တို့ကို အစာလုပ်ကြတော့တာပါပဲ။ ဒါကြောင့် ကျွန်တော်တို့ အထိုးအဆွခံရတာ မင်း တရားပျက်တဲ့

http://www.dhammadownload.com



အတွက် ဖြစ်တာမို့ မင်းကို ကျိန်ဆဲကြရတာပါပဲ”

ဖားများ၏ မချိတင်ကဲ အသည်းကျွမ်းမျှ နာကျည်းနေကြရတဲ့ ရင်ဖွင့်သံကို ကြားသိကြရသည့်အခါ မင်းနှင့် ပုရောဟိတ်တို့က “တောမှာနေကြတဲ့ ဖားတွေကစပြီး ငါတို့ကို ကျိန်ဆဲကြကုန်ပြီ။ တရားနှင့်အညီ မင်းပြုအုပ်ချုပ်ကြမှ တော်လိမ့်မယ်”လို့ မှတ်ချက်ချပြီး နန်းတော်သို့ ပြန်လာကြ၏။

ထိုနေ့မှစ၍ ပဉ္စာလမင်းက မင်းကျင့်တရားများနှင့်အညီ မင်းပြု၏၊ မင်းတရားစောင့်ထိန်းလာသည့်အခါ မင်းမှုထမ်းများနှင့် ပြည်သူများကလည်း တရားစောင့်ထိန်းလာကြ၏။ ထို့ကြောင့် တိုင်းပြည် ငြိမ်းချမ်းသာယာဝပြောလာပေတော့သည်။

(ဂန္ဓတိန္ဒုကဇာတ်)

## ပြောင်းဖူးသူခိုး ဖိုးသူတော်

တစ်နေ့တွင် ဖိုးသူတော်တစ်ဦးသည် ဆန်အလှူခံရင်း ပြောင်းဖူးခင်းတစ်ခုသို့ ရောက်လာ၏။ ပြောင်းဖူးပင်များ စိမ်းစိမ်းလန်းလန်းနှင့် ပြောင်းဖူးများ ဝေဝေဆာဆာ သီးဖူးနေကြသည်ကို မြင်ရသောအခါ ဖိုးသူတော်သည် ပြောင်းဖူးများကို အလှူခံရန် အကြံဖြစ်လာ၏။ သို့သော် အလှူခံရန် ပြောင်းဖူးခင်းပိုင်ရှင်ကို မတွေ့ရချေ။

“ပြောင်းခင်းပိုင်ရှင် မရှိလျှင် ခိုးယူမှပဲ”ဟု ဖိုးသူတော် ဆုံးဖြတ်ကာ ပြောင်းဖူးများကို ဆွတ်ခူးယူတော့၏။ ပြောင်းဖူးများကို အခွံတစ်လွှာစီခွါ၍ စုချည်ပြီးလျှင် ထမ်းပိုးယူလာ၏။ ရွာအနီးသို့ ရောက်သည့်အခါ ပြောင်းဖူးများကို မြေပေါ်ချ၍ ပြောင်းဖူးစေ့များ

http://www.dhammadownload.com



ပြည့်မပြည့် သိလိုသဖြင့် ပြောင်းဖူးဖတ်များကို ခွါကြည့်၏။

လား–လား၊ တစ်ဖူးမှ အဆန်မပြည့်သည်ကို ဖိုးသူတော် တွေ့ရ၏။ ထိုအခါ ဖိုးသူတော်က စိတ်ပျက်ပျက်နှင့် "အံ့ပါရဲ့ ပြောင်းဖူးရယ်၊ တစ်ဖူးမှ အဆန်မပြည့်ပါလား"ဟု ညည်းတွားလိုက်၏။

"မအံ့နဲ့ ဖိုးသူတော်ရေ၊ မြေမှမကောင်းဘဲ၊ ဘယ်လိုလုပ်ပြီး ကျုပ်တို့ အဆန်ပြည့်နိုင်ပါ့မလဲ"ဟု ပြောင်းဖူးတို့က ပြန်ပြောသတတ်။

ဖိုးသူတော်က မြေကိုငုံ့ကြည့်ပြီး "ဟုတ်ပါရဲ့ မြေကြီးရယ်၊ သင့်ရဲ့ ဩဇာသတ္တိက ညံ့ဖျင်းလှချေကလား"ဟု ပြောဆို၏။

မြေကြီးကလည်း ခေါင်းငုံ့မခံ၊ "ကျုပ်တို့မြေဩဇာက ညံ့ဖျင်းတာကို အပြစ်မတင်နဲ့ ဖိုးသူတော်ရေ၊ မိုးက မှန်မှန်မရွာဘဲ၊ မိုးမမှန်တော့ ကျုပ်တို့ရဲ့ ဩဇာသတ္တိလည်း ညံ့ဖျင်းရတာပေါ့"ဟု ပြန်ပြော၏။

မြေကြီး၏ စကားကို ကြားတော့ ဖိုးသူတော်သည် မိုးပေါ်သို့ မော့ကြည့်ပြီး "ဟုတ်ပါရဲ့ ကိုရွှေမိုးရယ်၊ ဘာဖြစ်လို့ မှန်မှန်မရွာ ချင်ရတာလဲဗျာ၊ ရွာချိန်တန်ရင် ရွာမှပေါ့"ဟု ဆိုလိုက်၏။

သည်တော့မိုးက "ဖိုးသူတော်ရေ ကျုပ်တို့လည်း အချိန် မှန်မှန် ရွာချင်နေတာပဲ၊ ဒါပေမယ့် လူတွေက တရားပျက်ကြတယ်ဗျ၊ လူတွေက တရားပျက်ကြတော့ ကျုပ်တို့လည်း ရွာချင်တိုင်း ရွာလို့ မဖြစ်ဘူး"ဟု ပြန်ပြော၏။

မိုး၏စကားကိုကြားတော့ ဖိုးသူတော်က "အေး ဟုတ်တယ်၊ ယခုခေတ်လူတွေဟာ အင်မတန် တရားပျက်ကြတယ်၊ ဘယ့်နှယ် ကြောင့် ဒါလောက်တရားပျက်တယ်မသိပါဘူး"ဟု ဝေဖန်ပြန်၏။

ထိုအခါ လူထုနတ်က "ဖိုးသူတော်နှယ်–လူတွေ တရား

http://www.dhammadownload.com



ပျက်တာ ဘာဆန်းသလဲဗျာ၊ ခင်ဗျားတို့ သူတော်စင်တွေကတောင် ပြောင်းဖူးခိုးနေမင့်ကပဲ"ဟု ပြန်ပြော၏။

## ဂရုဓမ္မသီလကြောင့် စည်ပည်ဝပြော

**ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်မြို့၌ ဓနဥ္စယကောရဗျမင်းသည်** မင်းပြု၏။ ဘုရားလောင်းသည် ထိုမင်း၏သားတော်ဖြစ်၏။ အရွယ်ရောက်သည့်အခါ တက္ကသိုလ်၌ ပညာဆည်းပူး၏။ ပညာပြည့်စုံသည့်အခါ အိမ်ရှေ့မင်းအရာကို ရ၏။ ဖခင်မင်းကြီး ကွယ်လွန်သည့်အခါ မင်းဖြစ်လာ၏။

ဘုရားလောင်းမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့်အညီ မင်းပြု၏။ ဂရုဓမ္မသီလ(ပဉ္စသီလ)ကို အထူးစင်ကြယ်စွာ စောင့်ထိန်း၏။ ဘုရင်မင်းမြတ်နည်းတူ မယ်တော်၊ မိဖုရားကြီး၊ ညီတော် အိမ်ရှေ့မင်း၊ ပုရောဟိတ်ပုဏ္ဏား၊ ကြိုးကိုင်မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေး၊ ပြည်စိုးအမတ်၊ တံခါးစောင့်၊ ပြည့်တန်ဆာမ၊ ဤပုဂ္ဂိုလ် (၁၁)ဦးတို့သည်လည်း ဂရုဓမ္မသီလကို အထူးစင်ကြယ်အောင် စောင့်ထိန်းကြ၏။ အထက်တန်းလွှာမှ အောက်တန်းလွှာအထိ တရားစောင့်ထိန်းကြသည့်အတွက် ဣန္ဒပတ္ထနဂိုရ်ပြည်သည် မိုးလေဝသမှန်ကန်ပြီး အနာရောဂါကင်းရှင်းကာ စည်ပင်ဝပြောသာယာ၏။

ဘုရားလောင်းမင်းသည် မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါးတို့၌ အလှူတင်းကုတ် (၆)ခုတို့ကို ဆောက်လုပ်စေပြီး နေ့စဉ် အသပြာခြောက်သိန်းတို့ကို စွန့်လွှတ်လှူဒါန်း၏။

ကုရုတိုင်းနှင့် နယ်ချင်းစပ်နေသော **ကလိင်္ဂတိုင်း၊ ဒန္တပူရမြို့၌ ကလိင်္ဂမင်း**သည် မင်းပြုလျက်ရှိ၏။ ထိုတိုင်းပြည်၌ မိုးခေါင်သဖြင့်

http://www.dhammadownload.com



ငတ်မွတ်ခြင်းဘေး ဆိုက်ရောက်နေ၏၊ အနာရောဂါများလည်း ထူပြော၏။

တိုင်းသူပြည်သားတို့သည် နန်းတော်တံခါးဝသို့ စုရုံးလာ ရောက်ကြပြီး "ကယ်တော်မူပါ"ဟု အော်ကြ၏။ ကလိင်္ဂမင်းက အကြောင်းကိုမေးတော့ "မိုးမရွာလို့ အငတ်ဘေး၊ ရောဂါဘေး ဆိုက်ရောက်နေပါတယ်၊ မိုးရွာအောင် လုပ်ပေးပါ"ဟု တောင်းဆို ကြ၏။

"ဘယ်လိုလုပ်ရမလဲ"လို့ မင်းက မှူးမတ်များကို မေးသည့် အခါ–

"မင်းကြီး၊ ရှေးမင်းတို့သည် မိုးမရွာသော် အလှူပေး၍ သီလဆောက်တည်ကြပါသည်၊ ဥပုသ်ဆောက်တည်ရန် အဓိဋ္ဌာန်၍ ကျက်သရေတိုက်ခန်းသို့ဝင်ကာ မြေဇာမြက်ကိုခင်းပြီး အိပ်ကြပါသည်၊ ထိုအခါ မိုးရွာပါသည်"ဟု မှူးမတ်များက သံတော်ဦးတင်ကြ၏။

"ကောင်းပြီ"လို့ ရှင်ဘုရင်က ဝန်ခံလိုက်သော်လည်း မည်သို့ သီလဆောက်တည်ရမည်ကို မသိချေ။ နေ့ရက်များသာ ကုန်လွန်သွားကြ၏၊ မိုးကား မရွာချေ။

"မြတ်သောမင်းကြီး၊ ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်မြို့ကို အုပ်စိုးသော ဓနဉ္စယကောရဗျမင်းမှာ အဉ္စနဝဏ္ဏမည်သော မင်္ဂလာ ဆင်တော်ရှိပါ၏။ ထိုဆင်တော်ကြောင့် ကုရုတိုင်း၌ မိုးရွာပါ၏၊ ထိုဆင်တော်ကို ဤတိုင်းပြည်သို့ ယူဆောင်လာသော် မိုးရွာပါ လိမ့်မည်"ဟု မှူးမတ်များက အကြံပြုကြ၏။

ဘုရင်က ဆင်တော်ကို အလှူခံရန် ပုဏ္ဏားများကိုစေလွှတ်၏၊ ကောရဗျမင်းကြီးလည်း မဆိုင်းမတွပင် ကကြိုးတန်ဆာများ ဆင်ယင် လျက် ဆင်တော်ကို လှူဒါန်းလိုက်၏။ ဒန္တပူရမြို့သို့ ဆင်တော်

http://www.dhammadownload.com



ရောက်လာပါသော်လည်း မိုးကားမရွာချေ။ ဆင်တော်ကြောင့် မိုးရွာသည်ဟု ထင်မြင်ယူဆချက်မှာ မမှန်ကန်ချေ။

"အရှင်မင်းကြီး၊ ဓနဥ္စယကောရဗျမင်းသည် ဂရုဓမ္မကို အမြဲကျင့်သုံး၏၊ ဤအကြောင်းကြောင့် ကုရုတိုင်း၌ မိုးမှန်မှန်ရွာသွန်းခြင်းဖြစ်ပါလိမ့်မည်၊ ကောရဗျမင်းထံ ဂရုဓမ္မကို တောင်းခံ၍ အရှင်မင်းကြီးကျင့်သုံးပါလျှင် မိုးရွာပါလိမ့်မည်"ဟု မှူးမတ်များက လျှောက်ထားကြပြန်၏။

ကလိင်္ဂမင်းသည် ပုဏ္ဏားရှစ်ဦးတို့ကို စေလွှတ်၍ မင်္ဂလာဆင်တော်ကို အပ်နှင်းကာ ဂရုဓမ္မကို တောင်းခံစေ၏။

ကောရဗျမင်းသည် ဂရုဓမ္မကို တောင်းခံလာသော ပုဏ္ဏားတို့အား–

"ပုဏ္ဏားတို့၊ ကျွန်ုပ်သည် ဂရုဓမ္မကို ဆောက်တည်သည်ကား မှန်ပါ၏၊ သို့သော် သုံးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော တန်ဆောင်မုန်းလပွဲသဘင်၌ ကျွန်ုပ်သည် နတ်ဝတ်တန်ဆာ ဆင်ယင်ပြီးသော် စိတ္တရာဇာမည်သော နတ်ကွန်းမှနေ၍ အရပ်လေးမျက်နှာသို့ ပန်းမြားတို့ကို ပစ်လွှတ်၏။ မြားတစ်စင်းသည် ရေထဲသို့ ကျသွားသဖြင့် ရေထဲရှိငါးလိပ်တို့ကိုများ ထိမှန်သွားလေမလားဟု ကျွန်ုပ်မှာ သံသယဖြစ်နေမိ၏။ ကျွန်ုပ်၏ မယ်တော်သည်ကား ဂရုဓမ္မသီလကို ကောင်းစွာဆောက်တည်၏၊ မယ်တော်ထံမှာ သွားရောက်တောင်းယူကြပါ"

"ရေထဲသို့ မြားကျသွားရုံလောက်နဲ့တော့ သီလပျက်တယ်လို့ မဆိုသင့်ပါဘူး၊ အရှင်မင်းမြတ်စောင့်ထိန်းတဲ့ သီလကိုလည်း ပေးသနားတော်မူပါ"

ပုဏ္ဏားတို့က တောင်းဆိုကြသဖြင့် မင်းကြီး နှုတ်တိုက်

http://www.dhammadownload.com



ပြောပြပေးသည်ကို ပုဏ္ဏားတို့က ရွှေပေပေါ်၌ ရေးသားကြ၏။

ဘုရင်၏ မယ်တော်ထံ ပုဏ္ဏားတို့ ရောက်သွားကြသည့်အခါ မယ်တော်က–

"အမောင်တို့၊ ငါသည် ဂရုဓမ္မကို စောင့်ထိန်းသည်ကား မှန်ပေတယ်၊ သို့သော် ငါ၏သီလ၌ သံသယရှိနေတယ်၊ ရှိရတဲ့ အကြောင်းက ဒီလိုပါ၊ ငါ့မှာ သားတော်နှစ်ပါးရှိတယ်၊ သားကြီးက မင်းဖြစ်ပြီး သားငယ်က အိမ်ရှေ့မင်းဖြစ်တယ်၊ တစ်နေ့မှာ တိုင်းတစ်ပါးမင်းက သားတော်အား အသပြာတစ်ထောင်ထိုက်တဲ့ ရွှေပန်းကုံးနဲ့ အဖိုးတစ်သိန်းထိုက်တဲ့ စန္ဒကူးနံ့သာနှစ်များကို ဆက်သလာတယ်။ ဒီလက်ဆောင်ပဏ္ဏာများကို မင်းက ငါ့ကိုပူဇော်တယ်။ ငါက ပန်းကိုလည်းမပန်၊ နံ့သာကိုလည်း မလိမ်းကျံသဖြင့် ချွေးမတို့ကို ပေးဖို့ကြံတယ်၊ ချွေးမကြီးက မိဘုရားကြီးမို့ ချမ်းသာတယ်၊ ဒါကြောင့် တန်ဖိုးနည်းတဲ့ ရွှေပန်းကုံးကိုပေးမယ်၊ ဆင်းရဲတဲ့ ချွေးမငယ်ကိုတော့ တန်ဖိုးကြီးတဲ့ စန္ဒကူးနံ့သာနှစ်ကို ပေးမယ်၊ ဒီလိုကြံမိတဲ့အတိုင်း ပေးလိုက်ပါတယ်။ ပေးပြီးမှ ငါစိတ်မချမ်းသာပါဘူး။ ငါသည် ဂရုဓမ္မကို စောင့်ထိန်းသူဖြစ်၍ ဆင်းရဲချမ်းသာကို မခွဲခြားစကောင်း၊ အမျိုး၌ကြီးသောသူကို အရေးပေး၍ လေးစားသင့်၏၊ ငါကား မပြုအပ်သည်ကို ပြုမိသဖြင့် ငါ့သီလပျက်လေသလား"လို့ သံသယဖြစ်နေမိတယ်၊ ငါ့ရဲ့ ချွေးမတော် မိဖုရားကြီးက ဂရုဓမ္မကို ကောင်းစွာ စောင့်တယ်၊ ချွေးမထံမှာ ဂရုဓမ္မကို ယူကြပါ"ဟု ဆို၏။

"မှန်လှပါ၊ ဒီလောက်မျှနှင့်တော့ သီလမပျက်တန်ရာပါ၊ မယ်တော်ထံမှလည်း ဂရုဓမ္မကို ရေးယူပါရစေ"ဟု ပုဏ္ဏားတို့က တောင်းပန်ပြီး ဂရုဓမ္မကို ရေးယူကြ၏။

http://www.dhammadownload.com



မိဖုရားကြီးထံသို့ ပုဏ္ဏားများ ရောက်သွားကြသည့်အခါ မိဖုရားကြီးက–

"ပုဏ္ဏားတို့၊ ကျွန်မမှာလည်း ဂရုဓမ္မစောင့်ထိန်းမှု၌ သံသယ အနည်းငယ်ရှိနေပါတယ်။ ရှိပုံက– တစ်နေ့သောအခါ မင်းကြီးသည် ပရိသတ်အခြံရံများနှင့်အတူ တိုင်းခန်းလှည့်လည်ပါတယ်၊ ကျွန်မက ခြသေ့်ခံတဲ့ လေသာပြတင်းမှ မင်းကြီးကို ကြည့်လိုက်တဲ့အခါ ကျက်သရေရှိတဲ့ အိမ်ရှေ့မင်းကို မြင်လို့ တပ်မက်တဲ့စိတ် ဖြစ်ပေါ်ခဲ့ဖူးတယ်။ ဒါကြောင့် ကျွန်မစောင့်ထိန်းတဲ့ ဂရုဓမ္မမသန့်ရှင်းဘူးလို့ သံသယဖြစ်မိပါတယ်။ အိမ်ရှေ့မင်းက ဂရုဓမ္မစောင့်ထိန်းတာ ကျွန်မထက် သာလွန်ပါတယ်၊ အိမ်ရှေ့မင်းထံ သွားတောင်းကြပါ"ဟု ပြောဆို၏။

"ဒါလောက် တပ်မက်စိတ်ဖြစ်ရုံနဲ့ သီလမပျက်တန်ပါ၊ မိဖုရားကြီးထံမှလည်း ဂရုဓမ္မကို ရေးယူပါရစေ"ဟု ပုဏ္ဏားများက တောင်းပန်ပြီး ဂရုဓမ္မကို ရေးယူကြ၏။

ပုဏ္ဏားတို့သည် အိမ်ရှေ့မင်းထံ သွားကြပြန်၏၊ အိမ်ရှေ့မင်းက–

"ကျွန်ုပ်စောင့်သုံးတဲ့ ဂရုဓမ္မလည်း ကောင်းကောင်း မစင်ကြယ်ဘူးဗျာ။ အကြောင်းက– ကျွန်ုပ်က မင်းထံ အခစားဝင်လျှင် ရထားစီးပြီး အခြံအရံနှင့် ဝင်မြဲဖြစ်တယ်၊ ညဥ့်အခါ တိုင်ပင်ဖို့ အကြောင်းကိစ္စရှိလို့ နန်းတော်မှာ အိပ်ဖို့ရှိလျှင် ကြိုးနှင့် နှင်တန်ကို ရထားဦးမှာ ထားခဲ့တယ်၊ မအိပ်ဘဲပြန်မယ်ဆိုလျှင် ကြိုးနှင့် နှင်တန်ကို ရထားထဲမှာ ထားခဲ့တယ်၊ ဒါက ကျွန်ုပ်ရဲ့ လူတွေသိဖို့ အမှတ်အသားပါပဲ။ တစ်ရက်တော့ ပြန်မယ်ဆိုတဲ့ အမှတ်နဲ့ ကြိုးနှင့် နှင်တံကို ရထားတွင်းမှာ ထားခဲ့တယ်၊ မင်းထံ ခစားနေဆဲမှာ

http://www.dhammadownload.com



မိုးရွာတဲ့အတွက် မင်းက သူ့ထံအိပ်ဖို့တားမြစ်တော်မူတယ်၊ ကျွန်ုပ်လည်း အမှတ်တမဲ့နဲ့ မင်းထံမှာ ညအိပ်ခဲ့မိတယ်။ ကျွန်ုပ်ရဲ့ လူတွေက ကျွန်ုပ်ပြန်လာနိုးနဲ့ တစ်ညလုံး စောင့်ပြီး မိုးစိုခံကြရတယ်၊ ဒါဟာ ကျွန်ုပ်ရဲ့ အပြစ်ပါပဲ။ ဒီအတွက်ကြောင့် ကျွန်ုပ်ရဲ့သီလ သိပ်မစင်ကြယ်ဘူး၊ ပုရောဟိတ်ပုဏ္ဏားထံမှာ ဂရုဓမ္မ တောင်းခံကြပါ" ဟု မိန့်ဆို၏။

ပုဏ္ဏားတို့က "ဒါလောက်မျှနှင့် သီလမပျက်တန်ပါဘူး"ဟု လျှောက်ထားပြီး အိမ်ရှေ့မင်းထံမှလည်း ဂရုဓမ္မကို ရေးယူကြ၏။ ထို့နောက် ပုရောဟိတ်ပုဏ္ဏားထံ ချဉ်းကပ်ကြ၏။ ပုရောဟိတ်က–

"အမောင်တို့၊ ငါ့ရဲ့သီလမှာလည်း သံသယအနည်းငယ်ရှိနေတယ်၊ အကြောင်းကတော့ တစ်နေ့သောအခါ ငါဟာ မင်းဆီအခစားဝင်တယ်၊ လမ်းမှာ လှပတဲ့ရထားတစ်စီးကိုတွေ့လို့ မေးကြည့်တော့ မင်းထံဆက်ဖို့ ရထားဖြစ်ကြောင်း သိရတယ်၊ ဒီရထားကို မင်းက ငါ့ကိုပေးလျှင် ဘယ်လောက်ကောင်းမတုန်းလို့ ကြံပြီး နန်းတော်ထဲသို့ဝင်တယ်။ မကြာခင်မှာပဲ အဲဒီရထားကို မင်းထံဆက်သလာပါတယ်၊ မင်းကလည်း ငါကြံတဲ့အတိုင်း ငါ့ကိုပေးတယ်၊ ငါက ထိုရထားကို တပ်မက်တဲ့လောဘကို သတိရပြီး မင်းချီးမြှင့်တဲ့ရထားကို လက်မခံခဲ့ဘူး။ ဒီလိုတပ်မက်တဲ့စိတ် ဖြစ်ခဲ့မိလို့ ငါ့ရဲ့ သီလစင်ကြယ်ပါ့မလားလို့ သံသယဖြစ်နေမိတယ်၊ မြေတိုင်းအမတ်ထံမှာ ဂရုဓမ္မ တောင်းခံကြပါ"ဟု ပြောဆို၏။

ပုဏ္ဏားတို့သည် ပုရောဟိတ်ထံမှ ဂရုဓမ္မကို ရေးသားယူပြီးလျှင် မြေတိုင်းအမတ်ထံသို့ သွားကြပြန်၏။ မြေတိုင်းအမတ်က–

"အမောင်တို့၊ ငါဟာ ဂရုဓမ္မကို စောင့်ထိန်းတာ မှန်ပါရဲ့။ ဒါပေမယ့် ငါ့သီလအပေါ်မှာ သံသယဖြစ်နေမိတယ်။ ဖြစ်ပုံက

http://www.dhammadownload.com



တစ်နေ့မှာ လယ်မြေကွက်တစ်ကွက်ကို တိုင်းတာတဲ့အခါ ငါက ကြိုးစွန်းတစ်ဘက်ကိုဆွဲတယ်၊ လယ်ရှင်က အခြားတစ်ဘက်စွန်းကို ဆွဲတယ်၊ လုံတံစိုက်ရမည့်နေရာက ပုစွန်တွင်းနဲ့တည့်နေတယ်၊ တစ်ဘက်ဘက်ကို ပြောင်းရွှေ့ပြီးစိုက်ရင် တစ်ဦးဦးကို အသာပေးရာ ရောက်သွားမှာမို့ ပုစွန်တွင်းမှာပဲ ပုစွန်မရှိဘူးအထင်နဲ့ လုံတံစိုက် လိုက်တယ်၊ စိုက်လိုက်တော့ 'ကရိ'ဆိုတဲ့ အသံကို ကြားလိုက်ရတယ်၊ ပုစွန်ကို ထိုးစိုက်မိလေသလားလို့ ငါ သံသယဖြစ်နေမိပါတယ်။ ထို့ကြောင့် ရထားထိန်းမှာ ဂရုမမ္ဘ တောင်းခံယူကြပါ"ဟု ဆို၏။

ပုဏ္ဏားတို့က "ဤမျှလောက်နဲ့တော့ သီလမကျိုးပျက်ပါ ဘူး"ဟု ဆိုပြီး ဂရုမမ္ဘကို မြေတိုင်းအမတ်ထံမှ ရေးယူကြ၏၊ ထို့နောက် ရထားထိန်းထံသို့ သွားကြ၏။ ရထားထိန်းက–

"ပုဏ္ဏားတို့၊ ကျွန်ုပ်စောင့်ထိန်းထားတဲ့ ဂရုမမ္ဘလည်း ကောင်းကောင်းမစင်ကြယ်ချင်ဘူး။ အကြောင်းကတော့– တစ်နေ့မှာ မင်းကြီးကို ရထားနဲ့ ဥယျာဉ်သို့ ပို့ရပါတယ်၊ မင်းကြီးက တော လယ် ကစားလို့ အပြန်နောက်ကျသွားတယ်၊ မိုးချုပ်နေဝင်ခါနီး မိုးသားများကလည်း တက်လာတော့ မိုးရွာမည်အထင်နဲ့ သိန္ဓောမြင်းကို နှင်တံတို့ပြီး မြန်မြန်ပြေးသွားစေခဲ့တယ်။ သိန္ဓောမြင်းများက အလွန် လိမ္မာကြတယ်၊ နောင်အခါ ထိုနေရာသို့ရောက်တိုင်း 'ဒီနေရာမှာ ဘေးအန္တရာယ်ရှိလို့ ရထားထိန်းက ငါ့ကို နှင်တံတို့တာပဲ'ဆိုတဲ့ အမှတ်သညာနဲ့ သိန္ဓောမြင်းဟာ မြန်မြန်ကြီး ပြေးတော့တာပဲ၊ ဒါကြောင့် အလွန်မောပန်းရှာပါတယ်။ ဒီလိုမောပန်းရတာ ငါ့ကြောင့် ပဲလို့ ငါ့သီလအပေါ် သံသယဖြစ်နေပါတယ်။ သူဌေးကြီးထံသို့သွားပြီး ဂရုမမ္ဘ တောင်းခံကြပါ"ဟု ပြောဆို၏။

တမန်တော် ပုဏ္ဏားတို့က– "ဒါမျှလောက်နဲ့ သံသယမဖြစ်

http://www.dhammadownload.com



သင့်ပါဘူး”ဟု မှတ်ချက်ချပြီး ဂရုမဗ္ဗကို ရထားထိန်းထံမှ ရေးယူကြ၏။ ထို့နောက် သူဌေးကြီးထံသို့ သွားကြ၏။ သူဌေးကြီးက သူ၏ သီလအပေါ် သံသယဝင်နေပုံကို ဤသို့ရှင်းပြ၏။

“အရှင်ပုဏ္ဏားတို့၊ ကျွန်ုပ်ဟာ ဂရုမဗ္ဗကို စောင့်ထိန်းတာ မှန်ပါရဲ့။ တစ်နေ့မှာ ကျွန်ုပ်ရဲ့ သလေးလယ်က အပြန်မှာ ထွက် သစ်စ ကောက်နှံပန်းတစ်ဆုပ်ကို နှုတ်ယူပြီး အိမ်တိုင်ထိပ်မှာ အလှ ချည်ထားပါတယ်။ ပြီးမှ စဉ်းစားမိတာက ‘ငါဟာ မင်းဘဏ္ဍာအဖို့ ဆယ်ဖို့တစ်ဖို့ မပေးရသေးတဲ့ လယ်ယာမှ သလေးနှံတစ်ဆုပ်ကို ယူခဲ့မိပြီ၊ ငါ့သီလ ပျက်လေသလား”ဟု သံသယဖြစ်မိပါတယ်၊ စပါးခြင်တဲ့ ပြည်စိုးအမတ်ထံမှ ဂရုမဗ္ဗ တောင်းခံကြပါ”

တမန်တော်ပုဏ္ဏားတို့သည် သူဌေးကြီးထံမှ ဂရုမဗ္ဗကို ရေးသားယူပြီးလျှင် ပြည်စိုးအမတ်ထံ သွားကြပြန်၏။ ပြည်စိုးအမတ်က ဤသို့ရှင်းပြ၏။

“ကျွန်ုပ် စောင့်ထိန်းတဲ့ ဂရုမဗ္ဗအပေါ်မှာ ကျွန်ုပ်လည်း သံသယဖြစ်နေမိတယ်ဗျာ။ တစ်နေ့မှာ စပါးကျီတော် တံခါးအနီး ဘုရင့်ဘဏ္ဍာတော်အတွက် စပါးများ ခြင်ယူစဉ် မခြင်ရသေးတဲ့ စပါးပုံမှ စပါးတစ်ဆုပ် တစ်ဆုပ်ကိုယူပြီး ဂရိုအဖြစ် မှတ်သားပါတယ်၊ ရုတ်တရက် မိုးရွာလာလို့ ဂရိုချိုးမှတ်ထားတဲ့ စပါးဆုပ်များကို ဘုရင့်ဘဏ္ဍာ စပါးပုံထဲဆွဲထည့်ပြီး မိုးခိုနေမိပါတယ်။ ဒါကြောင့် ဘဏ္ဍာတော်စပါး အပိုရပြီး စပါးရှင်အတွက် နစ်နာသွားရပြီ၊ ဘယ်အပုံမှာ ထည့်မိတာကိုလည်း ကောင်းကောင်း မမှတ်မိပါ၊ ဒါကြောင့် သီလပျက်စီးလေမလားလို့ သံသယဖြစ်နေမိတယ်။ တံခါးစောင့်ထံမှ ဂရုမဗ္ဗကို တောင်းခံကြပါ”

တမန်တော် ပုဏ္ဏားတို့သည် ပြည်စိုးအမတ်ထံမှ ဂရုမဗ္ဗကို

http://www.dhammadownload.com



ရယူကြပြီးလျှင် တံခါးစောင့်ထံသို့ သွားကြပြန်၏။ တံခါးစောင့်က ဤသို့ ရှင်းပြ၏။

"အရှင်ပုဏ္ဏားတို့၊ ကျွန်ုပ်သည် ဂရုဓမ္မကို လုံခြုံအောင် စောင့်ထိန်းနေပါသော်လည်း သံသယရှိနေမိသည်၊ တစ်နေ့– မြို့တံခါး ပိတ်ခါနီးမှာ သုံးကြိမ်ဟစ်ကြွေး သတိပေးပါတယ်၊ သတိပေးသံ ကြားတော့ ဆင်းရဲသားတစ်ယောက်နဲ့ မိန်းမငယ်တစ်ဦးတို့ လက်တွဲလျက် အဆောတလျင် ပြေးလာကြတယ်။ ကျွန်ုပ်က 'တစ်နေကုန် တောထဲပျော်ပါးပြီး တံခါးပိတ်ခါနီးမှ ပြေးလာရသလား'လို့ ကြိမ်းမောင်းမိပါတယ်။ ထင်းခွေယောက်ျားက 'ဤသူငယ်မဟာ မယားမဟုတ်၊ နှမ ဖြစ်ပါတယ်'လို့ ပြောတော့– 'ငါဟာ သီလစောင့်ထိန်းသူ ဖြစ်ပါလျက် မဆင်မခြင် ဆိုမိပေတယ်၊ ငါ့ရဲ့ ဂရုဓမ္မသီလ ပျက်စီးလေပြီလား'လို့ သံသယဝင်နေမိပါတယ်။ ဒါကြောင့် ပြည့်တန်ဆာမထံသွားပြီး ဂရုဓမ္မကို တောင်းယူကြပါ"

ပုဏ္ဏားတို့သည် တံခါးစောင့်ထံမှ ဂရုဓမ္မကို ရေးသားယူပြီးလျှင် ပြည့်တန်ဆာမထံသို့ သွားကြပြန်၏။ ပြည့်တန်ဆာမက ဤသို့ရှင်းပြ၏။

"အရှင်ပုဏ္ဏားတို့၊ ကျွန်မဟာ ဂရုဓမ္မကို အသန့်ရှင်းဆုံး စောင့်ထိန်းပါတယ်၊ တစ်နေ့မှာ လုလင်တစ်ယောက် ကျွန်မထံ ရောက်လာပြီး ကျွန်မနဲ့ ပျော်ပါးဖို့ အသပြာတစ်ထောင်ပေးပြီး ထွက်သွားတယ်။ သူပြန်လာနိုး လာနိုးနဲ့ ကျွန်မ စောင့်မျှော်တာ သုံးနှစ်ကြာသွားတယ်၊ သူတစ်ပါးထံက လာဘ်ကို ပယ်ချခဲ့ပါတယ်၊ ကျွန်မမှာ လာဘ်မရှိတော့ အင်မတန်ဆင်းရဲသွားပါတယ်၊ ဒါကြောင့် တရားရုံးတော်သို့သွားပြီး အဆုံးအဖြတ် ခံယူပါတယ်၊ တရားသူကြီးက 'သုံးနှစ်ကြာလျှင် စောင့်ရန်မလို၊ အခြားယောက်ျားများကို လက်ခံခွင့်

http://www.dhammadownload.com



ရှိတယ်’လို့ ဆုံးဖြတ်ပါတယ်၊ ဒါကြောင့် လုလင်တစ်ဦးက ကျွန်မအား အသပြာတစ်ထောင် ကမ်းလှမ်းလာတာကို ကျွန်မ ငွေလက်ခံဖို့ လက်ဖြန့်လိုက်စဉ်မှာပဲ ပထမလုလင် ရုတ်တရက် ရောက်လာပါတယ်၊ ကျွန်မက လက်ကို ပြန်ရုပ်သိမ်းပြီး ငွေကို လက်မခံတော့ဘဲ တောင်းပန်လိုက်ပါတယ်။ အမှန်အားဖြင့် သုံးနှစ်ပျောက်နေတဲ့ လုလင်ဟာ ကျွန်မရဲ့ သီလကို လာရောက်စုံစမ်းတဲ့ သိကြားမင်း ဖြစ်နေပါတယ်။

“သိကြားမင်းဟာ ကောင်းကင်မှာတည်ပြီး တိုင်းသူပြည်သား များအား ‘ငါဟာ ဒီအမျိုးသမီးရဲ့ သီလကို စုံစမ်းလိုလို့ သုံးနှစ်ကျော်က အသပြာတစ်ထောင်ကို သူ့အားပေးခဲ့တယ်၊ သူဟာ အခြားယောကျ်ား များကို လက်မခံဘဲ ငါ့ကို သုံးနှစ်ကျော် စောင့်ဆိုင်းခဲ့တယ်၊ သင်တို့သည် ဒီအမျိုးသမီးလို သီလစောင့်ထိန်းကြပါ’လို့ ဆိုဆုံးမ ပါတယ်။ ပြီးတော့ ကျွန်မအိမ်ကို ရတနာခုနစ်ပါးနဲ့ ပြည့်စေပြီးတော့ ပြန်သွားပါတယ်။

“ကျွန်မဟာ ပထမလက်ခံထားသူရှိလျက် ဒုတိယလူကို လက်ခံဖို့ လက်ဖြန့်လိုက်မိတဲ့အတွက် ကျွန်မရဲ့ သီလစင်ကြယ်ပါ့ မလားလို့ ကုက္ကုစ္စ ဖြစ်မိပါတယ်၊ ဒါကြောင့် ကျွန်မရဲ့ ဂရုဓမ္မကို မပေးလိုပါ”

တမန်တော် ပုဏ္ဏားများက အတင်းတောင်းဆိုသဖြင့် ပြည့်တန်ဆာမသည် မိမိစောင့်ထိန်းသည့် ဂရုဓမ္မကို ပြောပြ၏။ မင်းကြီးမှအစ ပြည့်တန်ဆာမအဆုံး ထိုသူ (၁၁)ဦးတို့ ပေးလိုက်ကြ သည့် ဂရုဓမ္မမှာ–

– သတ္တဝါများကို မသတ်ဖြတ်ရ၊
– ပိုင်ရှင်မပေးသောဥစ္စာကို မခိုးယူရ၊

http://www.dhammadownload.com



– ကာမတို့၌ မှားယွင်းစွာ မကျင့်ရ၊
– မဟုတ်မမှန်သောစကားကို မပြောဆိုရ၊
– သေရည်သေရက်ကို မသောက်သုံးရ–တို့ ဖြစ်သည်။

"ဂရုဓမ္မ"ဟူသည် "အလေးအမြတ်ပြုအပ်သောတရား" ဖြစ်၍ "ပဉ္စသီလ" (သို့) ငါးပါးသီလနှင့် အတူတူပင်တည်း။

တမန်တော် ပုဏ္ဏားတို့သည် ဒန္တပူရမြို့သို့ပြန်၍ ကလိင်္ဂမင်းအား ဂရုဓမ္မကို ပေးအပ်ကြ၏။ ကလိင်္ဂမင်းသည် ဂရုဓမ္မသီလကို ကိုယ်တိုင်လည်း စောင့်ထိန်း၏၊ မှူးမတ် မင်းမှုထမ်းများနှင့်တကွ တိုင်းသူပြည်သားအားလုံးကိုလည်း စောင့်ထိန်းစေ၏။

မကြာမီ မိုးရွာသွန်းကာ မိုးလေဝသရာသီဥတု မှန်ကန်လာပြီးလျှင် တိုင်းနိုင်ငံ အေးချမ်းသာယာစည်ပင်ဝပြောလာလေ၏။

သို့ဖြစ်၍ ကုရုတိုင်းဣန္ဒပတ္တနဂိုရ် မြို့သူမြို့သားများကဲ့သို့ အထက်တန်းလွှာမှ အောက်တန်းလွှာအထိ လူအားလုံးသည် ဂရုဓမ္မခေါ် ပဉ္စသီလကို အသေးအဖွဲကလေးကအစ အလေးအနက်ကြောင့်ကြစိုက်ကာ လုံခြုံစွာ စောင့်ထိန်းအပ်ကြရာသတည်း။

## ဗြဟ္မစရိယ ပဉ္စမကသီလ

ငါးပါးသီလကို စောင့်ထိန်းရာ၌ "ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" အစား "အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"ကို စောင့်ထိန်းလျှင် ပို၍မြင့်မြတ်သည်။

အဗြဟ္မစရိယာ–မမြတ်သော မေထုန်အကျင့်ကို ပြုကျင့်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ကောင်းစွာဆောက်တည်ပါ၏။

http://www.dhammadownload.com



ဤသို့ မေထုန်အမှုမှ ရှောင်ကြဉ်ခြင်းလျှင် ငါးခုမြောက်ဖြစ်သော သီလကို ဗြဟ္မစရိယပဉ္စမကသီလ (ဝါ) ကောမာရဗြဟ္မစရိယသီလဟု ခေါ်၏။ အမျိုးသမီးများ စောင့်ထိန်းလျှင် "ကောမာရီဗြဟ္မစရိယသီလ"ဟု ခေါ်၏၊ "ငယ်သွေးငယ်မူဖြူစင်သူတို့၏ ဥစ္စာဖြစ်သော မြတ်သောအကျင့်သီလ"ဟု အဓိပ္ပာယ်ရ၏။

ဤသီလကို ဆောက်တည်ရန် တောင်းခံသည့်အခါ (ပဉ္စသီလ)အစား "ကောမာရဗြဟ္မစရိယ ပဉ္စမကသီလ"ဟု ပြောင်းလဲဆိုရသည်။

မေထုန်အကျင့်သည် လူများ၌သာမက တိရစ္ဆာန် ပြိတ္တာများ၌လည်း ရှိ၏၊ နတ်များ၌ ပို၍ကြီးကြယ်၏၊ ကာမ (၁၁)ဘုံလုံး၌ ပျံ့နှံ့၏။ ဤအမှုကို မစွန့်နိုင်ကြသည့်အတွက် ရိုက်နှက်သတ်ပုတ်ကြသည်၊ မုဒိမ်းကျူးလွန်သည်အထိ ပြစ်မှားမိကြသည်၊ ထောင်ကျပြီးအညှဉ်းပန်းခံရသည့်အပြင် သေလွန်သည့်အခါ၌လည်း အပါယ်ဘုံသို့လားရောက်ကြရသည်။

ဆင်းရဲဟူသမျှသည် ငါးဖြာအာရုံ ကာမဂုဏ်မှစတင်၏၊ မေထုန်မှုအပါအဝင် ကာမဂုဏ် ခံစားခြင်းသည် ယုတ်ညံ့၏၊ မမြင့်မြတ်၊ ရွာသူတို့၏ အလေ့အကျင့်ဖြစ်၏၊ ပုထုဇဉ်တို့၏ အလေ့အထဖြစ်၏၊ အရိယာသူတော်စင်တို့၏ အမှုအကျင့်မဟုတ်၊ တရားထူးရရှိရန် အထောက်အပံ့မဖြစ်၊ အနှောက်အယှက်ဖြစ်၏ဟု မြတ်စွာဘုရားသည် ဗွေဆော်ဦး ဓမ္မစကြာတရားတော်၌ ဟောကြားတော်မူ၏။

ကဿပဘုရားရှင် လက်ထက်တော်က ကိကီမင်းကြီး၏သမီးတော် ခုနစ်ဦးတို့သည် အပျိုစင်ဘဝဖြင့် အနှစ်နှစ်သောင်းပတ်လုံး ဤကောမာရီဗြဟ္မစရိယသီလကို စောင့်ထိန်းခဲ့ကြ၏။ ထိုသမီးတော်ခုနစ်ဦးတို့သည် ဂေါတမဘုရားရှင် လက်ထက်တော်၌ ခေမာထေရီ၊

http://www.dhammadownload.com



ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရီထေရီ၊ ဓမ္မဒိန္နာထေရီ၊ ကုဏ္ဍလကေသီထေရီ၊ ကိသာဂေါတမီထေရီနှင့် ဝိသာခါကျောင်းအစ်မကြီးတို့ ဖြစ်လာကြ၏။

သို့ဖြစ်၍ အပျိုလူပျိုများ၊ အိမ်ထောင်မရှိသူများ၊ အိမ်ထောင်ရှိသော်လည်း အခိုက်အတန့် ခွဲခွာနေသူများသည် ပဉ္စသီလထက် ပို၍မြင့်မြတ်သော ဗြဟ္မစရိယပဉ္စမကသီလကို စောင့်ထိန်းသင့်ကြပေ၏။

## အဗြဟ္မစရိယအဖွင့်

ဤသိက္ခာပုဒ်ကို ခံယူစောင့်ထိန်းသူသည် မမြတ်သော မေထုန်အကျင့်ကို ရှောင်ကြဉ်ရ၏။ မမြတ်သော မေထုန်အကျင့်ဟူသည်မှာ မိန်းမ ယောကျ်ား နှစ်ဦးသားတို့၏ အချင်းချင်း ပျော်ပါးပေါင်းသင်းမှုကိစ္စဖြစ်၏။

ရိုးရိုး ငါးပါးသီလကို စောင့်ထိန်းသူသည် ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို ဆောက်တည်ရာ၌ ဇနီးမောင်နှံအချင်းချင်း ပေါင်းသင်းဆက်ဆံခွင့်ရှိသေးသည်၊ အဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်ရာ၌မူ ဇနီးခင်ပွန်းအချင်းချင်းသော်မှ ပေါင်းသင်းဆက်ဆံခွင့် မရှိချေ။

အလောင်းတော် ဥဒယဘဒ္ဒမင်းနှင့် မင်းသမီးတို့သည်လည်းကောင်း၊ အလောင်းတော် သုဝဏ္ဏသာမ၏ မိဘများဖြစ်ကြသော ဒုကူလနှင့် ပါရိကာတို့သည်လည်းကောင်း၊ အိပ်ရာတစ်ခုတည်း၌ အတူအိပ်ကြပါသော်လည်း မေထုန်အမှု ပြုကျင့်ခြင်း မရှိဘဲ ဖြူစင်သော မေတ္တာစိတ်ဖြင့် သက်ဆုံးတိုင် ပေါင်းသင်းနေထိုင်ကြလေ၏။

သူဌေးသား ဝိပ္ပလိလုလင်နှင့် သူဌေးသမီး ဘဒ္ဒါတို့သည်

http://www.dhammadownload.com



ထိမ်းမြားမင်္ဂလာပြုသောနေ့၌ ပန်းကုံးတစ်ကုံးစီ ယူဆောင်လာ၍ အိပ်ရာအလယ်တွင် မိမိတို့ဘက်မှာ အသီးသီးထားကြ၏၊ ညဥ့်စာ စားပြီးနောက် အိပ်ရာခုတင်သို့ အတူတကွ လာကြ၏၊ သူဌေးသား ဝိပ္ပလိက လက်ယာနံပါးဖြင့် အိပ်ရာသို့တက်၏၊ သူဌေးသမီး ဘဒ္ဒါသည် လက်ဝဲနံပါးဖြင့် အိပ်ရာသို့တက်၏။

"အကြင်သူ၏ဘက်မှ ပန်းများ ညှိုးသွားလျှင် ထိုသူ၏ သန္တာန်၌ ရာဂစိတ် ဖြစ်ပွားသည်ဟု အသိအမှတ်ပြုကြစတမ်း၊ ဤ ပန်းကုံးများကို မည်သူမျှ မထိကြစတမ်း"ဟု ကတိကဝတ်ပြုပြီး အိပ်စက်ကြ၏၊ နေ့အခါ၌လည်း လောဘစိတ်ဖြင့် ပြုံးရွှင်မှုကိုမျှ မပြုကြဘဲ မောင်နှမကဲ့သို့ နေထိုင်ကြလေ၏။

## ခြောက်ပါးသီလ

အပြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းရာ၌ ဝိကာလဘောဇနေ သိက္ခာပုဒ်နှင့် တွဲဖက်၍ စောင့်ထိန်းသင့်၏။ ဝိကာလဘောဇနေသိက္ခာပုဒ် အရ နေမွန်းတည့်အချိန် ကျော်လွန်သွားလျှင် အစားအစာ စားသောက် ခြင်းမှ ရှောင်ကြဉ်ရ၏။ နောက်နေ့နံနက် အရုဏ်တက်သည့် အချိန်အထိ ထမင်းဟင်းလျာ မုန့်ပဲသရေစာ နို့ ကော်ဖီ စသည့် စားသောက်ဖွယ်ရာဟူသမျှကို မစားမသောက်ရ၊ စားသောက်လျှင် ဝိကာလဘောဇနေသိက္ခာပုဒ်ပျက်၏။

ဆာလောင်မွတ်သိပ်လျှင် သံပုရာရည်၊ လိမ္မော်ရည်၊ ပန်းသီး ရည် စသည့် အဖတ်မပါသော သစ်သီးဖျော်ရည် တစ်မျိုးမျိုးကို သောက်သုံးနိုင်၏။ ထန်းလျက်၊ ကြံသကာ၊ သကြားလုံးတို့ကို အခဲအတိုင်း မစားသုံးရ၊ ဖျော်ရည်ပြုလုပ်၍ သောက်ရ၏၊

http://www.dhammadownload.com



ဂိလာနစာအဖြစ် စတုမဓုကို စားသုံးခွင့်ပြု၏။

နေလွဲညစာ စားသုံးခြင်းသည် ပြုပြင်စီမံရသော ဗလိဗောဓ များပြားစေ၏။ အင်အားပြည့်ဖြိုး၍ လောကီအာရုံ ကာမဂုဏ်ဘက်၌ စိတ်ညွတ်စေ၏၊ မေထုန်မှုကို အားပေး၏၊ ထို့ကြောင့် မေထုန်မှုမှ ရှောင်ကြဉ်သော အဗြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းသောအခါ နေလွဲညစာစားသုံးခြင်းကိုပါ ရှောင်ကြဉ်သင့်၏။

ဝိကာလဘောဇနေသိက္ခာပုဒ်ကို ရှောင်ကြဉ်ခြင်းသည်–

(၁) ချက်ရပြုတ်ရ စီမံရသော အလုပ်ကိစ္စများကို လျော့နည်းစေ၏။
(၂) ကိစ္စနည်းသဖြင့် ကုသိုလ်ဘာဝနာတရားအလုပ်ကို ပို၍ လုပ်နိုင်စေ၏။
(၃) အစားအစာကို တပ်မက်သော တဏှာကို ထိန်းနိုင်စေ၏။
(၄) ပျင်းရိငိုက်မျဉ်းမှုကို လျော့နည်းစေ၏။
(၅) လောကီအာရုံ ကာမဂုဏ်တို့၌ စိတ်ဝင်စားမှုကို လျော့နည်းစေ၏။
(၆) လောဘ ဒေါသ စသည့် ကိလေသာများ မတိုးပွားအောင် ထိန်းချုပ်နိုင်စေ၏။

သို့အတွက် ကဿပဘုရားရှင်လက်ထက်တော်က ဂဝေသီ ဆရာကြီးနှင့် သီတင်းသည် ငါးရာတို့သည် ဗြဟ္မစရိယပဉ္စမကသီလနှင့် ဝိကာလဘောဇနေသိက္ခာပုဒ်ကို ပူးတွဲ၍ ခြောက်ပါးသီလ စောင့်ထိန်းကြကြောင်းကို **ပဥ္စင်္ဂုတ္တရပါဠိတော်၊ ဂဝေသီသုတ်၌** ဖော်ပြထား၏။

ဓမ္မိကဥပါသကာ၊ နန္ဒမာတာ စသည့် သူတော်စင်တို့ကလည်း ဗြဟ္မစရိယပဉ္စမကသီလနှင့် ဝိကာလဘောဇနေသိက္ခာပုဒ်ကို ပေါင်းစပ်၍ ခြောက်ပါးသီလကို အသက်ထက်ဆုံး ကျင့်သုံးကြကြောင်း ကျမ်းဂန်၌ လာရှိ၏။

ကိုယ်မှု နှုတ်မှုတို့ကို ကစဉ့်ကလျား မဖြစ်အောင် စောင့်

http://www.dhammadownload.com



ထိန်းရာ၌ လောဘ၊ ဒေါသစသည့် ကိလေသာတရားတို့ကို ထိန်းချုပ်ပေးသော (သို့မဟုတ်) ခေါင်းပါးစေသော သိက္ခာပုဒ်များကို တိုး၍ တိုး၍ စောင့်ထိန်းနိုင်လေလေ အကျိုးကျေးဇူး ပို၍ ပို၍ များလေလေ ဖြစ်သည်။

သီလတစ်ပါး စောင့်ထိန်းနိုင်လျှင်ပင် အကျိုးကျေးဇူး ကြီးမားသည်ဖြစ်ရာ သီလသိက္ခာပုဒ်များများ စောင့်ထိန်းနိုင်လျှင် ပို၍ အကျိုးကျေးဇူး ကြီးမားမည်မှာ ယုံမှားဖွယ် မရှိချေ။

## အာဇီဝဋ္ဌမကသီလ

အသက်မွေးမှုလျှင် ရှစ်ခုမြောက်သော သီလကို"အာဇီဝဋ္ဌမက သီလ"ဟု ခေါ်၏။ ဤသီလသည် မဂ္ဂသစ္စာအမည်ရသော မဂ္ဂင်ရှစ်ပါးတွင် ပါဝင်သည့် မဂ္ဂင်သုံးပါး (သီလသိက္ခာ)ကို တိုက်ရိုက်ဖြည့်ကျင့်ဆောက်တည်သော သီလဖြစ်သည်။ ထို**သီလမဂ္ဂင်သုံးပါး**မှာ–

(၁) **သမ္မာဝါစာ**=အသက်မွေးဝမ်းကျောင်းနှင့် မဆက်စပ်ဘဲ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဟူသော ဝစီဒုစရိုက် လေးပါးကို ရှောင်ကြဉ်ခြင်း၊

(၂) **သမ္မာကမ္မန္တ**=အသက်မွေးဝမ်းကြောင်းနှင့် မဆက်စပ်ဘဲ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရဟူသော ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်ခြင်း၊

(၃) **သမ္မာအာဇီဝ**=အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်၍ အထက်ပါ ဝစီဒုစရိုက်လေးပါးနှင့် ကာယဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်ခြင်းတို့ ဖြစ်သည်။

သို့အတွက် သီလမဂ္ဂင်သုံးပါး (ဝါ) သီလသိက္ခာကို

http://www.dhammadownload.com



ဖြည့်ကျင့်လိုလျှင် ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်၍ သမ္မာအာဇီဝကိုပါ စောင့်ထိန်းရမည် ဖြစ်သည်။ ထိုသို့ သမ္မာအာဇီဝက ရှစ်ခုမြောက်သိက္ခာပုဒ်အဖြစ် ပါဝင်သော သီလကို "အာဇီဝဋ္ဌမကသီလ"ဟု ခေါ်ဆိုခြင်းဖြစ်၏။

အာဇီဝဋ္ဌမကသီလတွင် ရှောင်ကြဉ်မှုဟူသော ဝိရတိစေတသိက်သုံးပါးတို့က ပြဋ္ဌာန်းသောကြောင့် ဤသီလကို "စေတသိကသီလ"ဟုလည်း ခေါ်ဆို၏။

မဂ္ဂင်ရှစ်ပါးတွင် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူ၍ သိက္ခာသုံးပါးပါဝင်ရာ သီလသိက္ခာကို ရှေးဦးစွာ ဖြည့်ကျင့်ရသည့်အတွက် သီလသိက္ခာ (ဝါ) သီလမဂ္ဂင်များနှင့် ကိုက်ညီသော အာဇီဝဋ္ဌမကသီလကို "**အာဒိဗြဟ္မစရိယသီလ**"ဟုလည်း ခေါ်ဆိုပါသည်။ မြတ်သောအရိယာမဂ် အကျင့်၏ အစအဦးတရားဟု ဆိုလို၏။

အာဇီဝဋ္ဌမကသီလမှ ကြွင်းသော ငါးပါးသီလ၊ ရှစ်ပါးသီလ စသည့်သီလအလုံးစုံကို "**အာဘိသမာစာရိကသီလ**"ဟု ခေါ်၏။

## အာဇီဝဋ္ဌမကသီလကို ခံယူဆောက်တည်ပုံ

ငါးပါးသီလကို ခံယူဆောက်တည်သကဲ့သို့ အောက်ပါအတိုင်း ခံယူဆောက်တည်နိုင်ပါသည်။

၁။ သြကာသကန်တော့ကျိုးဖြင့် ရတနာသုံးပါးကို ကန်တော့ပါ။

၂။ အာဇီဝဋ္ဌမကသီလကို ဤသို့ တောင်းခံပါ။ တောင်းခံသည့်နည်းမှာ–

"အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ– တတိယမ္ပိ–။"

http://www.dhammadownload.com



အဓိပ္ပာယ်- "ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော် (တပည့်တော်မ)သည်၊ တိသရဏေန-သရဏဂုံသုံးပါးနှင့်၊ သဟ-တဏ္ဍ၊ အာဇီဝဋ္ဌမကသီလံ-အာဇီဝဋ္ဌမကသီလတည်းဟူသော၊ ဓမ္မ-သိက္ခာပုဒ်ကို၊ ယာစာမိ-တောင်းပါ၏။ ဘန္တေ-အရှင်ဘုရား၊ မေ-တပည့်တော်အား၊ အနုဂ္ဂဟံကတွာ-ချီးမြှောက်ခြင်းကိုပြု၍၊ သီလံ-သီလကို၊ ဒေထ-ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း--။

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း--။"

၃။ နမောတဿ-ဘုရားရှိခိုးဖြင့် ရှိခိုးပါ။

၄။ ဗုဒ္ဓံသရဏံဂစ္ဆာမိ- စသည်ဖြင့် သရဏဂုံခံယူပါ။

၅။ သီလသိက္ခာပုဒ်များကို ခံယူဆောက်တည်ပါ-

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၅) ပိသုဏာဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၆) ဖရုသဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၇) သမ္ဖပ္ပလာပါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၈) မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

**အဓိပ္ပာယ်-**

(၁) ပါဏာတိပါတာ-သူတစ်ပါးအသက်ကိုသတ်ခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ-ရှောင်ကြဉ်ရုကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာ ခံယူဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ-အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော

http://www.dhammadownload.com



သူ့ဥစ္စာကို ခိုးယူခြင်းမှ....
(၃) ကာမေသုမိစ္ဆာစာရာ–ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ, ယုတ်မာစွာ ကျင့်ခြင်းမှ...
(၄) မုသာဝါဒါ–မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ...
(၅) ပိသုဏာဝါစာ–ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ...
(၆) ဖရုသဝါစာ–ကြမ်းတမ်းစွာ ပြောဆိုခြင်း, ဆဲဆိုခြင်းမှ...
(၇) သမ္ဖပ္ပလာပါ–အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ...
(၈) မိစ္ဆာဇီဝါ–မတရားစီးပွားရှာအသက်မွေးခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ–ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ကောင်းစွာ ခံယူဆောက်တည်ပါ၏။

## အာဇီဝဋ္ဌမကသီလကို စောင့်ထိန်းသင့်မသင့်

အာဇီဝဋ္ဌမကသီလသည် သီလမဂ္ဂင်များနှင့် ကိုက်ညီသည်သာမက အရိယမဂ်၏ အစအဦး၌ ကျင့်ရမည့်တရား ဖြစ်သဖြင့် မဂ်ဖိုလ်လိုလားသော ပုဂ္ဂိုလ်သည် အခြားသော ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး သီလများကို မစောင့်သုံးဘဲ ဤအာဇီဝဋ္ဌမကသီလကိုပင် စောင့်ထိန်းရလျှင် ပိုမကောင်းပေဘူးလားဟု မေးစရာရှိ၏။

**မဟာဗုဒ္ဓဝင်**=ပါရမီတော်အခန်း၌ မင်းကွန်းဆရာတော် **ဦးဝိစိတ္တသာရာဘိဝံသ**က ဤသို့ စိစစ်ပြထား၏။

"မေးမြန်းဖွယ်ရှိပြန်သည်မှာ ဤအာဇီဝဋ္ဌမကသီလသည် အရိယမဂ်၏ အစအကျင့်ဖြစ်ခြင်း၊ ဘုရားပွင့်စက အသုံးပြုခဲ့သော သီလဖြစ်ခြင်းတို့ကြောင့် ယခုအခါ ဆောက်တည်သုံးစွဲပါလျှင် သာ၍ပင် သင့်လျော်သည် မဟုတ်ပါလော"ဟူ၍ မေးမြန်းဖွယ်ရှိ၏။

http://www.dhammadownload.com



"အပြေမှာ– အရိယမဂ်၏ အစအဦးဆိုသည်မှာ ရှေးအဖို့က အရိယမဂ်၏ အခြေခံအကျင့်တရား အလျဉ်းမရှိသေးသူတို့ စတင်ကျင့်ကြံမှသာ အဦးအစဟု ခေါ်ဆိုပေမည်။ မိစ္ဆာဝါဒမှ ဗုဒ္ဓဝါဒသို့ ကူးစ ပြောင်းစသူများ ထိုအာဇီဝဋ္ဌမကသီလကို အစပိုင်း၌ ကျင့်သုံးသင့်သော်လည်း ဗုဒ္ဓဘာသာ အယူဝါဒ ရင့်သန်ပြီးသူတို့မှာ ရှေးကပင် ထိုအာဇီဝဋ္ဌမကသီလအကျင့်ကို ရင့်သန်ပြီး ဖြစ်ကြ၍ ယခုမှ ဆောက်တည်သော်လည်း အရိယမဂ်၏ အစဖြစ်သော အကျင့်ဟု မဆိုသင့်တော့ပြီ။ ဗုဒ္ဓဘာသာ အယူဝါဒရင့်သန်ပြီးသူတို့မှာ မိဘများကို မဆိုထားဘိ၊ ထိုမိကောင်းဖကောင်းတို့၏ သွန်သင်ပြသဆိုဆုံးမချက်အရ ငယ်ရွယ်စဉ်ကာလကပင် ပါဏာတိပါတအစရှိသော ဒုစရိုက်အမှုကြမ်းကြီးများကို ပြုလုပ်လျှင် ငရဲကြီးတတ်သည်ဟူ၍ ယုံကြည်သိမှတ်ကြသဖြင့် ရှောင်ကြဉ်ကြပေသည်။

"ထိုသူငယ်များ အချိန်အရွယ် ကြီးရင့်၍ သီလဆောက်တည်ကြသောအခါ (အာဇီဝဋ္ဌမကသီလဖြင့် ရှောင်ကြဉ်ရမည့် ဒုစရိုက်အကြမ်းကြီးများကို ငယ်စဉ်ကပင် ရှောင်ကြဉ်ကြပြီး ဖြစ်ကြသောကြောင့်) ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကိုသာ အစဉ်အတိုင်း တိုးတက်ဖြည့်ကျင့်သင့်တော့သည်။

"မိဘစကားကို နားလည်ချိန် အရွယ်ကစ၍ ဒုစရိုက်မှုကြီးများကို အများရှောင်ကြဉ်လာသည်ဆိုသော်လည်း "ငါ့မှာ ဘယ်အခါကမှ မရှောင်ကြဉ်ဘဲ တွေ့သမျှ ဒုစရိုက်အမှုကြမ်းကြီးတွေကို ကျူးလွန်ခဲ့သည်သာဖြစ်၏" ဟူ၍ မိမိကိုယ်ကို မိမိ သိမြင်ပါမူကား အာဒိဗြဟ္မစရိယမက (အာဇီဝဋ္ဌမက)သီလကိုပင် ဆောက်တည်ရမည်ဖြစ်၏။ အကြောင်းကား ထိုသူ့သန္တာန်၌ မြတ်သော အရိယမဂ်အကျင့်ကို

http://www.dhammadownload.com



ရဖို့ရန် ယခုမှစရမည်ဖြစ်သောကြောင့်တည်း။

"ဤအာဇီဝဋ္ဌမကသီလနှင့်စပ်၍ 'ဤသီလ၌ သုရာမေရယ သိက္ခာပုဒ်မပါသောကြောင့် အရက်သောက်လျှင်လည်း ဤသီလကို စောင့်နိုင်သည်၊ နစ္စ ဂီတသိက္ခာပုဒ် မပါသောကြောင့် ပွဲကြည့်လျှင်လည်း ဤသီလကို စောင့်နိုင်သည်၊ သို့ဖြစ်၍ ဤသီလကို ကြပ်တည်း ခဲယဉ်းခြင်း အလျဉ်းမရှိဘဲ အလွယ်နှင့် စောင့်သုံး၍ဖြစ်သည်၊ မဂ်ဖိုလ်ရခြင်း၏ အကြောင်းအစစ်လည်း ဖြစ်သည်'ဟု တစ်ဦးတစ်ယောက်က ဖော်ပြောလိုက်လျှင် အလွယ်ကြိုက်သောသူတို့ လွန်စွာ နှစ်သက်တတ်ကြ၏။

"--သီလအရာမှာလည်း အောက်ထစ်ဆုံး ငါးပါးသီလကိုပင် အရက်သမား စောင့်ထိန်း၍မဖြစ်နိုင်၊ ခဲယဉ်းလှပေ၏။ ရှစ်ပါးသီလ စသည်တို့မှာကား ဆိုဖွယ်ရာပင် မရှိတော့ပေ၊ သာလွန်၍ ခဲယဉ်းလှပေ၏။ ဤသို့လျှင် သီလအရာ၌ဖြစ်စေ၊ အခြားအရာ၌ဖြစ်စေ မည်သည့်အရာကိုမဆို အလွယ်ကြိုက်လျှင် အစစ်အမှန်ကိုမရဘဲ အတုအပဖြင့်သာ အဟုတ်ထင်မှတ်၍ နေရတတ်သည်ကို အလွယ်ကြိုက်သူတို့ ဂရုပြု၍ သတိထားသင့်လှပေ၏။ ဆိုအပ်ပြီးသည့် အာဇီဝဋ္ဌမကသီလမှ ကြွင်းသော သီလအလုံးစုံသည် "အာဘိသမာစာရိကသီလ"မည်၏။ ငါးပါးသီလသည်ပင် အာဇီဝဋ္ဌမကသီလထက် လွန်မြတ်သောအကျင့်ဖြစ်၏။

"ဤ၌ မေးဖွယ်ရှိပြန်သည်ကား ငါးပါးသီလထဲမှာ ဝစီဒုစရိုက်လေးပါးထဲမှ မုသာဝါဒတစ်ပါးကိုသာ ရှောင်ကြဉ်ရန် ပါရှိပေသည်၊ အာဇီဝဋ္ဌမကသီလထဲမှာကား ဝစီဒုစရိုက်လေးပါးလုံးကိုပင် ရှောင်ကြဉ်ရန် ပါရှိပေသည်၊ ဤအချက်ကို ထောက်ထားလျှင်

http://www.dhammadownload.com



ငါးပါးသီလသည် အာဇီဝဋ္ဌမကသီလအောက် ယုတ်လျော့နေသည်ဟု ဆိုသင့်သည် မဟုတ်ပါလော"ဟူ၍ မေးမြန်းဖွယ်ရှိ၏။

"အဖြေကား- (ဝစီကံ-ဝစီဒုစရိုက်) လေးပါးတို့တွင် မုသာဝါဒဒုစရိုက်သည် ဒုစရိုက်အားလုံးကို လွန်ကျူးကြောင်းအရင်းခံအကြောင်း ဖြစ်ပေသည်၊ မုသာဝါဒကို လွန်ကျူးသောသူသည် မပြုဝံ့သော ဒုစရိုက်ဟူ၍ မရှိကြောင်း ဘုရားဟောထားသည်၊ မုသာဝါဒမှ ရှောင်ကြဉ်နိုင်သောသူသည် ကျန်သည့် ဝစီဒုစရိုက်သုံးပါးတို့မှ အလွယ်တကူနှင့်ပင် ရှောင်ကြဉ်နိုင်သည်၊ မုသာဝါဒကိုမျှ မပြောသောသူသည် အဘယ်မှာ ကုန်းတိုက်စကား၊ ဆဲရေးစကား၊ ပြိန်ဖျင်းစကားတို့ကို ပြောဆိုတော့အံ့နည်း၊ ထို့ကြောင့် ငါးပါးသီလ၌ ဝစီဒုစရိုက်လေးပါးတို့အနက် မုသာဝါဒမှ ရှောင်ကြဉ်ခြင်းကိုသာ အဓိကအားဖြင့် ထည့်သွင်းဟောကြားထားခြင်း ဖြစ်သည်၊ သို့ဖြစ်၍ ငါးပါးသီလထက် အာဇီဝဋ္ဌမကသီလက သာလွန်သည်ဟု ပြောဆိုဖွယ် မရှိချေ။

"တစ်ဖန် မေးဖွယ်ရှိပြန်သည်ကား- မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်း အမှုသည် ငါးပါးသီလထဲ၌မပါ၊ အာဇီဝဋ္ဌမကသီလထဲ၌သာ ပါသည်ဖြစ်၍ ဤမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းအတွက် ငါးပါးသီလထက် အာဇီဝဋ္ဌမကသီလက မြတ်သည်ဟု ဆိုနိုင်သည်မဟုတ်လော"ဟူ၍ မေးဖွယ်ရှိပြန်သည်။

"အဖြေအကျဉ်းချုပ်မှာ- ငါးပါးသီလကို စောင့်ထိန်းသောသူသည် ရှောင်ကြဉ်ဖွယ် မိစ္ဆာဇီဝဟူ၍ အထူးမရှိလှတော့ပြီ၊ မှန်၏၊ မိစ္ဆာဇီဝဟူသည် ဒုစရိုက်တို့ဖြင့်ရသော ပစ္စည်းကို စားသုံး၍ အသက်မွေးခြင်းဖြစ်သည်၊ ဥစ္စာပစ္စည်းကို ရစေနိုင်သော ဒုစရိုက်မှုများမှာ

http://www.dhammadownload.com



အများအားဖြင့် သူ့အသက်ကိုသတ်ခြင်း–ပါဏာတိပါတ၊ သူ့ဥစ္စာကို ခိုးယူခြင်း–အဒိန္နာဒါန၊ မဟုတ်မမှန်ပြောဆိုခြင်း–မုသာဝါဒ၊ ဤ ဒုစရိုက်သုံးပါးတို့ကိုပြု၍ ရာမှီးမှ လောက၌ အများအားဖြင့် ပစ္စည်းဥစ္စာ ရနိုင်သည်၊ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းနေသော သူမှာ ဤဒုစရိုက်သုံးပါးတို့ကို တိုက်ရိုက်ရှောင်ကြဉ်ပြီး ဖြစ်သော ကြောင့်လည်းကောင်း၊ မုသာဝါဒမှ ရှောင်ကြဉ်သဖြင့်ပင် ကျန်သော ဒုစရိုက်တို့ဖြင့် အသက်မွေးမှုကို မပြုတော့သောကြောင့်လည်းကောင်း၊ မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းအတွက် ငါးပါးသီလထက် အာဇီဝဋ္ဌမက သီလကို မြတ်သည်ဟူ၍ မဆိုသင့်ချေ။"

အထက်ပါအကြောင်းတို့ကြောင့် ယခုအခါတွင် အာဇီဝဋ္ဌ မကသီလကို စောင့်ထိန်းသည့် အလေ့အထနည်းပါးပြီး ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ကို စောင့်သုံးသည်ကသာ များပါသည်။

အမှန်မှာ ငါးပါးသီလကို စောင့်ထိန်းသည့်အခါ အာဇီဝဋ္ဌ မကသီလ၌ ပါရှိသော ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့ကို ရှောင်ကြဉ်ရမည့်အပြင် မိစ္ဆာဇီဝကိုလည်း ရှောင်ကြဉ်ရမည် ဖြစ်သည်။ အာဇီဝဋ္ဌမကသီလကို စောင့်ထိန်းရာ၌လည်း သုရာမေရယကံ အပါ အဝင် ငါးပါးသီလ၌ ပါရှိသည့် သိက္ခာပုဒ်အားလုံးကိုပင် စောင့်ထိန်း ရမည်ဖြစ်သည်၊ စောင့်ထိန်းသော သိက္ခာပုဒ်ချင်းတူလျှင် အမြတ်ချင်း လည်း တူပေလိမ့်မည်။

ရှစ်ပါးသီလကို စောင့်သုံးခြင်းသည် အာဇီဝဋ္ဌမကသီလ စောင့်ထိန်းခြင်းထက် ပိုမိုများပြားသော သိက္ခာပုဒ်များကို စောင့်ထိန်း ရသည့်အပြင် ကိလေသာပိုမိုခေါင်းပါးအောင် ကျင့်ကြံရာလည်း ရောက်၏။ ထို့ကြောင့် ပိုမြင့်မြတ်ပြီး ပိုအကျိုးကျေးဇူးများသည်။

http://www.dhammadownload.com



သို့ဖြစ်၍ လူပုဂ္ဂိုလ်များက တရားရိပ်သာသို့ဝင်၍ သမထ ဝိပဿနာရှုပွားကြသည့်အခါ ရှစ်ပါးသီလ သို့မဟုတ် ကိုးပါးသီလကို အခြေခံသီလသိက္ခာအဖြစ် စောင့်ထိန်းကြသည်။

## ရှစ်ပါးသီလ

ဗုဒ္ဓဘာသာ မြန်မာတို့သည် လဆန်း (၈)ရက်၊ လဆုတ် (၈)ရက်၊ လပြည့်၊ လကွယ်နေ့များကို ဥပုသ်နေ့များအဖြစ် သတ်မှတ်ကြ၏။ ထိုနေ့များနှင့် ရက်ကြီးအခါကြီးနေ့များတွင် စေတီဘုရား ဘုန်းကြီးကျောင်းများသို့ သွားရောက်ကြပြီးလျှင် ရှစ်ပါးသီလကို ခံယူကာ တစ်နေ့နှင့်တစ်ညဉ့်တာ ဥပုသ်စောင့်သုံးကြသည်။

သဒ္ဓါကြည်ရွှင်သည့် သူတော်စင်အချို့တို့ကမူ အကြိုအပို့ စောင့်သုံးသောအားဖြင့် ဥပုသ်နေ့များ၌သာမက အဖိတ်နေ့များနှင့် ဥပုသ်အထွက်နေ့များ၌ပါ ဥပုသ်စောင့်သုံးကြ၏။ တစ်သက်တာ ပတ်လုံး အမြဲမပြတ် ဥပုသ်စောင့်သုံးနိုင်လျှင် ပို၍အကျိုးကျေးဇူး ကြီးမား၏။

ငါးပါးသီလကို ခံယူဆောက်တည်သည့် အစီအစဉ်အတိုင်း ရှစ်ပါးသီလကို ခံယူဆောက်တည်နိုင်သည်။

**အစီအစဉ်(၁)။** ရတနာမြတ်သုံးပါးကို ဝတ်ပြုဦးချပြီး ဩကာသ ကန်တော့ကျိုးဖြင့် ရှိခိုးကန်တော့ပါ။

**အစီအစဉ်(၂)။** ကန်တော့ရသော အကျိုးအဖြစ် ဆုတောင်းပါ။

**အစီအစဉ်(၃)။** ရှစ်ပါးသီလကို ဘုရား သို့မဟုတ် သံဃာတော်ထံမှ တောင်းခံပါ၊ တောင်းခံပုံမှာ–

"အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ

http://www.dhammadownload.com



ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ----၊ တတိယမ္ပိ----။"

**အစိပ္ပာယ်** - အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို တောင်းခံပါ၏။ တပည့်တော်အား သနားသောအားဖြင့် သီလပေးတော်မူပါ"

**သံဃာ** - "ယ မဟံ ဝဒါမိ တံဝဒေထ"

(ငါဆိုသောစကားကိုလိုက်၍ဆိုကြလော့)

**လူ** - "အာမဘန္တေ ပါအရှင်ဘုရား"

(ကောင်းပါပြီအရှင်ဘုရား)

**အစီအစဉ်(၄)** - "နမော တဿ ဘဂဝတော အရဟတော သမ္မာ-သမ္ဗုဒ္ဓဿ"

(သုံးခေါက်ဆိုပါ။)

**အစီအစဉ်(၅)**-သရဏဂုံသီလ ခံယူဆောက်တည်ပါ-

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ---။ တတိယမ္ပိ---။"

**သံဃာ**-"တိသရဏဂမနံ ပရိပုဏ္ဏံ"

(သရဏဂုံ ခံယူခြင်းသည်ပြည့်စုံပြီ)

**လူ** - "အာမဘန္တေ ပါအရှင်ဘုရား"

**အစီအစဉ်(၆)**- သိက္ခာပုဒ်ရှစ်ပါးကို ခံယူခြင်း။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com



၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

**သံဃာ**။ "တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။"

(သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလ တရားတော်မြတ်ကို ကောင်းစွာပြည့်စုံ လုံခြုံအောင်ပြု၍ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါစေ။)

**လူ** – "အာမ ဘန္တေ ပါ အရှင်ဘုရား။"

## နစ္စ ဂီတ သိက္ခာပုဒ်အဖွင့်

ရှစ်ပါးသီလတွင် ပါဝင်သောသိက္ခာပုဒ်ရှစ်ပါးအနက် ပဌမ သိက္ခာပုဒ်(၆)ပါးကို အထက်၌ဖွင့်ဆိုရှင်းပြခဲ့ပြီးဖြစ်သည်။ သိက္ခာပုဒ် အမှတ် (၇)နှင့်(၈)တို့ကို ဤတွင် ဖွင့်ဆိုရှင်းပြပါမည်။

နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ= တဏှာ ကိလေသာ အကုသိုလ် တရားများ တိုးပွားကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရားအဆုံးမနှင့် ဖီလာဆန့်ကျင်သော ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ အမွှေးရနံ့ဆောင်ခြင်း၊ နံ့သာနံ့သာ ပျောင်းသုံးခြင်း၊ အလှပြင်ခြင်း၊ တန်ဆာဆင်ခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ=ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ= ကောင်းစွာဆောက်တည်ပါ၏။

http://www.dhammadownload.com



## နစ္စ=ကခြင်း

ကိုယ်တိုင်လည်း မက,ရ၊ သူတစ်ပါးအား လည်း မက, ခိုင်းရ၊ တိရစ္ဆာန်များကိုပင် အကမခိုင်းရ၊ ကပွဲများသို့လည်း သွားရောက် ကြည့်ရှုခြင်း မပြုရ၊ လမ်းသွားရင်း ကပွဲနှင့် မတော်တဆ ဆုံမိလျှင် မကြည့်ချင် မြင်လျက်သားအဖြစ်မျိုးနှင့် ကြုံ၍ ကြည့်မိသော် ဤသိက္ခာပုဒ် မပျက်ချေ။ သို့သော် နှစ်သက်၍ဆက်ကြည့်နေလျှင် သိက္ခာပုဒ်ပျက်တော့သည်။

## ဂီတ=သီဆိုခြင်း

ကိုယ်တိုင်လည်းမသီဆိုရ၊ သူတစ်ပါးတို့ကိုလည်း သီဆိုခိုင်းခြင်းမပြုရ၊ ပါဠိဂါထာတရားစာရွတ်ဖတ်ရာ၌ပင် သီချင်းသံပေါက်အောင် ဆွဲဆွဲငင်ငင် မဆိုရ၊ စတိတ်ရှိုး စသည့်ဂီတဖြေဖျော်ပွဲများသို့ မသွားရ။ လမ်းသွားရင်းကြုံတွေ့သဖြင့် ကြားရလျှင် သီလမပျက်ပါ။ နှစ်သက်၍ ဆက်နားထောင်နေလျှင်ကား ဤသီလ သိက္ခာပုဒ်ပျက်၏။

## ဝါဒိတ=တီးမှုတ်ခြင်း

စည်း–စောင်း–ညှင်း–ဗုံ–ပတ္တလား–တယော–ဂီတာ–ပီ ယာနို စသော တူရိယာများကို ကိုယ်တိုင်လည်း မတီးခတ်ရ၊ သူတစ်ပါးကို လည်း မတီးခိုင်းရ။ တီးမှုတ်သံကိုလည်း နားမထောင်ရ၊ လမ်းသွားရင်း ကြုံကြိုက်၍ ကြားရလျှင်သီလမပျက်၊ နှစ်သက်စွာ နားထောင်နေလျှင်ကား သီလပျက်၏။

http://www.dhammadownload.com



## ဝိသူကဒဿန = ဘုရားအဆုံးမ၏ဆန့်ကျင်ဘက်ကို ကြည့်ရှုနားထောင်ခြင်း

ကပြမှု၊ သီဆိုမှု၊ တီးမှုတ်မှုတို့သည် လောက အမြင်အားဖြင့် အနုပညာရပ်များဖြစ်၍ ချီးကျူးဖွယ်ရာဖြစ်ပေ၏။ လောကုတ္တရာ အမြင်အားဖြင့်မူ ကာမဂုဏ် အာရုံများဖြစ်ကြသဖြင့် ရာဂ တဏှာ တိုးပွားရန် အားပေးအားမြှောက်ပြုကြ၏။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးနှင့် ဖီလာဆန့်ကျင်ဘက်ဖြစ်ကြ၏။

ကပြ သီဆို တီးမှုတ်မှုများကို ကြည့်ရှုနားထောင်သာယာ နေသည့် အခိုက်အတန့်၌ လောဘအရင်းခံသည့် စိတ်စေတသိက်များ ဖြစ်ပေါ်နေကြသဖြင့် အကုသိုလ်တရားတို့သာ တိုးပွားနေကြ၏၊ ကုသိုလ်တရားများ မဖြစ်။ ကုသိုလ်ရေး ကိစ္စများကို မေ့လျော့ရာလည်း ရောက်၏။

မေ့လျော့ခြင်းသည် သေခြင်းနှင့်တူ၍ အပါယ်သံသရာသို့ လားရောက်ရာ အကြောင်းလည်းဖြစ်ပေ၏။

သို့ဖြစ်၍ ကပြ သီဆို တီးမှုတ်ခြင်းများကို ကြည့်ရှုနား ထောင်ခြင်းများသည် “ဝိသူက ဒဿန=သာသနာတော်၏ ဆန့်ကျင် ဘက် ကြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်မှု” ဟု ဆိုအပ်၏။

## မာလာဂန္ဓ ဝိလေပန သိက္ခာပုဒ်အဖွင့် မာလာဓာရဏ=ပန်းပန်ခြင်း

ဥပုသ်စောင့်သုံးနေသည့်အခိုက်၌ ပန်းပွင့် ပန်းခိုင် ပန်းကုံး များကို ပန်ဆင်ခြင်းမှ ရှောင်ကြဉ်ရမည်၊ ဥပုသ်မယူမီ ကြိုတင်၍လည်း

http://www.dhammadownload.com



ပန်းပန်ခြင်း မပြုရ။ သူတစ်ပါးအား ပန်းပန်ခိုင်းခြင်းလည်း မပြုရ။ ပန်းပန်လျှင် အပန်ခိုင်းလျှင် သီလပျက်၏။

## ဂန္ဓဓာရဏ=အမွှေးရနံ့ဆောင်ခြင်း

ရေမွှေးနံ့သာဆီ ဆွတ်ဖျန်းခြင်း၊ နံ့သာမှုန့် ပေါင်ဒါမှုန့် လိမ်းကျံခြင်း စသော အမွှေးရနံ့ ထုံမွှန်းခြင်းများကို မပြုလုပ်ရ။ သူတစ်ပါးအားလည်း မခိုင်းရ။ ပြုလုပ်စေခိုင်းလျှင် သီလပျက်၏။ ဆပ်ပြာမွှေးကိုလည်း မတိုက်ကောင်း။

(ကိုယ်နံ့မကောင်းလျှင် ချွေးနံ့ပျောက်စေရန် နံ့သာ ပေါင်ဒါမှုန့် လိမ်းကျံခြင်း၊ ရေမွှေးဆွတ်ဖျန်းခြင်း၊ ဆပ်ပြာမွှေးသုံးခြင်းကို ခြွင်းချက်ဖြင့် ခွင့်ပြုသည်။)

## ဂန္ဓဝိလေပန= နံ့သာ နံ့သာပျောင်းသုံးစွဲခြင်း

သနပ်ခါးရည် အလှဆီ မိတ်ကပ်စသည်ကို နံ့သာပျောင်းဟုခေါ်သည်။ ယင်း နံ့သာပျောင်းကို လိမ်းကျံခြင်း၊ ခြယ်သခြင်း၊ နိမ့်ရာဋ္ဌဖို့သိပ်ခြင်း၊ မျက်နှာပေါင်းတင်ခြင်း၊ သူတစ်ပါးတို့အား လိမ်းကျံခိုင်းခြင်း စသည်ကို မပြုလုပ်ရ။ ပြုလုပ်လျှင် သီလပျက်၏။

## မဏ္ဍန=အလှပြင်ခြင်း

ကျောက်ပေါက်မာ မှဲ့ခြောက် ဝက်ခြံ တင်းတိတ် ညှင်း စသည်တို့ကို ဖုံးကွယ်ရန် သနပ်ခါး မိတ်ကပ်ဆေးလိမ်းခြင်း၊ ဆံပင်အလှပြင်ခြင်း၊ တွန့်ခြင်း၊ ကောက်ခြင်း၊ ပုံသွင်းခြင်း၊ ခြေသည်း၊ လက်သည်းဆိုးခြင်း၊ နှုတ်ခမ်းနီ ပါးနီဆိုးခြင်း၊ မျက်တောင် အတု တပ်ခြင်း၊ မျက်ခုံမွှေးဆွဲခြင်း၊ နှုတ်ခြင်း၊ မျက်ခွံကို ကာခြယ်ဖြင့်

http://www.dhammadownload.com



အရောင်ခြယ်ခြင်း၊ အလှပြင်ခြင်းဟူသမျှကို မပြုလုပ်ရ။ ပြုလုပ်လျှင်သီလပျက်၏။

သာမန် အားဖြင့် ဆံပင်ဖြီးခြင်း၊ လက်သည်း ခြေသည်းများ ရှည်၍ လှီးဖြတ်ခြင်းတို့မှာမူ အပြစ်မရှိ သီလမပျက်ပါ။

## ဝိဘူသန=တန်ဆာဆင်ခြင်း

စိန်ရွှေ ငွေ၊ ရတနာ လက်ဝတ်လက်စား နားကပ် ဆွဲကြိုးများကို ဝတ်ဆင်ခြင်း၊ အဝတ်အထည်ကို ပုံဆန်း အဆင်ဆန်းဖြင့် လှပအောင်ဝတ်ဆင်ခြင်း၊ ဖိနပ်အလှစီးခြင်း၊ ထီးအလှဆောင်းခြင်း၊ စသည်တို့သည် တန်ဆာဆင်မှုများဖြစ်၍ ပြုလုပ်လျှင် သီလပျက်၏။

ဥပုသ်စောင့်သုံးသည့်အခါ လက်ဝတ်ရတနာများကို မဝတ်ဆင်ဘဲ အဝတ်အစားကိုလည်း ခါတိုင်းဝတ်နေကျ ရိုးရိုးယဉ်ယဉ် မျှလောက်သာ ဝတ်ဆင်သင့်၏။ ဝတ်ဖြူစင်ကြယ် သို့မဟုတ် ယောဂီရောင် အဝတ်များကို ဝတ်ဆင်နိုင်လျှင် ပို၍သင့်လျော်၏။

## ဌာန=အကြောင်းအရာ

အထက်ပါ ပန်းပန်ခြင်း၊ အမွှေးရနံ့ဆောင်ခြင်း၊ နံ့သာ နံ့သာပျောင်းသုံးစွဲခြင်း၊ အလှပြင်ခြင်း၊ အားလုံးတို့သည် တဏှာ ကိလေသာ တိုးပွားခြင်း၏ အကြောင်းရင်းများ ဖြစ်ကြ၏။ သို့အတွက် မြင့်မြတ်သော ဥပုသ်အလုပ်ကို စောင့်သုံးသူတို့သည် အဆိုပါ ပန်းပန်ခြင်း စသည့် အမှုများကို ရှောင်ကြဉ်ရခြင်း ဖြစ်သည်။

## ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အဖွင့်

ဥစ္စာသယန မဟာသယန=မြင့်သောနေရာ၊ မြတ်သော

http://www.dhammadownload.com



နေရာ၌ အိပ်ခြင်း နေထိုင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ=ရှောင်ကြဉ်ကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ=ကောင်းစွာဆောက်တည်ပါ၏။

## ဥစ္စာသယန=မြင့်သောနေရာ

အခြေတစ်တောင့်ထွာထက် ပိုရှည်သော အိပ်ရာခုတင် ကုလားထိုင်ကြီး စသည်ကို ဥစ္စာသယနဟု ခေါ်၏။ ထိုနေရာများ၌ မထိုင်ကောင်း၊ မအိပ်ကောင်းပါ။ ထိုင်လျှင် အိပ်လျှင် သီလပျက်၏။

## မဟာသယန=မြတ်သောနေရာ

စည်းစိမ်ရှင်များ၏ နေအိမ်၌ အသုံးပြုလေ့ရှိသော လက်လေးသစ်မက အမွေးရှည်သည့် သားမွေးအခင်း၊ ခြင်္သေ့ကျားသစ်ရုပ်များဖြင့် တန်ဆာဆင်ထားသော ခမ်းနားဆန်းကြယ်သည့် သားမွေးအခင်း၊ ရွှေခြည်ငွေခြည်တို့ဖြင့် ချုပ်လုပ်ထားသော ပိုးအခင်း၊ လဲမွေ့ရာ၊ ဝါဂွမ်းမွေ့ရာ စသည်တို့ကို မဟာသယနဟု ခေါ်၏။ ဤအရာများကို မသုံးဆောင်ကောင်းပါ၊ သုံးဆောင်လျှင် သီလပျက်၏။

အုန်းဆံအဆာသွတ်မွေ့ရာ၊ သင်းဖြူးချော၊ ကော်ဇောအမွေးတို စသည်တို့ကို မြတ်သောနေရာဟု မဆိုထိုက်၊ သုံးဆောင်ကောင်း၏။

## ဥပုသ်စောင့်ခြင်း

"ဥပုသ်"သည် "ဥပေါသထ"ဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာ၏။ ဥပေါသထ=ဥပ+ဝသထ+ညစာမစားခြင်း၊ သူ့အသက်မသတ်ခြင်း စသော အကျင့်ကောင်းနှင့်ပြည့်စုံ၍ နေထိုင်ခြင်းဟု အဓိပ္ပာယ်ရ၏။

http://www.dhammadownload.com



ညစာမစားခြင်း၊ သူ့အသက်မသတ်ခြင်း စသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် ရှစ်ပါးသီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် စသော ကုသိုလ်အာရုံကို ဘာဝနာရှုပွားလျက် အကုသိုလ်စိတ်များ မဖြစ်စေဘဲ စိတ်စင်ကြယ်အောင် စောင့်စည်းနေထိုင်မှုကို "ဥပုသ်စောင့်သည်"ဟု ခေါ်၏။

ဥပုသ်စောင့်နေသည့်အခါ စိတ်မည်းစိတ်ညစ်များ ဖြစ်သည့် တဏှာ လောဘ ကိလေသာစိတ်များ အဖြစ်နည်းရန်အတွက် ငါးပါး သီလထက် သိက္ခာပုဒ်လေးခုကို တိုးမြှင့်၍ စောင့်ထိန်းရသည်။

ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်အစား အဗြဟ္မစရိယသိက္ခာပုဒ်ကို အစားထိုး၍ မေထုန်အမှုကို ရှောင်ကြဉ်ရသည်။

ဝိကာလဘောဇနေသိက္ခာပုဒ်ဖြင့် နေ့လွဲညစာအစားအသောက်များကို စားသောက်မှုမှ ရှောင်ကြဉ်ရသည်။

နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန သိက္ခာပုဒ်အရ ကပြ သီဆို တီးမှုတ်မှု၊ ပန်းပန်မှု၊ အမွှေးနံ့သာ သုနပ်ခါး မိတ်ကပ် သုံးဆောင်မှု၊ အလှပြင်မှု၊ တန်ဆာဆင်မှု၊ ကာမစိတ်များကို နိုးကြားတက်ကြွစေသည့် ကာမဂုဏ်ခံစားမှု အားလုံးကို ရှောင်ကြဉ်ရသည်။

ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အရ မာန်မာနနှင့် ရာဂစိတ်များ မပလွှားနိုင်ရန်အတွက် မြင့်သောနေရာ၊ မြတ်သောနေရာများ၌ နေထိုင်အိပ်စက်ခြင်းကိုလည်း ရှောင်ကြဉ်ရ၏။

ထို့အပြင် ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်တော် တစ်မျိုးမျိုးကို ဆင်ခြင်နှလုံးသွင်းခြင်း၊ တရားစာများကို ဖတ်ရှုလေ့လာခြင်း၊ တရားနာခြင်း၊ တရားဆွေးနွေးခြင်း၊ ညဉ့်ဘက်တွင် မိမိ၏ သီလကို ပြန်၍ဆင်ခြင်ခြင်းတို့ဖြင့် မိမိ၏ စိတ်သန္တာန်၌

http://www.dhammadownload.com



ကိလေသာများ မဖြစ်ပွားအောင် စောင့်ထိန်းရ၏။

ဤသို့ တစ်ရက်တာမျှ သို့မဟုတ် ပိုင်းခြားထားသော ကာလတစ်ခုအတွင်း၌ အရိယာသူတော်ကောင်း ရဟန္တာအရှင်မြတ် အပေါင်းတို့နှင့် တူညီစွာ နေထိုင်ရခြင်းသည် အလွန်မြင့်မြတ်သော နေထိုင်ခြင်း ဖြစ်ပေသည်။ အကျိုးကျေးဇူးလည်း အလွန်ကြီးမား လှပေသည်။

## ဥပုသ်သုံးမျိုး

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါ၏ ပြာသဒ်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ဥပုသ်ကျင့်သုံးနေသည့် ဝိသာခါ ကျောင်းအစ်မအား ဥပုသ်သုံးမျိုးရှိကြောင်းကို ဟောကြား တော်မူ၏။

(၁) ဂေါပါလဥပုသ်=နွားကျောင်းသားဥပုသ်

(၂) နိဂဏ္ဌဥပုသ်=တဏ္ဍတွန်းဥပုသ်

(၃) အရိယာဥပုသ်=သူတော်ကောင်းဥပုသ်(မြတ်သောဥပုသ်)

### (၁) ဂေါပါလဥပုသ်=နွားကျောင်းသားဥပုသ်

နွားကျောင်းသားများသည် ညနေချမ်းအခါ၌ နွားရှင်တို့အား နွားများကို အပ်နှင်း၍ "ယနေ့ နွားတို့သည် ဤမည်သောအရပ်၌ ကျက်စားခဲ့ပြီး၊ ဤမည်သောအရပ်၌ ရေသောက်ခဲ့ကြ၏၊ နက်ဖြန်တွင် ဤမည်သောအရပ်၌ ကျက်စားပြီး၊ ဤမည်သောအရပ်၌ ရေသောက် ကြရလတ္တံ့."ဟု ဆင်ခြင်ကြ၏။

ထိုနည်းအတူ အချို့သော ဥပုသ်သည်တို့သည် "ယနေ့ ငါသည် ဤမည်ဤမည်သော ခဲဖွယ်စားဖွယ်တို့ကို ခဲစားခဲ့ရ၏။

http://www.dhammadownload.com



နက်ပြန်တွင် ဤမည်ဤမည်သော ခဲဖွယ်စားဖွယ်တို့ကို ခဲစားရလတ္တံ့."ဟု ဆင်ခြင်ကြ၏။ ထိုသူတို့သည် အစားအသောက်စသော ကာမဂုဏ်တို့ကို တပ်မက်မောသည့် လောဘ(ဝါ) အဘိဇ္ဈာနှင့် တကွသော စိတ်ဖြင့် နေ့ကို ကုန်လွန်စေကြ၏။

ဤသို့ ကျင့်သုံးသော ဥပုသ်ကို "နွားကျောင်းသားဥပုသ်"ဟု ခေါ်၏။ ဤဥပုသ်မျိုးသည် ကြီးမြတ်သော အကျိုးမရှိ၊ ကြီးမြတ်သော အာနိသင်မရှိ၊ ကြီးမြတ်သော အရောင်အလင်းမရှိ၊ ကြီးမြတ်သော ပြန့်နှံ့ခြင်းမရှိ။

## (၂) နိဂဏ္ဌဥပုသ်=ကဏ္ဍတွန်းဥပုသ်

တဏ္ဍတွန်းရဟန်းတို့သည် မိမိတို့၏ တပည့်များကို "သင်တို့သည် အရှေ့အရပ် ယူဇနာတစ်ရာအပြင်ဘက်ရှိ သတ္တဝါတို့၌ လက်နက်ကို ချထားလော့ (သတ္တဝါတို့ကို နှိပ်စက်သတ်ဖြတ်ခြင်း မပြုလင့်)၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ် အသီးသီး၌လည်း ယူဇနာတစ်ရာအပြင်ဘက်ရှိ သတ္တဝါတို့၌ လက်နက်ကို ချထားလော့"ဟု ဆောက်တည်စေကုန်၏။ ဤသို့ ဆောက်တည်စေရာ၌ ယူဇနာတစ်ရာအတွင်းရှိ သတ္တဝါများကို နှိပ်စက်သတ်ဖြတ်နိုင်သည်ဟု ဆိုရာရောက်၏။ ထို့ကြောင့် အချို့သော သတ္တဝါတို့ကို သနားခြင်း စောင့်ရှောက်ခြင်းငှာ ဆောက်တည်စေပြီး အချို့သော သတ္တဝါတို့ကို မသနားခြင်း မစောင့်ရှောက်ခြင်းငှာ ဆောက်တည်စေ၏။

ထို့အပြင် ထိုတဏ္ဍတွန်းရဟန်းတို့သည် တပည့်တို့ကို "သင်တို့သည် အဝတ်အစား အားလုံးကို ချွတ်ချပြီးလျှင် ဤသို့ဆိုလော့-"ငါသည် ဤအချိန်အခါ၊ ဤဒေသ၌ တစ်စုံတစ်ယောက်

http://www.dhammadownload.com



သောသူအတွက် ကြောင့်ကြမှုမဖြစ်၊ ငါ၏ အတွင်းအပသန္တာန်ဝယ် တစ်စုံတစ်ခုသော ပရိက္ခရာ (အသုံးအဆောင်)၌သော်မျှ ကြောင့်ကြမှု မရှိ”- ဤသို့ဆိုစေပြီး ဆောက်တည်စေကုန်၏။

ဤသို့ပင် ဆောက်တည်စေသော်လည်း ထိုသူ၏ မိဘတို့သည် “ဤသူကား ငါတို့၏သားတည်း”ဟု သိကုန်၏၊ ထိုသူကလည်း “ဤသူတို့ကား ငါ၏အမိအဖတည်း”ဟု သိ၏။ ထိုသူ၏ သားမယားတို့သည်လည်း “ဤသူကား ငါတို့ကို လုပ်ကျွေးရန်ဖခင်, ခင်ပွန်းတည်း”ဟု သိကုန်၏၊ ထိုသူကလည်း “ဤသူတို့ကား ငါ၏သားမယားတို့တည်း”ဟု သိ၏။

သို့ဖြစ်၍ အမှန်တရားကို ဆောက်တည်စေရာ၌ မမှန်သောစကားဆိုခြင်းကို ဆောက်တည်စေသည်မည်၏။ ထိုသို့ ဆောက်တည်စေခြင်းကို မမှန်သောစကားဆိုခြင်းဟု မြတ်စွာဘုရား သတ်မှတ်၏။

ထိုသူတို့သည် ထိုညဥ့်လွန်သောအခါ စည်းစိမ်တို့ကို မပေးဘဲသာလျှင် သုံးဆောင်၏။ ထိုသို့သုံးဆောင်ခြင်းကို မပေးသည်ကို ယူခြင်းဟု မြတ်စွာဘုရား သတ်မှတ်၏။ ထို့ကြောင့် တက္ကတွန်းဥပုသ်သည် ကြီးမြတ်သောအကျိုးမရှိ၊ ကြီးမြတ်သောအာနိသင်မရှိ၊ ကြီးမြတ်သောအရောင်အလင်းမရှိ၊ ကြီးမြတ်သောပြန့်နှံ့ခြင်းမရှိ။

## (၃) အရိယာဥပုသ်=မြတ်သောဥပုသ်

အရိယာဥပုသ်သည် ညစ်ညူးသောစိတ်ကို လုံ့လပြု၍ စင်ကြယ်စေခြင်းပင်တည်း။ ညစ်ညူးသောစိတ်ကို လုံ့လပြု၍ စင်ကြယ်စေရာ၌ မြတ်စွာဘုရား၏ ဂုဏ်တော်၊ တရား၏ ဂုဏ်တော်၊ သံဃာ၏ ဂုဏ်တော်၊ မိမိသီလ၏ ဂုဏ်၊ နတ်တို့ကို သက်သေထား၍

http://www.dhammadownload.com



မိမိ သဒ္ဓါ စသော ဂုဏ်အသီးသီးကို အဖန်တလဲလဲ အောက်မေ့နိုင်၏။ ဤသို့ အောက်မေ့နှလုံးသွင်းခြင်းအပေါ် မူတည်၍ အရိယာဥပုသ်ကို (က) ဗြဟ္မဥပုသ်၊ (ခ) ဓမ္မဥပုသ်၊ (ဂ) သံဃဥပုသ်၊ (ဃ) သီလဥပုသ်၊ (င) ဒေဝတာဥပုသ်ဟူ၍ (၅)မျိုး ခွဲခြားနိုင်၏။

**(က) ဗြဟ္မဥပုသ်**=ညစ်နွမ်းသော ဦးခေါင်းကို သျှိသျှားမှုန့်၊ မြေညက်၊ ရေနှင့် လုံ့လတို့ကို အသုံးပြု၍ ဖြူစင်စေသကဲ့သို့ ညစ်ညူးသောစိတ်ကို လုံလပြု၍ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်းဖြင့် ဖြူစင်စေနိုင်၏။ အဘယ်သို့ အောက်မေ့ဆင်ခြင်သနည်းဟူမူ– ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့်လည်း အရဟံမည်တော်မူ၏၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကအလုံးစုံကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါး တရားတို့ကို သိတော်မူ, သိစေတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ဟု အဖန်တလဲလဲ အောက်မေ့၏။

http://www.dhammadownload.com



မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ဤအရိယာတပည့်ကို **ဗုဒ္ဓဥပုသ်**ကို ကျင့်သုံးသူ၊ မြတ်စွာဘုရားနှင့် အတူနေရသူ၊ မြတ်စွာဘုရားကို အာရုံပြု၍ စိတ်ကြည်လင်သူ၊ ဝမ်းမြောက်သူ၊ စိတ်ညစ်ညူးကြောင်း ကိလေသာကင်းပျောက်သူဟု ဆိုအပ်၏။

**(ခ) ဓမ္မဥပုသ်**=ညစ်နွမ်းသောကိုယ်ကို ကြေးတွန်းဝတ္ထုရေချိုးကသယ်မှုန့်(ဆပ်ပြာ) ရေနှင့် လုံ့လတို့ကို အသုံးပြု၍ ဖြူစင်စေနိုင်သကဲ့သို့ ညစ်ညူးသောစိတ်ကို လုံ့လပြု၍ တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းဖြင့် ဖြူစင်စေနိုင်၏။

အဘယ်သို့ အောက်မေ့ဆင်ခြင်သနည်းဟူမူ–တရားတော်သည် မြတ်စွာဘုရား ကောင်းစွာဟောထားတော်မူသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးနိုင်သော တရားတော်ပါပေတည်း၊ လာလှည့်ရှုလှည့်ဟု ဆောင်ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ထားထိုက်သော တရားတော်ပါပေတည်း၊ အရိယာတို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း”ဟု အဖန်တလဲလဲ အောက်မေ့၏။

တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုပုဂ္ဂိုလ်၏ စိတ်သည် ကြည်လင်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ဤအရိယာတပည့်ကို **ဓမ္မဥပုသ်**ကို ကျင့်သုံးသူ တရားတော်နှင့်အတူနေသူ တရားတော်ကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း

http://www.dhammadownload.com



ကိလေသာပျောက်ကင်းသူဟု ဆိုအပ်၏။

(ဂ) **သံဃဉပုသ်**=ညစ်နွမ်းသော အဝတ်ကို ရေနွေးရေငွေ့၊ ဆပ်ပြာ၊ ရေနှင့် လုံ့လတို့ကို အသုံးပြု၍ ဖြူစင်စေသကဲ့သို့ ညစ်ညူးသောစိတ်ကို လုံ့လပြု၍ သံဃာတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းဖြင့် ဖြူစင်စေနိုင်၏။

အောက်မေ့ဆင်ခြင်ပုံမှာ– "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့်ရှိ၏၊ ဖြောင့်မတ်သောအကျင့်ရှိ၏၊ မှန်သောအကျင့်ရှိ၏၊ နိဗ္ဗာန်နှင့် လျော်ကန်သောအကျင့်ရှိ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါးအရေအတွက်ရှိသော မြတ်စွာဘုရား၏ ဤတပည့်သား သံဃာတော်သည် ရပ်ဝေးမှ ဆောင်ယူလာသော ပေးလှူပူဇော်ဖွယ် ဝတ္ထုကို ခံယူထိုက်ပါပေ၏၊ ဧည့်သည်အလို့ငှာ စီမံထားသော လှူဖွယ်ဝတ္ထုကိုလည်း ခံယူထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကိုလည်း ခံယူထိုက်ပါပေ၏၊ လက်အုပ်ချီမိုး ရှိခိုးခြင်းငှာ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ပါပေ၏"ဟု အဖန်တလဲလဲ အောက်မေ့၏။

သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ဤအရိယာတပည့်ကို **သံဃဉပုသ်ကို** ကျင့်သုံးသူ သံဃာတော်နှင့်အတူနေသူ သံဃာကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာပျောက်ကင်းသူဟု ဆိုအပ်၏။

http://www.dhammadownload.com



**(ဃ) သီလဥပုသ်**=ညစ်နွမ်းနေသည့် ကြေးမုံ(ကိုယ်လုံးပေါ်မှန်)ကို ဆပ်ပြာ၊ ရေ၊ အဝတ်၊ လုံ့လတို့ကို အသုံးပြု၍ တိုက်ချွတ်ဆေးကြောလိုက်လျှင် ဖြူစင်သွားသကဲ့သို့ ထို့အတူပင် ညစ်ညူးသောစိတ်ကို မကျိုးမပေါက် မပြောက်မကျားမူ၍ တဏှာကျွန်အဖြစ်မှလွတ်မြောက်လျက် ပညာရှိတို့ ချီးမွမ်းအပ်သည့် မိမိ၏ သီလတို့ကိုအဖန်တလဲလဲ အောက်မေ့ခြင်းဖြင့် ဖြူစင်စေနိုင်၏။

မည်သို့ အောက်မေ့ဆင်ခြင်သနည်းဟူမူ အရိယာ တပည့်သည် မကျိုးမပေါက် မပြောက်မကျားမူ၍ တဏှာကျွန်အဖြစ်မှလွတ်မြောက်လျက် ပညာရှိတို့ချီးမွမ်းအပ်သော မှားယွင်းစွာမသုံးသပ်အပ်သော တည်ကြည်မှုကို ဖြစ်စေတတ်သော မိမိ၏ သီလတို့ကိုအဖန်တလဲလဲ အောက်မေ့၏။ သီလကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ဤအရိယာတပည့်ကို **သီလဥပုသ်**ကို ကျင့်သုံးသူ၊ သီလနှင့် အတူနေသူ၊သီလကို အာရုံပြု၍ စိတ်ကြည်လင်သူ၊ ဝမ်းမြောက်သူ၊ စိတ်ညစ်ညူးကြောင်း ကိလေသာပျောက်ကင်းသူဟု ဆိုအပ်၏။

**(င)ဒေဝတာဥပုသ်**=ညစ်နွမ်းနေသော ရွှေ ငွေတို့ကို မိုက်လုံ၀၊ဆားငန်မြေ၊ ကွေ့နီမှုန့်၊ မီးပြောင်း၊ ညှပ်နှင့်လုံ့လတို့ကို အသုံးပြု၍ဖြူစင်စေနိုင်သကဲ့သို့ ထို့အတူပင် ညစ်ညူးသောစိတ်ကို နတ်တို့အားသက်သေအရာထား၍ မိမိ၏ သဒ္ဓါ စသော ဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်းဖြင့် ဖြူစင်စေနိုင်၏။

မည်သို့ အောက်မေ့ဆင်ခြင်သနည်းဟူမူ အရိယာတပည့်သည် နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါ စသော ဂုဏ်ကို

http://www.dhammadownload.com



အဖန်တလဲလဲအောက်မေ့၏။ "စတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်၊ ယာမာနတ်၊ တုသိတာနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တိနတ် အထက်ထက်သော ဗြဟ္မာတို့သည် ရှိကုန်၏။ သဒ္ဓါတရားနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုသဒ္ဓါတရားမျိုးသည် ရှိ၏။ သီလနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုသီလမျိုးသည် ရှိ၏။ အကြားအမြင်နှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုအကြားအမြင်မျိုးသည် ရှိ၏။ စွန့်ကြဲခြင်းနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုစွန့်ကြဲခြင်းမျိုးသည် ရှိ၏။ ပညာနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုပညာမျိုးသည် ရှိ၏"ဟု မိမိနှင့် ထိုနတ်တို့၏ သဒ္ဓါတရား အကျင့်သီလ အကြားအမြင် စွန့်ကြဲပေးကမ်းခြင်း ဉာဏ်ပညာတို့ကို အဖန်တလဲလဲ အောက်မေ့၏။

ဤသို့ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏။ ဤအရိယာတပည့်ကို **ဒေဝတာဥပုသ်**ကို ကျင့်သုံးသူ၊ နတ်တို့နှင့် အတူနေသူ၊ နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အာရုံပြု၍ စိတ်ကြည်လင်သူ၊ ဝမ်းမြောက်သူ၊ စိတ်ညစ်ညူးကြောင်း ကိလေသာပျောက်ကင်းသူဟု ဆိုအပ်၏။

http://www.dhammadownload.com



## ရဟန္တာတို့ကို အတုယူစောင့်ထိန်းပုံ

ဝိသာခါ ...ထိုအရိယာတပည့်သည် ဤသို့ဆင်ခြင်၏–
"ရဟန္တာတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး သူ့အသက်သတ်ခြင်းကိုပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကိုချထားပြီး ဖြစ်ကုန်၏၊ လက်နက်ကိုချထားပြီး ဖြစ်ကုန်၏၊ ရှက်ခြင်းရှိကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့်ဤနေ့ပတ်လုံး **သူ့အသက်သတ်ခြင်းကို ပယ်၍** သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျက်၊ တုတ်ကိုချထားလျက်၊ လက်နက်ကိုချထားလျက်၊ ရှက်ခြင်းရှိလျက်၊ သနားလျက်၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေပါအံ့။ ဤအကြောင်းအင်္ဂါဖြင့် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ပြုအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

"ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မပေးသည်ကို ယူခြင်း၌ ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ပေးသည်ကိုသာယူကုန်၏၊ ပေးသည်ကိုသာလျှင် အလိုရှိကုန်၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး **မပေးသည်ကို ယူခြင်းကို ပယ်၍** မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်လျက် ပေးသည်ကိုသာ ယူလေ့ရှိသည်ဖြစ်၍ ပေးသည်ကိုသာလျှင် အလိုရှိသည်ဖြစ်၍ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

http://www.dhammadownload.com



"ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မမြတ်သောအကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မမြတ်သောအကျင့်မှ ဝေးစွာရှောင်ကြဉ်ကုန်၏၊ ရွာနေသူတို့ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး **မမြတ်သောအကျင့်ကိုပယ်၍** မြတ်သောအကျင့်ကို ကျင့်လျက် မမြတ်သောအကျင့်မှ ဝေးစွာရှောင်ကြဉ်သည်ဖြစ်၍ ရွာသူတို့ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

"ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မဟုတ်မမှန် ပြောခြင်းကိုပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သောစကားချင်းဆက်စပ်စေကုန်၏၊ တည်သောစကားရှိကုန်၏၊ ယုံကြည်ထိုက်သောစကား ရှိကုန်၏၊ လောကကို မလှည့်စားတတ်ကုန်။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး **မဟုတ်မမှန် ပြောခြင်းကိုပယ်၍** မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်လျက် အမှန်ကိုသာ ပြောဆိုသည်ဖြစ်၍ မှန်သောစကားချင်းဆက်စပ်စေလျက်၊ တည်သောစကားရှိလျက်၊ ယုံကြည်ထိုက်သောစကားရှိလျက်၊ လောကကို မလှည့်စားဘဲနေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

"ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းကိုပယ်၍ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်

http://www.dhammadownload.com



သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော **သေအရက် သောက်ခြင်းကိုပယ်၍** ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

"ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး တစ်ထပ်သာ စားလေ့ရှိကုန်၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်ကုန်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး တစ်ထပ်သာစားပါအံ့၊ ညစာစားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ **နေလွဲစားခြင်းမှ ရှောင်ကြဉ်ပါအံ့။** ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

"ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့်ခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းကျံခြင်း၊ အလှပြင်ခြင်း၊ တန်ဆာဆင်ခြင်းတို့မှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး **ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့်ခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်း၊ အလှပြင်ခြင်း၊ တန်ဆာဆင်ခြင်းတို့မှ ရှောင်ကြဉ်ပါအံ့။** ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

"ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး

http://www.dhammadownload.com



မြင့်သောနေရာ မြတ်သောနေရာကိုပယ်၍ မြင့်သောနေရာ မြတ်သော နေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကုန်၏၊ နိမ့်သောနေရာ ညောင်စောင်း ငယ်၌ဖြစ်စေ၊ မြက်အခင်း၌ဖြစ်စေ အိပ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး **မြင့်သောနေရာ မြတ်သောနေရာကိုပယ်၍** မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်လျက် နိမ့်သောနေရာ ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ အိပ်အံ့၊ ဤ အကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ပြုအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။"

## ဥပုသ်စောင့်ခြင်း၏ အကျိုးအာနိသင်

"ဝိသာခါ၊ အရိယာဥပုသ်သည် အထက်က ဆိုခဲ့သည့်အတိုင်း ဖြစ်၏။ ဝိသာခါ၊ ဤသို့ ကျင့်သုံးအပ်သော အရိယာဥပုသ်သည် ကြီးမြတ်သောအကျိုးရှိ၏၊ ကြီးမြတ်သောအာနိသင်ရှိ၏၊ ကြီးမြတ် သော အရောင်အလင်းရှိ၏၊ ကြီးမြတ်သော ပြန့်နှံ့ခြင်းရှိ၏။

"အဘယ်မျှလောက် ကြီးမြတ်သော အကျိုးရှိသနည်း၊ အဘယ်မျှလောက်ကြီးမြတ်သော အာနိသင်ရှိသနည်း၊ အဘယ်မျှ လောက် ကြီးမြတ်သော အရောင်အလင်းရှိသနည်း၊ အဘယ်မျှလောက် ကြီးမြတ်သော ပြန့်နှံ့ခြင်းရှိသနည်း။

"ဝိသာခါ၊ များစွာသောတပ်မက်ဖွယ် ရတနာတို့နှင့် ပြည့်စုံသော အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီတိုင်း၊ မလ္လာတိုင်း၊ စေတီယတိုင်း၊ ဝင်္ကတိုင်း၊ ကုရုတိုင်း၊ ပဉ္စာလတိုင်း၊ ပစ္ဆတိုင်း၊ သူရသေနတိုင်း၊ အဿကတိုင်း၊ အဝန္တီတိုင်း၊ ဂန္ဓာရတိုင်း၊ ကမ္ဗောဇတိုင်းဟူသော တိုင်းကြီး (၁၆)ရပ်တို့၌ အုပ်ချုပ်

http://www.dhammadownload.com



၍ မင်းလုပ်ရခြင်းသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်လောက်မျှ မမှီနိုင်၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင်းကြောင့်နည်း၊ ဝိသာခါ၊ လူ့မင်းစည်းစိမ်သည် နတ်ချမ်းသာနှင့်နှိုင်းစာလျှင် အနည်းငယ်မျှသာ ဖြစ်သောကြောင့်တည်း။

"ဝိသာခါ၊ လူတို့၏နှစ်(၅၀)သည် စတုမဟာရာဇ် နတ်တို့၏ တစ်ညဥ့်တစ်နေ့တာမျှသာဖြစ်၏၊ ထိုညဥ့်ဖြင့် ညဥ့်သုံးဆယ်တို့သည် တစ်လဖြစ်၏၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နတ်တို့၏နှစ် (၅၀၀)သည် စတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည်ဖြစ်၏။ စတုမဟာရာဇ်နတ်တို့၏ နှစ်ငါးရာသည် လူတို့၏ နှစ်ကိုးသန်းနှင့်ညီမျှ၏။

"ဝိသာခါ၊ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ အင်္ဂါးရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကိုကျင့်သုံးသူသည် ခန္ဓာပျက်ကြွေ သေလွန်သည့်နောက်၌ စာတုမဟာရာဇ် နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းရှိ၏။ ဤအကြောင်းကို ရည်ရွယ်၍ လူ့မင်းစည်းစိမ်သည် နတ်ချမ်းသာနှင့် နှိုင်းစာလျှင် အနည်းငယ်မျှသာ ဖြစ်၏ဟူသော စကားကို ဆိုခဲ့ခြင်းဖြစ်၏။

"ဝိသာခါ၊ လူတို့၏ နှစ်တစ်ရာသည် တာဝတိံသာနတ်တို့၏ တစ်ညဥ့်တစ်နေ့ မျှသာဖြစ်၏။ ထိုညဥ့်ဖြင့် ညဥ့်သုံးဆယ်တို့သည် တစ်လ၊ တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် အနှစ်(၁၀၀၀)သည် တာဝတိံသာနတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏။ တာဝတိံသာနှစ်(၁၀၀၀)သည် လူတို့၏နှစ် (၃၆) သန်းနှင့်ညီမျှ၏။"

"ဝိသာခါ၊ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ အင်္ဂါရှစ်ပါးနှင့်

http://www.dhammadownload.com



ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးသူသည် ခန္ဓာပျက်ကြွေသေလွန်သည့် နောက်၌ တာဝတိံသာနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာ သော အကြောင်းရှိ၏။ ဤအကြောင်းကို ရည်ရွယ်၍ လူမင်းစည်းစိမ် သည် နတ်ချမ်းသာနှင့် နှိုင်းစာလျှင် အနည်းငယ်မျှသာ ဖြစ်၏ဟူသော စကားကို ဆိုခဲ့ခြင်းဖြစ်၏။

ထိုနည်းအတူ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့် သုံးသူသည် ခန္ဓာပျက်ကြွေသေလွန်သည့်နောက်၌ ယာမာနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းလည်းရှိ၏။ တုသိတာနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းလည်းရှိ၏။ နိမ္မာနရတိနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာသောအကြောင်းလည်းရှိ၏။ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းလည်းရှိ၏။

လူတို့နှစ်(၂၀၀)သည် ယာမာနတ်တို့၏ တစ်ရက်တာနှင့် ညီမျှ၏။ ယာမာနတ်တို့၏ သက်တမ်းသည် ယာမာနှစ်ဖြင့် ရေ တွက်သော်နှစ်(၂၀၀၀)၊ လူတို့နှစ်ဖြင့် ရေတွက်သော် နှစ်ပေါင်း (၁၄၄)သန်း ရှည်လျား၏။

လူတို့ နှစ်(၄၀၀)သည် တုသိတာနတ်တို့၏ တစ်ရက်တာ နှင့် ညီမျှ၏။ တုသိတာနတ်တို့၏ သက်တမ်းသည် တုသိတာနှစ်ဖြင့် ရေတွက်သော် နှစ်(၄၀၀၀)၊ လူတို့နှစ်ဖြင့် ရေတွက်သော် နှစ်ပေါင်း (၅၇၆)သန်း ရှည်လျား၏။

လူတို့၏နှစ် (၈၀၀)သည် နိမ္မာနရတိ နတ်တို့၏ တစ် ရက်တာနှင့် ညီမျှ၏။ နိမ္မာနရတိနတ်တို့၏ သက်တမ်းသည် နိမ္မာနရတိနတ်တို့၏နှစ်ဖြင့် ရေတွက်သော် နှစ်(၈၀၀၀)၊ လူတို့၏ နှစ်ဖြင့် ရေတွက်သော် နှစ်ပေါင်း (၂၃၀၄)သန်း ရှည်လျား၏။

http://www.dhammadownload.com



လူတို့နှစ် (၁၆၀၀)သည် ပရနိမ္မိတဝသဝတ္တိ နတ်တို့၏ တစ်ရက်တာနှင့်ညီမျှ၏။ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ သက်တမ်းသည် ပရနိမ္မိတဝသဝတ္တိ နတ်တို့၏ နှစ်ဖြင့် ရေတွက်သော် နှစ် (၁၆၀၀၀)၊ လူတို့နှစ်ဖြင့် ရေတွက်သော် နှစ်ပေါင်း(၉၂၁၆)သန်း ရှည်လျား၏။

"ဝိသာခါ၊ ဤအကြောင်းတို့ကိုထောက်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာနှင့် နှိုင်းစာလျှင် အနည်းငယ်မျှသာဖြစ်၏ဟူသော စကားကို ဆိုခဲ့ခြင်းဖြစ်သည်။

"ကောင်းသော အဆင်းရှိကုန်သော နေ လနှစ်ပါးတို့သည် အကြင်မျှလောက်သောအရပ်ကို ထွန်းလင်းစေလျက် လှည့်လည်ကုန်၏၊ ကောင်းကင်၌ သွားလာကုန်သော ထို နေ လတို့သည် အမိုက်မှောင်ကို ပယ်ဖျောက်၍ အရပ်မျက်နှာတို့ကို တင့်တယ်စေကုန်လျက် ကောင်းကင်၌ထွန်းပကုန်၏။

"ထိုနေလတို့ ထွန်းပရာ လောကဓာတ်အတွင်း၌ ပတ္တမြား၊ ပုလဲ၊ စိန်၊ ကျောက်မျက်ရွဲ၊ သိင်္ဂီရွှေ၊ နီလာစသော ဥစ္စာရတနာတို့သည် မြောက်မျှားစွာရှိကြပါကုန်၏။ သို့ပါသော်လည်း ထိုဥစ္စာ ရတနာတို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်၏တစ်ဆယ့်ခြောက်စိတ် တစ်စိတ်ကိုမျှလည်း မမှီနိုင်ကုန်။ အလုံးစုံသော ကြယ်တာရာအပေါင်းတို့သည် လရောင်၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်မျှ လောက်ကိုလည်း ကမ္ဘာမြေကြီးသို့ အလင်းရောင် မပေးဆောင်နိုင် သကဲ့သို့တည်း။

"ထို့ကြောင့်သာလျှင် သီလရှိသော မိန်းမ ယောကျ်ားတို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံး၍ ချမ်းသာ အကျိုးရှိသည့် ကောင်းမှုတို့ကို ပြုပြီးလျှင် ကဲ့ရဲ့ဖွယ်မရှိဘဲ

http://www.dhammadownload.com



နတ်ပြည်ဌာနသို့ ကပ်ရောက်ရလေကုန်သတည်း။"

(အင်္ဂုတ္တိုရ် တိကနိပါတ် ဥပေါသထသုတ်)

## နတ်ပြည်ရောက်ချင် ဥပုသ်ဝင်

သံသရာတွင် အထက်တန်းကျကျ ချမ်းချမ်းသာသာ ကျင်လည်ချင်သူများအဖို့ ဒါန သီလ ဘာဝနာ ကုသိုလ် ကောင်းမှုတို့ကို မပြတ်မလပ် ပြုစုပျိုးထောင်သွားရလိမ့်မည်။ အထူးသဖြင့် ဘုရားသာသနာနှင့် ကြုံဆုံနေရသော လက်ရှိလူ့ဘဝတွင် ကုသိုလ် ကောင်းမှုတို့ကို ပုံအောပြီးပြုလုပ်ထားရမည်။

ကုသိုလ်ကောင်းမှုများကို ပြုလုပ်ရာ၌ ကုသိုလ်အလုံးစုံတို့၏ အခြေခံအုတ်မြစ်ဖြစ်သော သီလပေါ်တွင်ရပ်တည်ပြီး ပြုလုပ်လျှင် အကျိုးကျေးဇူးပို၍ ကြီးမားပေသည်။ သို့အတွက် ပဉ္စသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲမြဲလုံခြုံအောင် စောင့်ထိန်း၍ ဥပုသ်သီလကိုလည်း အခါအားလျော်စွာ စောင့်ထိန်းအပ်ပေသည်။

သီလသည် ကောင်းမြတ်သော ဘဝကိုရအောင် ဘဝသမ္ပတ္တိ အကျိုးကိုပေး၍ ဒါနသည် ဖြစ်လေရာဘဝ၌ အသုံးအဆောင် ပစ္စည်းဥစ္စာတို့နှင့် ပြည့်စုံအောင် ဘောဂသမ္ပတ္တိ အကျိုးကိုပေး၏။

**"နတ်ပြည်ရောက်ချင် ဥပုသ်ဝင်"** ဆိုရိုးစကားအတိုင်း တစ်ရက်မျှ ဥပုသ်စောင့်သုံးရလျှင်ပင် ချမ်းသာသောနတ်ဘဝ၊ လူ့ဘဝ များကို အကြိမ်ကြိမ် ရနိုင်ပေသည်။ ဥပုသ်စောင့်သုံးခြင်းသည် အလွန်ကြီးကျယ်သော အကျိုးအာနိသင်တို့ကို ဖြစ်ထွန်းစေကြောင်းကို မြတ်စွာဘုရားသည် ထိုထိုသုတ္တန်များ၌ အကြိမ်ကြိမ် အထပ်ထပ် ဟောကြားထားတော်မူသည်။

http://www.dhammadownload.com



**အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ် ဥပေါသထဝဂ်၌ ဥပုသ်စောင့်သုံးခြင်းနှင့် ပတ်သက်သော သုတ္တန်(၅)ပုဒ် ပါရှိသည်။ ဤသုတ္တန်ဒေသနာတို့ကို အနည်းငယ်စီ စိစစ်ပြပါအံ့။**

## (၁) သံခိတ္တူပေါသထသုတ်

ဤသုတ်ကို ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား မြတ်စွာဘုရား ဟောကြားတော်မူသည်–

"ရဟန်းတို့၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ကျင့်သုံးအပ်သည့် ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသောပျံ့နှံ့ခြင်းရှိ၏။ ရဟန်းတို့၊ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း၊ တန်ခိုးကြီးသနည်း၊ ကြီးသောပျံ့နှံ့ခြင်းရှိသနည်း။

"ရဟန်းတို့၊ ဤသာသနာတော်၌ အရိယာတပည့်သည် ဤသို့ဆင်ခြင်၏။ ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကိုချထားပြီး ဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီးဖြစ်ကုန်၏၊ ရှက်တတ်ကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေကုန်၏။ ငါသည်လည်း ဤတစ်ညဉ့်နှင့် တစ်နေ့ ပတ်လုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင် ကြဉ်သူ၊ တုတ်ကိုချထားသူ၊ လက်နက်ကိုချထားသူ၊ ရှက်ခြင်းရှိသူ၊ သနားခြင်းသို့ရောက်သူ၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားသူဖြစ် ၍ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့။ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်"ဟု ဆင်ခြင်၏။ ဤကား ပဌမအင်္ဂါနှင့်

http://www.dhammadownload.com



ပြည့်စုံခြင်းတည်း။

ဆက်လက်၍ အထက်၌ဖော်ပြခဲ့သည့် ဥပေါသထသုတ် အတိုင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်အထိ ဟောကြားတော်မူ၏။

## (၂) ဝိတ္ထတူပေါသထသုတ်

ဤသုတ်တွင် သံခိတ္တူပေါသထသုတ်အတိုင်း ဥပုသ်၏ အင်္ဂါရှစ်ပါးကို ရဟန်းတို့အား မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထို့နောက် ဥပုသ်၏ အကျိုးအာနိသင် ကြီးမားပုံကို ဥပေါသထသုတ်၌ ဖော်ပြခဲ့သည့်အတိုင်း နတ်တို့၏ သက်တမ်းကို လူတို့၏သက်တမ်းနှင့် နှိုင်းယှဉ်ပြကာ ဆက်လက် ဟောကြားတော်မူသည်။

## (၃) ဝိသာခါသုတ်

ဤသုတ်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတိုက် ဝိသာခါ၏ ပြာသဒ်ကျောင်း၌ ဝိသာခါကျောင်းအစ်မအား မြတ်စွာဘုရား ဟောကြားတော်မူသော သုတ်ဖြစ်သည်။ အထက်၌ ဖော်ပြခဲ့သော ဥပေါသထသုတ်ပင် ဖြစ်သည်။

## (၄)ဝါသေဋ္ဌသုတ်

ဝေသာလီပြည် မဟာဝုန်တော ပြာသဒ်ဆောင်ပေါက်သော ကျောင်း၌ ဝါသေဋ္ဌဥပါသကာအား မြတ်စွာဘုရား ဟောကြားတော်မူ သော သုတ္တန်ဒေသနာဖြစ်သည်။ ဥပေါသထ သုတ်အတိုင်းပင်ဖြစ်၏။

ထိုသို့ ဟောကြားပြီးသည့်အခါ ဝါသေဋ္ဌဥပါသကာသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏ –

http://www.dhammadownload.com



"အရှင်ဘုရား၊ အကျွန်ုပ်ချစ်မြတ်နိုးအပ်သော ဆွေမျိုးသားချင်းတို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် ဥပုသ်ကို ကျင့်သုံးကြပါမူ ထိုသူတို့အားလည်း ရှည်မြင့်စွာ အစီးအပွားဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ရာပါ၏။ အရှင်ဘုရား အလုံးစုံသော မင်းတို့သည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ အလုံးစုံသော မင်းတို့အားလည်း ရှည်မြင့်စွာ အစီးအပွားဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ရာပါ၏။ အရှင်ဘုရား အလုံးစုံသော ပုဏ္ဏားများ၊ ကုန်သည်များ၊ သူဆင်းရဲများက အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ ထိုသူအားလုံးတို့အားလည်း ရှည်မြင့်စွာ အစီးအပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ရာပါ၏။"

မြတ်စွာဘုရားက-"ဝါသေဋ္ဌ၊ ဤစကားသည် လျောက်သည့် အတိုင်းမှန်၏။ ဝါသေဋ္ဌ၊ ဤစကားသည် လျောက်သည့်အတိုင်းမှန်၏။ ဝါသေဋ္ဌ၊ အလုံးစုံသော မင်းတို့သည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ ထိုအလုံးစုံသော မင်းတို့အားလည်း ရှည်မြင့်စွာ အစီးအပွား ဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ရာ၏။

"ဝါသေဋ္ဌ၊ အလုံးစုံသော ပုဏ္ဏားတို့သည်။ ပ။ ကုန်သည်တို့သည်။ ပ။ သူဆင်းရဲတို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ အလုံးစုံသော ထိုသူတို့အားလည်း ရှည်မြင့်စွာ အစီးအပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ရာ၏။

"ဝါသေဋ္ဌ၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကသည်လည်းကောင်း၊ သာမဏဗြာဟ္မဏမင်းများ၊ လူများနှင့်တကွသော လူလောကသည်လည်းကောင်း၊ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ နတ်လောကနှင့် လူလောက

http://www.dhammadownload.com



အလုံးစုံတို့အားလည်း ရှည်မြင့်စွာ အစီးအပွား ဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ရာ၏။

"ဝါသေဋ္ဌ၊ ဤအင်ကြင်းပင်တို့သော်လည်း အကယ်၍ စိတ်စေတနာရှိသဖြင့် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်ကြပါမူ ဤအင်ကြင်းပင်ကြီးတို့အားလည်း ရှည်မြင့်စွာ အစီးအပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ရာသေး၏၊ လူဖြစ်သူအားမူ အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း"ဟု မိန့်တော်မူ၏။

## (၅) ဗောဇ္ဈသုတ်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်ဝယ် ဗောဇ္ဈာဥပါသိကာအား မြတ်စွာဘုရား ဟောကြားတော်မူသည်။ ဒေသနာတော်မှာ ဥပေါသထသုတ်နှင့် အတူတူပင် ဖြစ်သည်။

* * *

အထက်ပါ သုတ်တို့၌ ဥပုသ်သီလကို စောင့်သုံးလျှင် နတ်ပြည်ခြောက်ထပ်သို့ လားရောက်ရကြောင်းကို မြတ်စွာဘုရား ညွှန်ပြထားတော်မူသည်။

ဥပုသ်သီလ၏ အကျိုးအာနိသင် ကြီးမားပုံကို အလေးဂရုပြု၍ လက်ငင်းစိတ်ချမ်းသာစေပြီး အိမင်းသည့်တိုင်အောင် ကောင်းမြတ်သော ဥပုသ်သီလကို နှစ်သက်မြတ်နိုးစွာ စောင့်ထိန်းသင့်ကြပါသတည်း။

## ဝမ်းမြောက်စဖွယ်ဥဒါန်းဂါထာ

ယေဟိ သဒ္ဓါဒိဂုဏေဟိ၊ ဒေဝတာ ဒေဝတ္တံ ဂတာ။
မယှမ္ပိ တေ သံဝိဇ္ဇန္တိ၊ အဟောမေ ဂုဏဝန္တတာ။
ဒေဝတာ၊ စတုမဟာ၊ ဝတီသာနှင့်နတ်ရွာခြောက်လီ၊ ဗြဟ္မာ

http://www.dhammadownload.com



ပြည်ဝယ်၊ ကိုယ်စီစံစား၊ နတ်ဗြဟ္မာအများတို့သည်။ ယေဟိ သဒ္ဓါဒိဂုဏေဟိ၊ သဒ္ဓါ–သီလ–များသုတနှင့်–စာဂပညာ–စဉ်လာ ပြည့်စုံ–အကြင်ဂုဏ်တို့ကြောင့်။ ဒေဝတ္တံ၊ ရောဂါမကပ်–ဥပဒ်မတွယ်– စားသောက်ဖွယ်ရေး–ဝတ်ဆင်ရေးနှင့်–မင်းဘေးစိုးတာ–ကင်းစင် ကွာလတ်–ဗြဟ္မာနတ်၏အဖြစ်သို့။ ဂတာ၊ ဤလူ့ပြည်မှ စုတေကြ လျှင် ခဏမနေ–ကပ်ရောက်ကြလေကုန်ပြီ။ တေ ဂုဏာ၊ နတ်ဗြဟ္မာ နန်း–ကပ်ကာမြန်းဖို့–အစွမ်းလောက်လုံ–ထိုကဲ့သို့ဂုဏ်တို့သည်။ မယှမ္ပိ–ဘုရားအကြိုက် တရားလိုက်၍ အားစိုက်နှစ်လို–ဤငါ့ကိုယ် မှာလည်း။ သံဝိဇ္ဇန္တိ၊ အမြဲမပြတ် သတိချပ်သဖြင့် မလပ်ပုံသေ ရှိကြလေကုန်၏။ မေ၊ ငါ၏၊ ဂုဏဝန္တတာ၊ သဒ္ဓါသီလ–များသုတနှင့် စာဂပညာ–စဉ်လာလောက်လုံ–ဂုဏ်ပေါင်းစုံသူတို့၏ အဖြစ်သည်။ အဟောဝတ၊ တမလွန်အရေး၊ ကြံတိုင်းအေးဖို့၊ လေးလေးပင်ပင် အစဉ်မျိုးမှန်–သြော်–အဖိုးတန်လေစွ့တကား။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အုပ်စိုးရသော မင်း မိဖုရားတို့၏ စည်းစိမ်ချမ်းသာသည် ခမ်းနားကြီးကျယ်လှပြီဟူ၍ အထင်မကြီးနှင့်။ ထိုလူ့စည်းစိမ်သည် နတ်စည်းစိမ်နှင့် နှိုင်းစာလျှင် ပိုးစုန်းကြူးနှင့် သောက်ရှူးကြယ်ပမာ သေးသိမ်နုပ်နဲ့လှ၏။ ကောင်းစွာ စောင့်ထိန်း အပ်သော ဥပုသ်၏အကျိုးသည်ကား လူမင်း– နတ်မင်း စည်းစိမ် အရာအထောင်မက ကြီးကျယ်လှ၏။

ဥပုသ်၏ အကျိုးအာနိသင်သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး အုပ်စိုးရခြင်းထက် အဆကုဋေကုဋာ သာလွန်လှပေ၏။

http://www.dhammadownload.com



## ဥပုသ်နေ့ဝက် ထိန်းတက်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုဗာရာဏသီမြို့၌ **သုစိပရိဝါရ** အမည်ရှိသော သူဌေးသည် ကုဋေရှစ်ဆယ် ကြွယ်ဝ၏၊ သူဌေးနှင့် သူဌေး၏ သားမယားတို့သည် တစ်လတွင် ခြောက်ရက် ဥပုသ်ဆောက်တည်ကြ၏၊ ထိုသူဌေးအိမ်ရှိ အလုပ်သမား အစေအားလုံးတို့သည် သူဌေးမိသားစုနှင့်အတူ ဥပုသ်ဆောက်တည်ကြ၏။

ထိုအခါ၌ ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်၍ ထို သူဌေးထံ ခစားကာ အသက်မွေးရ၏။ သူဌေးသည် တခြားသော သူရင်းငှားတို့အား လာသောနေ့၌ပင်လျှင် အမှုကိုလုပ်ကိုင်ရင်း သီလကို စောင့်ထိန်းစေ၏။ သီလကို စောင့်ထိန်းခြင်းငှာ စွမ်းနိုင်မှ သာလျှင် အမှုကို ဆက်လုပ်စေ၏။ ဘုရားလောင်းအား သူဌေးသည် သီလစောင့်ထိန်းရန် အမှတ်သညာ မပေးလိုက်မိချေ၊ မိမိအခကိုသိ၍ အမှုကိုပြုလော့ဟုသာ ဆိုလိုက်သည်။

ဘုရားလောင်းသည် ဆုံးမလွယ်သူဖြစ်၏။ မိမိ၏ ပင်ပန်းခြင်း ကို အမှုမထားဘဲ အသက်ကိုစွန့်၍ သူဌေး၏ကိစ္စအဝဝကို လုပ်ကိုင် ပေး၏။ နံနက်စောစောထ၍အလုပ်ခွင်သို့သွားကာ မိုးချုပ်မှပြန်လာ၏။

တစ်နေ့သော ဥပုသ်နေ့ဝယ် ဗာရာဏသီမြို့၌ ပွဲသဘင် ကျင်းပ၏။ သူဌေးကြီးသည် ကျွန်မကိုခေါ်၍ "ယနေ့ ဥပုသ်နေ့တည်း၊ အလုပ်သမားများ စောစောထမင်းစားနိုင်အောင် ချက်ပြုတ်ပေးလော့၊ အလုပ်သမားများသည် စောစောစီးစီး စားသောက်ပြီးလျှင် ဥပုသ် ဆောက်တည်ကြလတ္တံ့."ဟု ဆို၏။

ဘုရားလောင်းသည် စောစောကလျှင်ထ၍ အလုပ်ခွင်သို့

http://www.dhammadownload.com



သွား၏။ ထိုနေ့ ဥပုသ်စောင့်သုံးကြမည့် အကြောင်းကို ဘုရားလောင်းအား မည်သူကမျှ မပြောပြချေ။ ကျန်အလုပ်သမားများသည် စောစောစားသောက်ကြပြီးသော် မိမိတို့၏ နေရာအသီးသီးသို့သွားကာ ဥပုသ်စောင့်ထိန်းကြ၏။ သူဌေးသည်လည်း သားမယား အခြွေအရံများနှင့် တကွ ဥပုသ်သီလကို ဆောက်တည်၏။

ဘုရားလောင်းသည် တစ်နေကုန် အလုပ်လုပ်၍ နေဝင်သောအခါ အိမ်သို့ ပြန်လာ၏။ တစ်အိမ်လုံး တိတ်ဆိတ်နေသဖြင့် "လူတွေ အဘယ်သို့သွားကြကုန်သနည်း"ဟု မေး၏။

"ခပ်သိမ်းသော သူတို့သည် ဥပုသ်ဆောက်တည်၍ မိမိတို့၏ နေရာအသီးသီးသို့ သွားကြကုန်၏"ဟူသော အဖြေကို ကြားရ၏။

"ဥပုသ်သီလ ဆောက်တည်သူများအကြား၌ ငါတစ်ဦးတည်း သီလမရှိသူမဖြစ်သင့်၊ ငါသည်လည်း ဥပုသ်ဆောက်တည်သောအမှုကို ပြုအံ့"ဟု ဘုရားလောင်း စိတ်အကြံဖြစ်ပြီး သူဌေးကြီးထံသွား၍ မေးမြန်း၏။

"အမောင်၊ နံနက်စောစောကတည်းက မဆောက်တည်သည့်အတွက် တစ်နေ့ပတ်လုံး ဥပုသ်စောင့်သုံးသော အမှုသည်မဖြစ်။ သို့သော် ယခုမှစ၍ ဆောက်တည်ပါက တစ်ညဥ့်ပတ်လုံး ဥပုသ်ဆောက်တည်နိုင်သေး၏"ဟု သူဌေးကြီးက ရှင်းပြ၏။

"ဤမျှသော ဥပုသ်သီလသည် ဖြစ်ပါစေသတည်း"ဟု ဘုရားလောင်း ဆုံးဖြတ်၍ သူဌေးကြီးထံမှ ဥပုသ်သီလကိုခံယူ၏၊ မိမိနေရာသို့သွား၍ သီလကို ဆင်ခြင်လျက် အိပ်၏၊ ထိုအခါ တစ်နေ့ပတ်လုံး အာဟာရကို မသုံးဆောင်ခဲ့ရသဖြင့် ပစ္ဆိမယံအတွင်း၌ ဘုရားလောင်း၏ ဝမ်းဗိုက်မှာ သတ္ထကလေတို့ ထကြွလာ၏။

သူဌေးသည် ဆေးအမျိုးမျိုးကို ယူလာပြီး တိုက်ကျွေး၏၊

http://www.dhammadownload.com



ဘုရားလောင်းက မသောက်၊ "ဥပုသ်ကိုမဖျက်၊ အသက်ဆုံးသည့်တိုင်အောင် ဥပုသ်စောင့်ထိန်းအံ့"ဟု ဆို၏။

ဘုရားလောင်း၏ ဝမ်းဗိုက်အတွင်း၌ ဝေဒနာတို့သည် ပို၍ပို၍ ပြင်းထန်လာကြ၏၊ အရုဏ်တက်သောအခါ၌ သတိလစ်သွား၏။ ဘုရားလောင်းအား "ယခုသေလတ္တံ့"ဟု မှတ်ချက်ချ၍ အိမ်ပြင်သို့ ချီပိုးထုတ်ပြီး အိပ်စေ၏။

ထိုခဏ၌ ဗာရာဏသီမင်းသည် မြတ်သောရထားကိုစီးလျက် များစွာသော အခြံအရံတို့ဖြင့် မြို့ကို လက်ယာရစ်လှည့်ပတ်လာ၏။ သူဌေးအိမ်ရှေ့သို့ ရောက်လာသောအခါ ဘုရားလောင်းသည် ဗာရာဏသီမင်း၏ ခမ်းနားကြီးကျယ်သော အသရေကိုမြင်၍ လိုချင်မှုလောဘ ဖြစ်ပေါ်လာပြီးလျှင် မင်းအဖြစ်ကို တောင့်တ၏။

ထိုအခိုက်၌ပင်လျှင် ဘုရားလောင်းသည် စုတေ၍ နေ့ဝက်ဥပုသ်စောင့်သုံးခဲ့ရသော အကျိုးကြောင့် ဗာရာဏသီမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေတည်၏။ ထိုမိဖုရားသည် ကိုယ်ဝန်အစောင့်အရှောက်ကိုရ၍ ဆယ်လစေ့သော် သားကိုဖွားမြင်၏။ ထိုမင်းသားအား "**ဥဒယကုမာရ**"ဟူသော အမည်ကို မှည့်ကုန်၏။

ဥဒယမင်းသား အရွယ်ရောက်သော် ခပ်သိမ်းသော အတတ်တို့ကို သင်ယူရာ တစ်ဘက်ကမ်းခတ် တတ်မြောက်၏၊ အိမ်ရှေ့မင်းအရာကိုရ၏၊ အတိတ်ဘဝကို မြင်သိနိုင်သော ဇာတိဿရဉာဏ်ရသူဖြစ်၍ ရှေးကောင်းမှုကို အောက်မေ့လျက် "ဤမင်းသားစည်းစိမ်သည်ကား ငါ၏ အနည်းငယ်မျှသော ကောင်းမှုကံ၏ အကျိုးတည်း" ဟု မပြတ်လျှင် ဥဒါန်းကျူးရင့်၏။

ထိုဥဒယမင်းသားသည် ခမည်းတော် ကွယ်လွန်သည့်အခါ

http://www.dhammadownload.com



မင်းအဖြစ်သို့ ရောက်၏။ မိမိ၏ ကြီးကျယ်သော အသရေစည်းစိမ်ကို ကြည့်၍– “ဤစည်းစိမ်သည် ငါ၏ အနည်းငယ်မျှသော ကောင်းမှုကံ၏ အကျိုးတည်း”ဟူ၍ ဥဒါန်းကျူးရင့်လေ၏။

ဥပုသ်နေ့ဝက်၊ စောင့်သည့်တွက်၊ ကျိုးဆက်မင်းဖြစ်လာ။
(၅၅၀ ဇာတ်ဝတ္ထုမှ ၄၂၁–မြောက်သော ဂင်္ဂမာလဇာတ်)

* * *

ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ အနာထပိဏ်သူဌေး၏ ကျွန်ယောကျ်ားတစ်ယောက်သည် နေ့ဝက်ဥပုသ်စောင့်ပြီး သေဆုံးသွားရာ တန်ခိုးကြီးသော ရက္ခစိုးနတ်ဖြစ်ရ၏။

## ဥပုသ်အကျိုး မျှော်ကိုးတိုင်းဖြစ်

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ **မဂဓမင်းသည်** မင်းပြု၏။ ဘုရားလောင်းသည် ထိုမဂဓမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေတည်၏၊ ဖွားမြင်သည့်အခါ **ဒုယောဒနမင်းသား**ဟု အမည်တွင်၏။ အရွယ်ရောက်လတ်သော် ထိုမင်းသားသည် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်တို့ကို သင်ကြား၏၊ ပညာစုံ၍ မင်းသားပြန်လာသောအခါ ခမည်းတော် မဂဓမင်းသည် သားတော်အား မင်းအဖြစ်ကို အပ်နှင်းပြီးလျှင် ရသေ့ရဟန်းပြု၍ ဥယျာဉ်တော်၌နေ၏။

ဒုယောဒနမင်းသည် တစ်နေ့လျှင် သုံးကြိမ် ခမည်းတော်ထံသို့သွား၏။ ခမည်းတော် ရသေ့အား များစွာသော လာဘ်ပူဇော်မှုသည် ထင်ရှားဖြစ်၏။ ထိုရသေ့သည် အဖူးမျှော်ခံ အပူဇော်ခံမှုဖြင့် ပလိဗောဓများနေသည့်အတွက် ကသိုဏ်း ပရိကံမျှကိုလည်း ပြုခြင်းငှာ မတတ်နိုင်၊ ဈာန်တရားကို အားမထုတ်နိုင်။

http://www.dhammadownload.com



သို့အတွက် မဂဓရသေ့သည် သားအား မပန်ကြားဘဲ မည်သူ့ကိုမျှ အသိမပေးဘဲ ဥယျာဉ်တော်မှ ထွက်ခွာပြီးလျှင် မဂဓတိုင်းကိုလွန်၍ မဟိံသကတိုင်းဝယ် သင်္ခပါလအမည်ရှိသည့် ရေအိုင်မှ စီးဆင်းလာသော **ကဏ္ဏဝေဏ္ဏမြစ်သို့** ရောက်လာ၏၊ ထိုမြစ်၏ အကွေ့၌ စန္ဒကတောင်ကို အမှီပြု၍ သစ်ရွက်မိုးကျောင်းကို ဆောက်လုပ်ပြီးလျှင် သီတင်းသုံး၏၊ ကသိုဏ်းပရိကံပြုပြီး ဈာန်များအား ထုတ်ရာ ဈာန်အဘိညာဉ်တို့ကိုရ၏၊ ဆွမ်းခံဝတ်ဖြင့်မျှတလျက်နေ၏။

ထိုအရှင်ရသေ့ကို သင်္ခပါလအမည်ရှိသော နဂါးမင်းသည် အခြံအရံများစွာတို့နှင့်အတူ ကဏ္ဏဝေဏ္ဏမြစ်မှ ထွက်လာပြီး မကြာမကြာ ဆည်းကပ်ခစား၏။ အရှင်ရသေ့သည် နဂါးမင်းအား တရားဟော၏။

ဘုရားလောင်း ဒုယောဓနမင်းသည် ခမည်းတော်ရသေ့အား ဖူးမြင်လို၍ လူလွှတ်ပြီးနောက် စုံစမ်းစေ၏။ သီတင်းသုံးရာအရပ်ကို သိရှိသောအခါ အခြံအရံများစွာနှင့်အတူ ထိုအရပ်သို့သွား၏။ သင့်တင့်သော အရပ်၌ သစ်တပ်ပြု၍ ပရိသတ်ကိုနေရစ်စေပြီးလျှင် ဒုယောဓနမင်းသည် အမတ်နှစ်ဦးသုံးဦးနှင့်အတူ ခမည်းတော်ထံသို့သွား၏။

ထိုအခါ၌ ခမည်းတော် ရသေ့သည် သင်္ခပါလနဂါးမင်းနှင့် ပရိသတ်အား တရားဟောနေဆဲဖြစ်၏။ ဒုယောဓနမင်း လာသည်ကို မြင်လျှင် နဂါးမင်းနှင့် ပရိသတ်တို့သည် အရှင်ရသေ့ကို ရှိခိုးပြီး ဖဲခွာသွားကြ၏။

ဘုရားလောင်းမင်းသည် ခမည်းတော် ရသေ့အား ရှိခိုး၍ လောကဝတ်ကို ပျူငှာစွာပြု၏။ "အရှင်ဘုရားထံလာသော ထိုမင်းသည် အဘယ်မည်သောမင်းနည်း" ဟု မေး၏။ "သင်္ခပါလနဂါးမင်းတည်း"

http://www.dhammadownload.com



ဟု အရှင်ရသေ့က ဖြေ၏။

ဘုရားလောင်းသည် နဂါးမင်း၏ နတ်စည်းစိမ်နှင့် တူမျှသော ခမ်းနားကြီးကျယ်သည့် စည်းစိမ်ကို တပ်မက်မောမိ၏။ ခမည်းတော် ရသေ့အား သုံးရက်မျှ ဝတ်ပြုပြီးသော် အရှင်ရသေ့အား ဆွမ်းအာဟာရကို မပြတ်ပေးလှူရန် စီစဉ်ခဲ့ပြီးလျှင် မိမိ၏ တိုင်းနိုင်ငံသို့ ပြန်သွား၏။

မိမိမြို့သို့ ရောက်သောအခါ တံခါးလေးမျက်နှာ၌ အလှူတင်းကုပ်လေးခုတို့ကို ဆောက်တည်စေပြီးသော် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ချောက်ချားစေလျက် ကြီးကျယ်သောအလှူကိုပေး၏၊ သီလစောင့်ထိန်းခြင်း၊ ဥပုသ်ဆောက်တည်ခြင်းတို့ကို မပြတ်မလပ်အောင် ပြုလုပ်၏၊ နဂါးပြည်၌ မင်းစည်းစိမ်ကို ရလိုကြောင်း ဆုတောင်း၏၊ အသက်၏အဆုံးဝယ် နဂါးပြည်၌ မင်းဖြစ်၍ **သင်္ခပါလနဂါးမင်း**ဟုပင် အမည်တွင်၏။

နဂါးပြည်သည် တာဝတိံသာနတ်ပြည်တမျှ ခမ်းနားကြီးကျယ်၍ နဂါးမင်းစည်းစိမ်သည် နတ်မင်းစည်းစိမ်တမျှ ကြီးကျယ်တင့်တယ်၏။ နဂါးမင်းသမီးများနှင့် မောင်းမမိဿံများသည်လည်း နတ်သမီးများပမာ လှပတင့်တယ်ကြ၏။

သို့သော် နဂါးမင်းစည်းစိမ်ကို ကြာမြင့်စွာ စံစားပြီးသည့်အခါ ထိုစည်းစိမ်ကို ငြီးငွေ့လာပြီးသော် မပျော်ရွှင်တော့သဖြင့် လူ့ဘဝကို တောင့်တကာ ဥပုသ်စောင့်သုံးခြင်းကိုပြု၏။ နဂါးပြည်၌ နဂါးမိဖုရားမောင်းမတို့က အလွန်များပြားသဖြင့် နဂါးပြည်ဝယ် အေးချမ်းလွတ်လပ်စွာ ဥပုသ်မစောင့်သုံးနိုင်ချေ။

သို့အတွက် ဘုရားလောင်း နဂါးမင်းသည် လူ့ပြည်သို့ တက်လာပြီးသော် ကဏ္ဏဝေဏ္ဏာမြစ်အနီး၌ ခရီးလမ်းမနှင့် တစ်ဖဝါး

http://www.dhammadownload.com



လှမ်းလောက်ရုံကျယ်သော လမ်းခရိုးတို့၏ အကြားဝယ် လစ်လပ်နေသော တောင်ပို့တစ်ခုကို ရစ်ပတ်၍ ဥပုသ်ကို အဓိဋ္ဌာန်ပြီး ဆောက်တည်၏။

“ငါ၏ အရေအသား စသည်ကို အလိုရှိကုန်သော သူတို့သည် အလိုရှိတိုင်း ဆောင်ယူစေကုန်သတည်း”ဟု ကိုယ်ကိုပေးလှူ၍ တောင်ပို့ထိပ်၌ လျောင်းလျက် ဥပုသ်သီလကို ဆောက်တည်၏။

ဤသို့ ဥပုသ်သီလ ဆောက်တည်နေသော တစ်နေ့၌ ပစ္စန္တ ရစ်ရွာနေ မုဆိုး ၁၆–ဦးတို့သည် သားကောင်များကို ပစ်ခတ်ရန် လက်နက်များကို စွဲကိုင်လျက် တောအတွင်း၌ လှည့်လည်ကုန်၏၊ သို့သော် မည်သည့်သားကောင်ကိုမျှ မရချေ၊ တောမှထွက်လာသည့်အခါ တောင်ပို့ထိပ်၌ လျောင်းနေသော သင်္ခပါလနဂါးမင်းကို မြင်ကြ၏။

“ငါတို့သည် ဖွတ်ငယ်တစ်ကောင်မျှကိုလည်း မရကုန်၊ ဤနဂါးကြီးကို သတ်၍ စားကုန်အံ့”ဟု ကြံလျက် တံကျင်တို့ကို အသင့်ကိုင်စွဲ၍ ချဉ်းကပ်ကြ၏။ နဂါးမင်း၏ ခွေထားသောကိုယ်သည် ခွေထားသည့်မြတ်လေးပန်းဆိုင်းနှင့်တူ၏၊ မျက်စိတို့သည် ချင်ရွှေးသီးအဆင်းရှိပြီး ဦးခေါင်းမှာ လယ်ခေါင်ရမ်းပန်းအဆင်းရှိ၏။

မုဆိုးတို့၏ ခြေသံကိုကြားသဖြင့် နဂါးမင်းသည် အခွေကြားမှ ဦးခေါင်းကိုထုတ်၍ မုဆိုးတို့ကိုကြည့်၏။ “ငါသည် ယနေ့ အလိုဆန္ဒပြည့်ဝလတ္တံ့၊ ငါ၏ကိုယ်ကို အလှူဝဒ္ဓဆောင်နှင်း၍ သီလကို အဓိဋ္ဌာန်လျက် လျောင်းအံ့၊ ငါ့ကိုယ်ကို လှံတို့ဖြင့် ထိုးနှက်ကြသည် ရှိသော် အမျက်မထွက်အံ့၊ အမျက်ဒေါသဖြင့် မျက်စိတို့ကိုဖွင့်၍ မကြည့်အံ့”ဟု ကြံစည်၏။ သီလပျက်စီးမည်ကို စိုးရွံ့သဖြင့်

http://www.dhammadownload.com



မြဲမြံစွာ အမိဋ္ဌာန်လျက် ဦးခေါင်းကို အခွေကြား၌ သွင်း၍လျှောင်း၏။

မုဆိုးတို့သည် နဂါးမင်းကို လုံတံကျင်တို့ဖြင့် ထိုးဆွ၏။ အခွေများကို ဖြန့်စေ၍ ရှစ်ဌာန၌ လုံတံကျင်ဖြင့် ထိုးဖောက်ကြ၏၊ ထိုအပေါက်ရှစ်ပေါက်တို့၌ ဆူးရှိသော ကြိမ်လုံးတို့ကို ထိုးသွင်းပြီး အဆိုင်းပြုလုပ်၏၊ ထိုအဆိုင်းတို့၌ ထမ်းပိုးရှစ်စင်းကို လျှိုသွင်းပြီးလျှင် နဂါးကြီးကို ထမ်းပိုးကာ ခရီးလမ်းမအတိုင်း သွားကြ၏။ နဂါးမင်း၏ ကိုယ်လုံးသည် လှေပိန်းကော အတိုင်းအရှည်ရှိ၏။

နဂါးမင်း၏ ဦးခေါင်းသည် တွဲလျားကျ၍ မြေ၌ခတ်မိ၏။ မုဆိုးတို့သည် နဂါးမင်းကြီးကို မြေ၌အိပ်စေပြီး တံကျင်သေးသေးဖြင့် နှာခေါင်းဖူး၌ အပေါက်ဖောက်ပြီးလျှင် ကြိုးငယ်ကိုသွင်း၏၊ ဦးခေါင်းကို မြှောက်လျက် ထမ်းပိုး၌ဆွဲ၍ နဂါးကို တစ်ဖန်ထမ်း၍ ခရီးဆက်ကြ၏။

ထိုအခါ ဝိဒေဟတိုင်း၊ မိထိလာမြို့၌နေသော **အာဠာရအမည်** ရှိသည့် သူကြွယ်သည် လှည်းငါးရာကို ဦးစီးလျက် ညင်သာသော လှည်းယာဉ်ကိုစီး၍ ကုန်သွယ်ခြင်းအမှုကို ပြုရန် ခရီးလမ်းမအတိုင်း လာ၏။ ကြီးမားသော နဂါးကိုထမ်း၍ ဝမ်းမြောက်ဝမ်းသာ လာကြသော မုဆိုးတို့ကိုမြင်လျှင် ကြောက်ရွံ့ထိတ်လန့်ပြီး ကြက်သီးမွေးညင်း ထ၏။

"မုဆိုးသားတို့၊ ကြောက်မက်ဖွယ်ကိုယ်ရှိသော ဤနဂါးကို အဘယ်အရပ်သို့ ဆောင်ကြမည်နည်း၊ အဘယ်သို့ ပြုကြမည်နည်း"

"အိုသူကြွယ်၊ ဤနဂါးကို စားဖို့အတွက် ဆောင်အပ်၏၊ မြတ်သောရင်ဖြင့် သွားတတ်သော နဂါး၏အသားသည် ချိုမြိန်လှ၏၊ ဆူဖြိုးလှ၏၊ နူးညံ့လှ၏၊ သင်သည် နဂါးအသား၏ အရသာကို မသိလေစွတကား"

http://www.dhammadownload.com



"မုဆိုးသားတို့၊ ကြီးပွားသော ကိုယ်ရှိသော ဤမြတ်သည့် နဂါးကို စားဖို့အတွက် ဆောင်အပ်သည်ဖြစ်အံ့၊ သင်တို့အား လှည်းတိုက်နွားလား (၁၆)ကောင်တို့ကို ငါပေးအံ့၊ ဤနဂါးကို အနှောင်အဖွဲ့မှ လွတ်ကြကုန်လော့"

"အိုသူကြွယ်၊ နှစ်လိုဖွယ်ရှိသော ဤနဂါးသည် စင်စစ်သော်ကား ငါတို့၏ အစာတည်း၊ နဂါးတို့ကို ငါတို့ များစွာစားဖူး၏၊ သို့ဖြစ်လျက် သင်၏စကားကို ငါတို့ လိုက်နာကုန်အံ့၊ သင်သည် ငါတို့၏ အဆွေခင်ပွန်းလည်း ဖြစ်လေလော့"

ထိုအခါ မုဆိုးတို့သည် ပင်ပန်းနွမ်းနယ် ဆင်းရဲလှသော နဂါးမင်းကို အနှောင်အဖွဲ့မှ လွတ်ကြ၏၊ နဂါးမင်း၏ နှာခေါင်းပေါက်၌ လျှိုသွင်းထားသော ကျော့ကွင်းကိုလည်း ဖြတ်တောက်ကြ၏။ နဂါးမင်းသည် အနှောင်အဖွဲ့မှလွတ်လေလျှင် အရှေ့မျက်နှာသို့ တစ်ခဏမျှ ရှေးရှုသွား၏၊ ထို့နောက် မျက်ရည်တို့နှင့် ပြည့်လျှမ်းနေသော မျက်စိတို့ဖြင့် သူကြွယ်ကိုကြည့်၏။

ထိုအခါ သူကြွယ်သည် လက်ဆယ်ချောင်းကို ပေါင်းယှက်ကာ လက်အုပ်ချီ၍ နဂါးမင်းနောက်သို့ လိုက်သွား၏။

"နဂါးမင်း၊ သင်လျင်မြန်စွာ သွားပါလော့၊ သင့်ကို ရန်သူတို့ တစ်ဖန် မဖမ်းကြစေကုန်လင့်၊ ရန့်ရင်းကြမ်းကြုတ်သော သူတို့နှင့် တစ်ဖန် ပေါင်းဖော်ရခြင်းသည် စင်စစ် ဆင်းရဲလှ၏၊ မုဆိုးသားတို့ မမြင်ရာ အရပ်သို့ သင် ကြွသွားပါလေလော့"

နဂါးမင်းသည် နှလုံးမွေ့လျော်ဖွယ်ရာ ဆိပ်ကမ်းနှင့် သပြေပင်များ၊ ရင်ရဲပင်များ ကမ်းလုံးညွတ်မျှ ပေါက်ရောက်နေလျက်ရှိသော ကဏ္ဏဝေဏ္ဏာမြစ်သို့ သွား၏၊ ကြည်လင်သည့် မြစ်ရေအတွင်းသို့ ဝမ်းမြောက်ဝမ်းသာ ဆင်းသွား၏။

http://www.dhammadownload.com



မကြာမြင့်မီပင်လျှင် နဂါးမင်းသည် နတ်လုလင်အသွင်ဖြင့် နတ်၌ဖြစ်သော အခြံအရံများ ခြံရံလျက် မြစ်မှ တက်လာ၏၊ သားသည် ဖခင်ထံသို့ ရိုသေလေးမြတ်စွာ ချဉ်းကပ်လာသကဲ့သို့ နဂါးမင်းသည် အာဠာရသူကြွယ်ထံ ချဉ်းကပ်၍ ချိုသာသောစကားကို ဆို၏ –

"သူကြွယ်၊ သင်သည် ငါ၏အမိလည်းဖြစ်၏၊ အဖလည်း ဖြစ်၏၊ နှလုံးသားနှင့်တူသော အသက်ကိုပေးဆောင်တတ်သော အဆွေခင်ပွန်းအစစ်လည်းဖြစ်၏၊ ငါသည် သခ်ပါလနဂါးမင်းတည်း၊ ငါသည် တန်ခိုးတို့ကို ပြန်လည်ရရှိပြီ၊ ငါသည် သင့်အား ပူဇော် ချီးမြှောက်ခြင်းကိုပြုအံ့။ သူကြွယ်၊ ငါ၏နေရာ ဗိမာန်သို့လိုက်၍ ရှုလှည့်ပါလော့၊ သိကြားမင်း၏ တာဝတိံသာနတ်ပြည်နှင့်တူသော များမြတ်သော နတ်ထမင်း အဖျော်ဘောဇဉ်ရှိသော နဂါးပြည်ကို ရှုလှည့်ပါလော့"

သခ်ပါလနဂါးမင်းသည် အာဠာရကုန်သည်သူကြွယ်ကို ဆောင်ယူ၍ နဂါးပြည်သို့ သက်ဆင်း၏။ နဂါးပြည်သည် မြေညီ ညွတ်၍ ကျောက်ခဲကျောက်ဆစ်ကင်း၏၊ ရတနာခုနစ်ပါးတို့၏ အရောင်ဖြင့် တပြောင်ပြောင်ထွန်းပလျက်ရှိ၏၊ ပိုးပရန်၏ ကျောက် ကုန်းအဆင်းကဲ့သို့ ခြင်းခြင်းနီသောမြက်ခင်းနှင့်လည်း ပြည့်စုံ၏၊ မြူလည်းကင်း၏။

ကျောက်မျက်ရွဲတို့နှင့် စီခြယ်ထားသည့် ကမ်းနဖူးရှိသော စိမ်းညိုကြည်လင်သည့် ရေနှင့် ပြည့်နေသော ရေကန်လည်းရှိ၏၊ ရေကန်၏ လေးမျက်နှာတို့၌ အလွန်မွှေ့လျော်ဖွယ်ကောင်းသော သရက်ဥယျာဉ်ရှိ၏၊ ထိုသရက်ဥယျာဉ်၌ သရက်ပင်တို့သည် အရွက် များ စိမ်းလန်းလျက် ဝါဝင်းသောအသီးမှည့်များ အသီးစိမ်းများနှင့်

http://www.dhammadownload.com



ပြည့်စုံကြ၏။

ထိုသရက်ဥယျာဉ်တော်တို့၏ အလယ်၌ ပြိုးပြိုးပြက်ပြက် အရောင်တောက်ပနေသော ငွေတံခါးရွက်များ တပ်ဆင်ထားသည့် ရွှေပြာသဒ်ဆောင်သည် ကောင်းကင်ပြင်၌ တခဲနက်တည်၏၊ ထိုပြာသဒ်ဆောင်အတွင်း၌ ရွှေ ပတ္တမြား စသည့် ရတနာတို့နှင့် မွမ်းမံထားပြီး စုလစ်မွန်းချွန်များ တပ်ဆင်ထားသော အဆောင်တိုက်ခန်းများရှိ၏၊ ထိုအဆောင်ခန်းများ၌ လှပစွာ တန်ဆာဆင်ထားကြသည့် ရွှေခြေကျင်းဝတ်ကုန်သော သတို့သမီးတို့သည် အခါခပ်သိမ်း ခစားနေကြ၏။

သခ်ပါလနဂါးမင်းသည် အာဠာရသူကြွယ်၏ လက်ကိုဆွဲကိုင်၍ ပြာသဒ်ဆောင်သို့တက်၏၊ နဂါးမင်း၏ မိဖုရားအဆောင်သို့ ရောက် သောအခါ အမျိုးသမီးတစ်ဦးသည် အဖိုးများစွာထိုက်သော ပတ္တမြား ကျောက်မျက်ရွဲတို့ စီခြယ်ထားသည့် ကော်ဇောကိုခင်း၏၊ ထိုမြတ်သော နေရာ၌ သူကြွယ်ကိုထိုင်စေ၏။

အခြားအမျိုးသမီးတစ်ဦးသည် ရွှေလင်ပန်း ရွှေခွက်တို့ဖြင့် နှစ်သက်ဖွယ်ကောင်းသော ထမင်းဟင်းလျာခဲဖွယ်ဘောဇဉ်တို့ကို ယူဆောင်လာပြီးလျှင် သူကြွယ်ကိုကျွေးမွေး၏။ စားသောက်ပြီးလျှင် ရပ်အဆင်းလှပကြသည့် အမျိုးသမီးများသည် လင်ဖြစ်သော သခ်ပါလနဂါးမင်း၏စိတ်ကိုသိ၍ သူကြွယ်ကို တီးမှုတ်သီဆိုကပြ ဖျော်ဖြေကြ၏။

"အရှင်အာဠာရ၊ သင်သည် ငါ၏အလေးအမြတ်ပြုအပ်သော သူတို့တွင် တစ်ယောက်ဖြစ်ပေ၏၊ ဤမြတ်သောနေရာ၌ နေ၍ မွန်မြတ်သော နတ်အသုံးအဆောင်တို့ကို သုံးဆောင်ပါလော့၊ ငါ၏ မိဖုရားသုံးရာတို့ကို သင့်အား လုပ်ကျွေးပြုစုရန် ငါပေး၏၊ အလိုရှိတိုင်း

http://www.dhammadownload.com



မွေ့လျော်ပျော်ရွှင်စွာ နေထိုင်ပါလော့”

ဤသို့လျှင် သင်္ခပါလနဂါးမင်းသည် အသက်သခင် ကျေးဇူးရှင် သူကြွယ်ကို လုပ်ကျွေးပြုစု၏။ သူကြွယ်သည် ထိုနတ်၌ဖြစ်သော ကာမဂုဏ်အရသာကို တစ်နှစ်ပတ်လုံး ခံစား၏၊ ထို့နောက် နဂါးမင်းကို ဤသို့မေးလျှောက်၏–

“အဆွေနဂါးမင်း၊ သင်သည် ဤမွန်မြတ်သော ရွှေဗိမာန်နှင့် စည်းစိမ်ချမ်းသာ အခြွေအရံများကို အဘယ်သို့ရရှိသနည်း၊ အကြောင်းမရှိဘဲ အလိုလိုရရှိသလော၊ တစ်စုံတစ်ယောက်က ဖန်ဆင်းပေးသလော၊ မိမိအလိုဆန္ဒအတိုင်း စိတ်တိုင်းကျ ဖန်တီးယူသလော”

“အရှင်အာဠာရ၊ ဤမြတ်သော ရွှေဗိမာန်နှင့် စည်းစိမ်တို့ကို ငါသည် အကြောင်းမရှိဘဲရသည်မဟုတ်၊ တစ်စုံတစ်ယောက်က ဖန်တီးပေးသည်လည်းမဟုတ်၊ မိမိအလိုလို ဆောက်လုပ်စေသည်လည်း မဟုတ်၊ နတ်တို့ကပေးအပ်သည်လည်းမဟုတ်၊ စင်စစ်သော်ကား စိတ်သန္တာန်ကို ဖြူစင်စေတတ်သော မိမိကုသိုလ်ကံကြောင့် ဤရွှေဗိမာန်နှင့် စည်းစိမ်တို့ကို ငါရခြင်းဖြစ်သည်”

“နဂါးမင်း၊ မြတ်သောဗိမာန်ကို ရစေသည့် ကောင်းစွာဆောက်တည်အပ်သော ကျင့်ဝတ်သည် အဘယ်နည်း၊ ဤစည်းစိမ်ချမ်းသာကို ရခြင်းတည်းဟူသော အကျိုးသည် အဘယ်သို့သော ကောင်းမှု၏အကျိုးနည်း၊ ထိုအကြောင်းကို ငါ့အား ဟောပါလော့”

“အရှင်အာဠာရ၊ ငါသည် မဂဓတိုင်းကို အစိုးရသော ဘုန်းတန်ခိုးကြီးသည့် ဒုယောဒနမည်သော မင်းမြတ်ဖြစ်ခဲ့ဖူး၏၊ ထိုဒုယောဒနမင်းသည် အသက်၏ တိုတောင်းပုံ၊ မမြဲပုံ၊ ဖောက်ပြန်ပုံကို သိ၏၊ ထိုအခါ ငါ၏ အိမ်သည် ခရီးလေးခတို့၏ ဆုံရာ၌ တူးအပ်သော ရေကန်သဖွယ်ဖြစ်၏။

http://www.dhammadownload.com



"ငါသည် ဥပုသ်သီလ၌ တည်၍ ဖြူစင်သောစိတ်ဖြင့် ထမင်းဟင်းလျာ၊ အဖျော်ယမကာ၊ ပန်းနံ့သာ၊ နံ့သာပျောင်း၊ ဆီမီး၊ ယာဉ်၊ ကျောင်း၊ အဝတ်သက်န်း၊ အိပ်ရာနေရာ ဤဆယ်ပါးကုန်သော ဒါနဝတ္ထုတို့ကို ရိုသေစွာ လှူခဲ့ဖူး၏။

"အာဠာရ၊ ထိုဆယ်ပါးသော ဒါနဝတ္ထုတို့ကို လှူဒါန်းခြင်းတည်းဟူသော ကျင့်ဝတ်သည် ဤမြတ်သောရွှေဗိမာန်ကြီးကို ရခြင်း၏ အကြောင်းကျင့်ဝတ်တည်း၊ ဤကောင်းကျိုးသည် ထိုထိုကောင်းစွာ ကျင့်အပ်သော ဒါနကုသိုလ်၏ ကောင်းကျိုးတည်း၊ ထိုသို့ လှူဒါန်းပူဇော်သော ကောင်းမှုကြောင့်သာလျှင် ဤရွှေဗိမာန်ကိုလည်းကောင်း၊ များစွာသော ဘောဇဉ်ကိုလည်းကောင်း၊ များစွာသော ထမင်းအဖျော်၊ အဝတ်အထည်၊ ကချေသည်တို့ကိုလည်းကောင်း ငါရ၏၊ ထိုဘဝ၌ ဆောက်တည်ခဲ့သော ဥပုသ်သီလကြောင့် ငါအလိုဆန္ဒရှိသည့်အတိုင်း ဤမြင့်မြတ်သော နဂါးမင်းဘဝကို ရပေ၏"

"အဆွေနဂါးမင်း၊ သင်သည် ဘုန်းတန်ခိုးအာနုဘော်ကြီးမားသော နဂါးမင်း ဖြစ်ပါလျက် တန်ခိုးအရှိန်အစော် နည်းပါးသော မုဆိုးတို့၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို အဘယ်ကြောင့် ခံရသနည်း၊ သင်၏ အစွယ်လက်နက်အဆိပ်တို့သည် အဘယ်သို့ ရောက်လေကုန်သနည်း"

"အာဠာရ၊ ပြည့်စုံခြင်းသဘောရှိသော ငါ၏ ရွှေဗိမာန်နှင့် စည်းစိမ်တို့သည် အစွန့်ရှည်စွာ တည်လင့်ကစား မြဲသောသဘောမရှိ၊ ဘုရား အစရှိသော သူတော်ကောင်းတို့ ကောင်းစွာ ဟောတော်မူအပ်သော ကောင်းမြတ်သည့် သီလအစရှိသော တရားတို့သည် ရှိကုန်၏၊ ငါသည် ဥပုသ်သီလဆောက်တည်ရန် အလို့ငှာ လပြည့် လကွယ်နေ့များ၌ လူ့ပြည်သို့တက်၏၊ ကဏှာဝေဏ္ဏာမြစ်အနီး

http://www.dhammadownload.com



တောင်ပို့ထိပ်၌ ခွေ၍ ဥပုသ်ဆောက်တည်နေစဉ် မုဆိုး(၁၆)ဦးတို့သည် ငါ၏ကိုယ်ရှစ်ဌာနတို့၌ ဖောက်၍ နှာခေါင်းကိုဖောက်၍ ကြိုးသီပြီး ထမ်းပိုးစွန်း၌ ဆွဲ၍ ငါ့ကို ဆောင်ကြကုန်၏၊ ငါသည် ဥပုသ်ကို မပျက်စီးစေလိုသည့်အတွက် အလွန်အမင်း ကိုယ်၏ဆင်းရဲပင်ပန်း ခြင်းကို သည်းခံ၏။"

"အဆွေနဂါးမင်း၊ သင်သည် ဘုန်းကျက်သရေပညာတို့နှင့် ပြည့်စုံ၏၊ အဘယ်အကျိုးငှာ ဥပုသ်ဆောက်တည်သောအကျင့်ကို ပြုကျင့်သနည်း"

"အာဠာရ၊ ဥစ္စာရခြင်းအကျိုးကို မျှော်လင့်၍ ဥပုသ်ဆောက် တည်ခြင်းအကျင့်ကို ငါမပြု၊ အသက်ရှည်ခြင်းအကျိုးကို မျှော်လင့်၍ လည်း ဥပုသ်ဆောက်တည်ခြင်းအကျင့်ကို ငါမပြု၊ ငါသည် လူအမျိုး ကို တောင့်တ၏၊ ထို့ကြောင့် အသက်ကိုစွန့်၍ ဥပုသ်ဆောက်တည် ခြင်း အကျင့်ကိုပြု၏။"

"နဂါးမင်း၊ သင်သည် နတ်တို့၏ တန်ခိုးကိုရသူဖြစ်၏၊ ကြီးသောအာနုဘော်ရှိ၏၊ အလုံးစုံသော ကာမဂုဏ်တို့နှင့် ပြည့်စုံ၏၊ ဂန္ဓဗ္ဗနတ်မင်းကဲ့သို့ ထွန်းပ၏၊ ဤနဂါးပြည်ထက် လူ့ပြည်သည် အဘယ်အတွက်ကြောင့် သာယာလွန်ကဲ၍ မြတ်လိမ့်မည်နည်း။"

"အာဠာရ၊ လူ့ပြည်ကိုကြဉ်ထား၍ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော စင်ကြယ်ခြင်းကိုလည်းကောင်း၊ သီလဆောက်တည်ခြင်းကိုလည်း ကောင်း မရရှိနိုင်ချေ။ ငါသည်ကား လူ၏အမျိုးကိုရ၍ ပဋိသန္ဓေနေ ခြင်း သေခြင်းတို့၏ အဆုံးကိုပြုအံ့"

အာဠာရသူကြွယ်သည် ဘုရားလောင်းနဂါးမင်း၏ အဖြေ ကိုကြားရလျှင် လူ့ပြည်သို့ ပြန်ခွင့်တောင်း၏။ သင်္ခပါလနဂါးမင်းက

http://www.dhammadownload.com



အလိုရှိတိုင်း ဥစ္စာကိုပေးစွမ်းနိုင်သော ပတ္တမြားရတနာကိုပေး၏၊ သူကြွယ်က ဥစ္စာကိုအလိုမရှိကြောင်း၊ ရဟန်းပြုရန်ကိုသာ အလိုရှိကြောင်း ပြန်ပြောကြား၏။

သခ်ပါလနဂါးမင်းသည် အာဠာရသူကြွယ်အား လူ့ပြည်သို့ လိုက်ပို့၏၊ သူကြွယ်သည် လူ၌ဖြစ်ကုန်သော ကာမဂုဏ်တို့ကိုလည်း မြင်ဖူးပြီ၊ နတ်၌ဖြစ်သော ကာမဂုဏ်တို့ကိုလည်း မြင်ဖူးပြီ၊ ကာမဂုဏ်တို့သည် မမြဲသောသဘော၊ ဖောက်ပြန်သောသဘော၊ အပြစ်ရှိသည့် သဘောတို့ကို သိမြင်ပြီး ကံ–ကံ၏အကျိုးနှင့် နိဗ္ဗာန်ကို ယုံကြည်သဖြင့် ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြုလေ၏။

အာဠာရ ရသေ့သည် အသက်ထက်ဆုံး ဗြဟ္မစိုရ်တရားလေးပါးကို ပွားများ၍ ဗြဟ္မပြည်သို့လား၏။ သခ်ပါလနဂါးမင်းသည်လည်း အသက်ထက်ဆုံး ဥပုသ်စောင့်ခြင်းကို ပြု၏။

**မြတ်စွာဘုရား**သည် ဤသခ်ပါလဇာတ်တော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥပုသ်ဆောက်တည်ကြသော ဒါယကာများကို ဟောကြားတော်မူ၏။ ဒေသနာ၏ အဆုံး၌ ဤသို့ ဇာတ်ပေါင်းတော်မူ၏–

"ဒါယကာတို့၊ ထိုစဉ်က ဒုယောဒနမင်း၏ ခမည်းတော် ရသေ့သည် ယခုအခါ မဟာကဿပ ဖြစ်လာ၏၊ ထိုစဉ်က အာဠာရ ရသေ့သည် ယခုအခါ သာရိပုတ္တရာ ဖြစ်လာ၏၊ ထိုစဉ်က သခ်ပါလနဂါးမင်းသည် ယခုအခါ ငါဘုရားဖြစ်လာ၏"

(ငါးရာငါးဆယ်ဇာတ်ဝတ္ထုမှ ၅၂၄–ခုမြောက်သော သခ်ပါလဇာတ်)

သူတော်ကောင်းတို့သည် စည်းစိမ်ဥစ္စာကို စွန့်လွှတ်၍

http://www.dhammadownload.com



အသက်ကိုမငဲ့ကွက်ဘဲ ဥပုသ်စောင့်သုံးကြသည်မှာ အတုယူစရာဖြစ်၏။ သီလဖြူစင်သည့်အတွက် သီလကို အခြေခံသည့် ဒါန၏အကျိုးသည်လည်း ဖွံ့ဖြိုးကြီးကျယ်၏၊ သီလ၏အကျိုးဆက်အာနိသင်ကြောင့် အဆုံးစွန်သော ဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ရရှိကြလေ၏။

## ကြောင်သူတော်ဥပုသ်

ဥပုသ်သီလ မစောင့်သုံးဘဲ သူတစ်ပါးအထင်ကြီးအောင် ဥပုသ်စောင့်သုံးဟန်ဆောင်နေသော သူတို့၏ ဥပုသ်ကို "ကြောင်သူတော် ဥပုသ်"ဟု ခေါ်ဆိုရပေမည်။ **ကေနိပါတ်ဗိဠာရဝတဇာတ်ကို** ဥပမာအဖြစ် ထုတ်ပြရသော်-

ရှေးလွန်လေပြီးသောအခါ ဘုရားလောင်းသည် ကြွက်အမျိုး၌ ဖြစ်၏၊ ဝက်ငယ်တစ်ကောင်ပမာ ကြီးမားသောကိုယ်ရှိ၏၊ ကြွက်အခြံအရံများစွာရှိ၏။

မြေခွေးတစ်ကောင်သည် ဤကြွက်အသင်းအပင်းကို မြင်သဖြင့် ကြွက်တစ်ကောင်ပြီးတစ်ကောင် ဖမ်းစားနိုင်အောင် အကြံထုတ်၏၊ အကြံရသဖြင့် ကြွက်တို့နေရာအနီးသို့လာပြီးလျှင် နေကိုမော်ကြည့်ကာ ပါးစပ်ဖြဲ၍ ခြေတစ်ချောင်းတည်းဖြင့် မြေပေါ်ရပ်တည်နေ၏။

ကြွက်တို့သည် အံ့ဖွယ်သရဲ ရပ်တည်နေသော မြေခွေးကို မြင်လျှင်- "ဒီမြေခွေးဟာ ဥပုသ်သီလစောင့်သုံးသူဖြစ်မှာပဲ"ဟု ထင်မှတ်၍ မြေခွေးအနီးသို့ ရဲရဲတင်းတင်း ချဉ်းကပ်ပြီး မေးမြန်းကြ၏-

"အရှင်၊ အဘယ်အမည်ရှိပါသလဲ"

"အိုကြွက်တို့၊ ငါ့အမည်ဟာ ဓမ္မိကဖြစ်ပါတယ်"

http://www.dhammadownload.com



"အရှင်မြေခွေး၊ အခြားတိရစ္ဆာန်များလို ခြေလေးချောင်းဖြင့် မရပ်ဘဲ အဘယ်ကြောင့် ခြေတစ်ချောင်းတည်းဖြင့် ရပ်ပါသလဲ"

"ခြေလေးချောင်းစလုံး မြေမှာထောက်လျှင် မြေဟာ ငါ့အတွက် လေးသွားလိမ့်မယ်၊ ဒါကြောင့် ခြေတစ်ချောင်းတည်းသာ ရပ်ပါတယ်"

"ပါးစပ်ကိုကော ဘာဖြစ်လို့ ဟထားရပါသလဲ"

"ငါက လေကိုသာစားတယ်၊ လေမှတစ်ပါး ဘာကိုမှုမစားဘူး၊ ဒါကြောင့် ပါးစပ်ကို ဟထားတာပါ"

"နေကို မျက်နှာပြုထားတာကတော့ ဘာကြောင့်ပါလဲ"

"ဩော်-အဲဒါက အင်မတန်မြင့်မြတ်တဲ့ အရှင်နေမင်းကို အရိုအသေပြုပြီး ရှိခိုးတာပါ"

ဤသို့ အထင်ကြီးအောင် မြေခွေးက ပြောဆိုသဖြင့် ကြွက်များသည် မြေခွေးကို တကယ်သူတော်ကောင်းကြီးဟု ထင်မှတ်ပြီး နေ့စဉ် ခစားကြ၏။ ထိုသို့ ခစားပြီး ဖဲခွာကြသည့်အခါ နောက်ဆုံးကျန်ရစ်သောကြွက်ကို မြေခွေးယုတ်က နေ့စဉ် ဖမ်းစား၏။ ထို့ကြောင့် ကြွက်တို့၏ ဦးရေသည် တစ်စတစ်စ ယုတ်လျော့လာ၏။

ဤအကြောင်းကို ကြွက်မင်းက ဆင်ခြင်မိသဖြင့် မြေခွေးအပေါ် ယုံမှားသံသယဖြစ်လာ၏၊ သို့အတွက် နောက်တစ်ကြိမ်မြေခွေးကို ခစားပြီး ဖဲခွာကြသည့်အခါ ကြွက်မင်းက နောက်ဆုံးချန်နေရစ်၏၊ စားနေကျ မြေခွေးပါးသည် ကိုယ်လုံးဆူဖြိုးနေသောကြွက်မင်းကို ခုန်အုပ်၏၊ သတိရှိသော ကြွက်မင်းက လျင်မြန်စွာရှောင်တိမ်းလိုက်ပြီး အရှိန်ဖြင့် မြေပေါ်သို့ ကျသွားသော မြေခွေး၏ လည်မျိုကို ကိုက်ဖောက်လိုက်၏၊ သီလကြောင် မြေခွေး သေဆုံးသွားလေ၏။

http://www.dhammadownload.com



ဤဗိဋ္ဌာရဝတဇာတ်လာအတိုင်း ယခုအခါဝယ် သီလကြောင်သူတော်တွေ အလွန်ပေါများ၏။ ဖန်ရည်ဆိုးအဝတ်များကို ဝတ်ဆင်၍ စိပ်ပုတီးကြီး လည်ပင်းမှာ ဆွဲထားတိုင်းလည်း သူတော်ကောင်းဟု မယုံရ၊ အထင်ကြီးအောင် ပြောဆိုတိုင်းလည်း မယုံကြည်သင့်။ သီလသိက္ခာနှင့် ပြည့်စုံသူတို့မှာ အလွန်ရှားပါးလှ၏။ အစားချောင်သဖြင့် သီလရှိဟန်ယောင်ဆောင်နေကြသူတို့ကသာ များပြားပါသည်။

လူတို့သည် အမှန်တရားကို မသိတတ်ကြ၊ မမြင်တတ်ကြ၊ ကြီးကြီးကျယ်ကျယ် လေလုံးထွားထွားနှင့် အပြောကောင်းသူ၊ လူရှေ့သူရှေ့ ဟန်ဆောင်ကောင်းသူတို့ကို ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ အထင်ကြီးတတ်ကြသည်။

သို့အတွက် ဓမ္မပဒ အဋ္ဌကထာ **ဓမ္မကဏ္ဍေရဝတ္ထု** အဖွင့်၌–

"မနုဿာနာမ ယေဘုယျေန ဝစနမတ္တ မေဝ သဒ္ဒဟန္တိ"

"လူတို့သည် ယေဘူယျအားဖြင့် စကားမျှကိုသာ ယုံကြည်တတ်ကြ၏။ စကား၏နောက်ကွယ်၌ အဘယ်အရာများ ရှိသည်ကို မတွေးတော မစိစစ်တတ်ကြဘူး"ဟု ညွှန်ပြထားပေ၏။

ကောသလသံယုတ် ဒုတိယဝဂ်၌လာသော **သတ္တဇဋိလသုတ်**သည် သီလကြောင်နှင့် ပတ်သက်၍ မှတ်သားစရာ ကောင်းသောဖြစ်ရပ်တစ်ခုဖြစ်၏။

တစ်ခုသော ညနေချမ်းဝယ် ဘုရားရှင်သည် ပုဗ္ဗာရုံကျောင်း၏ တံခါးမုခ်အပြင်ဘက်ဝယ် ကောသလမင်းကြီးကို တရားဟောပြောနေ၏။ ထိုအခိုက် ခြေသည်းလက်သည်း ရှည် ဆံမုတ်ဆိတ်ရှည်ထားကြသော ဆံကျစ်ထုံးရသေ့ (၇)ယောက်တို့သည်လည်းကောင်း၊ နိဂဏ္ဌတက္ကတွန်း (၇)ယောက်တို့သည်လည်းကောင်း၊ အဝတ်မဝတ်ကြသော အစေလကတက္ကတွန်း (၇)ယောက်တို့သည်လည်းကောင်း၊ တစ်ထည်

http://www.dhammadownload.com



တည်းဝတ်သည့် တိတ္ထိ(၇)ယောက်တို့သည်လည်းကောင်း၊ ပရိဗိုဇ် (၇)ယောက်တို့သည်လည်းကောင်း မိမိတို့နှင့်ဆိုင်ရာ ရသေ့အသုံး အဆောင်များကို ယူဆောင်၍ တစ်သုတ်ပြီးတစ်သုတ် လမ်းမကြီး အတိုင်း ဖြတ်သန်းသွားကြ၏။

ထိုလူစုတို့ တစ်သုတ်ဖြတ်သွားတိုင်း ကောသလမင်းကြီး သည် တရားနာနေရာက ရုတ်တရက်နေရာမှထ၍ ပခုံးတစ်ဘက်၌ ကိုယ်ဝတ်ကို စံပယ်တင်ကာ လက်ယာပုဆစ်ဒူးဝန်းကို မြေမှာ ထောက်လျက် လက်အုပ်ချီမိုးပြီးမှ–

"အရှင်ဘုရားတို့၊ အကျွန်ုပ်ကား ပသေနဒီကောသလမင်းပါ ဘုရား"ဟူ၍ သုံးကြိမ်တိုင်တိုင် မိမိအမည်ကို ပြောကြား၏။

ထိုလူစုတို့အားလုံး ဖြတ်သန်းသွားပြီးသောအခါ ကောသလ မင်းသည် ဘုရားရှင်ကို ရှိခိုးပြီး– "အရှင်ဘုရား၊ ထိုတက္ကတွန်း ပရိဗိုဇ်များဟာ အရှင်မြတ်တို့လို အာသဝေါကုန်ခန်းကြတဲ့ ရဟန္တာများ ပင် မဟုတ်ပါလားဘုရား"ဟု မေးလျှောက်၏။

မြတ်စွာဘုရားက– "မင်းကြီး၊ ကာမဂုဏ်ကို ခံစားရင်း လူ့လောကအတွင်းမှာ ပျော်ပျော်ပါးပါး နေလာခဲ့တဲ့ သင်မင်းကြီးဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များကို ခွဲခြား ပြီး သိနိုင်ဖို့ရာ အလွန်ခဲယဉ်းတယ်၊ လောကမှာ လူတစ်ယောက်ဟာ သီလနှင့် ပြည့်စုံတယ်၊ မပြည့်စုံဘူးဆိုတာကို အတူတကွ နေထိုင် ကြည့်မှ သိနိုင်တယ်၊ အတူတကွ နေထိုင်ရာမှာလည်း တစ်ရက်နှစ်ရက် အတူနေရုံမျှဖြင့် မသိနိုင်ဘူး၊ ကြာကြာပေါင်းသင်းကြည့်မှ သိနိုင်တယ်၊ ကြာကြာပေါင်းသင်းရာမှာလည်း သူ့အပေါ် နှလုံးသွင်းနေမှ သိနိုင် တယ်၊ နှလုံးသွင်းမှုမရှိလျှင် မသိနိုင်ဘူး၊ နှလုံးသွင်းပြန်သော်လည်း မိမိက ပညာရှိမှ သိနိုင်တယ်၊ မိမိက ပညာမရှိလျှင် မသိနိုင်ဘူး"ဟု

http://www.dhammadownload.com



မိန့်တော်မူ၏။

ထိုအခါ ကောသလမင်းကြီးက– "အရှင်ဘုရား၊ အရှင်ဘုရားရဲ့ စကားတော်ဟာ အင်မတန်မှန်ပါတယ်၊ ထိုရသေ့များဟာ အမှန်က သူတော်ကောင်းများ မဟုတ်ကြပါ၊ တပည့်တော်ရဲ့ သူလျှိုများသာ ဖြစ်ကြပါတယ်၊ ထိုသူတို့ဟာ သူတော်ကောင်း ရသေ့မြတ်များကဲ့သို့ အယောင်ဆောင်ခဲ့ကြတာ၊ ယခုအချိန်လောက်ဆိုလျှင် သူတော်ကောင်း အမှုအရာတွေကို စွန့်ပယ်ပြီး ကာမဂုဏ်ခံစားနေကြပါလိမ့်မယ် ဘုရား"ဟု လျှောက်ထား၏။

မြတ်စွာဘုရားက– "မင်းကြီး၊ အသွင်သဏ္ဌာန်ဟန်ပန်အမူအရာဖြင့် လူတစ်ယောက်ကို သူတော်ကောင်း ဟုတ်မဟုတ် မဆုံးဖြတ်နိုင်၊ အခိုက်အတန့်မြင်ကာမျှဖြင့် အကျွမ်းမဝင်ရာ၊ ကိုယ်နှုတ်နှလုံး မစောင့်စည်းကုန်သော သူတို့သည် သူတော်ကောင်းအယောင်ဆောင်၍ ဤလောကဝယ် လှည့်လည်နေကြကုန်၏၊ ကိုယ်တွင်း၌ မစင်ကြယ်ကြကုန်သော သူယုတ်မာတို့သည် ရွှေရည်ပွတ်မြေနားတောင်းကဲ့သို့ ပြင်ပ၌ လှပတင့်တယ်ကုန်၍ အခြံအရံ အကျော်အစောတို့ဖြင့် မိမိတို့၏ ယုတ်မာမှုကို ဖုံးလွှမ်းကြကုန်၏"ဟု ဤသို့ အဓိပ္ပာယ်ဆောင်သော ဒေသနာတော်ကို ဟောကြားတော်မူ၏။

သို့ဖြစ်၍ သူများပြောတိုင်း မယုံဘဲ လူအများမိုးခါးရေသောက်သည်ကို မိမိပါလိုက်၍ မသောက်မိအောင် ဆင်ခြင်စိစစ်ရာ၏။

## တုပ်တလုပ်တုပ် ရှည်တလေတော

**သင်္ဂဇာဆရာတော်ဘုရား**၏ စကားဥပမာတစ်ခုကို တင်ပြလိုပါသေး၏။ ရွှေစက်တော်ဘုရားဖူးတစ်စုတို့သည် သီလ–သမာဓိ–ပညာနှင့် အထူးပြည့်စုံသော ရဟန္တာတစ်ပါးထံမှာ သီလခံယူလို

http://www.dhammadownload.com



ကြ၏၊ ထို့ကြောင့် ဘုရားပွဲတော်အတွင်း တခြိမ့်ခြိမ့်စည်ကားနေသော လူပရိသတ်များကို လှည့်လည်ကြည့်ရှုကြ၏၊ အောက်ရွှေစက်တော် အပေါ်ရွှေစက်တော်သို့တက်၍ ကြည်ညိုစဖွယ် သီလဝန္တပုဂ္ဂိုလ်ကို လိုက်ရှာကြ၏။

တစ်ခုသော တောင်စွယ်ကျောက်ပျဉ်ပေါ်၌ သင်္ကန်းညိုကြီးကို လွှမ်းခြုံပြီး ငြိမ်သက်စွာ ထိုင်နေသည့် ပုဂ္ဂိုလ်ထူးတစ်ဦးကို သူတို့တွေ့ကြလေပြီ။ သူတို့သည် ဝမ်းမြောက်ပီတိဖြင့် ရွှင်လန်းလျက် လှူဖွယ်ဝတ္ထုများကို ထိုပုဂ္ဂိုလ်ထူးရှေ့၌ ချကြ၏။ ထို့နောက် ထိုကိုယ်တော်ရှေ့၌ ရိုသေစွာ ထိုင်ကြပြီးကာ ညီညီညာညာ သြကာသကန်တော့ကျိုးကို အားရပါးရဆိုကြ၏။

ကန်တော့ကျိုး ဆုံးသွားလေပြီ၊ ပုဂ္ဂိုလ်ထူးက ဆုပေးလိမ့်မည်ဟု ငံ့လင့်နေကြ၏။ သို့သော် ပုဂ္ဂိုလ်ထူးကဆုမပေး၊ တိတ်ဆိတ်နေ၏၊ အတန်ကြာမှ "တုပ်"ဟု ပုဂ္ဂိုလ်ထူးက ဆိုလိုက်၏။

ထိုဘုရားဖူးအဖွဲ့က "ငါတို့ထိုင်တာ မတုပ်ဝပ် မသေသပ်လို့ ပုဂ္ဂိုလ်ထူးက ဆုမပေးဘဲ ဒူးတုပ်ခိုင်းတာထင်ပါရဲ့"ဟု ယူဆပြီး ရိုသေစွာ ဒူးတုပ်ထိုင်ကြလျက် သြကာသကန်တော့ကျိုးကို တစ်ဖန်ရွတ်ဆိုကြပြန်၏။

ဤအကြိမ်တွင်လည်း ပုဂ္ဂိုလ်ထူးက ဆုမပေးသေးဘဲ "တုပ်တုပ်"ဟု နှစ်လုံးဆိုလိုက်၏။ ဘုရားဖူးအဖွဲ့ကလည်း စောစောကထက်ပိုမိုကျိုးနွံစွာ ဒူးတုပ်ထိုင်ကြလျက် သြကာသကန်တော့ကျိုးကို တစ်ဖန်ညီညီဆိုကြပြန်၏။

ဤ တတိယအကြိမ် ကန်တော့ပြီးသည်နှင့် တစ်ပြိုင်နက် ပုဂ္ဂိုလ်ထူးသည် ကျောက်ပျဉ်ထက်မှ ရုတ်တရက်ထကာ "တုပ်တလုပ်တုပ်၊ ရှေတလေတော၊ သူများဟာထက် ငါ့ဟာက ပိုရှည်သဟေ့"

http://www.dhammadownload.com



ဟုဆိုပြီး ကခုန်ကာ ထွက်သွားလေ၏။

ထိုအခါမှ ထိုသူတို့ အထင်ကြီးခဲ့သော ပုဂ္ဂိုလ်ထူးသည် ရဟန္တာမဟုတ်ဘဲ အရူးဖြစ်မှန်းကို သိကြရလေ၏။

ဤစကား ဥပမာကပေးသည့် သင်ခန်းစာများမှာ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ သီလ–သမာဓိ–ပညာကို အပြင်ပန်းအမူအရာကို အကဲခတ်ကြည့်ရှုရုံဖြင့် မသိနိုင်ကြောင်း၊ ပုဂ္ဂိုလ်ရွေးလွန်းလျှင်လည်း "လင်စုံရွေး၊ လင်ခွေးနှင့်ညား"တတ်သလို သီလကြောင်အရှောင်သမားများနှင့် ကြုံတွေ့တတ်ကြောင်းတို့ ဖြစ်ပေသည်။

## သစ်ကျူတ်ဥပုသ်

ဥပုသ်သီလကို သူတစ်ပါးအထင်ကြီးအောင် စောင့်သုံးသူများရှိသလို ဝတ်ကျေဝတ်ကုန် ချော်လဲရာ ရောထိုင်သည့်အနေဖြင့် ဥပုသ်စောင့်သုံးသူတို့လည်းရှိ၏။ ဤတွင် **တိကနိပါတ်လာဝကဇာတ်**ကို တင်ပြရန် ဆီလျော်လှ၏။

ရှေးအခါက ဂင်္ဂါမြစ်ဖျားဝယ် သစ်ကျူတ်တစ်ကောင်ရှိ၏။ ၎င်းသစ်ကျူတ်သည် ကျောက်ဖျာတစ်ချပ်ပေါ်တွင် အိပ်ပျော်နေခိုက် ဂင်္ဂါမြစ်ဖျားတွင် မိုးရွာသွန်းသဖြင့် ဆီးနှင်းခဲများ အရည်ပျော်ကျကာ ဂင်္ဂါမြစ်ရေသည် အဆမတန် တိုးတက်လာ၏။ သို့အတွက် သစ်ကျူတ် အိပ်နေသော ကျောက်ပြားကို ရေပတ်လည်ဝိုင်းနေတော့၏။

သစ်ကျူတ်နိုးလာသောအခါ ဘယ်ကိုပဲကြည့်ကြည့် ရေပြင်ကျယ်ကြီးကိုသာ မြင်ရသဖြင့် ဤသို့စဉ်းစား၏။ "အင်း–မြစ်ရေတွေလျှံလို့ ပင်လယ်ရေပြင်ကျယ်ကြီးလို ဖြစ်နေပါလား၊ ဒီရေပြင်ကျယ်ကြီးကို ငါကူးဖြတ်ဖို့ မလွယ်ဘူး၊ ကုန်းအရောက်သွားဖို့က မဖြစ်နိုင်ဘူး၊ မြစ်ရေကလည်း ဘယ်တော့ကျမယ်ဆိုတာ မသိနိုင်ဘူး၊

http://www.dhammadownload.com



ဒီတော့ ငါဘာလုပ်ရမလဲ၊ ဘာမှလည်း လုပ်စရာမရှိ၊ စားစရာလည်းမရှိ အလကားနေနေရမယ့်အစား ဥပုသ်စောင့်ပြီး အိပ်နေတော့မယ်" ဤသို့ စဉ်းစားပြီးနောက် ဥပုသ်ဆောက်တည်ဖို့ အဓိဋ္ဌာန်ပြုပြီး အိပ်စက်နေလိုက်၏။

သိကြားမင်းက လူ့ပြည်၏ အခြေအနေကို ရှုကြည့်တော့ သစ်ကျွတ်ဥပုသ်စောင့်နေသည်ကို မြင်ရ၏။ သစ်ကျွတ်၏ သီလကို စုံစမ်းလိုသဖြင့် သိကြားမင်းသည် ဆိတ်ယောင်ဆောင်၍ ရေထဲကူး လာ၏။

ဆိတ်ရေကူးလာသံကို ကြားရသည့်အခါ သစ်ကျွတ်သည် ခေါင်းထောင်ပြီး ကြည့်လိုက်၏။ ဆိတ်သည် ယက်ကန်ယက်ကန် ကူးခတ်ရင်း သစ်ကျွတ်ရှိရာ ကျောက်ဖျာသို့ ချဉ်းကပ်လာ၏၊ ကျောက်ဖျာအစွန်းထက်၌ မေးကိုပင်တင်လိုက်လေပြီ။

"ဟယ်–စားရကံကြုံလို့ မုတ်ဆိတ်ပျားစွဲဆိုတာလို ရေလယ် ခေါင်မှာ အငတ်ဘေးဆိုက်ရောလားလို့ အောက်မေ့ပါ၊ စားစရာ ဆိတ်ကလေးက ငါ့ပါးစပ်နားမှာတင် ပေါ်လာသကိုး၊ ကိုက်စားလိုက်ရ ကောင်းမလား၊ အလို–ငါ့မှာဥပုသ်ကြီးနဲ့၊ သူ့အသက်သတ်ဖို့ တော်ပါ့ မလား။ ဟယ်–ဥပုသ်ဆိုတာမျိုးက ဘယ်နေ့စောင့်စောင့် ဖြစ်တာပဲ၊ ဆိုက်ရောက်လာတဲ့ အခွင့်အရေးကို လက်လွှတ်ဖို့ မကောင်းဘူး၊ ဒီဆိတ်ကို ဖမ်းယူစားသောက်မှတော်မယ်"

သစ်ကျွတ်က ဤသို့စဉ်းစားဆုံးဖြတ်ပြီး ဆိတ်ကို ဖမ်းယူရန် ထလိုက်၏။ ဆိတ်သည်လည်း ချက်ချင်းနောက်ဆုတ်ပြီး ကျောက်ဖျာ နှင့် ဝေးရာသို့ ကူးသွား၏။ သစ်ကျွတ်သည် ဆိတ်ကို ဖမ်းယူရန် မစွမ်းနိုင်တော့သဖြင့်– "အင်း–ဆိတ်ဆိတ်၊ နင့်ကြောင့် ကံကောင်းလို့ ငါသီလမပျက်တာ၊ တော်ပါသေးရဲ့၊ နင် ဟိုဘက်ပြန်ပြေးသွားတာ၊

http://www.dhammadownload.com



ကဲ–ငါဥပုသ်ပြန်စောင့်လိုက်ဦးမယ်”ဟု ပြန်လည်ခွေအိပ်လိုက်၏။

သိကြားမင်းက ကိုယ်ထင်ပြပြီး “ဟဲ့–သစ်ကျုတ်၊ သင့်ရဲ့ ကုသိုလ်ဆန္ဒက အားနည်းလှချေလား၊ သင့်လို ဥပုသ်စောင့်လို့ ဘာ အကျိုးရှိမလဲ”ဟု ကဲ့ရဲ့ပြီး နတ်ပြည်သို့ ပြန်တက်သွား၏။

သူတစ်ပါး၏ အသွေးအသားကို မှီပြီး အသက်ရှင်နေရသော သစ်ကျုတ်၏သီလသည် အလွန်အားနည်းသကဲ့သို့ ကာမဂုဏ် မွေ့လျော်မှုဘက်တွင် အားသန်နေကြသော ယနေ့ အမျိုးသား အမျိုးသမီးများသည် ဥပုသ်သီလကို အလေးမထားကြ၊ ဥပုသ်စောင့် သုံးလျှင်လည်း ပေါ့ပေါ့ဆဆ ဝတ်ကျေဝတ်ကုန် စောင့်ထိန်းကြ၏။

လူ့ဘဝသက်တမ်း၏ တိုတောင်းပုံနှင့် ဥပုသ်သီလ၏ အကျိုးအာနိသင် ကြီးမားပုံကို ဆင်ခြင်သုံးသပ်၍ ရှေးသူတော်ကောင်း တို့ အသက်စည်းစိမ်ကိုစွန့်ကာ ဥပုသ်သီလကို အလေးအနက် စောင့်သုံးခဲ့ကြသလို စောင့်သုံးသင့်ကြပေ၏။

ရေစီးသန်သော မြစ်ချောင်းကို ကူးဖြတ်သည့်အခါ လိုရာ ကမ်းတစ်ဘက်သို့ ရောက်အောင် မြစ်ချောင်း၏ အထက်ဘက်ကို ဦးတည်ပြီး ကူးကြရ၏၊ ရေညာဆန်မကူးလျှင် ရေစုန်မျောပြီး ပါသွားတတ်ကြ၏။

ထို့အတူ ကာမဂုဏ် ရေစီးသန်သော ယခုခေတ်အခါတွင် ဥပုသ်သီလကို ဆောက်တည်မည့် ပုဂ္ဂိုလ်သည် စိတ်ဓာတ်ကို မြင့်မား အောင် မြှင့်ထားပြီးမှ တင်းတင်းရင်းရင်း ဥပုသ်စောင့်သင့်၏။ “ဒူးလောက်တင်မှ ရင်လောက်ကျ”ဆိုသည့် စကားအတိုင်း မြင့်မြင့်ကြံ ပြီး မှန်မှန်လုပ်သွားပါမှ တော်ကာကျပေလိမ့်မည်။

http://www.dhammadownload.com



# ကိုးပါးသီလ

အင်္ဂါကိုးပါးနှင့် ပြည့်စုံသော သီလကို နဝင်္ဂသီလ (ဝါ) ကိုးပါးသီလဟု ခေါ်၏။ ကိုးပါးသီလသည် ရှစ်ပါးသီလထက် "သတ္တဝါများအပေါ်၌ မေတ္တာစိတ်ဖြင့် စွမ်းနိုင်သမျှ ဖြန့်၍နေပါမည်" ဟူသော အင်္ဂါတစ်ပါး တိုးလာခြင်းသာ ထူးခြား၏။ ရှစ်ပါးသီလကို ခံယူပြီး မေတ္တာဘာဝနာ ပွားများနေလျှင် ကိုးပါးသီလ ဆောက်တည် သည်နှင့် တူညီသွားမည် ဖြစ်ပါသည်။

လှပသစ်လွင်သော အဝတ်တန်ဆာကို ဝတ်ဆင်လိုသူသည် ရှေးဦးစွာ ရေမိုးချိုး၍ ကိုယ်ကို သန့်စင်စေပြီးမှ ဖီးလိမ်းပြုပြင်ခြင်း၊ တန်ဆာဆင်ခြင်းကို ပြုလုပ်သကဲ့သို့ လောက၌အလှဆုံး အမြင့်မြတ်ဆုံး အဆင်တန်ဆာ ဖြစ်သော ဥပုသ်သီလကို ခံယူရာ၌လည်း မိမိ၏ စိတ်အစဉ်မှ လောဘ၊ ဒေါသ၊ မောဟ စသည့် ကိလေသာ အညစ်အကြေးများ ကင်းစင်အောင် ဦးစွာပြုလုပ်ရ၏။ စိတ်အစဉ်မှ ကိလေသာအညစ်အကြေးများ ကင်းစင်သွားစေရန် အတွက် သမထ ကမ္မဋ္ဌာန်း (၄၀)ကို မြတ်စွာဘုရားနည်းပြထားသည်။ နှစ်သက်ရာ ကမ္မဋ္ဌာန်းတစ်ပါးကို ရှုပွားနေလျှင် ကိလေသာငြိမ်ဝပ်ပြီး စိတ်အစဉ် ဖြူစင်နေမည် ဖြစ်သည်။

သမထကမ္မဋ္ဌာန်း (၄၀)တွင် အလွန်အကျိုးကျေးဇူးများသဖြင့် အဖန်ဖန် နှလုံးသွင်း ရှုပွားသင့်သော အနုဿတိ (၁၀)ပါးလည်း ပါဝင်၏၊ ဗြဟ္မာများကဲ့သို့ မြင့်မြတ်သော နေထိုင်ခြင်းဟူသည့် ဗြဟ္မဝိဟာရ (ဝါ) ဗြဟ္မစိုရ်တရား (၄)ပါးလည်း ပါဝင်ပါသည်။

အနုဿတိ (၁၀)ပါးထဲမှ ဗုဒ္ဓါနုဿတိဟူသော မြတ်စွာ ဘုရား၏ ဂုဏ်တော်များကို နှလုံးသွင်း ရှုပွား၍ စိတ်ဖြူစင်စေပြီးနောက်

http://www.dhammadownload.com



ဥပုသ်စောင့်သုံးလျှင် **ဗြဟ္မဥပုသ်**ဟုခေါ်၏။ ဓမ္မာနုဿတိဟူသော တရားတော်များကို နှလုံးသွင်း ရှုပွား၍ စိတ်ကို ဖြူစင်စေပြီးနောက် ဥပုသ်စောင့်သုံးလျှင် **ဓမ္မဥပုသ်**ဟု ခေါ်၏။

သံဃာနုဿတိဟူသော သံဃာဂုဏ်တော်များကို နှလုံးသွင်း ရှုပွား၍ စိတ်ကို ဖြူစင်စေပြီးနောက် ဥပုသ်ကို စောင့်သုံးလျှင် **သံဃဥပုသ်**ဟု ခေါ်၏။ သီလာနုဿတိဟူသော မိမိအမြဲစောင့်ထိန်းထားသော သီလဂုဏ်များကို နှလုံးသွင်းရှုပွား၍ စိတ်ကို ဖြူစင်စေပြီးနောက် ဥပုသ်ကို စောင့်သုံးလျှင် **သီလဥပုသ်**ဟု ခေါ်၏။

ဒေဝတာနုဿတိဟု အမည်ရသော အနုဿတိအရ နတ်များကို သက်သေအရာထား၍ မိမိ၌ရှိသည့် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သုတ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပဟူသော သူတော်ကောင်းတရားတို့ကို အဖန်ဖန် နှလုံးသွင်း ရှုပွား၍ စိတ်ကို ဖြူစင်စေပြီးနောက် ဥပုသ်စောင့်သုံးလျှင်မူ **ဒေဝတာဥပုသ်**ဟု ခေါ်၏။

အလှမပြင် တန်ဆာမဆင်ခင်ကသာ ကိုယ်ခန္ဓာမှ အညစ်အကြေးများ ကင်းစင်အောင် ရေချိုးရသည်မဟုတ်၊ အလှပြင် တန်ဆာဆင်ပြီးသည့်နောက်၌လည်း ကြာရှည်စွာ တင့်တယ်လှပအောင် အညစ်အကြေးများ မစွဲကပ်ရန် သတိထား ရှောင်ရှားရပေသည်။

ထို့အတူပင် ဥပုသ်မဆောက်တည်မီ အချိန်ကသာလျှင် စိတ်ကို ဖြူစင်အောင် ပြုလုပ်ရသည်မဟုတ်၊ ဥပုသ်ကို ခံယူပြီး ဆောက်တည်နေစဉ်အခါ၌လည်း စိတ်အစဉ်၌ ကိလေသာများ မဝင်ရောက်ဘဲ အစဉ်သဖြင့် စိတ်ဖြူစင်နေအောင် ဘာဝနာဆက်ပွားရသည်။ ဗြဟ္မဥပုသ်ဆောက်တည်သူသည် မြတ်စွာဘုရား၏ ဂုဏ်တော်များကို ဆက်ပွားရမည်။ ဓမ္မဥပုသ်စောင့်သုံးသူသည် တရားတော်၏ ဂုဏ်တော်များကို ဆက်ပွားရမည်။ သံဃဥပုသ်၊ သီလဥပုသ်၊

http://www.dhammadownload.com



ဒေဝတာဥပုသ် စောင့်သုံးသူများသည်လည်း သီလမခံယူမီက မိမိတို့ ရှုပွားခဲ့သော ဘာဝနာကို သီလခံယူပြီးသည့်နောက်၌လည်း ဆက်လက် ရှုပွားနေရမည်။

ဗုဒ္ဓါနုဿတိကို ရှုပွားသူများပြားသကဲ့သို့ ဗြဟ္မစိုရ်တရား (၄)ပါးတွင် ပါဝင်သော မေတ္တာဘာဝနာကို စီးဖြန်းသူများလည်း များပြားလှပါသည်။ မေတ္တာဘာဝနာသည် ကိလေသာများ ကင်းစင်သွားအောင် စိတ်ကိုဆေးကြောရာ၌ အလွန်အစွမ်းထက်သော ဘာဝနာ တစ်မျိုး ဖြစ်သည်။

ဗုဒ္ဓါနုဿတိမှ ဒေဝတာနုဿတိအထိ ဘာဝနာ (၅)မျိုး အနက် တစ်မျိုးမျိုးကို ရှုပွားလျှင် ဥပစာရသမာဓိအထိသာ အလွန်ဆုံး စိတ်ကို ဖြူစင်စေနိုင်သည်။ မေတ္တာဘာဝနာကို ရှုပွားလျှင်မူ ရူပါဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်အထိ (စတုက္ကနည်းအရ) ရရှိနိုင်သဖြင့် စိတ်ကို ဖြူစင်ငြိမ်ဝပ်စေရာ၌ ဗုဒ္ဓါနုဿတိတို့ထက် ပို၍သာလွန်ကောင်းမွန်ပါသည်။

ထို့အပြင် မေတ္တာသည် အဒေါသစေတသိက်ဖြစ်၍ ဒေါသကို တိုက်ရိုက်ဆန့်ကျင်ကာ ဒေါသကို တွန်းလှန်နှိမ်နင်းနိုင်သည်။ မေတ္တာသည် ဒေါသ၏ ကြမ်းတမ်းခက်ထန်သည့်သဘော၊ သည်းမခံနိုင်ဘဲ ဖျက်ဆီးလိုသောသဘောတို့ကို ချိုးနှိမ်ဖျက်ဆီး၍ နူးညံ့သိမ်မွေ့ခြင်း၊ ခွင့်လွှတ်နိုင်ခြင်း သဘောတို့ကို ဆောင်လျက် သတ္တဝါအပေါင်းတို့အား ဘေးရန်ဆင်းရဲကင်းရှင်းစေပြီး ကြီးပွားချမ်းသာစေလို၏။ သို့အတွက် မေတ္တာကို ရင်ဝယ်ထွေးပိုက်ထားနိုင်လျှင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယားဖျက်ဆီးခြင်း စသည့် ဒုစရိုက်အားလုံးကို မကျူးလွန်တော့ဘဲ လွယ်ကူစွာ ရှောင်ရှားနိုင်တော့သည်။

http://www.dhammadownload.com



သို့ဖြစ်၍ဥပုသ်ဆောက်တည်ရာ၌ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ စသည်ကို ရှုပွားနေသည့်နည်းတူ မေတ္တာဘာဝနာကိုလည်း ရှုပွား နေနိုင်သည်။ ဓမ္မာနုဿတိ၊ သီလာနုဿတိ စသည်ကို ရှုပွားနေလျှင် ဓမ္မဥပုသ်၊ သီလဥပုသ် စသည်ဖြင့် ခေါ်ဆိုသကဲ့သို့ ဥပုသ်စောင့်ရင်း မေတ္တာစီးဖြန်းနေလျှင် **မေတ္တာဥပုသ်**ဟု ခေါ်ဆိုထိုက်ပေ၏။

## နဝင်္ဂုပေါသထသုတ်

နဝင်္ဂဥပုသ်ကို ဘုရားရှင်ကိုယ်တိုင် ညွှန်ကြားတော်မူခဲ့သဖြင့် ဘုရားရှင်လက်ထက်တော်အခါကပင်လျှင် လူတို့ စောင့်သုံးခဲ့ကြ၏။ အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ်၌ **နဝင်္ဂုပေါသထသုတ်**ဟူ၍ တိုက်ရိုက် လာရှိ၏။ ဤသုတ်ကို ဟောကြားရာ၌ ဥပေါသထသုတ်ကို ဟောကြား သည့် နည်းအတိုင်း ဘုရားရှင် ဤသို့ ဟောကြားတော်မူသည်။

"ရဟန်းတို့၊ အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ကျင့်သုံးအပ် သော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသောပြန့်နှံ့ခြင်းရှိ၏။ ရဟန်းတို့၊ အဘယ်သို့ကျင့်သုံးအပ်သော အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း၊ တန်ခိုးကြီးသနည်း၊ ကြီးသောပြန့်နှံ့ခြင်း ရှိသနည်း။

"ရဟန်းတို့၊ ဤသာသနာတော်၌ အရိယာတပည့်သည် ဤသို့ဆင်ခြင်၏၊ ရဟန္တာတို့သည် အသက်ထက်ဆုံး အသက် သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြကုန်၏၊ တုတ်ကိုချထားပြီး ဖြစ်ကုန်၏၊ လက်နက်ကိုချထားပြီး ဖြစ်ကုန်၏၊ ရှက်ခြင်းရှိကုန်၏။ ငါသည်လည်း ဤတစ်ညဉ့်နှင့် တစ်နေ့ပတ်လုံး အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှရှောင်ကြဉ်သူ၊ တုတ်ကို

http://www.dhammadownload.com



ချထားသူ၊ လက်နက်ကိုချထားသူ၊ ရှက်ခြင်းရှိသူ၊ သနားခြင်းသို့ရောက်သူ၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားကို လိုလားသူဖြစ်၍ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးခြင်းသည်လည်း ဖြစ်ပေလိမ့်မည်"ဟု ဆင်ခြင်၏။ ဤကား ပထမအင်္ဂါနှင့် ပြည့်စုံခြင်းတည်း။

ဤသို့ဖြင့် အဋ္ဌမအင်္ဂါနှင့် ပြည့်စုံသည်အထိ ဥပေါသထသုတ်အတိုင်း ဟောကြားပြီးနောက် ဆက်လက်၍–

"မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို၊ သုံးခုမြောက် အရပ်မျက်နှာကို၊ လေးခုမြောက်အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ဤနည်းဖြင့် အထက်အောက်ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြင့်မြတ်သော၊ အတိုင်းအရှည်မရှိသော၊ ရန်မရှိသော၊ ငြိုငြင်ခြင်းမရှိသော၊ မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေလျက်နေ၏။ ဤကား နဝမအင်္ဂါနှင့် ပြည့်စုံခြင်းတည်း။

"ရဟန်းတို့၊ ဤသို့ကျင့်သုံးအပ်သော အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသောပြန့်နှံ့ခြင်းရှိ၏"ဟု မိန့်တော်မူ၏။

## ကိုးပါးသီလခံယူဆောက်တည်ပုံ

ရှစ်ပါးသီလ ခံယူဆောက်တည်ပုံနှင့် တူပါသည်။

သီလတောင်းပုံ– အဟံဘန္တေ တိသရဏေနသဟ နဝင်္ဂ–သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ

http://www.dhammadownload.com



ဒေထ မေဘန္တေ။

ဒုတိယမ္ပိ -----။ တတိယမ္ပိ -----။

**အဓိပ္ပာယ်** - "ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ တိသရဏေနသဟ-သရဏဂုံသုံးပါးနှင့်တကွ၊ နဝင်္ဂသမန္နာဂတံ-အင်္ဂါကိုးပါးနှင့် ပြည့်စုံသော၊ ဥပေါသထသီလံ-ဥပုသ်သီလဟု ဆိုအပ်သော၊ ဓမ္မံ-တရားတော်မြတ်ကို၊ ယာစာမိ-တောင်းပါ၏၊ ဘန္တေ-အရှင်ဘုရား၊ မေ-တပည့်တော်အား၊ အနုဂ္ဂဟံကတွာ-ချီးမြှောက်ခြင်းကိုပြု၍၊ သီလံ-ကိုးပါးသီလကို၊ ဒေထ-ပေးသနားတော်မူပါ အရှင်ဘုရား။"

**သိက္ခာပုဒ်များကို ခံယူခြင်း**-သိက္ခာပုဒ်(၁)မှ (၈)အထိကို ရှစ်ပါးသီလခံယူသည့်အတိုင်းဆိုပါ။

(၉) ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံဖရိတွာ ဝိဟရာမိ။

သို့မဟုတ်-"မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဘာရဏံ သမာဒိယာမိ"ဟု ဆိုပါ။

**အဓိပ္ပာယ်**-"ယထာဗလံ-စွမ်းနိုင်သလောက်၊ မေတ္တာသဟဂတေန-မေတ္တာနှင့်တကွဖြစ်သော၊ စေတသာ-စိတ်ဖြင့်၊ သဗ္ဗာဝန္တံ-အလုံးစုံသတ္တဝါအပေါင်းရှိသော၊ လောကံ-သတ္တလောကကို၊ ဖရိတွာ-ပျံ့နှံ့စေ၍၊ ဝိဟရာမိ-နေပါအံ့။"

သို့မဟုတ် "မေတ္တာသဟာတေန-မေတ္တာနှင့်တကွဖြစ်သော၊ စေတသာ-စိတ်ဖြင့်၊ သဗ္ဗပါဏ ဘူတေသု-အလုံးစုံသော သတ္တဝါတို့အပေါ်၌၊ ဖရိတွာ-ပျံ့နှံ့၍၊ ဝိဟရဏံ-နေထိုင်ခြင်းကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏။"

**ဝေဖန်ချက်**-ပါဏာတိပါတ စသော သိက္ခာပုဒ်များကဲ့သို့

http://www.dhammadownload.com



မေတ္တာသည် သိက္ခာပုဒ်တစ်ပါးမဟုတ်ပါ။ "ပါဏာတိပါတမှ ရှောင်ကြဉ်ပါ၏"ဟု ဆောက်တည်ရာ၌ တစ်နေ့လုံး ရှောင်ကြဉ်နိုင်၏၊ "မေတ္တာဖြင့်နေပါမည်"ဟု ဆောက်တည်ရာ၌ တစ်နေ့လုံး မေတ္တာစိတ်ဖြင့် မနေနိုင်ပါ။ ထို့ကြောင့် မေတ္တာသည် သိက္ခာပုဒ်တစ်ခုမဟုတ်။

သို့သော် မေတ္တာသည် ကိုးပါးသီလ၏ အရေးကြီးသော အင်္ဂါတစ်ပါးဖြစ်၏၊ ဤအင်္ဂါတစ်ပါးတည်းနှင့် ပြည့်စုံနေလျှင်ပင် သီလသိက္ခာပုဒ်အားလုံး လုံခြုံပြည့်စုံသွားတော့၏။

ရှစ်ပါးသီလ၌လာသော သိက္ခာပုဒ်ရှစ်ပါးတွင် မေတ္တာကို အထွတ်တင်အမွမ်းတင်လျက် ရှုပွားကာ စောင့်သုံးအပ်သော ဥပုသ်သည် ရိုးရိုးဥပုသ်ထက် အကျိုးပိုများသောကြောင့် မေတ္တာနှင့်တကွသော နဝင်္ဂဥပုသ်ကို ဘုရားလက်ထက်တော်အခါကပင်လျှင် ပညာရှိတို့ စောင့်သုံးခဲ့ကြခြင်း ဖြစ်သည်။

**ဆောက်တည်ပုံ**–ကိုးပါးသီလကို ဆောက်တည်လိုသူသည် ကိုးပါးသီလကို ခံယူပြီးနောက် မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် နေနိုင်သလောက် နေနိုင်အောင် သတိထားရမည်။ စားဖွယ်သောက်ဖွယ်တို့ကို သင့်တင့်မျှတရုံ စားသောက်ပြီးလျှင် ဆိတ်ငြိမ်ရာအရပ်၌ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းနေရမည်။ ရပ်–သွား–ထိုင်–လျောင်း ဟူသော ဣရိယာပုထ်လေးပါးလုံး၌ မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် နေနိုင်အောင် ကြိုးစားရမည်။ ဤသို့ ဆောက်တည်ပါမှ နဝင်္ဂဥပုသ်ကို ကျနစွာ စောင့်သုံးရာ ရောက်၏။

ကိုးပါးသီလကို ခံယူပြီးနောက် အိမ်သို့ ရောက်သောအခါ သားသမီး၊ အစေခံ စသည်တို့ကို ဆူပူကြိမ်းမောင်းလျက် ဒေါသထွက်နေလျှင် မေတ္တာစိတ်ဖြင့် နေထိုင်ရာ မရောက်ပါ။ မိမိပြိုင်ဘက် ရန်သူ မတည့်သူများကို စဉ်းစားမိ၍ မကျေမနပ်စိတ်မချမ်းမသာ

http://www.dhammadownload.com



ဖြစ်နေလျှင်လည်း မေတ္တာစိတ်ပျက်ပြားသွားမည် ဖြစ်၏။ ထို့ကြောင့် စွမ်းနိုင်သမျှ မေတ္တာစိတ်နှင့် နေထိုင်ပါ။

## ဆယ်ပါးသီလ

ဆယ်ပါးသီလသည် ရှင်သာမဏေများ အမြဲတမ်း ဆောက်တည်သောသီလဖြစ်၏။ သီလရှင်များနှင့် လူပုဂ္ဂိုလ်များသည်လည်း ရွှေငွေရတနာများကို ကိုင်ဆောင်သုံးစွဲခြင်းမှ ရှောင်ရှားနိုင်လျှင် ဆယ်ပါးသီလကို စောင့်သုံးနိုင်ပါသည်။ အိမ်ယာထူထောင်သည့် လူသားများအတွက် မိမိပိုင် ရွှေငွေရတနာများကို တစ်ရက်တာ၊ နှစ်ရက်တာ စသည်ဖြင့် စွန့်ပယ်ထားနိုင်ပါက ဆယ်ပါးသီလကို စောင့်သုံးကောင်းပါသည်။

ဆယ်ပါးသီလ ခံယူဆောက်တည်ပုံမှာ ရှစ်ပါးသီလခံယူဆောက်တည်ပုံနှင့် တူပါသည်။

**သီလတောင်းပုံ**–"အဟံဘန္တေ တိသရဏေနသဟ ဒသဂဟဋ္ဌသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ –––––။ တတိယမ္ပိ –––––။

**အဓိပ္ပာယ်**–"ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ တိသရဏေနသဟ–သရဏဂုံသုံးပါးနှင့်တကွ၊ ဒသဂဟဋ္ဌသီလံ–လူတို့၏ ဆယ်ပါးသီလဖြစ်သော၊ ဓမ္မံ–တရားတော်မြတ်ကို၊ ယာစာမိ–တောင်းပါ၏။ ဘန္တေ–အရှင်ဘုရား၊ မေ–တပည့်တော်အား၊ အနုဂ္ဂဟံကတွာ–ချီးမြှောက်ခြင်းကိုပြု၍၊ သီလံ–ဆယ်ပါးသီလကို၊ ဒေထ–ပေးသနားတော်မူပါဘုရား"

http://www.dhammadownload.com



## သိက္ခာပုဒ်များကို ခံယူခြင်း

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၉) ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

**အဓိပ္ပာယ်**–အမှတ်(၁)မှ (၉)အထိ သိက္ခာပုဒ်များသည် ရှစ်ပါးသီလ၏ သိက္ခာပုဒ်များနှင့် အတူတူပင်ဖြစ်၏။ အမှတ်(၇) နစ္စဂီတသိက္ခာပုဒ်နှင့် အမှတ်(၈) မာလာဂန္ဓသိက္ခာပုဒ်တို့ကို ရှစ်ပါးသီလမှာကဲ့သို့ သိက္ခာပုဒ်တစ်ခုတည်းအဖြစ် ပေါင်းစပ်မထားဘဲ သိက္ခာပုဒ် ၂–ခုအဖြစ် ခွဲခြားထားခြင်းသာထူး၏။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ–ရွှေငွေတို့ကို၊ကိုင်ဆောင်ခြင်း ခံယူခြင်း စီမံသုံးစွဲခြင်းတို့မှ၊ ဝေရမဏိသိက္ခာပဒံ–ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာကျင့်သုံးခံယူဆောက်တည်ပါ၏။

http://www.dhammadownload.com



## နစ္စ ဂီတနှင့် မာလာဂန္ဓသိက္ခာပုဒ်တို့ကို တွဲခြင်း ခွဲခြင်း

နစ္စ ဂီတ သိက္ခာပုဒ်၌ ပါဝင်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်နေကြ၏၊ ၎င်းတို့ကို တစ်နေရာတည်း၌ တစ်ပေါင်းတည်း ပြုလုပ်ဆောင်ရွက်လေ့ရှိကြ၏၊ သို့အတွက် ၎င်းတို့ကို ပေါင်း၍ သိက္ခာပုဒ်တစ်ပါးအဖြစ် သီးခြားသတ်မှတ်နိုင်သည်။

အလားတူပင် မာလာဂန္ဓသိက္ခာပုဒ်၌ ပါဝင်ကြသော ပန်းပန်ခြင်း၊ အမွှေးရနံ့ဆောင်ခြင်း၊ နံ့သာ နံ့သာပျောင်းသုံးစွဲခြင်း၊ အလှပြင်ခြင်း၊ တန်ဆာဆင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်နေကြ၏၊ မိမိကိုယ်ကို တင့်တယ်လှပ မွှေးကြိုင်အောင် အလှပြင်တန်ဆာဆင်ရာ၌ ဤအမှုအားလုံးတို့ ပါဝင်သွားကြ၏၊ သို့အတွက် ၎င်းတို့ကို ပေါင်း၍ သိက္ခာပုဒ်တစ်ပါးအဖြစ် သီးခြား သတ်မှတ်နိုင်သည်။

ကပြ သီဆို တီးမှုတ်ခြင်းအမှုတို့နှင့် အလှပြင် တန်ဆာဆင်ခြင်းစသော အမှုတို့သည် ဆက်စပ်ခြင်းမရှိဘဲ သီးခြားသဘော တရားများ ဖြစ်သည်ဟု ယူဆနိုင်၏။ သို့အတွက် ဆယ်ပါးသီလ၌ ဤသိက္ခာနှစ်ပါးကို ခွဲခြားထားပြီး သီးခြားသိက္ခာပုဒ် ၂-ပါးအဖြစ် သတ်မှတ်၏။

တစ်ဖန် ရှစ်ပါးသီလနှင့် ကိုးပါးသီလတို့၌ အဆိုပါသိက္ခာပုဒ် ၂-ခုကို သိက္ခာပုဒ်တစ်ခုတည်းအဖြစ် ပေါင်းထားရခြင်းမှာ-

- နစ္စ ဂီတ စသော အမှုတို့သည် ကာမဂုဏ်၌ လျှပ်ပေါ် သောအမှု၊
- မာလာဂန္ဓ စသောအမှုတို့သည်လည်း ကာမဂုဏ်၌ လျှပ်ပေါ်သောအမှု၊

http://www.dhammadownload.com



ထိုအမှုများသည် လောဘ, ရာဂ, တဏှာကို တိုးပွားစေပြီး ဥပုသ်သီလနှင့် ဆန့်ကျင်ကြသည်။ ဘာဝနာပွားခြင်း နှင့်လည်း ဆန့်ကျင်သည်၊ ဤသို့ တဏှာတိုးပွားစေပြီး ဆန့်ကျင်ဘက် သဘောချင်းတူသောကြောင့် ၎င်းတို့ကို တစ်ပေါင်းတည်း ပူးတွဲထားခြင်း ဖြစ်ပေသည်။

## ဇာတရူပသိက္ခာပုဒ်အဖွင့်

ဇာတရူပ= ရွှေ၊ ရဇတ= ငွေ၊ ပဋိဂ္ဂဟဏ= ခံယူခြင်း။

ဇာတရူပအရ ရွှေတုံးရွှေခဲကိုသာမက ရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာ အဝတ်တန်ဆာအားလုံးကိုပင် မခံယူရ မသုံးစွဲရ။

ရဇတအရလည်း ငွေ၊ ငွေဒင်္ဂါး အသပြာတို့ကိုသာမက ရောင်းဝယ်ရာ၌ သုံးစွဲသောငွေစက္ကူ ချက်လက်မှတ်စသည်အားလုံး ကိုပင် မခံယူရ၊ မသုံးစွဲရ။

ပဋိဂ္ဂဟဏအရ လက်ဖြင့်ကိုင်ခြင်း၊ ခံယူခြင်းသာမက ရှောင်ကြဉ်ဖွယ် ၅–မျိုးကို ကျမ်းဂန်တို့၌ ပြသည်–

(၁) ဥဂ္ဂဟ=ကိုယ်တိုင်ခံယူခြင်း၊

(၂) ဥဂ္ဂဟာမဏ=စေခိုင်း၍ယူစေခြင်း၊

(၃) ဥပနိက္ခိတ္တသာဒယန=ဘဏ်စသည်၌ အပ်နှံထားခြင်း၊ အနီး၌ ထားခြင်းတို့ကို သာယာခြင်း၊

(၄) ဒုဗ္ဗိစာရဏ=မကောင်းသော (ဝိနည်းတော်နှင့်မလျော်သော) စီမံခြင်း၊

(၅) အာမသန= သာယာသောစိတ်ဖြင့် ထိပါးသုံးသပ်ခြင်းတို့ဖြစ်၏။

ရဟန်းသာမဏေတို့သည် ဤ ၅–ပါးစလုံးကို လွတ်ကင်းစေရ၏။ ဆယ်ပါးသီလစောင့်ထိန်းကြသော လူဝတ်ကြောင်တို့

http://www.dhammadownload.com



သည်လည်း ဤ ၅-ပါးသောအမှုတို့ကို လွတ်ကင်းစေလျှင်ပြီးတော့၏။ နဂိုကရှိနေသော ရွှေငွေရတနာတို့ကို စိတ်သက်သက်ဖြင့် အာရုံပြုကာ (ငါ့ရွှေ၊ ငါ့ငွေ)ဟု သာယာသော်လည်း အပြစ်မရှိ၊ သိက္ခာပုဒ်မပျက်၊ ဤကား လယ်တီဆရာတော်၏ သီလဝိနိစ္ဆယမှ ထုတ်နှုတ်ဖော်ပြချက်တည်း။

သို့ဖြစ်၍ ဆယ်ပါးသီလစောင့်သူ လူတို့သည် မိမိ၌ရှိသော ရွှေ ငွေကို လုံခြုံသောနေရာ၌ အပ်နှံထားရမည်၊ ဆယ်ပါးသီလ စောင့်ထိန်းသော ကာလအတွင်း၌ ထိုရွှေငွေကို မကိုင်ရ၊ "ဖယ်ထားလိုက်ပါ၊ သိမ်းထားလိုက်ပါ"ဟုလည်းမပြောရ၊ ထိုရွှေငွေဖြင့် "ဘာဝယ်လိုက်ပါ" စသည်ကိုလည်းမပြောရ။ မိမိအသုံးလိုနေသောပစ္စည်းကိုသာ "ဘာလိုချင်သည်၊ ဘာစားချင်သည်" စသည်ဖြင့် ပြောဆိုရမည်။

သူတစ်ပါးက ငွေလာပေးခဲ့သော် ထိုငွေကို ကိုယ်တိုင်လည်း မယူရ၊ သူများကိုလည်းမခိုင်းရ၊ နားလည်သူတစ်ယောက်က ယူထားလျှင် မိမိမှာအပြစ်မရှိပါ။ စာတိုက်မှ ငွေလွှဲလာလျှင် (မန်းနီးအော်ဒါလာလျှင်) ငွေရရှိကြောင်းလက်မှတ်ထိုးရုံဖြင့် အပြစ်မရှိပါ၊ လက်မှတ်ထိုးပြီးနောက် စာပို့ကပေးသော ငွေကိုသာ ကိုယ်တိုင်လည်း မကိုင်မယူနှင့်၊ သူများကိုလည်း အယူမခိုင်းနှင့်၊ နားလည်သူတစ်ဦး (ကပ္ပိယ)ကယူထားလျှင် မိမိမှာအပြစ်မရှိပါ။ ဆယ်ပါးသီလ စောင့်ထိန်းနေသောအခါ ရွှေငွေကိုသာမက စိန် မြ ပုလဲ ပတ္တမြားစသည့်ကျောက်မျက်ရတနာများကိုလည်း မကိုင်ရ၊ မခံယူရချေ။

ဤဆယ်ပါးသီလနှင့်စပ်၍ စောင့်ကောင်း-မစောင့်ကောင်း ဝါဒကွဲပြား၏၊ တချို့က သစ်ခေါက်ဆိုးဝတ်၍ အမြဲစောင့်နိုင်မှ စောင့်ကောင်းသည်ဟုဆိုကြ၏၊ တချို့ကလည်း မိမိ၌ရှိသော ရွှေငွေ

http://www.dhammadownload.com



ဥစ္စာများကို စွန့်ပစ်နိုင်မှ စောင့်ကောင်းသည်ဟုဆိုကြ၏။

လွန်လေပြီးသော ၉၂–ကမ္ဘာထက်၌ "**ဖုဿဘုရား**" ပွင့်ထွန်းသောအခါ ဘုရားရှင်၏ညီတော် မင်းသားသုံးယောက်တို့သည် မိမိတို့၏ စည်းစိမ်များကို ဘဏ္ဍာရေးမင်းကြီးနှင့် အခွန်ဝန်အားလွှဲအပ်၍ အရပ်ရပ်ကိစ္စတို့ကိုမှာထားပြီးလျှင် ကျွန်တော်ရင်းတစ်ထောင်နှင့်အတူ တစ်ဝါတွင်းပတ်လုံး ဆယ်ပါးသီလကို စောင့်ထိန်းလျက် ဘုရားရှင်နှင့် သံဃာတော်များကို ဝတ်ကြီးဝတ်ငယ်ပြုစုခဲ့ကြ၏။

ဤသာဓကကို ထောက်ရှု၍ "ရှိရင်းရွှေငွေကို တစ်ခါတည်း မပေး မစွန့်သော်လည်း သီလစောင့်ခိုက် မကိုင်မခံလျှင် ဆယ်ပါးသီလကို စောင့်ကောင်း၏ဟု သိသာ၏။ ထို့ကြောင့် ရွှေငွေဥစ္စာကို လုံးဝမစွန့်ပစ်ဘဲ ကပ္ပိယထံအပ်နှံထားရုံမျှဖြင့် တစ်နေ့တစ်ရက်ဖြစ်စေ ဆယ်ပါးသီလ စောင့်ကောင်းကြောင်းကို ဆရာများဆုံးဖြတ်ကြသည်။

အဘိဓမ္မာသဘောအရ စဉ်းစားလျှင်လည်း ရွှေငွေကို မကိုင်ဆောင်၊ မခံယူမသုံးစွဲလျှင် လောဘ ဒေါသလျော့နည်း၍ ကုသိုလ်စိတ်များ ပိုမိုဖြစ်ပွယ်ရာရှိသဖြင့် ဆယ်ပါးသီလကို မစောင့်ကောင်းစရာ အကြောင်းမမြင်ပါ။ ယခုအခါ မိမိ၏စည်းစိမ်ဥစ္စာကို လုံးဝမစွန့်ပစ်ဘဲ ဒုလ္လဘရဟန်းပင်ဝတ်နိုင်လျှင် ဆယ်ပါးသီလ မစောင့်ထိန်းနိုင်စရာ အကြောင်းမရှိပါ။

သို့သော် လက်မှာရွှေလက်စွပ်စသည်ကို ဝတ်ခြင်း၊ နားမှာလည်ပင်းမှာလည်း စိန်နားကပ်၊ ရွှေလည်ဆွဲစသည်ကို ဝတ်ဆင်ခြင်းတို့သည် မာလာဂန္ဓသိက္ခာပုဒ်တွင် ပါဝင်သဖြင့် ဆယ်ပါးသီလကို မဆိုထားဘိ ရှစ်ပါးသီလနှင့်ပင် မသင့်လျော်ချေ။

(အရှင် ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်၊ နှာ ၁၉၄–၁၉၇)ကိုရှုပါ။

http://www.dhammadownload.com



## သီလကျိုးပေါက်ပျက်စီးခြင်း

ဥပုသ်သီလ ဆောက်တည်နေသည့်အခါ သီလ မကျိုး မပေါက် မပြောက်မကျားအောင် သတိဆောင်၍ ကြိုးစားစောင့်ထိန်းရမည်။

သီလသိက္ခာပုဒ်များတွင် အစသိက္ခာပုဒ်ဖြစ်စေ အဆုံးသိက္ခာပုဒ် ဖြစ်စေ ပျက်စီးသွားလျှင် **"ဥပုသ်ကျိုးသည်"**ဟုဆို၏။ ထိုသို့ မပျက်စီးလျှင်"ဥပုသ်မကျိုးမပြတ်"ဟုဆို၏။

သီလသိက္ခာပုဒ်များအနက် အတွင်းသိက္ခာပုဒ်တစ်ပါးပါး ပျက်စီးလျှင် **"သီလပေါက်သည်"**မည်၏၊ အဝတ်ပိုင်းတစ်ခု၌ အလယ်က ပေါက်သကဲ့သို့တည်း။ အတွင်းသိက္ခာပုဒ်များ မပျက်စီးလျှင် "သီလမပေါက်"ဟု ဆို၏။

သီလသိက္ခာပုဒ်များအနက် အတွင်းသိက္ခာပုဒ်များက အစဉ်အတိုင်း တစ်ဆက်တည်းမဟုတ်ဘဲ ဟိုတစ်ခု ဒီတစ်ခု ပျက်စီးလျှင် **"သီလပြောက်သည်"**ဟုဆို၏၊ နွား၌ "ဝါစေ့ပြောက်"သကဲ့သို့တည်း။ ထိုသို့ မပျက်စီးလျှင် "သီလမပြောက်"ဟု ဆို၏။

သီလသိက္ခာပုဒ်များအနက် သိက္ခာပုဒ်နှစ်ပါးသုံးပါးဆက်၍ ပျက်စီးသွားသည်ကို **"သီလကျားသည်"** ဟု ခေါ်၏၊ နွားကြောင် နွားကျားများနှင့် တူ၏။ ထိုသို့ သိက္ခာပုဒ် မပျက်စီးလျှင် "သီလမကျား"ဟုခေါ်၏။

သီလဆောက်တည်စဉ်က တစ်ပါးစီခွဲခြား၍ ရွတ်ဆိုဆောက်တည်ထားလျှင် သိက္ခာပုဒ် တစ်ပါး နှစ်ပါး ပျက်စီးသော်လည်း ကျန်သိက္ခာပုဒ်များ မပျက်စီးပါ၊ ကျန်သိက္ခာပုဒ်များကို ဆက်လက်ဆောက်တည်သွားသည့်အတွက် အကျိုးရှိပါသေးသည်။

http://www.dhammadownload.com



သိက္ခာပုဒ်များအားလုံး ပျက်စီးသွားလျှင်ဖြစ်စေ၊ သိက္ခာပုဒ်များကို ဆက်လက်၍ မစောင့်ထိန်းလျှင်ဖြစ်စေ သီလ လုံး၀ ပျက်စီးသွားသည်ဟု ဆိုရ၏။

အချိန်ကာလ အပိုင်းအခြားပြု၍ ဆောက်တည်ကျင့်သုံးသော သီလကို **"ကာလပရိယန္တသီလ"**ဟုခေါ်၏။ အချိန်ကာလအပိုင်းအခြား မရှိ အသက်ရှင်သရွေ့ ဆောက်တည်ကျင့်သုံးသောသီလကို **"အာပါ-ဏကောဋိကသီလ"**ဟုခေါ်၏။

သီလပျက်စီးခြင်း၏ အကြောင်း ၅-ပါးရှိ၏-

၁။ **လာဘ်ကြောင့်ပျက်စီးခြင်း**-လာဘ်လာဘ ပစ္စည်းဥစ္စာတို့သည် လူ၏ ပကတိစိတ်ကို ဖောက်လွဲဖောက်ပြန်ဖြစ်စေ၏။ လာဘ်လာဘ ၀တ္ထုအာရုံ ကာမဂုဏ်ကို ရယူလိုသော လောဘကြောင့် သူ့အသက်ကိုလည်း သတ်မိ၏၊ သူ့ဥစ္စာကိုလည်း ခိုးယူတတ်၏၊ သူတစ်ပါး၏ သားမယားကိုလည်း ဖျက်ဆီးမိ၏၊ သူတစ်ပါး၏ ဥစ္စာကို မတရားရယူဖို့လည်း ကြံစည်မိတတ်၏။

၂။ **အခြံအရံကြောင့် ပျက်စီးခြင်း**- အခြံအရံ မိတ်ဆွေ သင်္ဂဟတို့သည် မိမိနှင့် သံယောဇဉ်ကြိုးချင်း ဆက်စပ်နေကြ၏။ ထိုသူတို့၏ အကောင်းအဆိုးကို အမှီပြု၍ မိမိကျင့်သုံးသောသီလ ပျက်စီးတတ်၏။

၃။ **ဆွေမျိုးကြောင့် ပျက်စီးခြင်း**-ဇနီးသားသမီး၊ ဆွေမျိုးတို့သည် မိမိနှင့် အလွန်နီးစပ်သော ချစ်ကျွမ်း၀င်သော ပုဂ္ဂိုလ်များဖြစ်၏။ ထိုသူတို့၏ အကောင်းအဆိုးကို အမှီပြု၍လည်း မိမိ၏သီလ ပျက်စီးတတ်၏။

၄။ **ကိုယ်အင်္ဂါကြောင့် ပျက်စီးခြင်း**-မိမိကိုယ်အင်္ဂါ ထိခိုက်

http://www.dhammadownload.com



နစ်နာပျက်စီးမည်ကို စိုးရွံ့ငဲ့ကွက်သည့်အတွက်လည်း မိမိ၏သီလ ပျက်စီးတတ်၏။

၅။ **အသက်ကြောင့် ပျက်စီးခြင်း**-မိမိ၏အသက် ပျက်စီးဆုံးရှုံးမည်ကို ငဲ့ကွက်၍လည်း မိမိ၏သီလ ပျက်စီးနိုင်၏။

## သီလညစ်ညူးခြင်း

မိမိစောင့်ထိန်းထားသော သီလသည် ကျိုးပေါက် ပြောက်ကျားခြင်းကြောင့်လည်း ညစ်နွမ်း၏၊ အောက်ပါ **မေထုန်ငယ်ခုနစ်ပါး** ကြောင့်လည်း ညစ်ညူးသွားနိုင်၏။

(၁) အမျိုးသမီး၏ ကိုယ်လက်နှင့် လိမ်းကျံပွတ်သပ်ပေးသည်ကို သာယာခြင်း၊

(၂) အမျိုးသမီးနှင့် အတူရယ်ရွှင်ပျော်ပါး ကစားမြူးတူးခြင်း၊

(၃) အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် ပြိုင်ကြည့်နေရသည်ကို သာယာခြင်း၊

(၄) အမျိုးသမီး၏ ရယ်မောသံ၊ စကားပြောသံ၊ သီချင်းဆိုသံ စသည်တို့ကို နားထောင်ကာ သာယာနေခြင်း၊

(၅) ရှေးက ခံစားခဲ့ဖူးသော ကာမဂုဏ်ကို အာရုံယူ၍ သာယာနေခြင်း၊

(၆) သူတစ်ပါးတို့ စည်းစိမ်ခံစားနေသည်ကို အာရုံပြု၍ သာယာနေခြင်း၊

(၇) မိမိကျင့်သုံးသော သီလဖြင့် နတ်စည်းစိမ်ကို တောင့်တကာ သာယာနေခြင်းတို့ ဖြစ်သည်။

အမျိုးသမီးများအတွက်လည်း အမျိုးသားများနည်းတူ မှတ်ယူရာ၏။

http://www.dhammadownload.com



ထို့အပြင် အောက်ပါယုတ်ညံ့သော တရားဆိုးများကြောင့်လည်း သီလညစ်နွမ်းခြင်း ဖြစ်ရ၏။

ကောဓ=အမျက်ထွက်ခြင်း
ဥပနာဟ=ရန်ငြိုးဖွဲ့ခြင်း
မက္ခ=သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း
ပဠာသ=ဖက်ပြိုင်တုပခြင်း
ဣဿာ=ကိုယ့်ထက်သာ မနာလိုခြင်း
မစ္ဆရိယ=မိမိ၏ပစ္စည်းဥစ္စာကို နှမြောတွန့်တိုဝန်တိုခြင်း
မာယာ=မိမိ၏ အပြစ်ကို ဖုံးကွယ်ထားခြင်း
သာဌေယျ=မိမိ၌မရှိသောဂုဏ်ကို ရှိလေဟန် ဟန်ဆောင်ခြင်း။

## သီလစင်ကြယ်ခြင်း

သီလစင်ကြယ်ခြင်း၏ အင်္ဂါ(၇)ပါးရှိ၏၊

(၁) သီလမကျိုးမပြတ်အောင် စောင့်ထိန်းခြင်း၊
(၂) သီလမပေါက်အောင် စောင့်ထိန်းခြင်း၊
(၃) သီလမပြောက်အောင် ကျင့်သုံးခြင်း၊
(၄) သီလမကျားအောင် ကျင့်သုံးခြင်း၊
(၅) တဏှာကို တော်လှန်နိုင်ခြင်း၊ မေထုန်ငယ်များကို ဖယ်ရှားနိုင်ခြင်း၊
(၆) သီလနှင့် စပ်၍ တဏှာ–ဒိဋ္ဌိ မဖြစ်ခြင်း၊
(၇) ပညာရှိတို့ ချီးမွမ်းခြင်း။

ဤအင်္ဂါ (၇)ပါးနှင့် ပြည့်စုံသော သီလသည်သာ သမာဓိကို ဖြစ်စေနိုင်၏။ သမာဓိကို ဖြစ်စေလိုသော သူသည် ဤအင်္ဂါ(၇)ပါးနှင့် ပြည့်မှီအောင် မိမိ၏သီလကို ဆောက်တည်ရမည်။

http://www.dhammadownload.com



ရစ်မသည် မိမိ၏ အသက်ကို မငဲ့ကွက်ဘဲ မိမိ၏ ဥကို စောင့်ရှောက်သကဲ့သို့၊ စာမရီသားကောင်သည် အသက်ကိုစွန့်ပြီး မိမိ၏အမြီးဆံကို စောင့်ရှောက်သကဲ့သို့၊ မိခင်သည် မိမိ၏ တစ်ဦးတည်းသောသားကို ပြုစုစောင့်ရှောက်သကဲ့သို့၊ မျက်စိတစ်လုံးကန်းသူသည် ကျန်သောမျက်စိကို ဂရုတစိုက် စောင့်ရှောက်ဘိသကဲ့သို့၊ သူတော်ကောင်းတို့သည်လည်း မိမိ၏ သီလကို ချစ်ခင်ယုယစွာ စောင့်ရှောက်ထိန်းသိမ်းကြရာ၏။

တစ်ဖန် သိက္ခာသုံးပါးတွင် သီလသိက္ခာသည် အခြေခံ အုတ်မြစ်ဖြစ်၏၊ ဤအုတ်မြစ်ကို ချပြီးလျှင် သမာဓိသိက္ခာ ပညာသိက္ခာတို့ကို ဆက်လက်ထူထောင်သင့်၏။

မြေကိုရှင်းလင်းညီညွတ်အောင် ပြုပြင်ပြီးလျှင် အဆောက်အဦကို ဆက်ဆောက်သင့်၏။ မြေကိုပြုပြင်ရုံသာ ပြုပြင်ပြီး အဆောက်အဦကို မတည်ဆောက်ခဲ့သော် နွယ်မြက်သစ်ပင်များ တစ်ဖန် ပေါက်လာကြလိမ့်မည်။

ထို့အတူ သီလစောင့်ရုံမျှသာ စောင့်ပြီး တတ်စွမ်းသလောက် သမာဓိပညာတို့ကို ဆက်လက်၍ မထူထောင်လျှင် အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း၊ သူတစ်ပါးကို အဖျင်းပြုခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်း၊ လှည့်ပတ်ခြင်း၊ မရှိသောဂုဏ်ကို ရှိလေဟန် ဟန်ဆောင်ခြင်း၊ ကြွားဝါပလွှားခြင်း၊ ခက်ထန်ကြမ်းကြုတ်ခြင်း၊ သူတစ်ပါးကို ချုပ်ချယ်ခြင်း၊ ငါတကားဟု ထောင်လွှားခြင်း၊ အလွန်မာန်မူခြင်း၊ မာန်ယစ်ခြင်း၊ မေ့လျော့ခြင်း စသော အကုသိုလ်တရားဆိုးဟူသည့် မြက်ပင်ခြုံနွယ်များသည် မကြာမတင်ပင်လျှင် ပေါက်ရောက်လာလိမ့်မည်။

ဤသို့ သီလမညစ်ညူးအောင် ဘာဝနာပွားခြင်းဖြင့် စိတ်ကို

http://www.dhammadownload.com



ဖြူစင်စေရမည်။ စိတ်ဓာတ်ဖြူစင်စွာ ကျင့်သုံးသော သီလသည် တဏှာကျွန်အဖြစ်မှ လွတ်မြောက်နိုင်သည့်အတွက် "**ဘုဇိဿသီလ**"ဟု အမည်ရ၏၊ ပညာရှိများ ချီးမွမ်းအပ်သည့်အတွက် "**ဝိညုပသဋ္ဌ သီလ**"ဟု အမည်တွင်၏၊ သမာဓိကို ဖြစ်ပွားစေသည့်အတွက် "**သမာဓိသံဝတ္တနိကသီလ**"ဟုလည်း အမည်ရ၏။

## ဒုစရိုက်ရှောင်ကြဉ်မှုအဆင့်ဆင့်

ကာယဒုစရိုက် ၃–ပါးနှင့် ဝစီဒုစရိုက် ၄–ပါးတို့မှ ရှောင်ကြဉ်ခြင်းကို ဝိရတီဟု ခေါ်၏၊ ဝိရတီ ၃–မျိုးရှိ၏။

(၁) သမာဒါနဝိရတီ = ရှောင်ကြဉ်ရန်ဆောက်တည်ခြင်း၊
(၂) သမ္ပတ္တဝိရတီ = ရင်ဆိုင်တွေ့သောအခါ ရှောင်ကြဉ်ခြင်း၊
(၃) သမုစ္ဆေဒဝိရတီ = အကြွင်းမဲ့ ဖြတ်တောက်ပယ်ခွာ၍ ရှောင်ကြဉ်ခြင်း၊

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် နံနက်အိပ်ရာမှထ၍ မျက်နှာသစ်ပြီးလျှင် ဘုရားရှိခိုးကာ ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ကို ခံယူဆောက်တည်ကြ၏၊ ဤသို့ သူ့အသက်မသတ်ရန် သူ့ဥစ္စာမခိုးရန်၊ သူ့သားမယားကို မဖျက်ဆီးရန်၊ လိမ်မပြောရန်၊ သေရည်သေရက်မူးယစ်ဆေးဝါး မသုံးစွဲရန် စသည်ဖြင့် ကြိုတင်၍ ခံယူဆောက်တည်ခြင်းသည် သမာဒါနဝိရတီ ဖြစ်ပြီး စေတနာသီလဟု အမည်ရ၏။

သီဟိုဠ်ကျွန်းတွင် လယ်သမားတစ်ဦးသည် နွားပျောက်သဖြင့် နွားလိုက်ရှာရာ တောအုပ်အတွင်း၌ စပါးကြီးမြွေတစ်ကောင်နှင့် ရင်ဆိုင်တိုးမိ၏။ စပါးကြီးမြွေသည် ထိုလယ်သမားကို ရစ်ပတ်၏၊

http://www.dhammadownload.com



လယ်သမားသည် လက်ထဲ၌ပါလာသော ထင်းခုတ်ဓားဖြင့် စပါးကြီးမြွေကို ခုတ်ဖြတ်ရန် ရည်ရွယ်ပြီးမှ နံနက်စောစောက မိမိခံယူဆောက်တည်ထားသော သီလကို သတိရသဖြင့် "ငါ အသက်သေချင်သေပါစေတော့၊ သူတစ်ပါးအသက်ကို မသတ်တော့ဘူး"ဟု ဆုံးဖြတ်ကာ ဓားကိုပစ်လွှတ်လိုက်၏။

လယ်သမားသည် မျက်စိမှိတ်၍ မိမိဆောက်တည်ထားသော သီလကို ဆင်ခြင်အောက်မေ့နေ၏။ ဤသို့ ဆင်ခြင်နေသော သီလတန်ခိုးကြောင့် စပါးကြီးမြွေသည် ဆက်လက်ရစ်ပတ်ခြင်း မပြုနိုင်တော့ဘဲ ထွက်ခွာသွားတော့၏။

ဤကဲ့သို့ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသော်လည်း မိမိဆောက်တည်ထားသည့် သီလကို စောင့်ထိန်းနိုင်ခြင်းသည် သမာဒါနဝိရတိဖြစ်ပြီး ဝိရတိသီလဟု အမည်ရ၏။ လွန်ကျူးစရာအကြောင်းနှင့် မကြုံတွေ့မိ ကြိုတင်ရှောင်ကြဉ်ခြင်းသည် လွယ်ကူ၏။ လွန်ကျူးစရာအကြောင်းနှင့် ရင်ဆိုင်တွေ့လာသောအခါ မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်းသည် ပို၍ခဲယဉ်း၏။ ခြင်မကိုက်မီ ခြင်မသတ်ပါဘူးဟု ခံယူဆောက်တည်ရန် လွယ်၏။ ခြင်သဲသဲမဲမဲကိုက်နေသည့်အခါ ဒေါသကို ချုပ်ထိန်း၍ ခြင်ကို မသတ်ဘဲ ရှောင်ကြဉ်ရန်မှာ ပို၍ခဲယဉ်း၏။

လွန်ကျူးစရာ ဝတ္ထုနှင့် ရင်ဆိုင်တွေ့သည့်အခါ မလွန်ကျူးမိအောင် စောင့်ထိန်းခြင်း၊ ရှောင်ကြဉ်ခြင်းသည် **သမ္ပတ္တဝိရတိ**ဖြစ်၏။ မြောက်ကျွန်းသူ ကျွန်းသားတို့သည် တမင်တကာ သီလခံယူဆောက်တည်ထားခြင်း မရှိဘဲလျက် သူ့အသက်သတ်ခြင်း စသည့် ဒုစရိုက်မှုများနှင့် ဆုံတွေ့လျှင် ရှောင်ကြဉ်ကြ၏။ ထိုသူတို့သည် ပင်ကိုယ်ပကတိအားဖြင့် သီလကို စောင့်ထိန်းခြင်းဖြစ်၏။

http://www.dhammadownload.com



ဤသို့ သီလကို ကြိုတင်ခံယူဆောက်တည်မှုမရှိဘဲ လွန်ကျူးစရာ အာရုံဝတ္ထုနှင့် ရင်ဆိုင်တွေ့သောအခါ မလွန်ကျူးဘဲ ရှောင်ကြဉ်နိုင်မှုသည် သမ္ပတ္တဝိရတိဖြစ်၏။ သီဟိုဠ်ကျွန်း၌ **စက္ကန**အမည်ရှိသော သူငယ်သည် မိခင်အား ဓာတ်စာကျွေးရန် ယုန်ငယ်တစ်ကောင်ကို ဖမ်းမိပြီးမှ သနားကြင်နာ၍ ပြန်လွှတ်လိုက်၏။ ဤသို့ သတ်ရန် ကြံစည်ပြီးမှ သနားကြင်နာ၍ အကုသိုလ်ဖြစ်မည်စိုး၍ မသတ်ဘဲ ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတိဖြစ်၏။

ကာယဒုစရိုက် ၃–ပါး၊ ဝစီဒုစရိုက် ၄–ပါး၊ မနောဒုစရိုက် ၃–ပါးတို့ကို ကျူးလွန်ခြင်းသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသည့် ကိလေသာတို့ အရင်းခံသောကြောင့် ဖြစ်၏။ ထိုမူလ အကြောင်းရင်းဖြစ်သော ကိလေသာတရားတို့ကို အရိယမဂ်တို့ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီးသည့်အခါ ဒုစရိုက်အမှုများကို လွန်ကျူးစရာ အကြောင်း မရှိတော့ချေ။

ဤသို့ ကိလေသာတရားတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီး ဒုစရိုက်အမှုများကို အမြဲထာဝရ ရှောင်ကြဉ်နိုင်ခြင်းသည် **သမုစ္ဆေဒဝိရတိ** ဖြစ်၏။

ပုထုဇဉ်ပုဂ္ဂိုလ်များသည် သမာဒါနဝိရတိနှင့် သမ္ပတ္တဝိရတိတို့ကို စောင့်ထိန်းနိုင်လျှင် သီလကို ဖြူစင်စွာ စောင့်ထိန်းနိုင်မည် ဖြစ်သည်။

## မနောဒုစရိုက်များကို ရှောင်ကြဉ်ခြင်း

သူတစ်ပါး၏ စည်းစိမ်ဥစ္စာကို မြင်သည့်အခါ လိုချင်တပ်မက်၍ မတရားရယူရန် ကြံစည်ခြင်း၊ "ဤစည်းစိမ်ဥစ္စာတို့သည် ငါ၏

http://www.dhammadownload.com



စည်းစိမ်ဥစ္စာတို့ ဖြစ်ပါမူ ကောင်းလေစွ”ဟု ကြံစည်ခြင်းသည် **အဘိဇ္ဈာ**ဟူသော မနောဒုစရိုက်ဖြစ်၏။ အဘိဇ္ဈာ၏ တရားကိုယ်မှာ လောဘဖြစ်၏။

အဇာတသတ်မင်းသားကလေးသည် ခမည်းတော် ဗိမ္ဗိသာရမင်းနှင့် အတူ ဇောတိကသူဌေးကြီး၏ ပတ္တမြားဗိမာန်ကို သွားရောက်လည်ပတ်သောအခါ ပတ္တမြားဗိမာန်ကို လိုချင်၏။ “ငါ၏ခမည်းတော်သည် ညှံ့ဖျင်းလေစွ၊ ငါသာ ရှင်ဘုရင်ဖြစ်ပါမူ ဤပတ္တမြားဗိမာန်ကို သိမ်းပိုက်လိုက်မည်”ဟု ကြံစည်၏။ ဤကား အဘိဇ္ဈာဖြစ်ခြင်းတည်း။

လောဘကို အလောဘဖြင့် ဖယ်ရှားနိုင်၏။ လောဘသည် လိုချင်တပ်မက်သည့်သဘောဖြစ်ပြီး အလောဘသည် မလိုချင် မတပ်မက်သောသဘောဖြစ်၏။ သူတစ်ပါးပစ္စည်းကို မတရားယူလိုခြင်းသည် ယုတ်ညံ့သောမကောင်းမှုဖြစ်၍ ရှက်စရာကောင်းသည့်အပြင် သူတစ်ပါးတို့ ကဲ့ရဲ့ရှုတ်ချခြင်းဘေး၊ မင်းဘေး၊ အပါယ်ဘေးတို့နှင့် ဆက်စပ်နေ၏။ ဤသို့ ဉာဏ်ပညာနှင့် ဆင်ခြင်၍ အလောဘစေတသိက်ကို ဖြစ်စေကာ အဘိဇ္ဈာကို ဖယ်ရှားရမည်။

ထိုကဲ့သို့ အဘိဇ္ဈာမနောဒုစရိုက် မဖြစ်ရအောင် အဘိဇ္ဈာမနောဒုစရိုက်ကို ဖယ်ရှားသော အလောဘစေတသိက်သည် **အနဘိဇ္ဈာသီလ** မည်၏။

“မိမိနှင့်ပြိုင်ဘက်ရန်သူ ပျက်စီးပါစေ၊ သေပါစေ၊ ခြင်၊ ယင်၊ ကြမ်းပိုးတွေကို သတ်ပစ်ရင်ကောင်းမှာပဲ”စသည်ဖြင့် သူတစ်ပါးကို ဖျက်ဆီးရန် ကြံစည်ခြင်းသည် **ဗျာပါဒမနောဒုစရိုက်** ဖြစ်၏။ ဗျာပါဒ၏ တရားကိုယ်မှာ ဒေါသစေတသိက်ဖြစ်၏။

အဇာတသတ်မင်းသည် ဒေဝဒတ်ကို ဆရာတင်ပြီး ခမည်းတော် ဗိမ္ဗိသာရမင်းကိုသတ်ကာ ဘုရင်လုပ်ရန် ကြံစည်၏။ ထိုသို့

http://www.dhammadownload.com



သတ်ဖြတ်ရန် ကြံစည်ခြင်းသည် ဗျာပါဒမနောဒုစရိုက်ဖြစ်ပြီး ရှင်ဘုရင် စည်းစိမ်ကို ရယူရန် ကြံစည်ခြင်းသည် အဘိဇ္ဈာမနောဒုစရိုက်ဖြစ်၏။

သူတစ်ပါးတို့ကို သတ်ဖြတ်ရန် ကြံစည်ခြင်းသည် ယုတ်ညံ့သော မတရားမှုဖြစ်၍ ရှက်စရာကောင်း၏၊ အပါယ်ဘေးနှင့်လည်း ဆက်စပ်နေ၏။ ဤသို့ ကံ-ကံ၏အကျိုးကို သိမြင်ကာ ပညာဖြင့် ဆင်ခြင်၍ ဗျာပါဒကို အဗျာပါဒဖြင့် ဖယ်ရှားရမည်။ အဗျာပါဒ၏ တရားကိုယ်သည် အဒေါသစေတသိက်ဖြစ်၏။

ဒေါသသည် ကြမ်းတမ်းခက်ထန်၍ ဖျက်ဆီးခြင်းသဘော ရှိ၏။ အဒေါသသည် နူးညံ့သိမ်မွေ့၍ ခွင့်လွှတ်သည်းခံခြင်းသဘော (ခန္တီ)၊ မဖျက်ဆီးဘဲ ဘေးရန်အန္တရာယ်ကင်းစေလိုသောသဘော၊ ချစ်ခင်ခြင်းသဘော(မေတ္တာ)ဖြစ်၏။

ထိုကဲ့သို့ ဗျာပါဒဒုစရိုက်မဖြစ်ရအောင် ဗျာပါဒမနောဒုစရိုက် ကို ဖယ်ရှားသော အဒေါသစေတသိက်သည် **အဗျာပါဒသီလ**မည်၏။

ကံ-ကံ၏အကျိုးမရှိ၊ အတိတ်ဘဝ တမလွန်ဘဝဟူ၍မရှိ၊ လှူဒါန်းခြင်း၌ အကျိုးမရှိ စသည်ဖြင့် လွဲမှားစွာ ယူဆခြင်းသည် **မိစ္ဆာဒိဋ္ဌိမနောဒုစရိုက်**ဖြစ်၏။ တရားကိုယ်မှာ မှားယွင်းစွာ ယူဆခြင်း သဘောရှိသော ဒိဋ္ဌိစေတသိက်ဖြစ်၏။

ထိုမိစ္ဆာဒိဋ္ဌိကို အမောဟစေတသိက်ဖြင့် တွန်းလှန်ဖယ်ရှား နိုင်၏။ အမောဟသည် ကံ-ကံ၏အကျိုးနှင့်တကွ ရုပ်နာမ်သဘော၊ အရိယသစ္စာသဘောတို့ကို သိမြင်နိုင်သော ဉာဏ်ပညာဖြစ်၏။

မိစ္ဆာဒိဋ္ဌိမနောဒုစရိုက် မဖြစ်ရအောင် မိစ္ဆာဒိဋ္ဌိမနောဒုစရိုက်ကို ဖယ်ရှားသော အမောဟစေတသိက်သည် **သမ္မာဒိဋ္ဌိသီလ**ဟု အမည် ရ၏။

အဘိဇ္ဈာ-ဗျာပါဒ-မိစ္ဆာဒိဋ္ဌိတည်းဟူသော မနောဒုစရိုက်

http://www.dhammadownload.com



သုံးပါးရှိလျှင် ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို လွန်ကျူးမှုများလည်း ဖြစ်ပေါ်လာနိုင်သည်။ သို့အတွက် အရင်းအမြစ်ဖြစ်သော မနောဒုစရိုက် ၃–ပါးကို ချိုးနှိမ်ဖယ်ရှားနိုင်မှသာလျှင် ကာယဒုစရိုက်၊ ဝစီဒုစရိုက် တို့ကို လွန်ကျူးမှုမရှိ မဖြစ်ပေါ်ဘဲ သီလကောင်းစွာ လုံခြုံဖြူစင်သွားမည် ဖြစ်၏။

အဘိဇ္ဈာ–ဗျာပါဒ–မိစ္ဆာဒိဋ္ဌိတို့ကို ချိုးနှိမ်ဖယ်ရှားရန် အကောင်းဆုံးသောနည်းမှာ ဗုဒ္ဓါနုဿတိ၊ မေတ္တာဘာဝနာ စသည့် ဘာဝနာတစ်မျိုးမျိုးကို ရှုပွားနေခြင်းဖြစ်သည်။ ထိုသို့ ဘာဝနာရှုပွားနေသည့်အခါ ကိလေသာများ ဖြစ်ပေါ်မှုမရှိဘဲ ကုသိုလ်တရားတို့သာလျှင် တိုးပွားနေသည့်အတွက် စောင့်ထိန်းထားသော သီလသည်လည်း ကောင်းစွာ လုံခြုံဖြူစင်နေမည် ဖြစ်သတည်း။

## သီလအယုတ်အမြတ် ခွဲခြားခြင်း

၁။ "ငါသီလစောင့်ထိန်းတဲ့အတွက် နတ်စည်းစိမ်၊ သူဌေးစည်းစိမ်ရမှာပဲ" စသည်ဖြင့် တဏှာ ဒိဋ္ဌိတို့နှင့်ယှဉ်စပ်၍ စောင့်ထိန်းသော သီလကို **နိဿိတသီလ**ဟု ခေါ်၏။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်ရွယ်ပြီး စောင့်ထိန်းသည့်သီလကို "**အနိဿိတသီလ**"ဟု ခေါ်၏။ အနိဿိတသီလသည် နိဿိတသီလ ထက် မြတ်၏။

၂။ လောက၌ စောင့်ထိန်းအပ်သော သီလအမျိုးမျိုးကို "**လောကီသီလ**"ဟု ခေါ်၏။ မဂ်စိတ်နှင့်ယှဉ်သော သီလမဂ္ဂင်သုံးပါးကို "**လောကုတ္တရာသီလ**"ဟုခေါ်၏။ လောကုတ္တရာသီလက လောကီသီလထက် ပိုမြတ်၏။

http://www.dhammadownload.com



၃။ ယုတ်လျော့ ညံ့ဖျင်းသော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ (ပညာ)တို့ဖြင့် ဆောက်တည်သော သီလကို **"ဟီနသီလ"** (အညံ့စားသီလ)ဟု ခေါ်၏။ အလယ်အလတ်ဖြစ်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဆောက်တည်သောသီလကို **"မဇ္ဈိမသီလ"** (အလတ်စားသီလ)ဟု ခေါ်၏။ အမွန်အမြတ်ဖြစ်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဆောက်တည်သော သီလကို **"ပဏီတသီလ"** (အမြတ်စားသီလ)ဟု ခေါ်၏။

၄။ တစ်နည်းအားဖြင့် သူတစ်ပါးအထင်ကြီးအောင် ဆောက်တည်သော သီလသည် **"ဟီနသီလ"** ဖြစ်၏။ ကောင်းမှုကုသိုလ်၏ အကျိုးကို လိုလား၍ စောင့်ထိန်းသော သီလသည် **"မဇ္ဈိမသီလ"** ဖြစ်၏။ လောကီအကျိုးကို မမျှော်မှန်းဘဲ မဂ်ဖိုလ်ရအောင် အခြေတည်၍ ဆောက်တည်သော သီလသည် **"ပဏီတသီလ"**ဖြစ်၏။

၅။ တစ်နည်းအားဖြင့် မိမိကို ချီးမြှောက်ပြီး သူတစ်ပါးကို နှိမ့်ချလိုစိတ်နှင့် စောင့်သုံးသော သီလသည် **"ဟီနသီလ"** ဖြစ်၏။ ချီးမြှောက်ခြင်း၊ နှိမ့်ချခြင်း မရှိဘဲ စောင့်ထိန်းသော သီလသည် **"မဇ္ဈိမသီလ"**ဖြစ်၏။ လောကုတ္တရာသီလသည် **"ပဏီတသီလ"** ဖြစ်၏။

၆။ တစ်နည်းအားဖြင့် တဏှာ၏ အစွမ်းဖြင့် ဘဝပြည့်စုံမှုကို လိုချင်တောင့်တ၍ စောင့်သုံးသောသီလသည် **"ဟီနသီလ"**ဖြစ်၏။ သံသရာဝဋ်ဆင်းရဲမှ မိမိကျွတ်လွတ်အောင် ဆောက်တည်သောသီလသည် **"မဇ္ဈိမသီလ"**ဖြစ်၏။ သတ္တဝါများကို ကယ်တင်ရန် ပါရမီမြောက် ဆောက်တည်သော ဘုရားလောင်းတို့၏ သီလမျိုးသည် **"ပဏီတသီလ"** ဖြစ်၏။

၇။ မိမိကိုယ်ကို ရှိသေလေးမြတ်သဖြင့် ကျင့်သုံးစောင့်ထိန်း

http://www.dhammadownload.com



သော သီလကို "**အတ္တာဓိပတေယျသီလ**"ဟု ခေါ်၏။ အများသတ္တဝါ ဟူသော လောကကြီးကို အလေးဂရုပြု၍ စောင့်သုံးသော သီလကို "**လောကာဓိပတေယျသီလ**"ဟု ခေါ်၏။ တရားတော်ကို ရိုသေလေးမြတ်ခြင်းဖြင့် ကျင့်သုံးဆောက်တည်သော သီလကို "**ဓမ္မာဓိပတေယျသီလ**"ဟု ခေါ်၏။ ဤသီလသုံးမျိုးသည် အယုတ်၊ အလတ်၊ အမြတ် အစီအစဉ်အတိုင်း ဖြစ်၏။

## စတုပါရိသုဒ္ဓိသီလ

ထက်ဝန်းကျင် စင်ကြယ်အောင် ဆောက်တည်အပ်သော သီလကြီး (၄)မျိုးကို စတုပါရိသုဒ္ဓိသီလဟု ခေါ်၏။ ရဟန်းတော်များသည် ဤသီလ (၄)မျိုးစလုံး စင်ကြယ်ပါမှ **သီလဝိသုဒ္ဓိ**=သီလစင်ကြယ်ခြင်းနှင့် ပြည့်စုံသည်ဟု ဆိုရ၏။

သမာဓိထူထောင်ရန် အလိုရှိသော ပုဂ္ဂိုလ်တို့သည် ဤသီလ (၄)မျိုးကို အထူးစင်ကြယ်အောင် စောင့်ရှောက်ဖို့ လိုအပ်၏။

စတုပါရိသုဒ္ဓိသီလ အမည်ရသော သီလ (၄)မျိုးမှာ–

(၁) ပါတိမောက္ခသံဝရသီလ

(၂) ဣန္ဒြိယသံဝရသီလ

(၃) အာဇီဝပါရိသုဒ္ဓိသီလ

(၄) ပစ္စယသန္နိဿိတသီလတို့ ဖြစ်ကြ၏။

ဤသီလ (၄)မျိုးကို **ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ**၌ အကျယ်ဖော်ပြထား၏၊ ဤတွင် လိုရင်းအကျဉ်းကို ဖော်ပြသွားပါမည်။

### (၁) ပါတိမောက္ခသံဝရသီလ

"ပါတိမောက္ခ"ဟူသည်မှာ အပါယ်ဆင်းရဲမှ ကျွတ်လွတ်

http://www.dhammadownload.com



စေတတ်သော စာရိတ္တ- ဝါရိတ္တအစွမ်းအားဖြင့် မြတ်စွာဘုရား ပညတ်တော်မူသော သီလဖြစ်၏။ ကိုယ် နှုတ် စောင့်စည်းမှုအတွက် ဆုံးမညွှန်ကြားထားတော်မူသော သီလသိက္ခာပုဒ်များမှာ အကျဉ်း ရေတွက်လျှင် ၂၂၇-သွယ်၊ အကျယ်ရေတွက်သော် ကုဋေကိုးထောင် တစ်ရာရှစ်ဆယ့်ငါးသန်းသုံးသောင်းခြောက်ထောင်ရှိ၏။

"သံဝရ"ဟူသည်မှာ ကာယဒွါရ၊ ဝစီဒွါရဟူသော တံခါး နှစ်ပေါက်မှ လောဘ ဒေါသ မောဟ စသည့် အကုသိုလ်မျိုး မတိုးဝင်နိုင်အောင် စောင့်စည်းပိတ်ဆို့ခြင်း ဖြစ်၏။

အလွန်များပြားသော ပါတိမောက်သိက္ခာပုဒ်များကို ရဟန်း သည် သာသနာတော်ကို ကြည်ညိုသည့် သဒ္ဓါတရား၏ စွမ်းအားဖြင့် လုံခြုံစေအပ်၏။

"ကိကီမည်သော ယစ်မသည် အသက်သေအံ့သည်ကို မငဲ့၊ မိမိ၏ ဥကို စောင့်ရှောက်၏။ စာမရီသားကောင့်သည် အသက် သေအံ့သည်ကိုမထောက်၊ မိမိ၏အမြီးဆံကို စောင့်ရှောက်၏။ တစ်ယောက်တည်းသာရှိသောသားကို မိဘတို့သည် အလွန်ချစ်လှ သည် ဖြစ်၍ အထူးစောင့်ရှောက်ကြ၏။ မျက်စိတစ်ဘက်သာရှိသော သူသည် ထိုမျက်မိကို အထူးဂရုပြု၍ စောင့်ရှောက်၏။ ထို့တူ သာလျှင် သီလကို အစဉ်စောင့်ရှောက်ကြကုန်လော့၊ သီလကို ကောင်းစွာ ချစ်ကြကုန်လော့၊ အခါခပ်သိမ်း ရိုသေသမှုပြု၍ ကျင့်ကြကုန်လော့"ဟူ၍ မြတ်စွာဘုရားသည် ရဟန်းတို့အား မိန့်ကြား တော်မူ၏။

"အို မင်းမြတ်၊ မဟာသမုဒ္ဒရာရေသည် ကမ်းကိုမလွန်သကဲ့ သို့၊ ထို့အတူပင်လျှင် ငါဘုရားသည် တပည့်သားတော်တို့အား

http://www.dhammadownload.com



အကြင်သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထိုသိက္ခာပုဒ်ကို ငါ၏ တပည့်သားတော်တို့သည် အသက်သေအံ့ဟူသော အကြောင်းကြောင့် လည်း မလွန်ကျူးကြကုန်”ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

ဥပမာသော်ကား– ဟိမဝန္တာတောအုပ်တစ်ခု၌ ခိုးသားဓားပြ တို့သည် မထေရ်တစ်ပါးကို နွယ်ငန်းတို့ဖြင့် တုပ်နှောင်ထား၏။ မထေရ်သည် ထားသည့်အတိုင်း လျောင်းနေရစဉ် ခုနစ်ရက်ပတ်လုံး ဝိပဿနာကို ရှုပွား၍ အနာဂါမ်အဖြစ်သို့ ရောက်ပြီး ထိုအရပ်၌ပင် စုတေတော်မူ၏။

သီဟိုဠ်ကျွန်း၌ မထေရ်တစ်ပါးကို ခိုးသူတို့ ဖမ်းဆီး၍ ဆင်သမားနွယ်ဖြင့် ချည်နှောင်တုပ်ဖွဲ့ထား၏၊ တောမီးလောင်၍ လာရာ ထိုမထေရ်သည် ထိုချည်နှောင်ထားသော နွယ်များကို မဖြတ်မူဘဲ ဝိပဿနာကိုပွားလျက် သမသီတိရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ပြုလေ၏။

## (၂) ဣန္ဒြိယသံဝရသီလ

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဒွါရ ခြောက်ပါး၌ ဆိုင်ရာအာရုံအသီးသီးတို့ ရိုက်ခတ်သည့်အခါ လောဘ၊ ဒေါသ၊ မောဟ စသည့် အကုသိုလ်တရားများကို မဖြစ်စေဘဲ ကုသိုလ်ဇောစိတ်များ ဖြစ်ပေါ်အောင် သတိဖြင့် စောင့်စည်းပိတ်ဆို့ ခြင်းကို ဣန္ဒြိယသံဝရသီလဟု ခေါ်၏။

“ရဟန်းသည် မျက်စိဖြင့် ရူပါရုံ(အဆင်း)ကို မြင်သောအခါ ဤသူကား မိန်းမ သို့မဟုတ် ယောကျ်ားတည်းဟု သိကြောင်း ဖြစ် သည့် အသွင်သဏ္ဍာန် မှတ်ဆိတ် သားမြတ်စသော အမှတ်နိမိတ်ကို မယူအပ်၊ ရာဂဖြစ်ကြောင်း သုဘနိမိတ်၊ ဒေါသဖြစ်ကြောင်း အသုဘ

http://www.dhammadownload.com



နိမိတ်တို့ကိုလည်း မယူအပ်၊ ကိလေသာတို့ကို အစဉ်မပြတ် အထပ်ထပ် အဖန်ဖန် ထင်ရှားပေါ်ထွက်လာအောင် ပြုတတ်သော အသေးစိတ် အမူအရာ(အနုဗျဥ္စန) ဖြစ်သော လက်ခြေရွေ့ဟန်၊ ရယ်ဟန်၊ ပြောဟန်၊ တရှူကြည့်ဟန်၊ တစောင်းကြည့်ဟန် စသည်တို့ကို မမှတ်မယူအပ်၊ မြင်သိစိတ်ဖြင့် မြင်သည့်အတိုင်းသာ တည်စေရမည်။

"ထို့အတူ နားဖြင့် သဒ္ဒါရုံ(အသံ)ကို ကြားသောအခါ ကြားသိစိတ်ဖြင့် ကြားသည့်အတိုင်းသာ တည်စေရမည်၊ နှာခေါင်းဖြင့် ဂန္ဓာရုံ(အနံ့)ကို သိသောအခါ နံသိစိတ်ဖြင့် နံသိသည့်အတိုင်းသာ တည်စေရမည်၊ လျှာဖြင့်ရသာရုံ(အရသာ)ကို စားသိသောအခါ စားသိစိတ်ဖြင့် စားသိသည့်အတိုင်းသာ တည်စေရမည်၊ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံ(အထိအတွေ့)ကို သိသောအခါ ထိသိစိတ်ဖြင့် ထိသိသည့် အတိုင်းသာ တည်စေရမည်၊ စိတ်ဖြင့် ဓမ္မာရုံ(စိတ်ကူးအကြံအစည်)ကို ကြံတွေးမိသည့်အခါ ကြံတွေးစိတ်ဖြင့် ကြံတွေးမိသည့်အတိုင်းသာ တည်စေရမည်"ဟု မြတ်စွာဘုရား ညွှန်ကြားတော်မူသည်။

ဣန္ဒြိယသံဝရသီလကို လုံခြုံအောင်မစောင့်ထိန်းနိုင်လျှင် ပါတိမောက္ခသံဝရသီလသည်လည်း လုံခြုံနိုင်စရာ အကြောင်းမရှိပေ။ ဥပမာအားဖြင့် မြို့တံခါးလေးပေါက်ကို မပိတ်မဆို့ဘဲ ဖွင့်လှစ်ထားသည်ဖြစ်အံ့၊ မြို့တွင်း၌ရှိသော အိမ်တံခါး ကျီတံခါး ဘဏ္ဍာတိုက်တံခါးကို ဘယ်လိုပင် ပိတ်ဆို့၍ထားစေကာမူ မြို့တွင်းရှိ ပစ္စည်းဘဏ္ဍာများကို မစောင့်ရှောက်အပ်၊ မလုံခြုံစေအပ်သည်ဖြစ်၏။ အကြောင်းမှာ မြို့တံခါးမှ ခိုးသူတို့သည် ဝင်ရောက်၍ အလိုရှိတိုင်း ပြုလုပ်နိုင်သော ကြောင့်တည်း။

တံခါးဟင်းလင်းပွင့်နေသောရွာကို ခိုးသူတို့ ညှင်းဆဲ

http://www.dhammadownload.com



နှိပ်စက်နိုင်သကဲ့သို့၊ အမိုးပျက်စီးနေသောအိမ်ကို မိုးရေတို့သည် ထက်ဝန်းကျင်မှ ဝင်ရောက်ဘိသကဲ့သို့ ဣန္ဒြေကို မစောင့်စည်းသော စိတ်ကိုလည်း ရာဂသည် ထက်ဝန်းကျင်မှ အစဉ်မပြတ်ဝင်နိုင်လေ၏။

**အနုရာဓမြို့**မှ အမျိုးသမီးတစ်ဦးသည် လင်ယောကျ်ားနှင့် ငြင်းခုံခိုက်ရန်ဖြစ်၏။ နောက်နေ့နံနက်စောစော၌ ထိုအမျိုးသမီးသည် မိမိကိုယ်ကိုလှပအောင် ဖြီးလိမ်းဝတ်ဆင်လျက် အနုရာဓမြို့မှထွက်၍ ဆွေမျိုးအိမ်သို့သွား၏။ လမ်းခရီးအကြား၌ စေတိယတောင်မှ အနုရာဓမြို့တွင်းသို့ ဆွမ်းခံကြွဝင်လာသော **မဟာတိဿမထေရ်ကြီး**ကို မြင်၏။ ထိုအခါ အမျိုးသမီးသည် ရာဂဖြင့်ဖောက်ပြန်သောစိတ်ရှိ၍ ပြင်းစွာ ရယ်မောလေ၏။

မထေရ်ကြီးသည် "ထိုတခိခိရယ်သောအသံကား အဘယ်သံနည်း"ဟု ကြည့်လိုက်ရာ အမျိုးသမီး၏သွားရိုးကိုမြင်သဖြင့် သွားရိုး၌ အရိုးစုဟူသော အမှတ်သညာကိုရ၏။ ထို့နောက် ရှေးက ရအပ်ဖူးသော အဋ္ဌိက(အရိုးစု)သညာ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အောက်မေ့၏။ ထိုအရပ်၌ ရပ်တည်လျက်ပင်လျှင် ထိုတိဿမထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုမိန်းမငယ်၏ ချစ်လင်သည် ခြေရာခံ၍ လိုက်လာရာ မထေရ်ကြီးကိုမြင်၍ "အရှင်ဘုရား၊ မိန်းမတစ်ယောက် ဒီလမ်းက သွားတာ မြင်လိုက်ပါသလား"ဟု မေးလျှောက်၏။

"အို သူတော်ကောင်း၊ ဤလမ်းမှသွားသောသူသည် မိန်းမလား ယောကျ်ားလား ငါသည်မသိ၊ စင်စစ်သော်ကား အရိုးစုတစ်ခုသည် ဤလမ်းမကြီးအတိုင်း သွားလေ၏"ဟု မထေရ်ကြီးကဖြေ၏။

ဤသို့ စက္ခုန္ဒြေတည်းဟူသော မျက်စိတံခါးပေါက်ကို

http://www.dhammadownload.com



သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့ခြင်းငှာ ကျင့်နိုင်သော သူကိုသာလျှင် စက္ခုန္ဒြေကို စောင့်စည်းနိုင်သူဟူ၍ ဆိုသင့်၏။

## (၃) အာဇီဝပါရိသုဒ္ဓိသီလ

ဤသီလသည် အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်၍ ထက်ဝန်းကျင် စင်ကြယ်အောင်စောင့်ထိန်းရသောသီလဖြစ်၏။ ဤသီလကို စောင့်ထိန်းရာတွင် အသက်မွေးခြင်းဟူသော အကြောင်းကြောင့် မြတ်စွာဘုရား ပညတ်ထားသော အောက်ပါသိက္ခာပုဒ် ငါးပါးကို ရှောင်ကြဉ်ရမည်။

(၁) ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ ဈာန်–မဂ်–ဖိုလ် မရပါဘဲလျက် ရသည်ဟု ပြောဆိုခြင်း၊

(၂) အောင်တမန် (ဝါ) အောင်သွယ်အဖြစ်ဆောင်ရွက်ခြင်း၊

(၃) မိမိရဟန္တာဖြစ်သည်ဟု ပြောဆိုဝန်ခံခြင်း၊

(၄) မနာမဖျားပါဘဲလျက် မိမိအကျိုးငှာ မွန်မြတ်သောဘောဇဉ် အာဟာရကို တောင်း၍သုံးဆောင်ခြင်း၊

(၅) မနာမဖျားပါဘဲလျက် မိမိအကျိုးငှာ ဟင်းကိုဖြစ်စေ၊ ထမင်းကို ဖြစ်စေ တောင်း၍သုံးဆောင်ခြင်းတို့ ဖြစ်သည်။

ထို့အပြင် အောက်ပါကဲ့သို့ ပြုမူပြောဆို၍လည်း အသက်မွေးဝမ်းကျောင်း မပြုရပါ။

(၁) မိမိအား အထင်ကြီးအောင် အံ့ဩဖွယ်ကို ပြုလုပ်ပြခြင်း၊ ဈာန်မဂ်ဖိုလ် ရသလိုလိုပြောဆိုခြင်း (ကုဟန)၊

(၂) ဒါယကာတို့အား မြှောက်ပင့်၍ပြောခြင်း၊ ချစ်ဖွယ်သောစကားကို အဖန်တလဲလဲပြောခြင်း၊ မလှူဘဲမနေနိုင်အောင် တရစ်ရစ် ပြောခြင်း၊ ကလေးသူငယ်တို့ကို ချီပိုးချော့မော့ခြင်း (လပန)၊

http://www.dhammadownload.com



(၃) မိမိလိုချင်ကြောင်း သို့မဟုတ် လိုချင်သည့်ပစ္စည်းကို အရိပ်နိမိတ်ပြ၍ ပြောဆိုခြင်း (နိမိတ္တကထာ)၊
(၄) ဒါယကာတို့သည် ဆဲရေးခံရမည်ကို ကြောက်ရွံ့၍ ပေးလှူလိမ့်မည်ဟူသော အလိုဆိုးဖြင့် ထိုသူတို့အား ဖိနှိပ်၍ပြောခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း၊ မခံသာအောင် ချီဆောင့်၍ပြောခြင်း၊ စောင်းချိတ်၍ ပြက်ရယ်ပြုခြင်း (နိပ္ပေသိကထာ)၊
(၅) ဤအိမ်မှရသော ဆွမ်းခဲဖွယ် စသည်ကို ထိုအိမ်သို့ပေးခြင်း၊ လာဘ်ဖြင့်လာဘ်ရအောင် သွေးဆောင်ခြင်း (လာဘေနလာဘနိဇိဂီသနတာ) တို့ ဖြစ်သည်။

တစ်ရံရောအခါ **အရှင်သာရိပုတ္တရာ**သည် အရှင်မဟာမောဂ္ဂလာန်နှင့်အတူ တောအုပ်တစ်ခု၌ သီတင်းသုံး၏။ အရှင်မဟာမောဂ္ဂလာန်သည် ညနေချမ်းအခါတွင် အရှင်သာရိပုတ္တရာထံလာရောက် ခစားရာ အရှင်သာရိပုတ္တရာ လျော်ခြင်းနေသည်ကိုမြင်၍ အကြောင်းကို မေး၏။

"လေနာရောဂါထသည့်အတွက် လျော်ခြင်းနေပါသည်"

"ငါ့ရှင်မှာ ရေးက ဤသို့ဖြစ်လတ်သော် အဘယ်ဆေးဝါးဖြင့် ချမ်းသာဖူးသနည်း"

"အို ငါ့ရှင်၊ လူ့ဘောင်မှာနေစဉ်အခါက ငါ၏မယ်တော်သည် ထောပတ်ပျားသကာ၊ ရေမနှောသောနို့ရည်ဖြင့်ချက်သော 'ဃနာထမင်း'ကို ပေး၏။ ထိုဃနာထမင်းဖြင့် ငါချမ်းသာဖူး၏။"

"အို ငါ့ရှင်၊ ထိုသို့ဖြစ်မူကား သင်နှင့်ငါတို့၏ ဘုန်းကံများရှိပါက နက်ဖြန်ခါ ဤသို့သဘောရှိသော ဃနာထမင်းကိုရလေရာ၏"

ထိုမထေရ်ကြီးနှစ်ပါးတို့ ပြောဆိုသောစကားတို့ကို စင်္ကြံဦးရှိသစ်ပင်စောင့်နတ်သည် ကြားသဖြင့် "နက်ဖြန်တွင် အရှင်နှစ်ပါးအား

http://www.dhammadownload.com



ယနာနို့ဆွမ်းဖြစ်စေအံ့”ဟုကြံစည်၏။ ထိုခဏ၌ပင် အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော ဒါယကာအိမ်သို့သွား၍ သားကြီးကို ဝင်ပူးကာ နှိပ်စက်လေ၏။

မိဘဆွေမျိုးများ စုဝေးရောက်လာသောအခါ နတ်ကဆို၏–

“သင်တို့သည် နက်ဖြန်ခါ အရှင်သာရိပုတ္တရာမထေရ်အား ထောပတ်ပျားသကာ ရေမနှောသည့်နို့ရည်ဖြင့် ချက်သော ယနာထမင်းကို ပေးလှူကြအံ့၊ သူငယ်ကိုချမ်းသာစေမည်”

“သင်မပြောသော်လည်း ငါတို့သည် မထေရ်တို့ကို အမြဲမပြတ် ဆွမ်းလှူဒါန်းကြပေ၏”ဟု မိဘတို့ကဆို၏။

နောက်နေ့တွင် နို့ယနာဆွမ်းကို စီရင်ကြ၏။ နံနက်စောစောအချိန်၌ ပင်လျှင် အရှင်မဟာမောဂ္ဂလာန်ကြွလာ၏။ အိမ်ရှင်တို့သည် မထေရ်၏သပိတ်ကိုယူပြီးလျှင် နို့ယနာဆွမ်းကို သပိတ်အပြည့်လှူဒါန်းကြ၏။ မထေရ်ကြွသွားမည့်အခြင်းအရာကိုပြသော် “အရှင်ဘုရား၊ ဘုဉ်းပေးတော်မူပါ၊ အရှင်ဘုရားတို့အား ထပ်မံ၍လှူဒါန်းပါဦးအံ့”ဟု အိမ်ရှင်တို့ဆိုကုန်၏။

သို့အတွက် အရှင်မဟာမောဂ္ဂလာန်သည် ထိုအိမ်၌ပင် ဆွမ်းဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပြီးသော် အိမ်ရှင်တို့သည် သပိတ်အပြည့်ပင် နို့ယနာဆွမ်းကို လောင်းလှူကြပြန်၏။ မထေရ်သည် အရှင်သာရိပုတ္တရာထံ ကြွသွား၍–

“အို ငါ့ရှင်၊ ယခုသုံးဆောင်တော်မူလော့”ဟု ဆိုပြီး ဆွမ်းသပိတ်ကို ကပ်၏။

အရှင်သာရိပုတ္တရာသည် ထိုနို့ယနာဆွမ်းကိုမြင်သော်“အလွန်နှစ်သက်ဖွယ်ရှိသော ဤဆွမ်းသည် အဘယ်အကြောင်းကြောင့်ဖြစ်လေသနည်း”ဟု ဆင်ခြင်၏။ သစ်ပင်စောင့်နတ်၏ ပယောဂကို

http://www.dhammadownload.com



မြင်သိတော်မူသဖြင့်–

"အို ငါ့ရှင်မောဂ္ဂလာန်၊ ဤဆွမ်းသည် သုံးဆောင်ခြင်းငှာ မထိုက်"ဟု ဆို၏။

အရှင်မဟာမောဂ္ဂလာန်သည် "ငါကဲ့သို့သောသူ ဆောင်ယူလာသောဆွမ်းကို မသုံးဆောင်လေတကား"ဟု စိတ်မျှမဖြစ်မူဘဲ တစ်ခွန်းတည်းသောစကားမျှဖြင့်ပင် သပိတ်နားခမ်းကိုကိုင်၍ သင့်လျော်ရာ အရပ်၌ မှောက်သွန်လေ၏။ နို့ဃနာဆွမ်း မြေကြီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အရှင်သာရိပုတ္တရာ၏ အနာရောဂါသည် ပျောက်ငြိမ်းလေ၏။ ထိုအခါမှစ၍ ၄၅–နှစ်တို့ကာလပတ်လုံး ထိုလေနာရောဂါသည် တစ်ဖန် မဖြစ်ပေါ်လာတော့ချေ။

"အို ငါ့ရှင်မောဂ္ဂလာန်၊ နှုတ်ဖြင့်ပြောဆိုတိုက်တွန်းမှုကြောင့် ဖြစ်ပေါ်လာသော နို့ဃနာဆွမ်းကို အူမအခွေခွေတို့သည် ဆာလောင်လှသောကြောင့် အပြင်သို့ထွက်၍ အစာရှာထွက်စေကာမူ သုံးဆောင်ခြင်းငှာ မသင့်လျော်ချေ"

အရှင်သာရိပုတ္တရာသည် ထိုသို့ မိန့်ဆိုပြီးလျှင် ဤသို့ ဥဒါန်းစကားကို မြွက်ဆို၏။

"နှုတ်ဖြင့်ပြောဆိုတိုက်တွန်းမှုကြောင့် ဖြစ်ပေါ်လာသော နို့ဃနာဆွမ်းကို ငါသည် အကယ်၍ စားမိသည်ဖြစ်အံ့၊ ငါ၏ အသက်မွေးခြင်းကို သူတော်ကောင်းတို့ ကဲ့ရဲ့အပ်သည်ဖြစ်ရာ၏။

"ငါ၏ အူခွေတို့သည် ဆာလောင်မွတ်သိပ်သည်ဖြစ်၍ မူလတည်ရာမှ ထွက်ကာ အပြင်၌ လှည့်လည်ကျက်စားစေကာမူ၊ အသက်ကိုစွန့်ရစေကာမူ၊ အသက်မွေးမှုကိုစောင့်ရှောက်သော အာဇီဝသီလကို မပျက်စေအံ့၊ ငါသည် မိမိ၏ စိတ်ကို နှစ်သက်စေအံ့၊ မလျှောက်ပတ်သောရှာမှီးခြင်းကို ရှောင်ကြဉ်ပေအံ့၊ ငါသည် ဘုရားရှင်

http://www.dhammadownload.com



ကိုယ်တော်မြတ် စက်ဆုပ်ရွံရှာတော်မူအပ်သော အနေသနမှုမျိုးကို အလျဉ်းပင်မပြုဘဲနေပါအံ့”

အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြီးပြည့်စုံစေအပ်၏။

## (၄) ပစ္စယသန္နိဿိတသီလ

ဤသီလအရ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည့် အသုံးအဆောင်များကို ပညာဖြင့် ဆင်ခြင်၍ မှီဝဲသုံးဆောင်ရ၏။ ပညာဖြင့် ဆင်ခြင်၍ မှီဝဲသုံးဆောင်ခြင်းသည် ကြာရွက်၌ ရေပေါက်မလိမ်းကျံဘိသကဲ့သို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ အိပ်ရာနေရာ၊ ဆေးပစ္စည်း စသည်တို့၌ တဏှာနှင့် မလိမ်းကျံ မကပ်ငြိစေရန် ဖြစ်၏။

### (၁) သင်္ကန်းကို ဝတ်ရုံတိုင်း ဆင်ခြင်ရန်

“ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေလွဲသုန်၊ ဟိရိဂုဏ်ကို၊ ပြည့်စုံတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစပ္ပာယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မတမ်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါသတည်း”

### (၂) ကျောင်းအိပ်ရာသို့ဝင်တိုင်း ဆင်ခြင်ရန်

“ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေဝေးမှု၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခိုပါသတည်း”

### (၃) ဆွမ်းလုပ်တိုင်း ဆင်ခြင်ရန်

“ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊

http://www.dhammadownload.com



လုပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပုထ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။"

## (၄) ဖျော်ရည်စသောဆေးကို သုံးဆောင်တိုင်း ဆင်ခြင်ရန်

"ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွာပယ်ရှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ကျင့်နိုင်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း"

အခါအားလျော်စွာ ရအပ်သော ခဲဖွယ်စားဖွယ်လျက်ဖွယ်တို့ကို အလှူရှင်တို့အား ချီးမြှောက်ထောက်ပံ့ခြင်းငှာ ခံယူအပ်၏။ ကန္တာရခရီးခဲ၌ သားငယ်၏အသားကို စားရရှာကြကုန်သော ခရီးသွားလင်မယားကဲ့သို့လည်းကောင်း၊ လှည်းဝင်ရိုးကို မကျိုးမပြတ်ရအောင် ဆီလိမ်းကျံသကဲ့သို့လည်းကောင်း၊ ထို့တွင် ခန္ဓာကိုယ်ကို မျှတစေရန် မတွေမဝေမူ၍ အစာအာဟာရကို သုံးဆောင်စားသောက်ရာ၏။

ပစ္စယသန္နိဿိတသီလကို ပြည့်စုံအောင် ပညာဖြင့် ဖြည့်ကျင့်ရာ၌ **မဟာသံဃရက္ခိတမထေရ်၏ တူတော် သာမဏေကို** စံနမူနာယူသင့်၏။

အလွန်အေးမြသော သလေးဆွမ်းကို သာမဏေ ဘုဉ်းပေးနေစဉ် ဦးရီးတော် ဥပဇ္ဈာယ်ဆရာက "အို မောင်ရှင်၊ သင်သည် မဆင်ခြင် မစောင့်စည်းမူ၍ လျှာကို မလောင်မကျွမ်းစေလင့်"ဟု လှမ်း၍သတိပေး၏။

တူတော် သာမဏေသည် ဥပဇ္ဈာယ်ဆရာစကားကို ကြားလျှင် ထိတ်လန့်ခြင်းသံဝေဂဖြစ်၏။ ထို့ကြောင့် ဆွမ်းကို ဆင်ခြင်၍

http://www.dhammadownload.com



ဘုဉ်းပေး၏၊ ခန္ဓာကိုယ် ရုပ်နာမ်တို့၏ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်းအနတ္တသဘောတို့ကို ရှုဆင်ခြင်၏။ ထိုခဏ၌ပင် လျှင် ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

## ခေမာသောင်ကမ်းနိဗ္ဗာန်နန်းသို့

သီလဖြူစင်သူသည် ကိုယ်ကျင့်တရားကောင်းသော လူတော် လူကောင်းဖြစ်ပေပြီ။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန်အတွက် ခရီးလမ်းအစပိုင်းကို ရှင်းလင်းပြီးလည်း ဖြစ်ပေ၏။ မဂ်ဖိုလ်နိဗ္ဗာန်သို့ တက်လှမ်းရန် အခြေခံအုတ်မြစ်ကိုလည်း ခိုင်ခိုင်မာမာ ချထားပြီးလည်း ဖြစ်ပေ၏။

"သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာနတ္ထိ ယံဝိနာ"

သာသနာတော်၌ အမျိုးကောင်း သားသမီးတို့အား သီလနှင့်ကင်း၍ ထောက်တည်ရာသည်မရှိ။

သီလမြေပေါ်၌ ခိုင်မာစွာ ရပ်တည်နိုင်သူသည် ထောက်တည် ရာကိုရပြီ။

"သဂ္ဂါရောဟဏ သောပါဏံ၊ အညံ သီလ သမံ ကုတော"

သုဂတိဘုံသို့ တက်လှမ်းဖို့ရာ သီလနှင့်တူသော စောင်းတန်း လှေခါးသည် မရှိ၊ နိဗ္ဗာန်သို့ လှမ်းဝင်ဖို့ရာ သီလနှင့်တူသော တံခါးပေါက်သည်လည်းမရှိ။

သီလနှင့် ပြည့်စုံသူသည် ဘဝသမ္ပတ္တိနှင့် ပြည့်စုံနိုင်လေပြီ။ သေလွန်သည့်အခါ ကောင်းရာသုဂတိသို့ ဧကန်ရောက်ရပေလိမ့်မည်။ သို့သော် လူ့ဘုံ–နတ်ဘုံ– ဗြဟ္မာဘုံတို့ဟူသည်မှာ ရုပ်နာမ်အစုများသာ ဖြစ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော ရှိကြသဖြင့် ထာဝရငြိမ်းချမ်း သာယာသော ဘုံများမဟုတ်ကြ။ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့

http://www.dhammadownload.com



တက်လှမ်းနိုင်မှသာလျှင် ထာဝရ ငြိမ်းချမ်းမှု အေးချမ်းမှုကို ရရှိမည် ဖြစ်သည်။

သီလဟူသော စောင်းတန်းလှေကားမှတစ်ဆင့် တက်လှမ်းသွားလျှင် သမာဓိလှေခါး၊ ပညာလှေကားတို့က အဆင်သင့်ပင်လျှင် နိဗ္ဗာန်နန်းတံခါးဝသို့ ပို့ဆောင်ပေးပေလိမ့်မည်။ ထိုအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အထွတ်တင်လျက် ထာဝရ ငြိမ်းချမ်းမှု၏ အရသာကို ဤဘဝ၌ပင်လျှင် တစ်ဆင့်ပြောမှုမဟုတ်ဘဲ ကိုယ်တိုင်သိရှိကာ ခံစားကြည့်နိုင်ပေလိမ့်မည်။

ထိုသို့ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းအရောက် တက်လှမ်းတော့မည်ဆိုလျှင် လူဝတ်ကြောင်များသည်လည်း ရဟန်းများနည်းတူ စတုပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်ကြရပေမည်။ လူတို့အတွက် လိုအပ်ချက် သတ်မှတ်ချက်များမှာ ရဟန်းတို့ ကျင့်သုံးရသည်လောက် မမြင့်မားပါ။ လူတို့ စောင့်သုံးသော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့သည်ပင် လူဝတ်ကြောင်တို့အတွက် ပါတိမောက္ခ သံဝရသီလ မည်ပေ၏။ မိစ္ဆာဇီဝကို ရှောင်ကြဉ်ခြင်းသည်ပင် သမ္မာ အာဇီဝဖြစ်ပေတော့၏။

ဣန္ဒြိယသံဝရသီလနှင့် ပစ္စယသန္နိဿိတသီလတို့ကိုကား အထူးဂရုထားကာ သတိဖြင့် ပြည့်ပြည့်ဝဝ ဖြည့်ကျင့်သွားရပေမည်။ ဤသီလတို့သည် ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် အကျိုးဆောင်ပေးကြသည့်အပြင် လောဘ ဒေါသ မောဟ စသည့် ကိလေသာများကို ဖယ်ရှား၍ စိတ်တည်ငြိမ်ကာ လျင်မြန်စွာ သမာဓိမြင့်မားလာအောင်လည်း ကျေးဇူးပြုကြ၏။

**ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌** "စောင့်စည်းခြင်း သံဝရငါးမျိုးသည် စိတ်နှလုံး သာယာရွှင်လန်းခြင်းအကျိုးငှာဖြစ်၏။ စိတ်နှလုံး သာယာ

http://www.dhammadownload.com



ရွှင်လန်းခြင်းသည် ဝမ်းမြောက်ခြင်းပါမောဇ္ဇဖြစ်ရန် အကျိုးငှာ ဖြစ်၏။ ဝမ်းမြောက်ခြင်းသည် အားကြီးသော နှစ်သက်ခြင်း ပီတိအကျိုးငှာ ဖြစ်၏။ ပီတိသည် ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းခြင်း ပဿဒ္ဓိအကျိုးငှာ ဖြစ်၏။ ပဿဒ္ဓိသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသုခအကျိုးငှာ ဖြစ်၏။ ချမ်းသာခြင်းသုခသည် စိတ်၏တည်ကြည်ခြင်း သမာဓိ အကျိုးငှာ ဖြစ်၏။ စိတ်၏တည်ကြည်ခြင်းသမာဓိသည် ဟုတ်မှန်သည့် အတိုင်းသိသော ယထာဘူတဉာဏ်အကျိုးငှာ ဖြစ်၏။ ဟုတ်မှန်သည့် အတိုင်း သိသော ယထာဘူတဉာဏ်သည် ရုပ်နာမ်သင်္ခါရတို့၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်အကျိုးငှာဖြစ်၏။ နိဗ္ဗိဒါဉာဏ်သည် ဝိရာဂ ခေါ်သော မဂ်ဉာဏ်အကျိုးငှာဖြစ်၏။ မဂ်ဉာဏ်သည် အရဟတ္တဖိုလ် အကျိုးငှာ ဖြစ်၏။ အရဟတ္တဖိုလ်သည် ဝိမုတ္တိဉာဏဒဿနခေါ်သော ပစ္စဝေက္ခ– ဏာဉာဏ်အကျိုးငှာ ဖြစ်၏။ ပစ္စဝေက္ခဏာဉာဏ်သည် တဖန် မဖြစ်ခြင်း ပရိနိဗ္ဗာန်ပြုခြင်းအကျိုးငှာ ဖြစ်၏" စသည်ဖြင့် ဖော်ပြထား၏။

## စောင့်စည်းမှု "သံဝရ" ၅–မျိုးတို့မှာ–

(၁) ပါတိမောက္ခသံဝရ = သိက္ခာပုဒ် ၂၂၇–သွယ်ကို စောင့်ထိန်းခြင်း၊

(၂) သတိသံဝရ = ဣန္ဒြိယသံဝရသီလနှင့်တူ၏။

(၃) ဉာဏသံဝရ = ဉာဏ်ပညာဖြင့် စောင့်ထိန်းခြင်း၊ ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ကိလေသာမဖြစ်အောင် ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ရသဖြင့် ပစ္စယသန္နိဿိတသီလနှင့်တူ၏။

(၄) ခန္တီသံဝရ = အချမ်းအပူစသည်တို့ကို သည်းခံလျက် အကုသိုလ် တရား မဖြစ်ပွားအောင် စောင့်ထိန်းခြင်း။

(၅) ဝီရိယသံဝရ = ကာမဂုဏ်နှင့် ပတ်သက်သော ကြံစည်မှု၊

http://www.dhammadownload.com



သူတစ်ပါးပျက်စီးအောင် ကြံစည်မှု၊ ညှဉ်းဆဲရန်ကြံစည်မှုတို့ကို မကြံစည်မိအောင် အားထုတ်၍ စောင့်ထိန်းခြင်း၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်း စင်ကြယ်အောင် လုံ့လစိုက်ထုတ်၍ စောင့်စည်းရသဖြင့် အာဇီဝပါရိသုဒ္ဓိသီလနှင့် တူ၏။

အထက်ပါသံဝရငါးမျိုးကို **သံဝရသီလ**ဟု ခေါ်၏။ ဤသီလသည် အနှစ်သာရအားဖြင့် စတုပါရိသုဒ္ဓိသီလနှင့် တူပါသည်။ သို့အတွက် ထက်ဝန်းကျင် စင်ကြယ်သောသီလသည် စိတ်နှလုံးသာယာရွှင်လန်းခြင်း–ပါမောဇ္ဇ၊ အားကြီးသောနှစ်သက်ခြင်း–ပီတိ၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းခြင်း–ပဿဒ္ဓိ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း–သုခ၊ စိတ်တည်ကြည်ခြင်း–သမာဓိ၊ ဟုတ်မှန်သည့်အတိုင်းသိခြင်း–ယထာဘူတဉာဏ်၊ သင်္ခါရတို့၌ ငြီးငွေ့ခြင်း–နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဟူသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်အထိ အဆင့်ဆင့် အကျိုးပြုသွားနိုင်ပါသည်။

သံသရာလွန်ချမ်းသာ (ဝါ) လောကုတ္တရာချမ်းသာသို့ ဦးတည်သော သီလကို **အဓိသီလ**ဟု ခေါ်၏။ သီလကို ခြွင်းချန်ထားလိုက်လျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းဟူသည် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် သီလသည် မွေးဖွားသည်မှ သေဆုံးသည်အထိ ချမ်းသာအေးမြသော တရားဖြစ်ရုံမျှမက ဆင်းရဲအလုံးစုံတို့ ချုပ်ငြိမ်းရာ ထာဝရငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်သို့ အရောက်တက်လှမ်းနိုင်စေသည့် တရားမြတ်လည်း ဖြစ်ပေ၏။

## သီလစခန်းမှ နိဗ္ဗာန်နန်းသို့ တက်လှမ်းခဲ့ကြသူများ

သီလစခန်းမှ နိဗ္ဗာန်နန်းသို့ လွယ်ကူလျင်မြန်စွာ တက်လှမ်းနိုင်ပုံကို **ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ**၌ လာရှိသည့် သာဓကနှစ်ရပ်ဖြင့်

http://www.dhammadownload.com



သရုပ်ဆောင်ပြပါမည်။

ဝိပဿီ, သိခီအစရှိသော ဘုရားရှင်ခုနစ်ဆူတို့၏ တောထွက်ခန်းကို ပန်းချီဆေးရေးများဖြင့် တန်ဆာဆင်ထားသည့် **ကုရဏ္ဍက လိုဏ်ကြီး**သည် နလုံးမွေ့လျော်ဖွယ် ရှိပေ၏။ ထိုလိုဏ်ကြီး၌ **အရှင်စိတ္တဂုတ္တမထေရ်**သည် သီတင်းသုံး၏။ သီတင်းဝါလကျွတ်ချိန်ဖြစ်၍ ရဟန်းများစွာတို့သည် ကျောင်းစဉ်လှည့်လည်ကြ၏။ ကုရဏ္ဍကလိုဏ်ကြီးထဲသို့ ဝင်မိကြသောအခါ အဆန်းတကြယ် ရှုချင့်စဖွယ် ရေးခြယ်ထားသည့် ပန်းချီရုပ်ပုံများကို မြင်ကြရသဖြင့် ချီးကျူး၍ မဆုံးရှိကြ၏။

"အရှင်ဘုရား၊ အရှင်ဘုရား သီတင်းသုံးတဲ့ လိုဏ်ဂူထဲက ပန်းချီရုပ်ပုံတွေဟာ အလွန်ဆန်းကြယ်တင့်တယ်လှပေတယ်"

"အို ငါ့ရှင်တို့၊ ငါသည် ဤလိုဏ်၌ သီတင်းသုံးခဲ့သည်မှာ အနှစ်ခြောက်ဆယ်ကျော်ပြီ၊ လိုဏ်နံရံမှာ ပန်းချီဆေးရေးရုပ်ပုံကားများ ရှိသည် မရှိသည်ကို ငါမသိ။ ယခုမှုကား မျက်စိကောင်းကြတဲ့ ငါ့ရှင်တို့ကို အမှီပြုပြီး ငါသိရပေတယ်"

မထေရ်ကြီးသည် ဤသို့ ကြာမြင့်စွာ လိုဏ်ဂူအတွင်း၌ သီတင်းသုံးခဲ့ပါသော်လည်း လိုဏ်နံရံကို တစ်ကြိမ်တစ်ခါမျှ မော်မကြည့်စဖူးချေ။ ထိုလိုဏ်ပေါက်ဝ၌ ကန့်ကော်ပင် တစ်ပင်ရှိ၏။ ထိုကန့်ကော်ပင်ကြီးကိုလည်း မထေရ်ကြီးသည် အပေါ်သို့ မော့၍ မကြည့်စဖူးချေ။ တစ်နှစ်တစ်ကြိမ် မြေမှာကြွေကျနေသည့် ကန့်ကော်ပန်းများကို မြင်မှသာလျှင် ကန့်ကော်ပင်ကြီး ပွင့်သည့်အဖြစ်ကိုသိ၏။

ဘုရင်မင်းမြတ်သည် မထေရ်ကြီး၏ သီလ, သမာဓိနှင့် ပြည့်စုံကြောင်းကိုကြားသိ၍ မထေရ်ကို ရှိခိုးပူဇော်လိုသဖြင့် သုံးကြိမ်တိုင်တိုင် လူလွှတ်၍ ပင့်စေ၏။ မထေရ်ကြီး ကြွမလာ။ သို့အတွက် ဘုရင်မင်းမြတ်က ထိုရွာ၌ နို့စို့ကလေးရှိသည့် မိခင်များ၏ သားမြတ်

http://www.dhammadownload.com



တို့ကို ရင်လွှမ်းအဝတ်ဖြင့် ရစ်ပတ်စေပြီး မင်း၏ တံဆိပ်ခတ်စေ၏။

"အကြင်မျှလောက် ကာလပတ်လုံး မထေရ်ကြီးသည် ကြွမလာ၊ ထိုမျှလောက်ကာလပတ်လုံး သူငယ်တို့သည် နို့စို့ခွင့်မရစေရ" ဟု အမိန့်ထုတ်ပြန်၏။

မထေရ်ကြီးသည် သူငယ်တို့ကို သနားသဖြင့် မဟာဂါမရွာကြီးသို့ ကြွတော်မူ၏။ မင်းသည် မှူးမတ်တို့အား မထေရ်ကြီးကို နန်းတော်တွင်းသို့ ပင့်ဆောင်စေ၏။ မင်းသည် မထေရ်ကြီး၏ သပိတ်ကိုယူ၍ အနည်းငယ် လိုက်ပို့ကာ မိဖုရားနှင့်အတူ ရှိခိုးပြီး ဖဲခွာသွား၏။

မထေရ်ကြီးသည် မင်းရှိခိုးသည်ဖြစ်စေ၊ မိဖုရားရှိခိုးသည်ဖြစ်စေ၊ မည်သူရှိခိုးသည်ဖြစ်စေ "သုခီဟောတုမဟာရာဇ" (မြတ်သောမင်းကြီး ချမ်းသာပါစေ)ဟု ဆုပေး၏။

ခုနစ်ရက်မြောက်သောနေ့၌ ရဟန်းများက မထေရ်အား "အရှင်ဘုရား၊ အဘယ်သို့ပါနည်း၊ မင်းကြီးရှိခိုးလျှင်ဖြစ်စေ မိဖုရားမောင်းမတို့ ရှိခိုးလျှင်ဖြစ်စေ "သုခီဟောတုမဟာရာဇ"ဟူ၍သာ ဆိုတော်မူဘိတကား"ဟု ဆိုကြကုန်၏။

"အို ငါ့ရှင်တို့၊ ငါသည် မင်းဟူ၍ မိဖုရားဟူ၍ မည်သူမည်ဝါဟူ၍ ပိုင်းခြားမှတ်သားခြင်းကို မပြု"ဟု မထေရ်ကဆို၏။

နန်းတော်၌ မထေရ်မပျော်ပိုက်သည်ကိုသိ၍ မင်းသည် မထေရ်အား ပြန်ကြွသွားခွင့်ပြု၏။ ကုရဏ္ဍကလိုဏ်ကြီးသို့ ရောက်သည့်အခါ မထေရ်ကြီးသည် ဘာဝနာရှုပွား၍ ညဥ့်အဖို့၌ စင်္ကြံကြွလေ၏။ ထိုအခါ မထေရ်အား ကမ္မဋ္ဌာန်းသည် အလွန်စင်ကြယ်ထင်ရှားစွာဖြစ်၏။

"ယနေ့ ငါ၏ကမ္မဋ္ဌာန်းသည် အလွန်ထင်ရှားပြတ်သားလှ

http://www.dhammadownload.com



ပေ၏”ဟု မထေရ်သည် ဝမ်းမြောက်၏။ ကန့်ကော်ပင်စောင့်နတ်သည် မီးရှူးမီးတိုင်ကို ကိုင်၍ရပ်နေ၏။ သန်းခေါင်ယံအချိန်၌ မထေရ်ကြီးသည် အလုံးစုံသော တောင်ကြီးကို ပဲ့တင်ထပ်စေလျက် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်လေ၏။

ဣန္ဒြိယသံဝရသီလသည် အရဟတ္တဖိုလ်တိုင်အောင် အကျိုးဆောင် ပေးနိုင်သည်တကား။

* * *

ဝါတော်ခြောက်ဆယ်ကျော်၍ သက်တော်ရှစ်ဆယ်ကျော်လွန်ပြီ ဖြစ်သည့် **မဟာသံဃရက္ခိတမထေရ်ကြီး**သည် သေရာညောင်စောင်းပေါ်တွင် လျောင်းစက်နေ၏။ ရဟန်းသံဃာတော်များက မထေရ်ကြီးကို ဝန်းရံထားပြီး မထေရ်ရရှိခဲ့သည့် လောကုတ္တရာတရားကို မေးလျှောက်ကြ၏။

“ငါ့အား လောကုတ္တရာတရားသည် မရှိ”ဟု မထေရ်ကြီးဆိုလိုက်သဖြင့် ရဟန်းတော်များ အံ့အားသင့်ကြကုန်၏။

“အရှင်ဘုရား၊ အရှင်ဘုရား ပရိနိဗ္ဗာန်စံတော်မူမည့် သတင်းကို ကြားသိရသဖြင့် ထက်ဝန်းကျင် ၁၂–ယူဇနာတိုင်အောင် ဝေးကွာသော အရပ်တို့မှ လူတို့သည် ယခုလာရောက်ပြီး စုဝေးကြကုန်၏။ အရှင်ဘုရားသည် ပုထုဇဉ်အဖြစ်ဖြင့် စုတေပျံလွန်တော်မူလျှင် လူအမြောက်အမြားတို့ နှလုံးမသာမယာ ဖြစ်ကြကုန်လတ္တံ့”ဟု အလုပ်အကျွေး ရဟန်းငယ်များက လျှောက်ထားကြ၏။

“အို ငါ့ရှင်တို့၊ ငါသည်ကား မေတ္တေယျမြတ်စွာဘုရားကို ဖူးမြင်အံ့ဟု ရည်ရွယ်၍ ဝိပဿနာတရားကို အားမထုတ်ဘဲနေပေ၏။ ထိုသို့ဖြစ်ပါမူကား ငါ့ကိုထူ၍ အခွင့်ပေးကြကုန်လော့”ဟု မထေရ်ကြီးက ဆို၏။

http://www.dhammadownload.com



အလုပ်အကျွေး ရဟန်းငယ်တို့သည် မထေရ်ကြီးကို မ,ထူပေးကြပြီးနောက် အပြင်ဘက်သို့ ထွက်ခွာကြ၏။ ထိုရဟန်းတို့ ထွက်သည်နှင့် တစ်ပြိုင်နက် မထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်သဖြင့် လက်ဖျောက်တီး၍ အမှတ်ပေးလိုက်လေ၏။

သံဃာတော်များစွာတို့ စုဝေးလာကြပြီးသော် "အရှင်ဘုရား၊ ဤသို့ သေခါနီးသော အချိန်၌ တစ်ခဏချင်း လောကုတ္တရာတရားကို ဖြစ်စေနိုင်သည်မှာ အလွန်အံ့ဩစရာ ပြုနိုင်ခဲ့သောအရာ ဖြစ်ပေ၏"ဟု ချီးမွမ်းကာ လျှောက်ထားကြကုန်၏။

"အို ငါ့ရှင်တို့၊ ငါသည်ကား ရဟန်းပြုသော အချိန်မှစ၍ ယနေ့အထိ သတိမထား ဉာဏ်ဖြင့်မပိုင်းခြားမူဘဲ ပြုမိသောအရာ ဟူသည်မရှိ"ဟု မထေရ်ကြီး မိန့်ဆိုတော်မူ၏။

သီလများ လုံခြုံသော ပုဂ္ဂိုလ်မြတ်တို့အဖို့ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းဟူသည်မှာ လက်တစ်ကမ်းသာ ဝေးကွာပါတကား။

## ဆန္ဒမွန်

* အို စာရှုသူအပေါင်းတို့၊ ဤလောက ဤဘဝ၌ မွေးသည်မှ သေသည်အထိ မွေးကြိုင်လှပ ကောင်းမွန်မြင့်မြတ်လှသော သီလ အဆင်တန်ဆာကို မြတ်နိုးယုယစွာ ဝတ်ဆင်ကြပြီးလျှင် ဗုဒ္ဓသာသနာနှင့် ကြုံဆုံနေသည့် အခါသမယမှာ "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်"ဟူသည့် စကားအတိုင်း ခေမာသောင်ကမ်း နိဗ္ဗာန်နန်းအရောက် တက်လှမ်းနိုင်အောင် သမထ– ဝိပဿနာကို အထွတ်တင်ကာ ရှုပွားကြလျက် အကြီးကျယ် အမြင့်မြတ်ဆုံးသော ကိလေသာအောင်ပွဲကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ကြပါစေသတည်း။

ဒေါက်တာမင်းတင်မွန်